
www.burmeseclassic.com



# အစက်ကလေးနှစ်စက်

နောင်စစ်သည်

BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com



စာရေးသူ နောင်စစ်သည်
ဒုတိယဗိုလ်ချုပ်ကြီး ချစ်ဆွေ (ငြိမ်း)

BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com



ဒုတိယဗိုလ်ချုပ်ကြီးချစ်ဆွေ(ငြိမ်း)စာရေးသူနှင့် ဇနီးဒေါ်မြင့်မြင့်ခင်



စာရေးသူ၊ ဦးမြင့်ကြွယ်(မောင်မြင့်ကြွယ်)၊ ပခုက္ကူဦးအုံးဖေ

www.burmeseclassic.com

www.burmeseclassic.com



ဒုတိယဗိုလ်ချုပ်ကြီးချစ်ဆွေ(ငြိမ်း)စာရေးသူနှင့် ဇနီးဒေါ်မြင့်မြင့်ခင်



စာရေးသူ၊ ဦးမြင့်ကြွယ်(မောင်မြင့်ကြွယ်)၊ ပခုက္ကူဦးစိုးမေ


www.burmeseclassic.com

www.burmeseclassic.com





မူတောင်ကြောတွင် သစ်ပင်များခုတ်လှဲမှုကြောင့် မြေဆီလွှာရေတိုက်စားခဲ့ရပြီး
ဒို မထိန်းနိုင်သောအခါ ရွာချသောရေသည် ဒလဟော တရကြမ်း စီးဆင်းရာမှ
အိန္ဒိယနှင့် ဘင်္ဂလားဒေ့ရှ်နိုင်ငံများတွင် ရေကြီးခြင်း၊ အင်္ဂတ်သောနှင့် ကြုံရခြင်း၊
အိုးအိမ်၊ လယ်ယာများပျက်စီးပြီး လူအများဒေသကို စွန့်ခွာပြေးကြရရုံသာမက
သေကြေပျက်စီးဆုံးရှုံးမှုများလည်း ဖြစ်ရသည်။




**Corazon C. Aquino**
PANGULO
Republika ng Pilipinas

● ဒုတိယဗိုလ်ချုပ်ကြီးချစ်ဆွေ . . . သို့ ဖိလစ်ပိုင်သမ္မတကြီးအကွီနိုး၏အမှတ်တရ
ဖိလစ်ပိုင်မှ တာဝန်ရှိသူတို့က မိချောင်းမွေးမြူရေး တွက်
သင်တန်းသားများ လက်ခံမည်ဟုလည်း စကား မ်းလှမ်းခဲ့သည်။




www.burmeseclassic.com

www.burmeseclassic.com



ရာကြီးဒေါက်တာလှဘေ(၉၃နှစ်) နှင့် အစ်မကြီးဒေါ်သန်းမြ(၇၉နှစ်)တို့အား
မော်လမြိုင်နေအိမ်တွင် ၂၀၀၇ခုနှစ် နှစ်ဆန်းပိုင်းကတွေ့ရစဉ်
(အခန်း၂၈)



ပုပ္ပါးတောင်ပေါ်စန္ဒကူးတောတွင် မွေးမြူထားသောဆတ်မလေးနှင့်
စာရေးသူအားတွေ့ရစဉ်

BURMESE CLASSIC .com


www.burmeseclassic.com

www.burmeseclassic.com






…သည်နှင့်အမျှ ရေနေကုန်းနေသတ္တဝါဖြစ်သောမိချောင်းတို့သည်လည်း
…စားပျော်မွေ့ရာ အသိုက်အအုံများပျောက်ကွယ်ခဲ့ရပြီဖြစ်သည်။
အခန်း (၁၉)



● အင်အားကောင်း၍ သံချပ်ကာဝတ်တောကောင်ဟုဆိုအပ်သော ကြံ့…
ရှားပါးသည့်ထက် ရှားပါးလာ၍ မျိုးသုဉ်းပျောက်ကွယ်တော့…
ဤအရာသည် မဖြစ်ကောင်းသောကိစ္စဖြစ်…
ကြီးသတ္တဝါမျိုးသုဉ်းခြင်းနှင့် သစ်တောပျက်သုဉ်းခြင်းသည် ဆက်စပ်…
(အခန်း ၂၅)

www.burmeseclassic.com

www.burmeseclassic.com




• ပြင်ဦးလွင်
တောင်ပေါ်အပန်းဖြေစခန်းဖြစ်ရာ
အလားတူအပန်းဖြေစခန်းမျိုး အများအပြားလိုအပ်မည်ဖြစ်ရာ
နတ်ရေကန်တောင်၊ သံတောင်၊ နတ်တောင် အစရှိသော နေရာများသည်
အပန်းဖြေစခန်းအဖြစ် အားထားစရာနေရာများဖြစ်ပါသည်။
(အခန်း ၂၆)




နေ၊ ကုန်းနေ၊ လေနေ သတ္တဝါအပေါင်းတို့သည် ဤကမ္ဘာမြေကြီးပေါ်တွင်
အတူတကွရောက်ရှိလာကြသူများဖြစ်ရာ လူတို့၏ ပယောဂကြောင့်
မကြာမီ မျိုးသုဉ်းပျောက်ကွယ်ရတော့မည်ဆိုပါက ယင်းကိစ္စသည်
မသင့်တော်သောကိစ္စသာလျှင် ဖြစ်ပါသတည်း။

www.burmeseclassic.com

www.burmeseclassic.com



သစ်တောသစ်ပင်ပြုစုပျိုးထောင်၍ သစ်ပင်များပြန်လည်ရှင်သန်လာပြီဟုဆိုပါ
ပထမတွင် လိပ်ပြာလေးများ၊ ငှက်ကလေးများရောက်ရှိလာသည်။
ထို့နောက် ယုန်၊ ဂျီ၊ သမင်အစရှိသော တောကောင်လေးများ
ဘယ်ဝယ်ဘယ်ဆီကမသိ ပေါက်ချလာတတ်သည်။ (အခန်း ၂၄)



ဆိပ်သင့်ခံရပြီးသော ဤကမ္ဘာမြေကြီးကို သစ်ပင်စိုက်သောနည်းမှတစ်ပါး
အခြားသောနည်းဖြင့် ကယ်တင်ရန်အခွင့်အလမ်းနည်းလေပြီ။
(အခန်း ၇)

www.burmeseclassic.com

www.burmeseclassic.com



● ဖန်လုံအိမ်အာနိသင်ဖြစ်ပေါ်လာမှုကြောင့် ကမ္ဘာကြီးပူနွေးလာမှုကို ထိရောက်စွာကာကွယ်သောနည်းသည် ကမ္ဘာ့လူသားများအားလုံး လူတစ်ကိုယ်သစ်တစ်ပင်စိုက်ပျိုးကြရန်ဖြစ်သည်။ (အခန်း ၇)

### ဒို့တာဝန်အရေးသုံးပါး

- ပြည်ထောင်စု မပြိုကွဲရေး — ဒို့အရေး
- တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး — ဒို့အရေး
- အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး — ဒို့အရေး

### ပြည်သူ့သဘောထား

- ပြည်ပအားကိုးပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက် ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်၏ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပ နိုင်ငံများအား ဆန့်ကျင်ကြ။
- ပြည်တွင်းပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

### နိုင်ငံရေးဦးတည်ချက်(၄)ရပ်

- နိုင်ငံတော်တည်ငြိမ်ရေး ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေ စိုးမိုးရေး။
- အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး။
- ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး။
- ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုး တိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး။

### စီးပွားရေးဦးတည်ချက်(၄)ရပ်

- စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုး တိုးတက်အောင် တည်ဆောက်ရေး။
- ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး။
- ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။
- နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏လက်ဝယ်တွင်ရှိရေး။

### လူမှုရေးဦးတည်ချက်(၄)ရပ်

- တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး။
- အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသား ရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး။
- မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး။
- တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည် မြင့်မားရေး။

www.burmeseclassic.com

www.burmeseclassic.com

ဖြန့်ချိရေး

ပန်းမျိုးတစ်ရာစာပေ
တိုက် (၉)၊ အခန်း ၂၀၃/၂၀၄
ပုဇွန်တောင်ဥယျာဉ်အိမ်ရာ
ပုဇွန်တောင်မြို့နယ် - ရန်ကုန်မြို့
ဖုန်း - ၂၀၂၃၇၂
E-mail - chitsanwin@myanmar.com .mm

## အော်နေလို့တော့မဖြစ်ဘူး

ခင်ဗျားတို့မှာ ဧရာဝတီ၊ သံလွင်၊ ချင်းတွင်း စတဲ့မြစ်ကြီးတွေလည်းရှိတယ်။ နိုင်ငံကလည်း တောင်နဲ့ မြောက်အလျားလိုက်ရှိနေတယ်။ မြစ်တွေကလည်း တောင်နဲ့မြောက် အလျားလိုက်စီးဆင်းနေတယ်။ ဒီလိုနေရာမျိုးမှာ ရေငတ်တယ်၊ ရေမရှိဘူး၊ သဲကန္တာရဖြစ်တော့မယ်ဆိုပြီး အော်နေလို့တော့မဖြစ်ဘူး။

---

## ကိုရီးယားတွေကို ယောင်လို့တောင်မခေါ်နဲ့

ခင်ဗျားကို ကျွန်တော်တစ်ခု သတိပေးရဦးမယ်။ ဒါကဘာလဲဆိုတော့ ကိုရီးယားလူမျိုးတွေကို ခင်ဗျားတို့ နိုင်ငံဆီယောင်လို့တောင်မှ မခေါ်နဲ့။ ဘာပြုလို့လဲဆိုတော့ မြန်မာပြည် အလယ်ပိုင်းဟာပူပြင်းတယ်ဆိုပေမယ့် မြန်မာနိုင်ငံဟာရေ၊ မြေသယံဇာတ ပေါကြွယ်ဝတုန်းရှိသေးတယ်၊ မြေအနေအထားလည်းကောင်းတယ်၊ ရေအရင်းအမြစ်ရှိပြီး စိုက်ပျိုးရင်နေရာတကာမှ စိုက်ပျိုးလို့ရတယ်။ ကိုရီးယားနိုင်ငံက တောင်ပေါ်ဒေသဖြစ်ပြီး တောင်တွေကလည်း ကျောက်တောင်တွေ၊ မြေတစ်ကွက်စာရဖို့အတွက်အတော်ခဲယဉ်းတယ်။ မြန်မာနိုင်ငံမှာရှိတဲ့ မြေမျိုးရလို့ကတော့ ဒီငနဲတွေ ကိုယ့်နိုင်ငံ ကိုယ်တောင်ပြန်ကြတော့မှာမဟုတ်ဘူး။

www.burmeseclassic.com

www.burmeseclassic.com

## သစ်တောရတနာ

သစ်တောသည် အဖိုးတန်ကျွန်းကဲ့သို့သော သစ်များထွက်ရှိခြင်းကြောင့်

အဖိုးတန် ရတနာဖြစ်ရသည် မဟုတ်။ သစ်တောကြောင့်-

- မိုးလေဝသမှန်ကန်ခြင်း
- မြေဩဇာဖြစ်ထွန်းခြင်း
- ဆေးဝါးနှင့် လူ့အသုံးအဆောင်များရရှိခြင်း
- ရေချိုရေအေးရရှိခြင်း
- သစ်တောကြောင့် စိမ့်စမ်းရေများ၊ ချောင်းငယ်၊ မြောင်းငယ်များ တသွင်သွင်စီးခြင်း
- သားရဲတိရစ္ဆာန်နှင့် ငှက်မျိုးစုံ သတ္တဝါများ မှီခိုနေနိုင်ခြင်းတို့ကြောင့် အဖိုးတန်ရတနာဟု ခေါ်ဆိုခြင်းဖြစ်သည်။

# မာတိကာ


| အခန်း | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| * | စာရေးသူ၏အမှာ | (က) |
| ၁။ | မိဒီယာလောကနှင့် တွေ့ဆုံပွဲ | ၁ |
| | - တက္ကသိုလ်သမအသင်း | ၄ |
| | - မဇင်းသမဝါယမ | ၄ |
| | - IBC မှာ | ၇ |
| | - ကိုင်းထူထူ မျက်မှန်ကိုတပ်၍ | ၈ |
| အလယ်ပိုင်းဒေသများသို့ | | |
| ၂။ | ပခုက္ကူသို့ ပထမတစ်ခေါက်ခရီး | ၁၃ |
| | - ကြွေးဆပ်စရာရှိ | ၁၄ |
| | - ယပ်ခပ်ရင်း တစာစာ စာကျက် | ၁၆ |
| | - ရှင်မတောင် | ၁၉ |
| | - တန့်ကြည့်တောင် | ၂၂ |
| | - မချောင်မှုန်းသိလား | ၂၅ |




www.burmeseclassic.com

www.burmeseclassic.com


- ကျေးဆပ်ခြင်း ၂၀
- ဦးဇင်းကြီးဖြစ်လာသော ပျူစောထီး ၂၈

၃။ ပခုက္ကူသို့ ဒုတိယတစ်ခေါက်ခရီး ၃၁
- ဦးအုံးဖေ စာကြည့်တိုက် ၃၂
- ဦးစမံအိမ်မှ နံနက်စာ ၃၄
- ပြောင်းဖူးတစ်ကိုက် နွားနို့တစ်ကျိုက် ၃၅
- ကိုအေးမောင်အိမ်မှာ နေ့လယ်စာ ၃၅
- ပရိယာယ်တွေလား ၃၇
- တစ်နေ့ကုန်သေတဲ့ဖဲ ၃၈
- တောချက်လေး အစာကောင်း ၄၀
- မျက်မမြင်ကျောင်း ၄၂
- အသက်တိုစေသဗျ ၄၄
- ဂုဏ်ထူးတစ်ဘာသာတစ်သောင်း ၄၅
- ဆေးကျောင်းသူ မဟာန်သီမြင့် ၄၆

၄။ အစက်ကလေးနှစ်စက် ၄၉
- ရေးပါဦးဟဲ့ ရေးပါအုံး ၅၁
- မိုးရားကြီးဇာတ်ကား ၅၁
- အစက်ကလေးနှစ်စက် ၅၁
- တရုတ်ခရီး အတွေ့အကြုံ ၅၄
- သဲကန္တာရဖြစ်လျှင် ၅၆
- အညာတွင် ကြုံရတတ် ၅၆





- အစွရေးပညာရှင် ၅၆
- မြေအောက်ရေ ၅၇
- မြကန်ကို ရေဖြည့်လို ၅၈
- ကင်းတားဆည်ရေ ထိန်းသိမ်းရေး ၆၀
- မန်ကျည်းပင်ကြီး ၆၀
- အင်းကြင်းကျောက် ၆၄
- မိုးကျော်ဒေသ ၆၅
- ပုဂံဒေသ စိမ်းလန်းစိုပြည်ရေး ၆၇
- ကိုးခရိုင်မှ ၁၃ခရိုင်သို့ ၆၈
- တစ်ခုသတိပေးပါရစေ ၇၀

၅။ ယုန်အီးပရိုဂျက် ၇၄
- ဒေါက်တာရှိုင် ၇၅
- တိတ်ခွေလေးတစ်ခွေ ၇၆
- သမ္မတကြီးကိုယ်တိုင်ဦးဆောင် ၇၇
- လူများ ပြန်ရောက်လာ ၇၈
- တောင်ပေါ်ဒေသများလည်း ကြည့်သင့် ၈၀
- ငွေချိုဆိုသောဒေသ ၈၂
- ရွာလူကြီးများကိုဖိတ် ၈၅
- ငွေချိုစီမံကိန်း ၈၆
- ယုန်အီးတော့မရနိုင် ၈၇




www.burmeseclassic.com

www.burmeseclassic.com

သစ်တောသစ်ပင်


၆။ သစ်တော သစ်ပင်ပြုန်းတီးမှု ၉၁

- သစ်တောသစ်ပင် ၉၂
- သစ်တောပြုန်းတီးနေမှုပမာဏ ၉၃
- ကမ္ဘာကြီးပျက်သုန်းမည့်လမ်း ၉၆
- အဝတ်ဝေးနှင့်ကြုံ ၉၈
- အစဉ်မပြတ်နည်းလမ်းမှာ ၁၀၀

၇။ စက္ကူပေါ်မှာလား? ၁၀၃

- သစ်ပင်သစ်တောနှင့် သားကောင် ၁၀၄
- မီးနီးတလူလူဝေ ၁၀၅
- ကိုစွန့်စရာ ၁၀၇
- အစားထိုးစရာမရှိ ၁၀၉
- ငှားရမ်းထားသောပစ္စည်း ၁၁၀
- ဒုတိယအသင့်တော်ဆုံးအချိန် ၁၁၂
- သစ်ပင်စိုက်လျှင် အပယ်တံခါးပိတ်မည် ၁၁၃
- အမေ့ ၁၁၆
- မဟာမြိုင် ၁၁၇
- ပါချုန်ကြီးဝိုင်း ၁၁၈
- စက္ကူပေါ်မှာလား ၁၁၉
- ခေါင်းဖြူဖြူ ပင်နီတိုက်ပုံနှင့် ၁၂၀

၈။ သစ်တော သစ်ပင်ထိန်းသိမ်းစို့ ၁၂၃

- သစ်တောများ ထိန်းသိမ်းကြပါစို့ ၁၂၄
- မြို့ကြီးများအကြား ၁၂၅
- ကျုပ်မနေဘူး ဇာတ်ထဲလိုက်မယ် ၁၂၇
- ဆောမြို့ ၁၂၈
- ကန်ပက်လက်မြို့ ၁၂၉
- ရွှေပြောင်းတောင်ယာ ၁၃၀
- မျိုးသုဉ်းတော့မည့်အခွန်ရာယ် ၁၃၂
- ရေလောင်းသူမရှိ ၁၃၄
- ဒီလိုဆိုတော့လည်း ၁၃၆

၉။ မဟာမြိုင် ၁၃၉

- ကြည့်ချင်မြင်ချင်အုံးဟဲ့ မဟာမြိုင် ၁၄၀
- မဟာမြိုင်သို့ ၁၄၃
- အင်တိုက်အားတိုက်စိုက်ဖို့လို ၁၄၆
- မဟာမြိုင်အတွင်းမှာ ၁၄၇
- ဆွဲကြဟေ့ တွန်းကြဟေ့ ၁၄၈

၁၀။ ခေါင်းဖြူဖြူနှင့် ဆောင်းခိုငှက်ကြီး ၁၅၀

- စာပေနယ်မှမဟုတ် ၁၅၂
- ဂုဏ်သိန်း အလှူရှင် ၁၅၄
- ဦးခေါင်းနှင့် မှတ်သားသူ ၁၅၆
- စွန့်ပြီဟုဆိုမှတော့ တာကယ်စွမ်းသူ ၁၅၈






www.burmeseclassic.com

www.burmeseclassic.com


- အမြတ်ခွန်ရှောင်တာလား ၁၅၇
- ကိုယ် နှုတ် နှလုံး (၃)ပါးဖြင့် ၁၅၈
- ညစာပိတ်ကျွေး ၁၆၀
- အားကျမခံသွားခဲ့ ၁၆၀


## ကရင်ပြည်နယ် - မွန်ပြည်နယ်


၁၁။ ငါးကုဋေကျော်တန်တံတား ၁၆၅
- လူ့အတော်စုံ ၁၆၆
- စစ်တောင်းတံတားကြီး ၁၆၇
- တံတားဟောင်း ၁၆၈
- ၁၉၆၃-ခုနှစ်၊ မတ်လ (၂၃)ရက် ၁၆၉
- စစ်တောင်းစက္ကူစက် ၁၇၀
- မြို့ငကလေး ၁၇၁
- ကရင်ပြည်နယ် ၁၇၃
- မန်းသင့်နောင် ၁၇၄

၁၂။ သစ်တောရတနာ ၁၇၇
- မွန်ပြည်နယ် ၁၇၇
- မော်လမြိုင်ဟိုတယ် ၁၇၈
- ဆရာကြီးဒေါက်တာလှဖေ ၁၈၀
- တံတားကြီးတစ်စင်းထိုးရန်ရှိသည် ၁၈၀
- သစ်တောဟူသမျှ အဖိုးတန် ၁၈၂
- သစ်တောများ မြေအောက်ရေထိန်းသိမ်း ၁၈၃





- ဒေသကို စွန့်ခွာသော အမျိုးသားများ ၁၈၅
- သစ်တောရတနာဟူသည် ၁၈၆

၁၃။ သံလွင် - ဂျိုင်းနှင့် အတ္တရံ ရေပြင်ကြီး ၁၈၉
- ဘေသမင်းတမန်ရထားလမ်း ၁၈၉
- နော်ဝေလူမျိုးဇနီးမောင်နှံ ၁၉၂
- ကျိုက်ကမီရေလယ်ဘုရား ၁၉၄
- ဦးခွန်စန္ဒာ၏အလှူ ၁၉၅
- နေ့လယ်စာ မစားရသေး ၁၉၇
- စက်ဆဲညေ့ရှိပ်သာ ၁၉၉
- သဘာဝအနေအထားမပျက်စီးသော ၂၀၀

၁၄။ ဝါးတားဂိတ်နှင့် ကိုယ့်အလုပ်ကိုယ်လုပ်ပါ ၂၀၃
- ဝါးတားဂိတ် ၂၀၄
- ဒုတိယဂိတ် ၂၀၅
- ဘုရားကြီးလမ်းဆုံမှာ ၂၀၆
- မိုးယွန်းကြီးအင်း ၂၀၇


## ပဲခူးတိုင်း


၁၅။ ပဲခူးတိုင်းနှင့် မြန်မာ့သစ်တော ၂၁၃
- ဆင်ကြည့်ပါရစေဆိုလို့ ၂၁၄
- မွေးစားအဖေ မစ္စတာဂျုံးကြီး ၂၁၆
- ဇရာဇီးသဘော ၂၁၇
- ဦးစောနီး ၂၁[illegible]




www.burmeseclassic.com

www.burmeseclassic.com


- ဦးစောနီး၏ ပျားရည် ၂၂၃
- အဖိုးတန်တိုင်ကြီး ၂၂၄
- သစ်ဝါးလိုအပ်ချက်များလာ ၂၂၅
- အလောင်းမင်းတရားကြီး၏အမိန့် ၂၂၆
- အဖြုန်းပို့ခဲ့ ၂၂၇
- ဒေါက်တာ ဆာဝရန်အစ်ကို ၂၂၈

၁၆။ သစ်ဘုရင်၊ သစ်မင်း ၂၄၀
- သစ်တောဝန် ဦးတင်ထွဋ် ၂၄၂
- ပေ(၃၀၀၀)အောက်ဆိုကြိုက် ၂၄၅
- ကျွန်း၏ဂုဏ်ရည် ၂၄၆
- ကျွန်းအသောက်အဦများ ၂၄၇
- မြန်မာ့ကျွန်းသစ် (၁၇၃)တန် ၂၅၀

၁၇။ ရိုးမအရှေ့မှသည် ရိုးမအနောက်ဘက်ဆီသို့ ၂၅၄
- ပဲခူးရိုးမပေါ်သို့ ၂၅၅
- စီစဉ်ပေးသူ ဦးဝင်းအောင် ၂၅၆
- ရေငန်ဆင်စခန်း ၂၅၇
- မြန်မာဘဝနှင့် ဆင် ၂၅၈
- နိုင်ငံတကာဆင် ၂၆၃
- သုံးတန်မှ လေးတန်ထိရှိ ၂၆၂
- ရွှေတောင်ငွေတောင်ရှာ ၂၆၄
- စခန်းသာ သစ်တောကြိုးဝိုင်း ၂၆၅





- ဒေပေါင်းရွာ ၂၆၆
- ပေါ်လုံကြီးသစ်စခန်း ၂၆၆
- တောင်နဝင်းဆည် ၂၆၇

၁၈။ သစ်တော သစ်ပင်အသုံးဝင်သမျှ ၂၆၉
- ကျောင်းကန်ရေပ် ၂၇၀
- တူရိယာပစ္စည်း ၂၇၂
- ထိမ်နှင့် မြွှာ ၂၇၅
- သစ်တောထွက်ပစ္စည်း ဝါး ၂၇၇
- ဆေးဘက်ဝင်သစ်ပင် ၂၇၈


## ရေဝတီတိုင်း


၁၉။ ရေသတ္တဝါတို့ ပျော်မြူးရာသိုက်ကြီး ၂၈၀
- ဦးချစ်ဆွေကိုယ်တိုင် စာရေးပါ ၂၈၂
- မြစ်ချောင်းအသွယ်သွယ် ၂၈၄
- မိကျောင်း ၂၈၅
- မိကျောင်းမွေးမြူရေး ၂၈၇
- စီးပွားဖြစ် မိကျောင်းမွေး ၂၈၈
- ပန်ကောက်မှ မိကျောင်းကန် ၂၉၀
- မိကျောင်းခေတ်သစ်ပုံပြင် ၂၉၀
- ဖိလစ်ပိုင် မိကျောင်းမွေးစခန်း ၂၉၄




www.burmeseclassic.com

www.burmeseclassic.com


၂၀။ **လိပ်မျိုးမသုဉ်းစေရေး** ၂၇၅
- ပိုက်ကွန်သဖွယ် ၂၇၅
- ငါးဖမ်းလုပ်ငန်း ၂၇၇
- ရောဝတီတိုင်း ၂၇၇
- လိပ်သတ္တဝါ ၂၇၈
- ကမ္ဘာ့လိပ်ကြီးပုံပြင် ၂၇၉
- စွှေလိပ် ၂၈၀
- ရှေးအကျဆုံးသတ္တဝါ ၂၈၂
- ရစ်ကံကြီးလိပ် ၂၈၄
- လိပ်(၉)ကောင်ရောက်လာ ၂၈၅
- လိပ်စောင့်ရှောက်ရေး ၂၈၇
- လိပ်ဘေးမဲ့ဒေသ ၂၈၈

၂၁။ **ရေတိမ်မနစ်ဖို့အရေး** ၃၀၁
- နေ့စဉ်ဘဝနှင့် ဆက်စပ် ၃၀၂
- ကုန်ထုတ်လုပ်မှုအကောင်းဆုံး ပတ်ဝန်းကျင် ၃၀၄
- ရေစပ်စပ် ကုန်းစပ်စပ် ၃၀၅
- မြန်မာရေတိမ်ဒေသ ၃၀၇
- မြေညြဇာထိန်းပေး ၃၀၉
- ပျက်စီးရသည့်အကြောင်းရင်းများ ၃၁၀
- အလွန်အကျွံငါးဖမ်းမှု ၃၁၁

၂၂။ **ပြာသောငွေဆောင် Blue Ngwe Saung** ၃၁၅
- စိတ်ကူးကောင်းကောင်း ၃၁၆
- အံ့ဩစရာကမ်းခြေ ၃၁၆
- ဂျာမန်စီမံခန့်ခွဲမှု ၃၁၈
- ဆေးလိပ်ငွေများ ၃၁၉
- အုန်းပင်ပေါ်သောကမ်းခြေ ၃၂၀
- ရှားပါးငှက်များရှိ ၃၂၂
- ပုစွန်ကန်နှင့် သစ်တော ၃၂၄

၂၃။ **ဗိုလ်မြတ်ထွန်းတံတားလိုက်ပို့ပါဆိုလို့ မေဆွိတို့အမေနှင့် မှားရှာသူ** ၃၂၇
- ဗိုလ်မြတ်ထွန်းတံတားလိုက်ပို့ပါ ၃၂၇
- ဖိုးရာဝဲသို့ဝင်မည် ၃၂၉
- မေဆွိတို့အမေ ၃၂၉
- မှားပြီ ၃၃၀
- မှားသွားပါတယ်ခင်ဗျာ ၃၃၂
- ပျောက်ကြားခေါင်းဆောင်ကြီးဗိုလ်မြတ်ထွန်း ၃၃၃
- အံ့အံ့ဩဩဆိုင်းဆိုင်းလေး ၃၃၆

**အထွေထွေ**

၂၄။ **တက်မတောင်နှင့် တောကောင်သား** ၃၃၈
- ကိုယ်ခုတ်တာ ကိုယ်ပြန်စိုက် ၃၃၈
- ဂျိုလေးများ ယုန်လေးများ ရောက်လာ ၃၄၁






www.burmeseclassic.com

www.burmeseclassic.com


- ပေါက်မြို့မှ ဓာကောင်သားရမယ် ၃၄၅
- (၁၃)ခရိုင်ထိ တိုးချဲ့ ၃၄၇

၂၃။ ကျားသတ္တဝါ ၃၄၉
- လူကို ရင်မဆိုင်လို ၃၅၀
- ၁၅၀မှ ၂၀၀ လောက်သာရှိတော့ ၃၅၃

၂၄။ တောင်ပေါ်အပန်းဖြေစခန်းများ ၃၅၅
- နတ်ရေကန်တောင် ၃၅၇
- သံတောင်မြို့သစ် ၃၅၈
- နတ်တောင် ၃၆၀
- ဟတ်ကုန်း ၃၆၂
- လေထီးနှင့် ဆင်းခဲ့ကြ ၃၆၃
- ဒွေးမယ်နော်တိုကန် ၃၆၄

၂၅။ ကျွန်တော့်အတွက်တစ်ခုလုပ်ပေးပါ ၃၆၅
- စာရေးဆရာနှင့် ရင့်ကျက်မှု ၃၆၆
- စာရေးဆရာနှင့် ရေးစရာစာ ၃၆၇
- ကိုယ့်ရှေ့မှသူများ ၃၇၀

၂၆။ ကရင်နှင့် မွန်ဒေသကြီးသို့ နောက်တစ်ခေါက် ၃၇၃
- အိပ်မက်တစ်ခုအလား ၃၇၄
- မိတ်ဆွေကြီးများ လာရောက်ကြိုဆို ၃၇၆
- တောင်ပိုင်းအနာကြီး ၃၇၇





- ပညာရေးထောက်ပံ့မှု အစီအစဉ် ၃၇၈
- မော်လမြိုင် အခင်းအကျင်း ၃၇၉
- ဆရာကြီးဦးလှပေနှင့်ဇနီး ၃၈၀
- ဘားအံမြို့ ၃၈၁
- မျှော်လင့်ချက်များဖြင့် ၃၈၄

အနာဂတ်မြန်မာ


၂၇။ အနာဂတ် မြန်မာ့အခင်းအကျင်းကြီးများ ၃၈၉
- အခင်းအကျင်းများအစုံရှိ ၃၉၀
- မွန်-ကရင် ဆက်စပ်ဒေသကြီးလိုမဟုတ် ၃၉၀
- ဒလဒေသဖွံ့ဖြိုးရေး ၃၉၂
- ရန်ကုန်မြစ်ကူးတံတား ၃၉၃
- ဒယ်လတာ အပြည့်ပြည့်ဆိုင်ရာ ၃၉၄
- ဒေါ်လာသန်း(၂၅၀)တန် တံတားထိုးမြို့ ၃၉၃

* ကိုးကားသည့်စာအုပ်များ ၃၉၇




www.burmeseclassic.com

www.burmeseclassic.com



## စာရေးသူ၏ အမှာစာ

အစက်ကလေးနှစ်စက်ဆိုတာ ဘာလဲ?။ ''အစက်ကလေးနှစ်စက်''ဆိုသည်မှာ ကျွန်တော်တို့နေထိုင်ရာ ဤကမ္ဘာကြီးသည် အကြောင်းအချက်ပေါင်းများစွာဖြင့် ပျက်သုဉ်းမှုဆီသို့ ဦးတည်လျက်ရှိနေသည့်အကြောင်းကို ရေးသားထားသောစာအုပ်၏အမည် ဖြစ်ပါသည်။

လူတို့မှီတင်းနေထိုင်ရာ ကမ္ဘာကြီးသည် ပျက်သုဉ်းခြင်းတရားဆီသို့ ဦးတည်နေသည်။

ထိုသို့ ဦးတည်နေခြင်းသည် မလွန်ဆန်နိုင်သည့် သဘာဝအကြောင်းတရားများကြောင့်မဟုတ်ဘဲ လူတို့၏ ပယောဂကြောင့်ဖြစ်ရဆိုသော သတင်းစကားမှာ ဝမ်းနည်းဖွယ်ရာဖြစ်သည်။

ဘူမိဗေဒပညာရှင် ပထဝီဝင်နှင့် သိပ္ပံပညာရှင်တို့က ဤကမ္ဘာ မြေ၏သက်တမ်းသည် အနှစ်သန်းပေါင်း(၄၅၀၀)ရှိပြီဟုဆိုသည်။ ထိုမျှသက်တမ်းရှိသောမြေကမ္ဘာသည် ပျက်စီးစပြုနေပြီဟုဆိုခြင်းသည် မဖြစ်စကောင်းသောအရာဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



ဤမြေကမ္ဘာသည် အလွန်မှ လှပသည်။ အသိဉာဏ်ရှိသော လူသားတို့ အစဉ်နေထိုင်ရန် အထူးသင့်လျော်သည်။ ဤကမ္ဘာမြေသည် သစ်တောသစ်ပင်၊ တောအုပ်၊ တောင်တန်း၊ ပင်လယ်၊ သမုဒ္ဒရာ၊ မြစ်၊ ချောင်း၊ အင်း၊ အိုင် တို့ဖြင့် အလွန်မှ သာယာသည်။ နေချင့်စဖွယ်ဖြစ်သည်။ ဤကမ္ဘာမြေပြင်ရှိ သစ်ပင်သစ်တောကြီးများအတွင်း သားရဲတိရစ္ဆာန် သတ္တဝါမျိုးစုံတို့ ရှိနေသည်က အံ့သြဖွယ်ရာဖြစ်၏။ ကမ္ဘာမြေတွင် ရေကြည်ရေသန့်တို့လည်းပေါများသည်။

ထိုသို့ သာယာလှပသော ကမ္ဘာမြေကြီးပေါ်တွင် လူသားသည် အဆင့်ဆင့် ပြောင်းလဲလာမှု သီအိုရီအရ ပရိုင်းမိတ်ဘဝမှစကာ လွန်ခဲ့သော အနှစ်(၂)သန်းကတည်းကစ၍ လူဖြစ်လာသည်။ လူသည် ပထမပိုင်းတွင် သူ၏ဦးနှောက်နှင့် ပတ္တာလိုဖြစ်နေသော လက်ချောင်းနှင့် လက်မကို အသုံးပြုကာ အမဲလိုက်ရင်း မုဆိုးဘဝမှ လွန်ခဲ့သော အနှစ်(၆၀၀၀)လောက်တွင် မီးကိုစတွေ့ပြီး မြေကြီးဖြင့် အိုးကို ပြုလုပ်တတ်လာရာမှ မြေကြီးတွင် စိုက်ပျိုးစားသောက်တတ်လာ၏။ မြေကြီးတွင် စိုက်ပျိုးစားသောက်တတ်လာခြင်းသည် တစ်ဆင့်တက် ယဉ်ကျေးလာခြင်းဖြစ်သည်။ စိုက်ပျိုးစားသောက်တတ်လာ၏။ မြေကြီးတွင် စိုက်ပျိုးစားသောက်တက်လာခြင်းသည် တစ်ဆင့်တက် ယဉ်ကျေးလာခြင်းဖြစ်သည်။ စိုက်ပျိုးတတ်လာခြင်းကို Agri နှင့် Culture ကို ပေါင်းကာ Agriculture ဟုခေါ်သည်။ လူသားသည် စိုက်ပျိုးရေးခေတ်ကြီးကို အနှစ်(၆၀၀၀) လောက်ဖြတ်သန်းခဲ့သည်။ စိုက်ပျိုးရေးခေတ် Agricultural Age မှ စက်မှုခေတ် Industrial Age သို့ ကူးပြောင်းဝင်ရောက်လာသည်။

စက်မှုခေတ်ထဲသို့ လူသားသည် (၁၉)ရာစုနှောင်းပိုင်း၊ (၂၀)ရာစုအစတွင်မှ ဝင်ရောက်လာခြင်းဖြစ်သည်။ ရိုက်ညီနောင်သည် ၁၉၀၃-ခုနှစ်တွင်မှ လေယာဉ်ကို စတင်ပျံသန်းရန် စိတ်ကူး





ဘုန်းရှိသေးသည်။ စက်မှုခေတ်ကြီး ထွန်းကားခဲ့သည်မှာ ကျွန်တော်တို့ တစ်သက်သာရှိသေးသည်။ စက်မှုခေတ်ကြီးသည် (၂၀)ရာစုနှောင်းပိုင်း၊ ၁၉၄၀-ခုနှစ်လောက်မှ ၂၀၀၀-ပြည့်နှစ်အတွင်း လျှင်မြန်စွာ ဖွံ့ဖြိုးလာခြင်းဖြစ်သည်။ ထိုကာလသည် ကမ္ဘာ့သက်တမ်းနှင့် နှိုင်းဆပါက မျက်စိတစ်မှိတ်ပင် မရှိသေးဟုဆိုနိုင်သည်။ ထို့ကြောင့် ဤကမ္ဘာမြေကြီးသည် သူ့သက်တမ်းနှင့် စာပါက မျက်စိတစ်မှိတ်မျှမရှိသေးသောကာလတွင် ပျက်သုဉ်းရမှုဆီသို့ ဦးတည်နေခဲ့ပြီဖြစ်သည်။

စက်မှုခေတ်ကြီးအတွင်း လူသားတို့သည် စက်ရုံများကို အတောမသတ်တည်ခဲ့၏။ မြို့ပြအိုးအိမ်များ အဆမတန် တိုးချဲ့ခဲ့သည်။ ကမ္ဘာအနှံ့ နေရာမလပ်အောင် လမ်းများဖောက်ခြင်း၊ လျှပ်စစ်မီးသွယ်တန်းခြင်းတို့ ပြုလုပ်ခဲ့သည်။ ထိုသို့ ပြုလုပ်ရာတွင် လောင်စာအဖြစ် ထင်း၊ မီးသွေး၊ ကျောက်မီးသွေး၊ ဓာတ်ငွေ့၊ ရေနံဓာတ်တို့ကို ဖြိုင်ဖြိုင်လျှံလျှံ အသုံးပြုခဲ့သည်။ ထိုသို့ပြုလုပ်မှုကြောင့် ကမ္ဘာပေါ်ရှိ သစ်တောကြီးများ ပျက်သုဉ်းခဲ့ရသည်။ စက်ရုံ၊ လေယာဉ်ပျံ၊ မော်တော်ကား၊ မီးရထားတို့မှ ကာဗွန်ဒိုင်အောက်ဆိုက်ဓာတ်ငွေ့($CO_2$)များကို အဆက်မပြတ် လွှင့်ထုတ်ခဲ့သည်။

ကာဗွန်ဒိုင်အောက်ဆိုက်ဓာတ်သည် အပူကို ထိန်းနိုင်သောသဘောရှိသည်။ စက်မှုခေတ်ကြီးမှ ထုတ်လိုက်သော ကာဗွန်ဒိုင်အောက်ဆိုက်တို့သည် ဤကမ္ဘာမြေမှ ဘယ်သို့မှ လွင့်မသွားဘဲ ကမ္ဘာမြေကြီးအား ဖန်လုံအိမ်အာနိသင်ကို ဖြစ်စေခဲ့သည်။ ဖန်လုံအိမ်အာနိသင်က ကမ္ဘာကြီးကို ပူနွေးစေခဲ့သည်။ စက်မှုခေတ်ကြီးက ပြုလုပ်သော ဇိမ်ခံပစ္စည်းအရပ်ရပ်တွင် CFC ခေါ် လူတို့ပြုလုပ်သည့် သေမင်းတမန်ပစ္စည်းတစ်မျိုးကိုလည်း ဖြစ်ပေါ်စေကာ ထိုဓာတ်သည် ဤကမ္ဘာမြေကြီးအား အကာအကွယ်ပေးထားသည့် အိုဇုန်းလွှာကြီးကို ဖျက်ဆီးခဲ့သည်။ ထို့ကြောင့် ကျွန်တော်တို့ အသက်ရှင်



www.burmeseclassic.com

www.burmeseclassic.com



နေထိုင်သောကာလသည် အဘိုး၊ အဘွားများခေတ်ကနှင့်မတူတော့ချေ။ အိုဇုန်းလွှာအပေါက်ကြီးဖြစ်နေသော ဤကမ္ဘာတွင် နေထိုင်ကြရလေရာ လုံခြုံမှုမရှိသော မြေကမ္ဘာတွင် နေရခြင်းဖြစ်သည်။ အိုဇုန်းလွှာပျက်သုဉ်းမှုက ကင်ဆာရောဂါမျိုးစုံနှင့် အခြားနောက်ဆက်တွဲဆိုးကျိုးအရပ်ရပ်ကို ဖြစ်ပေါ်စေခဲ့သည်။

သစ်တော၊ သစ်ပင်တို့ဖြင့် နာမည်ကြီးလှသော အမေဇုံသစ်တောကြီးသည် အလွန်တိုတောင်းသော ကာလအတွင်း ပြုတ်ပြုတ်ပြုန်းကာ အမေဇုံအမြဲစိမ်းတောကြီးဘဝမှ အမေဇုံ သဲကန္တာရဆီသို့ ဦးတည်ခဲ့ရသည်။ စက်မှုခေတ်ကြီးက သစ်တောကြီးကို သိသာထင်ရှားစွာ ဝါးမျိုပစ်လိုက်ခြင်းဖြစ်သည်။

လူသားသည် သူပိုင်သစ်တောများကို လက်မှုလုပ်ငန်းလောက်တွင်သာ အသုံးပြုပါက သူ့ဆယ်သက်သုံးစွဲ၍ မကုန်နိုင်သော်လည်း ယခုတော့ စက်မှုခေတ်ကြီးကြောင့် ကမ္ဘာ့ကြွယ်ဝမှုသစ်တောများ ဤကမ္ဘာမြေပေါ်မှ အလုံးအရင်းနှင့် ပျောက်ကွယ်ခဲ့ရပြီဖြစ်သည်။

ဤကမ္ဘာမြေပေါ်တွင် လွန်ခဲ့သော နှစ်သန်းရာချီသောကာလက သစ်ပင်များ၊ တိရစ္ဆာန်များ၏ ရုပ်ကြွင်းများကြောင့် ကျောက်မီးသွေးနှင့် ရေနံကဲ့သို့သော သဘာဝသယံဇာတ ပစ္စည်းများတည်ရှိနေခဲ့သည်။ ထိုသယံဇာတပစ္စည်းများကိုလည်း စက်မှုခေတ်ကြီးက မရပ်မနား ထုတ်ယူသုံးစွဲခဲ့သည်။ ထိုသို့ မဆင်မခြင် သုံးစွဲမှုသည် သယံဇာတပြုန်းတီးမှုနှင့် ကမ္ဘာကြီးပူနွေးလာစေသော ဆိုးကျိုးများကို ဖြစ်ပေါ်စေခဲ့သည်။

ကမ္ဘာ့သစ်တောများ ပျက်သုဉ်းရမှုကြောင့် -

(က) ရာသီဥတုမမှန်ခြင်း၊

(ခ) မိုးရေကို မထိန်းသိမ်းနိုင်ခြင်း၊





(ဂ) မြေဆီလွှာ ပျက်သုဉ်းခြင်း၊ ရေကြီးခြင်း၊ မြစ်ရေ လျှံခြင်း၊

(ဃ) သားရဲတိရစ္ဆာန်တို့ မမှီခိုနိုင်ခြင်း၊

(င) သဲကန္တာရအဖြစ်သို့ ကူးပြောင်းခြင်း စသော ဆိုးဝါးမှုများကို ဖြစ်စေခဲ့သည်။

ဤဖြစ်ရပ်များသည် ဤကမ္ဘာမြေကြီးအား ဆိုးကျိုး များစွာတို့ တန်းစီ၍ ဖြစ်စေခဲ့သည်။

ထိုကိစ္စရပ်များမှ ကယ်တင်ရန် လူသားထုတစ်ရပ်လုံးသည်-

(က) ကာဗွန်ဒိုင်အောက်ဆိုက် ထုတ်လုပ်မှုကို လျှော့ချရမည်ဖြစ်သည်။

(ခ) သစ်ပင်သစ်တော စိုက်ပျိုးရေးကို ချက်ခြင်း လုပ်ဆောင်ကြရမည်ဖြစ်သည်။

သစ်တောသစ်ပင် ဖြစ်ထွန်းပါက -

ရာသီဥတု မှန်ကန်ခြင်း၊ မြေဆီလွှာ ကောင်းမွန်ခြင်း၊ သဘာဝပတ်ဝန်းကျင် အေးမြစေခြင်း၊ မိုးရွာသွန်းစေခြင်း စသော ကောင်းမွန်သည့် သဘာဝပတ်ဝန်းကျင်ကို ဖြစ်ပေါ်စေသည်။

သစ်တောများ ဖြစ်ထွန်းလာမှုက ကာဗွန်ဒိုင်အောက်ဆိုက်ဓာတ်ငွေ့ကို သစ်ပင်ကစုပ်ယူခြင်း၊ သားရဲတိရစ္ဆာန်တို့အတွက် မှီတင်းနေထိုင်ရန် နေရာရရှိခြင်းအစရှိသော အကျိုးကျေးဇူးများအဖြင့် ဤကမ္ဘာကြီးအား ခြိမ်းခြောက်နေသော ဆိုးကျိုးများကို ဟန့်တားနိုင်မည်ဖြစ်ပါသည်။

ဤအရေးသည် ကမ္ဘာ့လူသားတစ်ရပ်လုံး၏ အရေးဖြစ်သည်။

ထိုအရေးကိစ္စသည် လူသားတစ်ရပ်လုံး၏ အရေးဖြစ်သည်ကို လူတိုင်းသိရှိရန်လိုသည်။ လူသားအားလုံး အသိတရားရှိလာပါက လောင်စာဆီသုံးစွဲမှု လျှော့ချခြင်း၊ သစ်ပင်စိုက်ခြင်း သာ



www.burmeseclassic.com

www.burmeseclassic.com



ငါး တိရစ္ဆာန်တို့ကို ကာကွယ်စောင့်ရှောက်ခြင်း စသော လုပ်ငန်းများကို လုပ်ဆောင်လာကြမည်ဖြစ်သည်။

ထိုအသိတရားများ ကမ္ဘာ့သူ ကမ္ဘာ့သားများအတွင်း ပြန့်ပွားအောင် ရဟန်းသံဃာများ၊ ဘာသာရေးအဖွဲ့အစည်းများ၊ လူမှုရေးအဖွဲ့အစည်းများ၊ မီဒီယာသမားများ၊ ကျောင်းဆရာ ဆရာမများ၊ မိဘများ၊ ရပ်ရွာရှိ လူကြီးသူမများ၊ လူငယ်လူရွယ်ပညာတတ်များ၊ အစိုးရအဖွဲ့အစည်းများက လူတိုင်းသိရှိအောင် ပြောကြားကြရမည်ဖြစ်သည်။ ယခုအခါ ယင်းကိစ္စကို ကမ္ဘာ့ကုလသမဂ္ဂအဖွဲ့အစည်းကြီးကပင် အလေးထား ဆွေးနွေးမှုများကို စတင်ဆောင်ရွက်နေပြီဖြစ်သည်။

၂၀၀၇-ခုနှစ်၊ မေလ(၃)ရက်နေ့က ကုလသမဂ္ဂ အတွင်းရေးမှူးချုပ် ဘန်ကီမွန်းက ကမ္ဘာ့နှင့်အဝန်း ရာသီဥတုပြောင်းလဲမှုဖြစ်စဉ်များကို ကိုင်တွယ်ရန် နော်ဝေဝန်ကြီးချုပ်ဟောင်း ပရီဟာလင်ဘရန်လင်၊ ချီလီသမ္မတဟောင်း ရီကာဒိုလေရို့စ်နှင့် တောင်ကိုးရီးယား နိုင်ငံခြားရေးဝန်ကြီးဟောင်း ဆွန်ဆူတို့အား ကုလသမဂ္ဂ၏ သဘာဝဝန်းကျင်ဆိုင်ရာ အထူးသံတမန်များအဖြစ် ခန့်အပ်ခဲ့သည်။

အစက်ကလေးနှစ်စက်စာအုပ်သည် အဓိကအားဖြင့် ကာဗွန်များ မီးရှို့မှုကို ရပ်တန့်ကရပ်ရန်နှင့် သစ်ပင်သစ်တော ပြုစုပျိုးထောင်ရေးကို ချက်ခြင်းစတင်ရန် ဦးတည်ရေးသားထားသော စာအုပ်ဖြစ်ပါသည်။

ရေးသားရာတွင် တင်ပြရမည့်အကြောင်းအရာက လေးနက်သောကြောင့် ဖတ်ရှုသူတို့ ပေါ့ပေါ့ပါးပါးရှိစေရန် ခရီးသွားဟန်ဖြင့် ခရီးသွားရင်း ရေးသားထားပါသည်။

တစ်ဖန် ဤစာအုပ်အား ရေးသားမှုသည် သစ်ပင်သစ်တော ပြုစုပျိုးထောင်မှုကို စိတ်ထက်သန်မှုရှိ၍ ကျွန်တော့်အားလည်း





စာရေးရန် တိုက်တွန်းခဲ့သော ပခုက္ကူဦးအုံးဖေ စာပေဆုအလှူရှင် ဦးလေးအုံး၏ အသက်(၉၀)ပြည့် အထိမ်းအမှတ်အဖြစ်လည်း ရည်ရွယ်ကာ ရေးသားထုတ်ဝေခဲ့ခြင်းဖြစ်သည်။

ဤစာအုပ်ကို ရေးသားရာတွင် အလွယ်တကူတော့ ရေးသားသာနိုင်ခြင်း မဟုတ်ပါ။ သွားရောက်ခဲ့သော ခရီးစဉ်များနှင့် သက်ဆိုင်သော မှတ်တမ်းများ ပြန်လည်ရှာဖွေရခြင်း၊ ရရှိလာသော မှတ်တမ်းများကို အစီအစဉ်အတိုင်း ပြန်လည်ရေးသားရခြင်း၊ သစ်တောသစ်ပင်ဆိုင်ရာအချက်အလက်များ၊ သားရဲတိရစ္ဆာန်တို့နှင့် ပတ်သက်၍ မျိုးသုဉ်းရတော့မည့် အခြေအနေဆိုင်ရာအချက်အလက်များ ရှာဖွေခြင်းစသည်တို့ကို ပြုလုပ်ပြီးမှ ကြိုးစားရေးသား တင်ပြခဲ့ခြင်းဖြစ်သည်။

မည်သို့ပင်ဖြစ်စေ သစ်တောသစ်ပင် စိုက်ပျိုးရေးနှင့်ပတ်သက်၍ စာတစ်အုပ်ဖြစ်မြောက်ခဲ့ရသောကြောင့် ကျွန်တော်သည် များစွာဝမ်းမြောက်ဝမ်းသာ ဖြစ်ရပါသည်။ စာဖတ်သူလည်း ကျွန်တော်နှင့် တစ်စိတ်တစ်ဝမ်း တည်ရှိမည်ဟု ယူဆရပါသည်။ ကမ္ဘာကြီး ပူနွေးလာမှုနှင့် ပတ်သက်၍ ပြည့်စုံသော စာတစ်အုပ်ဟု ဆိုနိုင်စေကာမူ ဖတ်ရှုသူသည် သစ်ပင်၊ သစ်တောပျိုးထောင်မှုအတွက် အသိတရား တစ်စုံတစ်ရာရရှိ၍ သစ်ပင်စိုက်ပျိုးဖြစ်ခဲ့ပါလျှင် ဤစာအုပ်ကို ကျွန်တော်ပြုစုရကျိုးနပ်ပြီဟု ယူဆရပါကြောင်း...

နောင်စစ်သည်
၅-၅-၂၀၀၇



www.burmeseclassic.com

www.burmeseclassic.com

အခန်း (၁)

# မီဒီယာလောကနှင့်တွေ့ဆုံပွဲ

၁၉၈၈–ခုနှစ် အရေးအခင်းပြီး၍ နိုင်ငံ၏တာဝန်အရပ်ရပ်တို့ နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့က ရယူပြီးသောအခါ ကျွန်တော်၏ပခုံးပေါ်သို့ ဝန်ကြီးဌာန (၄)ခု ရောက်ရှိလာပါသည်။

ကျွန်တော်က ဝန်ကြီးဌာန (၄)ခုကို တာဝန်ယူရသည်။ ကျွန်တော်တာဝန်ယူရသော ဝန်ကြီးဌာန (၄)ခုမှာ–

၁။ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီး ဌာန

၂။ သစ်တောရေးရာဝန်ကြီးဌာန

၃။ မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာနနှင့်

၄။ သမဝါယမဝန်ကြီးဌာန

တို့ဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



ဝန်ကြီးဌာန (၄)ခုစလုံးသည် စီးပွားရေးနှင့်စပ်ဆိုင်သော ဝန်ကြီးဌာနများချည်းဖြစ်ကြသည်။

လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနတွင် စိုက်ပျိုးရေးကိစ္စလုပ်ငန်းများ၊ ဆည်မြောင်းတည်ဆောက်ရေးနှင့် ဆည်မြောင်းထိန်းသိမ်းရေးလုပ်ငန်းရပ်များ ပါဝင်သည်။ သစ်တောရေးရာဝန်ကြီးဌာနတွင် သစ်ပင်သစ်တော စိုက်ပျိုးရေး၊ သစ်ထုတ်လုပ်ရေးနှင့် ရောင်းချရေးအထိပါဝင်သည်။ မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာနတွင် သားငါးမွေးမြူရေး၊ ကြက်ဘဲမွေးမြူရေးနှင့် ရေချိုရေငန် ငါးထုတ်လုပ်ရေးအပြင် အစောပိုင်းက ဆားလုပ်ငန်းပင် ပါဝင်သည်။ သမဝါယမဝန်ကြီးဌာန၏ လုပ်ငန်းများကလည်း ကျယ်ပြန့်၏။

ဤဝန်ကြီးဌာနများကို ကိုင်တွယ်ရမည်ဆိုတော့ ပထမအရေးကြီးတာက ဤဌာနများ၏ ဆောင်ရွက်ဆဲ ဆောင်ရွက်လတ္တံ့ လုပ်ငန်းကိစ္စများကို သိဖို့လိုသည်။

ထို့ကြောင့် ကျွန်တော်က ကျွန်တော်တာဝန်ယူရသော ဝန်ကြီးဌာနများမှ သမ္ဘာရင့် ဝါရင့်ပုဂ္ဂိုလ်များနှင့် တွေ့ဆုံရသည်။ သူတို့ပြောဆိုတင်ပြသည်များကို နားထောင်သည်။ ဝန်ကြီးဌာနတစ်ခုချင်းစီ၏ လုပ်ငန်းပမာဏ၊ ဦးစီးဌာနတစ်ခုချင်းစီ၏ ဖွဲ့စည်းပုံတို့ကို မေးရ၏။ ထိုကဲ့သို့ ဌာနများမှ ဝါရင့်သမ္ဘာရင့် ပုဂ္ဂိုလ်အရာရှိကြီးများ၏ ပြောစကားကို နားထောင်ရုံသာမက ကိုယ်တိုင်လည်း ဝန်ကြီးဌာနများ၏ လုပ်ငန်းများနှင့်ပတ်သက်သော စာအုပ်စာတမ်းများ၊ ဝန်ကြီးဌာနမှတ်တမ်းများကို ရှာဖွေဖတ်ရှုရသည်။





အရေးအကြီးဆုံးက အရေးအခင်းကာလအတွင်း အစိုးရဌာနများအတွင်းအထိ ဝင်ရောက်လာသော ဂယက်များကို ငြိမ်အောင် ပြုလုပ်ရသည်။ ထိုသို့ပြုလုပ်ရာတွင် အဆုံးအဖြတ်များ လမ်းညွှန်မှုများ မှန်ကန်တိကျဖို့လိုသည်။ မှားလျှင် လုပ်ငန်းမအောင်မမြင် ဖြစ်မည်။ ထို့ကြောင့် ဌာနမှ သမ္ဘာရင့်ဝါရင့် အရာရှိကြီးများကို သာမကပြင်ပမှ အတွေ့အကြုံရှိ ပုဂ္ဂိုလ်များနှင့်လည်း တွေ့ဆုံဆွေးနွေးရသည်။

ပထမဦးစွာ ကျွန်တော်သည် သမဝါယမဝန်ကြီးဌာနတွင် သွားရောက်ရုံးထိုင်သည်။ အစဉ်အလာအားဖြင့် သမဝါယမလုပ်ငန်းသည် ကျွန်တော်တို့နိုင်ငံ၌ အောင်မြင်မှုနည်းခဲ့သော လုပ်ငန်းဖြစ်သည်။ ကျေးရွာသမဝါယမ အဖွဲ့ကအစ သမဝါယမအဖွဲ့များသည် နာမည်ပျက်များနေသည်။ လေ့လာကြည့်ရာတွင် သမဝါယမလုပ်ငန်း၏ ရည်ရွယ်ချက်များမှာ အလွန်ကောင်းသည်။ ရည်ရွယ်ချက်ကောင်းသော သမဝါယမလုပ်ငန်းများ အောင်မြင်လျှင် တိုင်းပြည်လည်း မုချတိုးတက်နိုင်သည်။

သမဝါယမစနစ်ကို စတင်ခဲ့သော 'ရောဘတ်အိုဝင်' အကြောင်း ကျွန်တော်တို့ သိပြီးဖြစ်ပါသည်။ သို့သော်လည်း ရောဘတ်အိုဝင်မှအစ ၄င်းမတိုင်ခင်က သမဝါယမခေတ်ဦးပုဂ္ဂိုလ်များအကြောင်းကို လေ့လာရသည်။ ပြင်သစ်နိုင်ငံ၏ သမဝါယမလုပ်ငန်းကို လေ့လာရသည်။ အစ္စရေးနှင့် တောင်ကိုရီးယားနိုင်ငံတို့တွင် သမဝါယမလုပ်ငန်းများ အောင်မြင်ခဲ့သည်။ ထိုနိုင်ငံများတွင် သမဝါယမလုပ်ငန်းအောင်မြင်မှုသောကြောင့် ကိုယ့်နိုင်ငံမှာလည်း အောင်မြင်စေလိုသည်။



www.burmeseclassic.com

www.burmeseclassic.com



## တက္ကသိုလ်သမအသင်း

ကဲ-မြန်မာနိုင်ငံတွင် အစဉ်အလာကောင်းခဲ့သည့် သမဝါယမအဖွဲ့အစည်းများကိုလည်း လေ့လာဦးမည်။ ဘာတွေရှိလဲဆိုလျှင် ဗိုလ်ချုပ်အောင်ဆန်းဈေးထဲတွင် တက္ကသိုလ်သမဝါယမအသင်း University Con Co ရှိသည်။ ဤသမဝါယမအသင်းသည် အောင်မြင်သော သမဝါယမအသင်းဖြစ်သည်။ ထို့ကြောင့် ထိုအသင်းတွင် တာဝန်ယူခဲ့ကြသော ပုဂ္ဂိုလ်ကြီးများကို ဖိတ်ကြား၍ အကြံဉာဏ်တောင်းသည်။ ထိုပုဂ္ဂိုလ်ကြီးများက အိတ်သွန်ဖာမှောက်၊ မချွင်းမချန်အကြံပြုကြပါသည်။ “သမဝါယမလုပ်ငန်းဆိုတာ သမဝါယမစိတ်ဓါတ်အရင်းခံမှ ရသောအလုပ်” ဆိုသည်ကို သမဝါယမဝန်ကြီးအဖြစ်ဆောင်ရွက်မည့် ကျွန်တော်ကိုယ်တိုင် သဘောပေါက်လာ၏။

တက္ကသိုလ် သမဝါယမအသင်း၏ အသင်းဝင်ဟောင်းကြီးများထံမှ လေ့လာစရာ စာအုပ်စာတမ်းများ ပါရရှိသည်။ ကျွန်တော်သည် တက္ကသိုလ်သမဝါယမအသင်းထံမှ လက်တွေ့သာမက သီအိုရီအတွေ့အကြုံများလည်း အမြောက်အများရခဲ့၏။

## မဇင်းသမဝါယမ

လက်တွေ့လုပ်ငန်းအတွေ့အကြုံ ပိုမိုရရှိအောင် ပဲခူးမဇင်းသမဝါယမကိုလည်း သွားကြည့်ရသည်။ သူတို့ဆီက ငါတွေ့ရသည်။ စာတွေ့တော့မရ။ သူတို့၏ လက်တွေ့အတွေ့အကြုံကလည်း အရေးကြီးပါသည်။





နောက် ကိုယ်တိုင်တီထွင်ကြံဆ လုပ်ကိုင်စိတ်ရှိပြီး စိတ်အားတက်ကြွသူတစ်ဦးဖြစ်သော (နဂါး)ကိုတင်ဝင်းလည်း ကျွန်တော့်ထံနှစ်ခါလောက် လာရောက်၍ သူ့အတွေ့အကြုံများကို ပြောပြ၍ သူပြောသည်များကို နားထောင်လေ့လာရသည်။ ကိုတင်ဝင်းက သူ၏လက်လှမ်းမီရာစာအုပ်များ၊ လက်ကမ်းကြော်ငြာ Pamphlet များကို ပေးသည်။

ကျွန်တော်သည် သမဝါယမလုပ်ငန်းကိုသာမက စိုက်ပျိုးရေးနှင့် မွေးမြူရေးလုပ်ငန်းများ၊ ဆည်မြောင်းကိစ္စရပ်များကိုပါ လေ့လာရသည်။ ကမ္ဘာတွင် ယင်းကိစ္စရပ်များနှင့် ပတ်သက်သော သတင်းအချက်အလက်များ၊ သတင်းဆောင်းပါးများကို မီဒီယာအမျိုးမျိုးက နေ့စဉ်လွှင့်ထုတ်လျက်ရှိရာ မီဒီယာပိုင်းကိုလည်း လက်လွှတ်၍မရမှန်း ကျွန်တော်သတိပြုမိသည်။

နောက်ဆုံးလေ့လာတွေ့ရှိသည့် စိုက်ပျိုးမွေးမြူရေးသတင်းများကိုသိမှ ကျွန်တော်တို့ ဘာစိုက်ပျိုးမည်၊ ဘာမွေးမြူမည်ကို ဆုံးဖြတ်နိုင်မည်ဖြစ်ပါ၏။ သီးနှံဈေးနှုန်းက နေ့စဉ်ပြောင်းလဲနေသည်။ သစ်များကို ဈေးကွက်ဝင် ထုတ်ရောင်းရန်အတွက် ကမ္ဘာ့သစ်ဈေးကို သိဖို့လိုသည်။ သစ်ပင် သစ်တောများကိုလည်း စိုက်ပျိုးရမည်ဖြစ်ရာ ခေတ်မီစိုက်ပျိုးရေးစနစ်များအကြောင်း သိထားရမည်ဖြစ်သည်။

ဝန်ကြီးဌာန (၄)ခုစလုံး၏ လုပ်ငန်းများကို အကောင်အထည်ဖော်ရာတွင် မီဒီယာနှင့်ကင်း၍မရကြောင်း ကျွန်တော် ရိပ်စားမိသည်။ မီဒီယာဟုဆိုရာတွင် ပြည်ပမီဒီယာလုပ်ငန်း သာမက ပြည်တွင်းမီဒီယာလုပ်ငန်းများ၏ အရေးပါပုံကိုလည်း



www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော်သိသည်။ စိုက်ပျိုးရေးနည်းစနစ် အသစ်တစ်ခုကို တောင်သူလယ်သမားများအကြား လက်တွေ့ပြန့်ပွားစေလိုသည်ဟု ဆိုပါက ပြည်တွင်းမီဒီယာလုပ်ငန်းကို ကျွန်တော်သုံးရမည်ဖြစ်သည်။ ကျွန်တော်သည် မီဒီယာလုပ်ငန်းနှင့် မစိမ်းပါ။ ထော်ပိုင်စစ်ဆင်ရေး၊ ပဲခူးရိုးမစစ်ဆင်ရေး၊ မိုင်းဆတ်၊ မိုင်းယန်း သတင်းစာရှင်းလင်းပွဲများတွင် စာပေလောကမှ ပုဂ္ဂိုလ်များ၊ သတင်းစာဆရာများ မီဒီယာသမားများနှင့် ကျွန်တော် အတူသွားအတူလာမှုများ ရှိခဲ့သည်။ တပ်မတော်ထဲတွင်လည်း စာသမား ပေသမား အများအပြားရှိသည်။

ရတခတွင် ကျွန်တော့်ဆရာဖြစ်ခဲ့သော ဒုတိယတိုင်းမှူး ဗိုလ်မှူးကြီးခင်ဇော်မှန်က ကျွန်တော့်အား ပြောပြသည်ကို ကျွန်တော်သတိရသည်။

"There is a saying,
Coming together is the Beginning,
Keeping together is Progress,
Working together is Success."

အဓိပ္ပာယ်မှာ -

"အတူသွားမိခြင်းဟာ လုပ်ငန်းရဲ့အစပဲ။
အတူတွဲမိပြီဆိုရင်တော့ တိုးတက်တာပဲ။
အတူတကွ အလုပ်လုပ်နိုင်မှ အောင်မြင်မှု"

ဟူ၍ 'လုပ်ငန်းအောင်မြင်မှု' ဟူသော စကားရပ်ကို အဓိပ္ပာယ်ဖွင့်သည်။





## IBC မှာ

ထို့ကြောင့် အောင်မြင်ဖို့အတွက် ရှောင်ကွင်းလို့မရသော မီဒီယာများနှင့် လုပ်ငန်းစလိုက်လျှင် ကောင်းမည်ဟုတွက်ဆမိ၍ ကျွန်တော်သည် မြန်မာနိုင်ငံမှ စာပေပညာရှင်များ၊ သတင်းစာဆရာများ၊ မီဒီယာသမားများကို ဖိတ်ကြား၍ အပြည်ပြည်ဆိုင်ရာ စီးပွားရေးဗဟိုဌာန(IBC International Business Centre)တွင် တွေ့ဆုံခဲ့ပါသည်။ စာပေပညာရှင်ကြီးများ၊ သတင်းစာဆရာကြီးများကို အမိကရင်းနှီးမှုရအောင် အတူယှဉ်တွဲတွေ့ဆုံမှု (Coming Together)ကို စတင်ပြုလုပ်ခြင်းဖြစ်သည်။ ထိုပွဲတွင် ကျွန်တော့်



အပြည်ပြည်ဆိုင်ရာ စီးပွားရေးဗဟိုဌာနတွင် တွေ့ဆုံပြီးနောက် ရှမ်းကန်စားသောက်ဆိုင်၌ သတင်းစာဆရာကြီးများနှင့် ထပ်မံတွေ့ဆုံပွဲတွင် စာရေးသူ၏ဇနီး ဒေါ်မြင့်မြင့်ခင် အမှာစကားပြောကြားနေစဉ်



www.burmeseclassic.com

www.burmeseclassic.com



ဘက်မှလည်း သစ်တောပညာရှင်၊ စိုက်ပျိုးရေး၊ ဆည်မြောင်း အစရှိသော ဌာနများမှ အရာရှိကြီးများကို ဖိတ်ကြားခဲ့ပါသည်။ ကျွန်တော့်ဘက်မှ ဖိတ်ကြားထားသူများထဲတွင် အထူးသဖြင့် သစ်တောပညာရှင်က ပိုများသည်။ စာပေဘက်ကတော့ အမျိုးသား အရေးအတွက်များပြီး အမျိုးသမီးများထဲတွင် ကျွန်တော်မှတ်မိ သည်မှာ ဆရာမကြီး စောမုံညင်း၊ ဆရာမကြီး ယုဝတီ ခင်စိန်လှိုင် နှင့် အခြား အသက်ငယ်ငယ် စာရေးဆရာမတစ်ဦးတို့ဖြစ်သည်။ ဘယ်သူဘယ်ဝါဟု ကောင်းစွာမမှတ်မိသည်ကို ခွင့်လွှတ်စေလို ပါသည်။ ကျွန်တော်သည် ကြွရောက်လာသော စာပေနှင့် သတင်းဌာနမှ ပုဂ္ဂိုလ်များအား အတော့်ကို သက်တောင့်သက်သာ၊ လွတ်လွတ်လပ်လပ်၊ ရင်းရင်းနှီးနှီးနှင့် ပျော်ပျော်ရွှင်ရွှင်ဖြစ်အောင် စီမံတွေ့ဆုံလိုက်ခြင်းဖြစ်သည်။ ထိုညှော်ခံပွဲသို့ ကြွရောက် လာကြ သော စာရေးဆရာ၊ သတင်းစာဆရာများထဲတွင် တစ်မူထူးခြားစွာ တက်ရောက်လာသော ပုဂ္ဂိုလ်တစ်ဦးကို ကျွန်တော်သတိထား မိသည်။

## ကိုင်းထူထူ မျက်မှန်ကိုတပ်၍

ထိုသူမှာ ဆံပင်က တစ်ခေါင်းလုံးဖြူဖွေးနေသည်။ ကိုင်းထူထူ မျက်မှန်ကိုတပ်၍ ပင်နီတိုက်ပုံ အင်္ကျီကိုဝတ်ကာ လုံချည်က ဒူးလောက်နီးနီးအထိ ခပ်တိုတို ဝတ်ထားပါသည်။ ထိုပုဂ္ဂိုလ်ကြီးနှင့် ကျွန်တော်ကလည်း ကောင်းကောင်းမရင်းနှီး သေး၍ စကားဖောင်ဖွဲ့ပြီး မပြောဖြစ်။ သူကတော့ ခေါင်းကို





ညောက်စိုက်ပြီး ဟိုဘက်ကပြောတာ နားစွင့်လိုက်၊ ဒီဘက်က ပြောတာကို နားစွင့်လိုက် လုပ်နေသည်။ သူ့ဟန်နှင့် သူဖြစ်သည်။ ထိုပုဂ္ဂိုလ်ကြီးက ဘယ်သူပါလဲဟုမေးကြည့်တော့ အခြားသူ ပြောတ်။ ပခုက္ကူ ဦးအုံးဖေ စာပေဆုအလှူရှင် ဦးအုံးဖေဖြစ် နေသည်။ သူက ကျွန်တော်တို့ဝိုင်း ကျွန်တော့်ဘေးတွင် နေရာယူ ထားပါသည်။

သူ့ကို မီဒီယာသမား၊ သတင်းစာဆရာ၊ စာရေးဆရာဟူ၍ ကျွန်တော်မသိပါ။ သူသည် ပခုက္ကူမှ စာပေဆုအလှူရှင်၊ ဆေးပေါင်းရုံပိုင်ရှင်အဖြစ်သာ သိသည်။ ပခုက္ကူဘက်မှာက ဆေးပေါင်းရုံ (၇၀၀) လောက်ရှိ၏။ ဆေးပေါင်းခြင်းဆိုသည်မှာ နေ့စဉ် သစ်တွေခုတ်ပြီး ထင်းနှင့်ပေါင်းရခြင်းဖြစ်သည်။ ဆေး ပေါင်းရုံ (၇၀၀)က တစ်နှစ်တစ်နှစ်တွင် ထင်းတောင်ပုံရာပုံကို မီးရှို့နေရသည်ဖြစ်၍ ဆေးပေါင်းရုံလုပ်ငန်းမှာ သစ်တောလုပ်ငန်း အတွက် အန္တရာယ်ပင်ဖြစ်သည်။

ကျွန်တော်က သစ်တောနှင့် သစ်ပင်ပြုစုပျိုးထောင်ရန် မီဒီယာကိုအသုံးပြုရန် မိတ်ဆက်သောပွဲတွင် သစ်ပင်တွေကို ဝါးစားနေသော ဆေးပေါင်းရုံပိုင်ရှင်ပါ တက်ရောက်လာ၍ "ခွတော့ ခပ်ကျကျပဲ" ဟု ထင်မိသည်။ ဦးအုံးဖေသည် ထိုစဉ်က ပခုက္ကူစာပေဆု အလှူရှင်အနေနှင့် တက်ရောက်လာခြင်းဖြစ်ပါ သည်။ ဘာပဲဖြစ်ဖြစ် ကျွန်တော့်ညှော်ခံပွဲသို့ တက်ရောက်လာသူများ အားလုံးအပေါ် ညှော်ဝတ်ကျေရမည်ဖြစ်၍ ကျွန်တော်အနေနှင့် အားလုံးပြည့်ပြည့်စုံစုံဖြစ်အောင် ညှော်ခံပါသည်။



www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော်သည် ထိုပွဲတွင် ပခုက္ကူစာပေဆုအလှူရှင်၊ ဆေးပေါင်းရုံပိုင်ရှင် ပခုက္ကူအုံးဖေကို မကြာခဏ လှမ်း၍အကဲခတ်မိသည်။ ဆံပင်က တစ်ခေါင်းလုံးဖြူ၊ မျက်မှန်ကထူထူ၊ ပင်နီတိုက်ပုံနှင့် လုံချည်တိုတို ဝတ်ထားသော ဦးအုံးဖေသည် စာပေသမားဂိုက်တော့ မပေါက်ရာပေ။

ကျွန်တော်တို့ဝိုင်းတွင် ဆရာ ကိုဆောင်း၊ ဆရာမောင်ဆုရှင်၊ တက္ကသိုလ်တင်ခ အစရှိသောသူတို့ ပါဝင်နေကြရာ ၎င်းတို့နှင့် ယခင်ကတည်းက အကျွမ်းဝင်ပြီးဖြစ်သည့်အပြင် ကျွန်တော်ဖိတ်သည့် ညစာစားပွဲ၏ အဓိက ရည်ရွယ်ချက်ကို သူတို့အားလုံးက သိထားပြီးဖြစ်၍ သီးခြားပြောစရာမလိုဟု ထင်သည်။ ကျွန်တော်သည် ထိုဧည့်ခံပွဲတွင် ပြောဆို စားရင်းသောက်ရင်းဖြင့်ပင် ကျွန်တော်ဖိတ်ထားသော ထမင်းဝိုင်းစိုပြေအောင်၊ လိုလေသေးမရှိအောင် ဖြည့်ဆည်းပေးနေမိသည်။

ဆေးပေါင်းရုံပိုင်ရှင် ပခုက္ကူ ဦးအုံးဖေ (ဝါ) စာပေဆုအလှူရှင်ကြီး ဦးအုံးဖေကတော့ သိပ်လည်း အရယ်အပြုံးမရှိ၊ သိပ်လည်း ရောရောနှောနှော မရှိ။ သူ့ဝဲဘက်ကလူတွေ ပြောနေတာနားထောင်လိုက်၊ သူ၏ယာဘက်ကလူတွေ ပြောတာနားထောင်လိုက်နှင့်သာ ရှိနေပါသည်။

□



## အလယ်ပိုင်းဒေသများသို့

၂။ ပခုက္ကူသို့ ပထမအခေါက်

၃။ ပခုက္ကူသို့ ဒုတိယအခေါက်

၄။ အစက်ကလေးနှစ်စက်

၅။ ယုံအီပရိုဂျက်



www.burmeseclassic.com

www.burmeseclassic.com

အခန်း (၂)

## ပခုက္ကူသို့ ပထမတစ်ခေါက်ခရီး

ကျွန်တော်သည် ဝန်ကြီးဌာန (၄)ခု၏ တာဝန်ထမ်းဆောင်နေ ထိုဝန်ကြီးဌာနကြီး (၄)ရပ်ထဲမှ သစ်တောရေးရာဝန်ကြီးဌာန၏ သစ်တောသစ်ပင်နှင့်ကျေးငှက်တိရစ္ဆာန်တို့၏ သဘာဝကို ကျွန်တော့်စိတ်က ပို၍ဝင်စားနေသည်။ သစ်တောသစ်ပင် တိရစ္ဆာန်ကို ပို၍ချစ်မြတ်နိုးနေမိသည်။

သစ်တောများ မပြုန်းတီးရေး၊ မြန်မာနိုင်ငံ အလယ်ပိုင်း အစိမ်းလန်းစိုပြည်ရေး သစ်တောသစ်ပင်များ ထွန်းကားရေး၊ တောရိုင်းတိရစ္ဆာန် ထိန်းသိမ်းစောင့်ရှောက်ရေးကိစ္စများကို ပို၍ စိတ်ဝင်စားပါသည်။ ထိုအချိန်တွင် ပခုက္ကူဘက်မှလည်းကောင်း၊ ရွာနှင့် မန္တလေးတိုင်းဘက်ကပါ.....

"ဝန်ကြီး... ကျွန်တော်တို့တိုင်းအတွင်း သစ်တောသစ်ပင် အခြေအနေတွေကို လာရောက်လေ့လာပါ"



www.burmeseclassic.com

www.burmeseclassic.com



ဟု ဆိုကြ၍ ထိုတိုင်းများသို့သွားရန် ဆုံးဖြတ်ခဲ့သည်။ ကျွန်တော်
လည်း ရှင်မတောင်၊ တက်မတောင်စသော တောင်များကိုကြ
လိုသည်။

## ကြွေးဆပ်စရာ

ချင်းတွင်းမြစ် ဟိုတစ်ဘက်ကမ်းမှ မင်းတိုင်ပင်ဆို
ရွာလေးတွင်လည်း ကြွေးဆပ်စရာရှိသည်။ တန့်ကြည့်တောင်
လည်း သွားရောက်လိုသောဆန္ဒရှိသဖြင့် အထက်မြန်မာပြည်
ကျွန်တော်ခရီးထွက်ခဲ့သည်။ ကျွန်တော်ခရီးထွက်ခဲ့သော နေ့၊
ရက်များကို မမှတ်မိတော့။ ခုနှစ်ကိုပင် ခပ်ဝါးဝါးဖြစ်နေပါသည်
သို့သော် အဖြစ်အပျက်များကိုတော့ မှတ်မိနေ၏။

ထိုခရီး၌ ကျွန်တော်သည် ပခုက္ကူသို့ စရောက်သည်
ပခုက္ကူသို့ရောက်တော့ ညနေခင်းလေးပင်ဖြစ်သည်။ ကျွန်တော်
တည်းတာက ပခုက္ကူမြို့ရှိ မြန်မာ့သစ်လုပ်ငန်း၊ သစ်ထုတ်လုပ်
ရိပ်သာတွင် ဖြစ်သည်။

ကျွန်တော်တို့အဖွဲ့တွင် သစ်တောဌာနညွှန်ကြားရေးမှူးချု
ဦးရဲမြင့်ပါလာသည်။ ဦးရဲမြင့်မှာ ကိုယ်တိုင်က စာရေးဆရာဖြစ်
ရဲမြင့်(သစ်တော)ကလောင်တပ်ကာ သစ်တောအကြောင်းမျာ
ရေးသည်။ သူစာရေးလျှင် အညိုကိုတိုင်တည်ပြီး ရေးသည်
အညိုမှာ သူ၏ဇနီးဖြစ်၏။ ဦးရဲမြင့်က ဇနီးဖြစ်သူကို မှန်း
တမ်းတရင်း သူ့ဆောင်းပါးတိုင်းကို "ညိုလေးရေ"ဟု အစချီက
တမလွန်မှဇနီးကို တိုင်တည်ရင်း ဆောင်းပါးများရေးခြင်းဖြစ်သည်





ပခုက္ကူသို့ရောက်၍ ရိပ်သာ၌ နေရာထိုင်ခင်းယူပြီး
ကြောခါမှာပင် ဦးရဲမြင့်က

"ပခုက္ကူမြို့တွင်းသို့ သွားပါရစေ။ ထမင်းစားချိန်ရောက်
အောင် ပြန်ခဲ့ပါမည်၊ ပြန်မရောက်ရင်လည်း စားနှင့်ပါ"
ဟု ဆို၏။ တကယ်တော့ ဦးရဲမြင့်ကို မစောင့်ဘဲ စားလျှင်လည်း
ရသည်။ အကြောင်းမှာ ဦးရဲမြင့်သည် အသက်သတ်လွတ်စားသူ
ဖြစ်သည်။ ဦးရဲမြင့်သည် ရောက်ရာအရပ်တွင် စာကြည့်တိုက်၊
အုပ်ဘိုရှိစသည်တို့တွင် စာအုပ်များမွှေနှောက် ရှာဖွေတတ်
ပြီးနောက် ဘယ်စာကြည့်တိုက်မှာ ဘယ်လို ရှားပါးစာအုပ်တွေ
ရှိသည်၊ ဘယ်စာကြည့်တိုက်ကိုဖြင့် လူတွေအသုံးပြုမှုများသည်၊
များဘူးစသည်ဖြင့် စာကြည့်တိုက်ရှိ စာအုပ်အရေအတွက်ကိုပါ
မှတ်သားပြီး ပြန်ပြောတတ်၏။ ဒါက သူ၏အကျင့်ဖြစ်၏။
သူ့အကျင့်က ကောင်းသောကြောင့် ကျွန်တော်ကလည်း ခွင့်ပြု
ထားပါသည်။ ခွင့်ပြုရုံသာမက သူ၏ထိုအကျင့်လေးကို အားလည်း
ပေးခဲ့သည်။

ဦးရဲမြင့် ပခုက္ကူမြို့တွင်းသို့ ထွက်သွားချိန်တွင် သစ်ထုတ်လုပ်
ရေးရိပ်သာတွင် တွေ့သင့်သောသူများကို လက်ခံတွေ့ဆုံသည်။
ဒေသသစ်တောသစ်ပင် အခြေအနေများကို မေးရသည်။ ဝန်ကြီး
ရောက် ၎ည်ဟုဆိုတော့ အနီးအနားကသာမက ခပ်လှမ်းလှမ်းက
သစ်တောဝန်ထမ်းများပါ လာရောက်စောင့်ကြိုနေကြသောကြောင့်
လူစုံတက်စုံတွေ့ရ၏။ အထူးသဖြင့် ကျွန်တော်နှင့်အတူ ရန်ကုန်
သစ်တောရုံးချုပ်မှ ညွှန်ကြားရေးမှူးချုပ်၊ တိုင်းညွှန်ကြား
များနှင့် အချို့ဝန်ထမ်းများ၏ ဇနီးများလည်းပါလာကြသည်



www.burmeseclassic.com

www.burmeseclassic.com



သစ်တောမှအငြိမ်းစားယူသွားကြပြီးသော အရာရှိကြီးများလည်း ပါလာသည်။ နောက်ပိုင်းတွင် သစ်တောမှ အငြိမ်းစားယူသွားသည့်တိုင် သစ်တောဝန်ထမ်းများသည် ကျွန်တော် ခရီးထွက်မည်ဟု ဆိုပါက သူတို့ရော သူတို့၏ ဇနီးများပါ ခရီးတစ်လျှောက် ဝေယျာဝစ္စလိုအပ်သည်များကူညီရန်နှင့် သူတို့အယူအဆများကို ပြောပြရန် ကျွန်တော်နှင့် တကူးတကလိုက်ပါလာကြသည်။ သစ်တောဌာန အသိုင်းအဝိုင်းက အရာရှိကြီးများ၊ ဝန်ထမ်းများနှင့် ကျွန်တော်သည် အထက်လူကြီးနှင့် ဝန်ထမ်းကဲ့သို့သော သဘော မရှိဘဲ မိသားစုလိုဖြစ်နေကြသည်။

## ယပ်ခတ်ရင်း တစာစာ စာကျက်

ထိုနေ့ညနေကလည်း ရှေးဟောင်းနှောင်းဖြစ်များ ပြန်ပြောလိုက်ကြ၊ သူတို့အယူအဆလေးတွေပြောကြ သွားရမည့်ခရီးအစီအစဉ်ရေးဆွဲကြနှင့် အလုပ်များကြရ၏။ လိုက်လံကြည့်ရှုသင့်သည့်နေရာများနှင့် ပတ်သက်၍ ပြောကြဆိုကြနှင့် အစီအစဉ်များကို ဖြုတ်သင့်တာဖြုတ်သွားမည်ဟု ဆုံးဖြတ်တာ ဆုံးဖြတ်ပြီး စကားတွေ အများကြီးပြောကြသည်။ ဒေသခံများကလည်း ပခုက္ကူဒေသ တောတောင်တွေ ပြုန်းကုန်တာရော၊ ပြန်လည်စိမ်းလန်းစိုပြေလာပုံကိုပါ လိုက်ပြလိုကြသည်။ ဝန်ကြီးအား ကြည့်စေလိုတာတွေက များသည်။

ထိုကဲ့သို့ ကျွန်တော်တို့က ရိပ်သာထဲ၌ စကားပြောနေစဉ် ကျွန်တော်တို့ရိပ်သာနှင့် သွပ်စည်းရိုးခြားပြီး ဟိုဘက်မန်နေဂျာအိမ်မှ





ဂါဝန်လေးနှင့် ကလေးတစ်ယောက်က အိမ်ပြင်ထွက်ပြီး ဒန်းလေးပေါ်တွင် တစ်ချိန်လုံးစာကျက်နေ၏။ မီးလေးကလည်း ခပ်မှိန်မှိန်ခြင်ကလည်းကိုက်သည့်အတွက် လက်တစ်ဖက်က ယပ်တောင်လေးတစ်ချောင်းနှင့် ခြင်ယပ်ရင်း အခြားလက်တစ်ဖက်ထဲ စာအုပ်ကိုကိုင်ကာ စာအုပ်နှင့်မျက်နှာမခွာဘဲ စာကျက်နေသည်။ ယပ်ကိုလည်း မနားတမ်းခတ်နေသည်။

ဒီကလေးမလေး စာကျက်နေတာကို ခုနစကားပြောနေစဉ်ကပင် ကျွန်တော်သတိထားမိသည်။ ထို့ကြောင့်လည်း ပြူတင်းပေါက်ကိုကျော်၍ ထိုကလေးမလေးအား မကြာခဏ လှမ်းကြည့်မိသည်။ ဝန်ထမ်းများကလည်း ကလေးမလေးကို ကျွန်တော်လှမ်းကြည့်သည်ကို သူတို့သတိထားမိကြသည်။ ကျွန်တော်တို့ ထမင်းလည်းစားပြီး၊ သွားကြားလည်းထိုးပြီး၊ ထမင်းလုံးစီနေသည့်အချိန်ရောက်တော့မှ ဦးရဲမြင့်ပြန်ရောက်လာသည်။ ပြန်ရောက်လာတော့ ဦးရဲမြင့်က ဦးအုံးဖေ စာကြည့်တိုက်ကို သူရောက်ခဲ့သည်။ စာအုပ်အတော်စုံသည်။ စာအုပ်များကိုလည်း စာကြည့်တိုက်ပညာနှင့်အညီ မည်သို့မည်ပုံ ထားသိုသိမ်းဆည်းထားသည့်အကြောင်းများကို ပြောပြသည်။

ဦးရဲမြင့်က -

"ဝန်ကြီးလည်း အချိန်လေးများ ပိုရင်တော့ ဦးအုံးဖေ စာကြည့်တိုက်ကို ဝင်ကြည့်စေချင်ပါတယ်။ ဦးအုံးဖေကလည်း လာစေချင်ပါတယ်"

ဟုဆို၏။ ကျွန်တော်က -



www.burmeseclassic.com

www.burmeseclassic.com



"အေးဗျာ - အခုအခေါက်တော့ ခင်ဗျားသိတဲ့အတိုင်းပဲ၊ ရန်ကုန်ကိုလည်း အချိန်မီပြန်ရဦးမယ်၊ ကျွန်တော် ကြည့်ချင်တာတွေထက် ခင်ဗျားရဲ့ဘော်တွေက ပြချင်တာတွေကများနေတာ အခုတော်တော်များများ အစီအစဉ်တွေ ဖြုတ်ထားရတယ်"

ဟုဆိုတော့ ဦးရဲမြင့်လည်း ဦးအုံးဖေ စာကြည့်တိုက်သွားဖို့ ကျွန်တော့်ကို သိပ်ပြီးမတိုက်တွန်းတော့။ ကျွန်တော်တို့သည်လည်း မိုးလင်း ဆိုတွက်ရပြီး မိုးချုပ်မှ ပြန်ရောက်၏။ ပခုက္ကူမှာက အိပ်ရုံသာ အိပ်ခြင်းဖြစ်သည်။

ဦးရဲမြင့်အတွက် ထမင်းပြင်ပြီဟုဆို၍ ကျွန်တော်လည်း သူထမင်းစားနေစဉ် လမ်းထွက်လျှောက်သည်။ ခြံစည်းရိုးခြားနေသော တစ်ဘက်သစ်ထုတ်လုပ်ရေးမန်နေဂျာ အိမ်ဝင်းဘက်သို့ လျှောက်လာမိခဲ့သည်။ ဒန်းပေါ်တွင် ဂါဝန်လေးနှင့် ကလေးမလေးကတော့ ပုရစ်တစ်ကောင်လိုအော်၍ စာကျက်နေဆဲဖြစ်သည်။ စာထဲတွင် စိတ်ရောကိုယ်ပါ ဝင်စားနေသော ဒန်းပေါ်မှ ကလေးမလေးသည် ကျွန်တော် သူ့ဆီသို့လာသည်ကိုမသိ။ အနီးရောက်မှ ကျွန်တော့်ကို မြင်လိုက်တော့ လန့်သွားပြီး ဒန်းပေါ်က ကပျာကရာဆင်း၏။

"သမီးက ဘယ်နှတန်းလဲ၊ စာတွေကျက်လှချည်လား"

"သမီးက ဆယ်တန်းပါ။ အခုဆယ်တန်းစာမေးပွဲဖြေနေဆဲမို့ စာကျက်နေတာပါ"

"ဖြေနိုင်ရဲ့လား"

"ပြီးခဲ့တဲ့ဘာသာတွေအားလုံး ဖြေနိုင်ပါတယ်၊ မနက်ဖြန်တစ်ဘာသာပဲ ကျန်ပါတော့တယ်ရှင့်"





"အေးကောင်းပါတယ်၊ နောင်အနာဂတ်မြန်မာနိုင်ငံကြီးတိုးတက်ဖွံ့ဖြိုးဖို့အတွက် သမီးတို့ကိုပဲ အားကိုးရမှာ"

ဟု ဆိုတော့ ကလေးမလေးက ဘာမှမပြောဘဲ ကျွန်တော့်ကိုကြည့်နေရှာ၏။

"သမီးက စာလည်းတအားကျက်နေတော့ ကျန်တဲ့တစ်ဘာသာကိုလည်း အားရပါးရဖြေ။ စာမေးပွဲအောင်လို့ ဂုဏ်ထူးတွေထွက်ရင် တစ်ဘာသာကို အဘက ငွေတစ်သောင်း သမီးကိုဆုချီးမြှင့်မယ်"

ဟု ကျွန်တော်က ဆိုသည်။

"သမီးလည်း ဂုဏ်ထူးရမှာပါ"

ဟု ကလေးမလေးက တွေးတွေးတောတော ချိန်ချိန်ဆဆနှင့် ပြန်ပြောသည်။

## ရှင်မတောင်

နောက်နေ့များတွင်တော့ သစ်တောဌာနအကြီးအကဲများက လိုက်ပို့သော ဒေသများသို့ လိုက်လံ ကြည့်ရှုရသည်။ ထိုအခေါက်က ဘက်မတောင်၊ ရှင်မတောင်နှင့် မင်းတိုင်ပင် ရွာများသို့ သွားရောက်ခဲ့သည်။

ရှင်မတောင်သည် ရေစကြိုမြို့နယ်အတွင်း တည်ရှိ၏။ သို့သော် မြိုင်မြို့နယ်နှင့် ပခုက္ကူမြို့နယ်တို့နှင့်လည်း မဝေးသောကြောင့် ထိုမြို့နယ်သုံးမြို့နယ်၏ ဖိုခနောက်ဆိုင်နေရာတွင်ဘည်ရှိနေသောတောင်ဖြစ်၏။ ရှင်မတောင်သည် ဝင်ထပ်



www.burmeseclassic.com

www.burmeseclassic.com




ရေမျက်နှာပြင် အထက်ပေ (၁၇၂၃)ပေမြင့်ပြီး ကြိုးဝိုင်းဧရိယာ ဧက(၁၅၀၀၀) မျှရှိသည်။ ရှင်မတောင် စိမ်းလန်းစိုပြေရေးကို ၁၉၉၄-ခုနှစ်တွင် စတင်လုပ်ဆောင်ခဲ့သည်။ ကျွန်တော်တို့ ရှင်မတောင်သို့ ရောက်သောအခါ ရှင်မတောင်၊ တောင်ခြေတွင် မျောက်အုပ်များကို တွေ့ရ၏။

မျောက်များသည် အစာရရှိရေးအတွက် လူသူရှိရာ တောင်ခြေသို့ဆင်း၍ လာကြသည်ကို ထောက်သော် ဤတောင်တွင် သစ်သီးသစ်ပင် အတော်ရှားနေပြီဟု တွက်ဆနိုင်သည်။ မျောက်များသည် သူတို့ကို ကျွေးဖို့ယူလာသော ငှက်ပျောသီး၊ ပြောင်းဖူးစသည်တို့ကိုပင် အကျွေးမစောင့်ဘဲ ဝင်လုကြသည်။ တောင်ပေါ်ရှိဘုန်းတော်ကြီးကျောင်း၊ သီလရှင်ကျောင်းတို့မှ မီးဖိုချောင် ဟင်းအိုး၊ ထမင်းအိုးများကို ညအခါ ဝင်ရောက်လှန်လှော စားသောက်တတ်ကြသည်ဟုပင် သိရ၏။ ကျွန်တော်သည် ခရီးတစ်လျှောက်တွေ့မြင်သမျှကို မျက်မြင်ကိုယ်တွေ့မှတ်သားခဲ့သည်။ ရှင်မတောင်ဘုရားရင်ပြင်မှ ချင်းတွင်းမြစ်နှင့် ဧရာဝတီမြစ်ကို လှမ်းတွေ့ရသည်။ ရှင်မတောင်သည် နာမည်ကြီးတောင်ဖြစ်သည်။ ရှင်မတောင်မှထွက်သော ရှင်မတောင်သနပ်ခါးက နာမည်ကြီး၏။

ကျွန်တော့်အဘွားသည် ရှင်မတောင်သနပ်ခါးကို အလွန်ကြိုက်သည်။ ရှင်မတောင်သနပ်ခါး သွေးလိမ်းပြီးပါက အဘွားမှာ သူ့ဟာသူ အေးမြပြီး ကျေနပ်နေတတ်သည်။ ရှင်မတောင်သနပ်ခါး အနံ့က တော်တော်နှင့် မပျောက်ဘဲ လိမ်းထားသူ၏ ကိုယ်တွင်







တူရွင်းတောင်ဒေသကို ယခင်ကတွေ့ရစဉ်။

အကြာကြီး စွဲနေသည်။ ကျွန်တော် ရှင်မတောင်ရောက်တော့ အဘွားကိုသတိရ၏။ အဘွားနှင့်ကျွန်တော် ဂျပန်ခေတ်တွင် ဆင်ဖြူကန်ဘုန်းတော်ကြီး ကျောင်း၌ သမုဒ္ဒရာဝမ်းတစ်ထွာ ပြည့်ဆီးခဲ့ရပုံကို ပြန်၍သတိရမိသည်။ ကျွန်တော် ရှင်မတောင်သို့ ရောက်ချိန်တွင် ရှင်မတောင်သနပ်ခါးကို ကြိုက်သောအဘွားအတွက် သနပ်ခါးတွေ အများကြီးဝယ်သွားချင်သည်။ သို့သော် ကျွန်တော့် စိတ်ကူးက စိတ်ကူးသာဖြစ်၏။ အဘယ်ကြောင့်ဆိုသော် အဘွားသည်း လူ့ပြည်လူ့ရွာတွင်မရှိတော့။

ရှင်မတောင်တွင်လည်း သနပ်ခါးမရှိတော့။ ရှင်မတောင်သည် တောင်ကတုံးတမျှဖြစ်နေပြီး သစ်တောသစ်ပင်သည်း



www.burmeseclassic.com

www.burmeseclassic.com



ရှားနေပြီ လူများက သနပ်ခါးကို အမြစ်ကပါ တူးယူသောကြောင့် ရှင်မတောင်သနပ်ခါးမျိုးပါသုဉ်းလုပြီဟု ဆိုကြပါသည်။ ရှင်မတောင်သည် တောင်တန်းတောင်စွယ်လေးများနှင့် လုပသော တောင်တန်းလေးဖြစ်ပါသည်။

ကျွန်တော်သည် ရှင်မတောင်ကို စိမ်းလန်းစိုပြည်အောင် မြှုလုပ်မည်ဟု ဆုံးဖြတ်လိုက်သည်။

ထိုအခါက ရောက်လက်စနှင့် ကြည့်စရာလေးတွေ စုံစုံကြည့်ဖြစ်ခဲ့သည်။ သို့မှသာ လုပ်ဆောင်စရာများကို ပို၍ တိတိကျကျဆုံးဖြတ်နိုင်မည်။ အများပြော သူပြောပါပြောနှင့် ဆုံးဖြတ်ပါက မှားနိုင်သည်။ Seeing is believing ဖြစ်သည်။

## တန့်ကြည့်တောင်

ထိုအခါက ကျွန်တော်သည် တန့်ကြည့်တောင်နှင့် တက်မတောင်သို့လည်း ရောက်ခဲ့၏။ သို့သော် ရှင်မတောင်သို့ အရင်သွားတာလား၊ တက်မနှင့် တန့်ကြည့်တောင်သို့ အရင်သွားတာလား၊ လမ်းကြောင်းကို ကျွန်တော် မမှတ်မိတော့။ ထိုတောင်များသို့ သွားရာတွင် လမ်းဘယ်လိုသင့်သည်ကိုလည်း မမှတ်မိတော့ပါ။

ထိုအခါက တန့်ကြည့်တောင်သို့ အလည်ရောက်၏။ တန့်ကြည့်တောင်သွားလမ်းသည် ကတ္တရာလမ်း ဖြစ်သည်။ တောင်ခြေတွင် မြို့ဆိုး၊ ကျွန်းချောင်းအစရှိသော မြို့ရွာများရှိ၏။





တန့်ကြည့်တောင်သည် ပေ (၁၀၀၀) ကျော်မြင့်သော တောင်ဖြစ်ပြီး မြို့ဆိုးမှ တောင်ပေါ်သို့အတက် လမ်းမှာလည်းဆိုးသည်။

တန့်ကြည့်တောင်သည် ပုဂံနှင့်ဧရာဝတီ တစ်ဘက်ကမ်းဆီတွင်ရှိ၏။ တောင်တန်းတောင်စွယ်တစ်ခုလုံး ခြောက်သွေ့နေသည်။ မြတ်စွာဘုရားရပ်တန့် ကြည့်ရှုဗျာဒိတ်ပေးခဲ့သောတောင်ဖြစ်ကြောင်းသိရသည်။ တန့်ကြည့်တောင်မှကြည့်လျှင် ဧရာဝတီမြစ်ထဲမှ လှေသင်္ဘောများကိုပါ တွေ့မြင်သည်။ တန့်ကြည့်တောင် ဗတ်ဝန်းကျင်က အတော့်ကိုလုပါသည်။ တန့်ကြည့်တောင်သို့ အလာတွင် မြစ်ခြေကိုလည်းဖြတ်ရသည်။ မြစ်ခြေသည် အညာရွာကြီးတစ်ရွာဖြစ်သည်။ တန့်ကြည့်တောင်ကို ကြည့်ရှုပြီး ကျွန်တော်တို့ တက်မတောင်သို့ ခရီးဆက်ကြသည်။ တန့်ကြည့်တောင်မှ တက်မတောင်သို့ အသွားခရီးလမ်းမြင်ကွင်းများက အညာဒေသမြင်ကွင်းများ ဖြစ်သည်။ တစ်ခါတစ်ရံ လမ်းဘေးတွင် လက်ပံတို့မှ ရေနံသယ်သော ပိုက်လိုင်းကြီးများကိုတွေ့ရသည်။

တက်မတောင်တွင် သစ်တောဌာနမှ ညှိရိပ်သာနှင့် ဝန်ထမ်းနေအိမ်များရှိသည်။ တက်မတောင်သည် ပေါက်မြို့နယ်နှင့် ပခုက္ကူမြို့နယ်အကြားတွင် ခွ၍တည်ရှိနေသည်။ သစ်တောဌာနမှ ဝန်ထမ်းများသည် တောင်ကြိုတောင်ကြားမှ ရေကို ဝါးရေ တံလျှောက်များနှင့် အဆင့်ဆင့်သွယ်ယူပြီး ဘူးပင်၊ ခရမ်းပင်၊ ကြက်ဟင်းခါး၊ ရုံးပတီပင် စသောဟင်းသီးဟင်းရွက် စိုက်ခင်းများ စိုက်ပျိုးစားသောက်ကြသည်ကို မြင်ရခြင်းမှာလည်း တောပြန်နှင့် သည့် လက္ခဏာတစ်ရပ်ပင်ဖြစ်၏။ တောတောင်သည် စိမ်းလန်း



www.burmeseclassic.com

www.burmeseclassic.com



နိုင်ငြေနေပါက ရေလည်းအလိုအလျောက်ရ၏။ ဟင်းသီးဟင်းရွက်လည်း အဆင်သင့်ရသည်။ အကောင်ပလောင်လေးများတောင် ရတတ်သည်။ တောပြုန်းတော့ ကိုယ့်ဟာကိုယ် စိုက်ပျိုးနေကြရပြီဖြစ်သည်။ တက်မတောင်ခြေတွင်လား၊ မလှမ်းမကမ်းတွင်လားတော့မသိ။ ကမ္ဘဆိုသော ရွာရှိ၏။ ကမ္ဘရွာသည် သစ်ပင်စားပင်တို့ဖြင့် ဝေဆာနေသော ရွာဖြစ်ရာရွာသည် ရေနှင့်မဝေးကြောင်းသတိပြုမိသည်။ ကမ္ဘတွင် ကုက္ကို၊ ထနောင်း၊ မယ်ဇလီစသည့်အပင်ကြီးများကို တွေ့ရသည်။

## မချောင်မှန်းသိလာ

ဤသို့ဖြင့် ကျွန်တော်သည် မြန်မာပြည်အလယ်ပိုင်းအနောက်ဘက်ခြမ်း၊ ဧရာဝတီမြစ် အရှေ့ဘက်ခြမ်းဒေသများကို လှေ့လာခဲ့သည်။ ဘယ်နေရာက ဘယ်လိုခြောက်သွေ့နေသည်။ ဘယ်မြစ်က ဘယ်လိုစီးဆင်းနေသည်များကိုမှတ်သားရသည်။ ဧရာဝတီသည် မြန်မာပြည်အလယ်ပိုင်းတွင် ပင်ပန်းဆင်းရဲစွာစီးဆင်းနေရပုံတို့ကို မှတ်သားခဲ့ရသည်။ မြန်မာပြည်အလယ်ပိုင်းမိုးနည်းရေရှားဒေသတစ်ခုလုံး၏ အကျယ်အဝန်းကို မြေပုံထုတ်၍ကြည့်မိရာ မိုးနည်းရေရှားဒေသသည် အတော့်ကို ကျယ်ဝန်းနေပြီးချောက်၊ ရေနံချောင်းဒေသသည် အပူဆုံး၊ အခြောက်သွေ့ဆုံးဖြစ်နေသည့် သဘောကိုတွေ့ရသည်။

ကျွန်တော်သည် ဤတစ်ခေါက်ခရီးနှင့်ပင် သစ်တောဝန်ကြီးလုပ်ရမှာ မချောင်မှန်းသိလာခဲ့သည်။ သို့သော်လည်း







တောပြုန်းသွားသော တောင်တန်းတစ်ခု။
သူ့ကို ပြန်လည်စိုက်ပျိုးရန် အလွန်မှပင် ခက်ခဲသည်။
မူလကပင် သစ်တောသစ်ပင် မပြုန်းတီးအောင် ထိန်းသိမ်း
စောင့်ရှောက်ရမည်ဖြစ်သည်။

ကျွန်တော်အနေနှင့် ထိုလုပ်ငန်းများ လုပ်ဆောင်ရမည်ကိုပင် ဝါသနာပါနေပြီး ယခင် ကျွန်တော်နေခဲ့သော တနင်္သာရီတိုင်းကြီးကဲ့သို့ပင် မြန်မာပြည်အလယ်ပိုင်းအား သစ်တောသစ်ပင်တို့ဖြင့် စိမ်းလန်းစိုပြည်နေစေလိုသော အာသီသပြင်းပြမိသည်။

## ကျွေးဆပ်ခြင်း

ထို့နောက်တော့ ကျွန်တော်ကြွေးဆပ်စရာရှိသော မင်းတိုင်ပင်ရွာသို့ လာခဲ့သည်။

မင်းတိုင်ပင်နှင့် ကျွန်တော်က ရာဇဝင်ကြွေးရှိသည်။ ထိုအခါက ကျွန်တော့်အသက်သည် (၂၃)နှစ်သာရှိသေးသည်။



www.burmeseclassic.com

www.burmeseclassic.com



ဗိုလ်လေးဖြစ်ခါစတွင် ကျွန်တော်သည် ချင်းတွင်းမြစ် အနောက်ဘက်ရှိ ဆားလင်းကြီး၊ ကျားတက်၊ မင်းတိုင်ပင်၊ ကပိုင် အစရှိသောဒေသများတွင် တာဝန်ကျသည်။ ထိုဒေသတွင် ဗမာပြည်ကွန်မြူနစ်ပါတီ (ဗကပ)များ ကြီးစိုးနေချိန်ဖြစ်သည်။ မင်းတိုင်ပင်ရွာသည် ပုလဲမြို့နယ်ထဲမှ အိမ်ခြေ(၆၀)လောက်ရှိသော ရွာတစ်ရွာဖြစ်ပါသည်။ အချိန်ကတော့ ၁၉၅၅-ခုနှစ်လောက်ကဖြစ်သည်။ မင်းတိုင်ပင်၌ ကျွန်တော်တို့ စခန်းချစဉ် မလွဲမရှောင်သာ ရွာဦးဘုန်းတော်ကြီး ကျောင်းဝင်းအတွင်း၌ နေရာယူထားရသည်။ ဘုန်းတော်ကြီးကျောင်းတွင် အုတ်ခြံစည်းရိုးရှိ၍ အထိုက်အလျောက် အကာအကွယ်ရပြီးသားဖြစ်သည်။ ကျွန်တော်က ကျောင်းဝင်းအတွင်း ဘုန်းကြီးကိုလျှောက်ထားပြီး ခွင့်ပြုမှ တပ်စွဲထားပါသော်လည်း ကျွန်တော်တို့ တပ်စွဲထားသဖြင့် ကျောင်းထိုင်ဆရာတော်ခမျာ အနေကျုံ့ဟန်ရှိသည်။

ထို့ကြောင့် ကျွန်တော်သည် ဘုန်းတော်ကြီးအား အားတုံ့အားနာ ဖြစ်မိသည်။ အားနာရသည့်အထဲ ကျွန်တော့်ရဲဘော်များက နေ့လည်ခင်းအားလျှင်အားသလို ကြက်တိုက်ကြသေးသည်။ ဆရာတော်က ကျောင်းပေါ်တွင်နေသော်လည်း ရဲဘော်များ ကြက်တိုက်သည်ကို ကျောင်းပေါ်မှသိနေသည်။ ကြက်ဝိုင်းရှိတော့ ရွာသားများလည်း ခြံစည်းရိုးတွေဘာတွေကိုကျော်ပြီး ကျောင်းဝင်းအတွင်းသို့ ဝင်ကြသည်။ ဆရာတော်က ဘာမှတော့မပြော၊ သည်းခံနေပါသည်။





ရဲဘော်များအတွက်ကလည်း ကင်းလှည့်ရ၊ ကင်းပုန်းဝပ်ရစစ်ကြောင်းချီတက်ရနှင့် ပင်ပန်းကြသည်။ ထို့ကြောင့် အားလပ်ချိန်လေးများတွင် သူတို့ ကြက်တိုက်ကြသည်ကို ကျွန်တော်က မတားမြစ်လို။ တားဖို့က ခက်၏။ ရဲဘော်များက သူတို့နေရာကို ဘန်ကာများ၊ ကတုတ်များလုပ်ကာ ဘန်ကာအတွင်း၊ ကတုတ်အတွင်း ကြက်တိုက်ကြခြင်းဖြစ်သော်လည်း ထိုနေရာများကလည်း ဘုန်းကြီးကျောင်းပရဝုဏ်အတွင်း၌သာ ဖြစ်သည်။

တစ်ခါတစ်ရံ ရဲဘော်များအား အရိပ်အမြွက်ပြော၍ တားမြစ်သော်လည်း ရဲဘော်များက လူစုံ၊ ဒေသစုံမှ စိတ်ကြမ်း၊ လူကြမ်းများဖြစ်၍ ကြက်ဝိုင်းလေးကို ခြွင်းချက်နှင့် ခွင့်ပြုထားရသည်။ ထိုအချိန်က ပျူစောထီးတပ်ကလည်းရှိ၏။ ပျူစောထီးဆိုသည်မှာ ရပ်ရွာလုံခြုံရေးအတွက် ဖွဲ့စည်းထားခြင်းဖြစ်ပြီး ကျွန်တော်တို့ တပ်မတော် စစ်ကြောင်းများသွားရာသို့ သူတို့လည်း လိုက်ပါကြရသည်။ ကြက်ဝိုင်းတွင် ပျူစောထီးတွေလည်းပါသည်။

နောက်တော့ တပ်ရွှေ့ရန်အခွင့်အလမ်းရသည်နှင့် မင်းတိုင်ပင် ဘုန်းကြီးကျောင်းထဲမှတပ်ကို ရွာတောင်ဘက်သို့ ရွှေ့သည်။ ဖြစ်ခဲ့သော အဖြစ်အပျက်က ကြာပြီဖြစ်သည်။ သို့သော်လည်း ကျွန်တော့်စိတ်ထဲတွင် အပြစ်ကြီးတစ်ခုလို စွဲထင်ကျန်ရစ်သောကြောင့် ယခုလို အညာသို့ တစ်ခေါက်ပြန်ရောက်ခိုက် မင်းတိုင်ပင်သို့သွား၍ ထိုဘုန်းတော်ကြီးကျောင်းတွင် လှူစရာတန်းစရာလေးများလှူဒါန်းကာ၊ ဆွမ်းဆက်ကပ်လိုစိတ်ကြောင့် မင်းတိုင်ပင်သို့ လာခဲ့ခြင်းဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



## ဦးဇင်းကြီးဖြစ်လာသော ပျူစောထီး

မင်းတိုင်ပင်ရောက်တော့ ယခင်က အိမ်ခြေ (၆၀) သာရှိသော ရွာလေးမှာ ယခုအိမ်ခြေ (၆၀၀) လောက်ရှိနေသည်။ ဟိုးအရင် ကျွန်တော် ဗိုလ်လေးဘဝဖြင့်ရောက်ခဲ့စဉ်က လူတွေများရှိလေသေးသလားဟု မေးရသည်။ အချို့လည်း ကျွန်တော်ကို မှတ်မိကြ၏။ ယခုသွားစဉ် ကျွန်တော်သည် ဗိုလ်ချုပ်ဖြစ်နေသော်လည်း သူတို့က ကျွန်တော့်ကို ဟိုစဉ်ကခေါ်သလိုပင် ဗိုလ်လေးဟုပင် ခေါ်ကြ၏။ မင်းတိုင်ပင်ရောက်တော့ ကျွန်တော်ဝမ်းသာသည်။ သူတို့ကျွန်တော်တို့တပ်ကို မမေ့ကြသေးပေ။ ကျွန်တော်လည်း ကျောင်းတွင် လိုအပ်နေသော ဆွမ်းစားဆောင်တစ်ဆောင်နှင့် သင်္ကန်း၊ ဆေးဝါးပစ္စည်းများ လှူဒါန်းပြီး ဆရာတော်သံဃာတော်များအား ဆွမ်းဆက်ကပ်သည်။ ယခင်က ကျွန်တော်တို့ တပ်စွဲစဉ်က ဆရာတော်ကြီးကတော့ လွန်ခဲ့သော (၇)နှစ်လောက်က ပျံလွန်တော်မူသွားပြီဟုဆို၍ စိတ်မကောင်း ဖြစ်ရသည်။ ဆွမ်းကပ်စဉ် ဦးပဍ္ဍင်းကြီးတစ်ပါးက–

"ဒကာကြီး ဦးပဍ္ဍင်းကို မှတ်မိလား"

ဟု မေးပါ၏။

ကျွန်တော့်အား ထိုသို့မေးလာသော ဆရာတော်သည်ပင် သက်တော်အားဖြင့် အတော်ကြီးလှပြီဖြစ်၏။ ကျွန်တော်ကတော့ မမှတ်မိတော့ပါ။

"မှန်လှပါ၊ တပည့်တော် မမှတ်မိပါဘုရား"





"ဗိုလ်လေး ကျုပ်တို့ရွာလာတုန်းက ကျုပ်က ပျူစောထီး ခေါင်းဆောင်လေ၊ အခု ကျုပ်အသက် (၈၃)နှစ်ရှိပြီ၊ ဒကာကြီးရဲ့ တွဲပြီး ဗကပကိုတိုက်ခဲ့တာလေ"

ဟု ဆိုပါ၏။ ဦးဇင်းကြီးက ဆက်၍ –

"ဗိုလ်လေး ဦးပဍ္ဍင်းတို့ ရွာကပြန်သွားတော့ ဦးပဍ္ဍင်းတို့ ကြက်ဖကြီးတစ်ကောင်ပေးခဲ့တာ ဦးပဍ္ဍင်း မွေးထားသေးတယ်၊ ဗိုလ်လေးများ ပြန်လာဦးမလား ... ပြန်လာဦးမလား ...လို့၊ ဗိုလ်လေးတို့စစ်သားတွေများ တယ် သံယောဇဉ် ပြတ်တာကိုး၊ တစ်ခါမှ ရွာကိုပြန်မလာတော့ဘူး"

ဟု ပြောရှာသည်။

"ဒီလိုလည်း မဟုတ်ပါဘူးဘုရား၊ တပည့်တော်ကလည်း မင်းတိုင်ပင်ရွာလေးကို သတိရနေတာ၊ ဒါပေမယ့် တာဝန်ရော ဝတ္တရားရော ပိနေတာနဲ့ ဒီဘက်ကို မလှည့်နိုင်ပါဘူး။ အခုလုပ်ငန်းတာဝန်က ဒီဘက်ကိုကျတာနဲ့ သတိရပြီး မင်းတိုင်ပင်ကို ပြေးလာခဲ့တာပါ ဘုရား..."

ဟုဆိုတော့ ဦးပဍ္ဍင်းလည်း ကျေနပ်သွားသည်။

မင်းတိုင်ပင်ကို အခုပြန်ရောက်တော့ ကျွန်တော့်မှာ ဝမ်းနည်းသလို ဝမ်းသာသလိုဖြစ်ရသည်။

"ဗိုလ်လေးက လူးနဲ့ဆက်တောင် မသိဘူး"ဆိုသည့် ကပိုင်က မီးဖွားပြီးစ မိန်းကလေးကိုလည်း သတိရ၏။

အလောင်းတွေနှင့် ရောက်လာသော လှည်းနှစ်စီးကလည်း ကျွန်တော့်အမြင်မှာ ပြန်ပေါ်လာပါသည်။ မင်းတိုင်ပင်ဘုဉ်းကျောင်း



www.burmeseclassic.com

www.burmeseclassic.com



စာတ်ငှား၍ ပွဲသွင်းခဲ့ရာ စာတ်စင်ပေါ်မှာလည်း တိုက်ပွဲဖြစ်။ အလံနီအဖွဲ့လာပစ်သည်ကို ပွဲမပျက်အောင် ပြန်ပစ်ရတာလေးများ တိုလည်း ပြန်၍သတိရမိတော့လည်း ပြုံးမိပြန်၏။

ယခုအခေါက် မြန်မာပြည်အလယ်ပိုင်းမှ အပြန်တွင်တော့ ကျွန်တော်မှာ ဖွေးတောစရာတွေ၊ အလုပ်တွေ အများကြီးရခဲ့သည်။ အထူးသဖြင့် မြန်မာပြည်အလယ်ပိုင်း စိမ်းလန်းစိုပြည်ရေးကိစ္စသည် အတွေးထဲမှဖျောက်၍မရအောင် ကျွန်တော်နှင့် အတူပါလာပြီ ဖြစ်သည်။



အခန်း (၃)

# ပခုက္ကူသို့ ဒုတိယခေါက်ခရီး

ပထမအခေါက် ပခုက္ကူသို့သွားခဲ့ပြီး ကျွန်တော်သည် ပခုက္ကူသို့ ဒုတိယ အကြိမ် ရောက်ဖြစ်ပြန်သည်။ ယခုအကြိမ်တွင်တော့ ယခင်က ဦးရဲမြင့်ကလည်း တိုက်တွန်းထားဖူး၍ ပခုက္ကူ ဦးအုံးဖေစာကြည့်တိုက်သို့ဝင်ရောက် လေ့လာရေးကို ကျွန်တော်သွားမည့် အစီအစဉ်ထဲတွင်ထည့်သွင်းရေး ဆွဲထားသည်။ ပခုက္ကူမြို့ရှိ မျက်မမြင်ကျောင်းကိုဝင်ရန်လည်း စီစဉ်ထားသည်။ ပခုက္ကူရောက်တော့ ကျွန်တော်သည် ဦးအုံးဖေစာကြည့်တိုက်သို့ သွားရောက်လေ့လာရာ ဦးအုံးဖေကသူထံတွင် ထမင်းတစ်နပ် လောက် စားပါဆို၏။ ထို့ကြောင့်ကျွန်တော်က -

"ထမင်း စားရမယ်ဆိုရင် အညာစာလေးတွေတော့ စားချင်တယ်။ တကယ့်အညာရွာလေးမှာလည်း စားချင်တာ"



www.burmeseclassic.com

www.burmeseclassic.com



ဟုဆိုတော့ ဦးအုံးဖေက အညာစာကိုအညာရွာမှာ စားဖြစ်အောင် သူစီစဉ်ပေးမည်ဟု ဆိုသည်။

## ဦးအုံးဖေစာကြည့်တိုက်

ကျွန်တော်သည် ပခုက္ကူသို့ရောက်ရောက်ချင်းချင်း ညနေဖက်တွင်ပင် ပခုက္ကူဦးအုံးဖေ စာကြည့်တိုက်သို့ သွားလိုက်သည်။ ဦးအုံးဖေစာကြည့်တိုက်က နှစ်ထပ်ဖြစ်သည်။ စာအုပ်များလည်း တော်တော်စုံသည်။ စာအုပ်များထားသိုပုံ၊ မှတ်တမ်းမှတ်ရာများ ပြုလုပ်ပုံတို့က စနစ်တကျရှိ၏။ စာကြည့်တိုက်ပညာကို ရန်ကုန်တွင် သွားရောက်သင်ကြားပြီးမှ စနစ်တကျ ပြန်လုပ်ထားသည်ဟု ဆိုပါသည်။ စာကြည့်တိုက်သို့လာရောက် ဖတ်ရှုနေကြသူများကြောင်းလည်း တွေ့ရသည်။ ကျွန်တော်တို့လာမည်ဆို၍ ကြိုတင်လူစုထားလေသလား ထင်ရသည်။ သို့သော် ထိုသို့မဟုတ်ပါ။ ထိုပရိသတ်မှာ စာကြည့်တိုက်ကို ပုံမှန်အသုံးပြုနေသော ပရိသတ်ဟုဆိုသည်။

ကျွန်တော်က စာကြည့်တိုက်ကိုလှည့်လာပြီး တစ်ဝင်းတည်း တစ်ခြံတည်းတွင်ရှိသော ဦးအုံးဖေ၏အိမ်ဘက်သို့လည်း သွားရောက်လည်ပတ်သည်။ အိမ်သည် ပျဉ်ထောင်ပျဉ်ခင်းအိမ်ဖြစ်ပြီး အောက်ထပ်တွင် ဦးအုံးဖေအိပ်သည့် ကုတင်လေးကိုတွေ့ရသည်။ အခင်းမွေ့ရာမရှိသော ကွပ်ပြစ်လေးဖြစ်သည်။ သူအိပ်ယာဘေးတွင် ညနေစာလျှော့စားဖို့ သတိပေးစာတန်းလေး ချိတ်ဆွဲထားသည်။





၎င်းစာတန်းသည် သူ့ကိုယ်သူ သတိပေးထားသော ဆိုင်းဘုတ်စာတန်းဖြစ်ဟန်တူသည်။

ဦးအုံးဖေသည် ကျွန်တော်တို့ရှိစဉ်မှာပင် နောက်တစ်နေ့ ကျွန်တော်တို့ နံနက်စာနှင့် နေ့လည်စာ စားသောက်ရေးအတွက် စီစဉ်ပါရစေဟုဆိုကာ သူ့လူများနှင့် စီစဉ်နေသည်။ လူတွေကဘာပြောသည်မသိ၊ ဦးအုံးဖေက သူ့အိမ်မှ ပန်းကန်ခွက်ယောက်များကို ဘီရိုထဲမှထုတ်၍ ထိုအိမ်များသို့ ကျွန်တော်တို့ရှေ့မှာပင် ပို့ပေးသည်။ ကျွန်တော်တို့သည် မနက်စာကို ဦးစမံအိမ်တွင်စားပြီး နေ့လည်စာကို သူ့သား ကိုအေးမောင်အိမ်တွင် စားကြရမည်ဟု ဆိုသည်။ ဦးအုံးဖေအိမ်မှ ပန်းကန်များကို နောက်တစ်နေ့ ထမင်းစားမည့်နေရာသို့ပို့ပေးသော ဂျစ်ကားလေးကျွန်တော်တို့ရှေ့မှ ထွက်သွားသည်ကိုပင်တွေ့ရသည်။ ကျွန်တော် လူများကတော့ သူတို့လူကြီးရွာမှာ မနက်စာစားမယ်ဆိုတော့ အဆင်ပြေပါ့မလား?၊ ဘာလား? ဆိုပြီး စိတ်ပူနေကြဟန်ရှိပါသည်။

ကျွန်တော်ကတော့ ကျေးလက်တွင် ကျေးလက်သဘာဝအတိုင်း စားချင်သည်။ ကျေးလက်ဟင်းလျာလေးများနှင့် စားချင်သည်။

## ဦးစမံအိမ်မှ နံနက်စာ

နောက်တစ်နေ့ရောက်တော့ မနက်စာစားဖို့ ဦးအုံးဖေအိမ်သို့ ကျွန်တော်တို့ကားများနှင့် သွားကြပါ၏။ သူကမနက်စာကို ဦးစမံအိမ်တွင်စီစဉ်ထားသည် ဟုဆိုပါ၏။



www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော်တို့သည် ဦးအုံးဖေ၏အိမ်မှတစ်ဆင့် ဧရာဝတီဆိပ်ကမ်းပေါ်မှ ကျွန်းညိုကြီးရွာရှိ ဦးစမံအိမ်သို့ ဆက်သွားကြသည်။ ဦးစမံအိမ်သည် ပခုက္ကူမှသုံးမိုင်လောက်ဝေး၍ (၁၅)မိနစ်လောက် ကားမောင်းရသည်။ ပခုက္ကူမြို့စွန်တွင်ဖြစ်ပြီး ဦးစမံအိမ်က ခြံကြီးဝင်းကြီးနှင့် နှစ်ထပ်အိမ်ဖြစ်သည်။ ကျွန်တော်နှင့်အတူ ရန်ကုန်မှ သစ်တောအဖွဲ့၊ မင်းဘူး၊ မကွေး၊ မန္တလေးတို့မှ သစ်တောအရာရှိကြီးများနှင့် သူတို့၏ ဇနီး၊ ကတော်တွေလည်း ပါကြသည်။ ကျွန်တော့်အဖွဲ့ကလည်း ဘယ်လိုများကျွေးမှာလဲ? ဘာတွေနဲ့ကျွေးမှာလဲ? အဆင်မှပြေပ့ါမလား? ဆိုပြီးဂဏာထိတ်ထိတ်နှင့် ရှိကြသည်ကိုတော့ ကျွန်တော်သိနေသည်။ ဦးစမံက ကျွန်တော်တို့အဖွဲ့ကို သူ့အိမ်ရှေ့မှ ကုက္ကိုပင်ကြီးအောက်တွင် သစ်သားစားပွဲဖြင့် ဧည့်ခံပါသည်။ ဒီနေရာကိုတော့ ကျွန်တော် ကြိုက်သွားပါသည်။

"ကဲကဲ - ဧည့်သည်တွေလာပြီ စားစရာတွေ ယူခဲ့ဟေ့" ဟုဆိုတော့ တစ်ယောက်က သစ်သားစားပွဲကြီး ပေါ်မှကုက္ကိုရွက်များကို အဝတ်တစ်ခုနှင့် လာလှည်းပေးသည်။ နောက်တော့ စားစရာများကို မနေ့ကဦးလေးအုံး ပို့လိုက်သောပန်းကန်များနှင့် ထည့်ကာချကျွေးပါသည်။ ကျွန်တော်ကတော့ မနက်စာဆိုတော့ မုန့်ဟင်းခါးများလား၊ လက်သုတ်၊ ထမင်းသုတ်များလားဟုဆိုပြီး မျှော်နေရာလာချတော့ ပန်းကန်ပြားအပြည့် မြေပဲပြုတ်များ၊ ပြောင်းဖူးပြုတ်များဖြစ်သည်။ ပြောင်းဖူးမီးဖုတ်လည်းပါသည်။ ရေနွေးကြမ်းနှင့် ကော်ဖီတို့လည်းပါသည်။ နောက်နွားနို့လည်းပါ၏။





## ပြောင်းဖူးတစ်ကိုက်၊ နွားနို့တစ်ကျိုက်

အမေရိကန်လူမျိုးများက ပြောင်းဖူးတစ်ကိုက်၊ နွားနို့တစ်ကြိုက် သောက်ရင်းစားတတ်၏။ ထိုသို့စားပါက ပြောင်းဖူးအခွင့်ရှိသော ပရိုတင်းတန်ဖိုး တက်လာသည်ဟုဆို၏။ ထို့ကြောင့် ကျွန်တော်ကလည်း အမေရိကန်ကြီးတွေလို ပြောင်းဖူးတစ်ကိုက် ကိုက်လိုက်၊ နွားနို့တစ်ကျိုက်သောက်လိုက်နှင့် ပြောင်းဖူးတစ်ဖက် နွားနို့ခွက်ကြီးတစ်ဖက်နှင့် စားသောက်နေသည်ကို ကျွန်တော့်လူများက ကြည့်နေကြသည်။

မြေပဲပြုတ်ကလည်းကောင်းပါသည်။ မြေပဲအစေ့ကလည်း ကောင်း၊ အတောင့်ကလည်းကြီးတော့ ကျွန်တော်လည်း အားရပါးရ စားသည်။ နံနက်စာပြောင်းဖူးနှစ်ဖူးလောက် မြေပဲသုံးလေးဆုပ်နှင့် နွားနို့တစ်ခွက်သောက်လိုက်တော့ ဗိုက်တင်းသွားပါသည်။ ပြီးတော့ ဦးစမံအိမ်မှနေ၍ ဧရာဝတီမြစ်ရေတင်စီမံကိန်းကို သွားကြည့်ကြသည်။ ဦးစမံ ဟုဆို၍ အိန္ဒိယအမျိုးသားများလားဟု ထင်စရာရှိသော်လည်း ဦးစမံသည်မြန်မာစစ်စစ်ဖြစ်သည်။ ငယ်စဉ်က ဦးလေးအုံး၏ လက်ရုံးဟုဆိုသောကြောင့် ဦးစမံဆိုသည့် ပုဂ္ဂိုလ်မှာလည်း ဦးလေးအုံးနှင့် မိုက်ဖော်မိုက်ဖက် ဖြစ်လိမ့်မည်ဟု တွက်ထားရသည်။

## ကိုအေးမောင်အိမ်မှာ နေ့လည်စာ

နေ့လည်စာစားဖို့အချိန်ရောက်တော့ ကိုအေးမောင်တို့အိမ်သို့ သွားကြသည်။ ကိုအေးမောင်အိမ်က နှစ်ထပ်အိမ်ဖြစ်၏။



www.burmeseclassic.com

www.burmeseclassic.com



ထပ်ကာ ခေါင်းကလေးမလွတ်တလွတ်ရှိ၍ အနည်းငယ်ငုံ့ဝင်ရသည်။ မြစည်းရိုးတွင် သခွတ်ပင်ကြီးများ၊ ကုက္ကိုပင်ကြီးများနှင့် ဝင်းခြံက ကျယ်၏။

ကိုအေးမောင်က အိမ်တွင်တိုက်ကြက်များကို မွေးထား၏။ ကျွန်တော်ကလည်း ကြက်ဝါသနာပါသည်။ ငယ်ငယ်ပဲခူးတွင် နေစဉ်က ကျွန်တော်သည် ကြက်ဝိုင်းရှိသည့် ရှမ်းတန်းသို့အမြဲ သွားကာ ကြက်ပွဲကြည့်တတ်သည်။ တိုက်ကြက်အမျိုးမျိုးရှိ၏။ ဖောင်းစိမ်း၊ မဝိုမဂ် အစရှိသည့်ဖြင့်ရှိရာ ဖောင်းစိမ်းက သတ္တိအရှိဆုံး ကြက်ဖြစ်သည်။ ကြက်ပွဲတွင် လောင်းကြေးထပ်ရာ၌ ဘယ်ကြက် နိုင်မည်ဆိုတာကို တွက်ဆကြရာတွင် ဘယ်လိုကြက်မျိုးဆိုသည်ကို ထည့်စဉ်းစားရ၏။ ခွပ်လက်ခြင်းတူနေလျှင် ဖောင်းစိမ်းဘက်က လောင်းတာကောင်း၏။ ကိုအေးမောင်အိမ်က ကြက်ကို ကြည့် လိုက်တော့ကြက်က ဖောင်းစိမ်းလည်းဖြစ်ပြန်၊ ခွပ်လက်လည်း ပေးထားပြီး ပွဲတိုးပြီးကြက်ဖြစ်နေ၍ ကျွန်တော် စိတ်ဝင်စားသွား၏။ ကျွန်တော်က ကိုအေးမောင်အား -

"ခင်ဗျားကြက်က ဘယ်လိုလဲဗျာ"

ဟုမေးမိရာ ကိုအေးမောင်သည်ကြက် ဋီကာချဲ့ပါတော့၏။ သူ့ကြက်ကောင်းကြောင်း၊ ဗီဇရောမျိုးရိုးပါကောင်းကြောင်း ပြောရာတွင် စာရေးဆရာကြီး သော်တာဆွေပင် ရှုံးအံ့ထင်ပါသည်။

ကျွန်တော်ကလည်း ကြက်နှင့်ပတ်သက်လာပါက ခေသူ မဟုတ်။ ပဲခူးမှရန်ကုန်သို့ တက်လာစဉ်ကပင် တိုက်ကြက် တစ်ကောင်ကိုပွေ့ပြီး တက်လာသူဖြစ်၏။ ရန်ကုန်ရောက်တော့





...မှ ကျွန်တော့်ဘကြီးအိမ်တွင် ထိုကြက်ကိုမွေးထားသည်။ ဘကြီးအိမ်ရှေ့မှ သရက်ပင်လေးပေါ်တင်ပြီး မွေးထားသည်။ တွန်သံကို နားထောင်ရင်းကြက်ကို သတိထားနေရာမှ တစ်နေ့ ကြက်တွန်သံပျောက်သွား၍ ကျွန်တော့်ကြက်ကို လိုက်ရှာရာ မတွေ့ တော့ချေ။ ဘကြီးတော်သူသည် မျက်စေ့နောက်၍ ကျွန်တော့် တိုက်ကြက်ကို ချက်တုတ်လိုက်သောကြောင့် ဟင်းအိုးထဲ ရောက်သွားဟန်ရှိသည်။

"ရှိစေတော့၊ ရှိစေတော့"

## ပရိယာယ်တွေလား?

ယခုလည်း ကျွန်တော်နှင့် ကိုအေးမောင်က တိုက်ကြက် အကြောင်းကို စိတ်ဝင်တစားပြောဖြစ်နေကြ၏။ ထိုအချိန်တွင် ဦးအုံးဖေက တစ်ချက်မှလှည့်မကြည့်။ ကျွန်တော်တို့ကြက် အကြောင်း ပြောနေကြသည်ကိုသူက သူကြားဖူးနားဝမရှိသော အကြောင်းအရာတစ်ရပ်ကို ပြောနေဘိအလား လှည့်၍ပင် မကြည့်ဘဲနေသည်။

ဦးစမ်းရော ကိုအေးမောင်ပါ ကြက်သမားတွေဖြစ်၍ သူတို့ နှစ်ယောက်စလုံးက ကြက်စကား ဒိုင်ခံပြောကြသည်။ ပခုက္ကူ ဦးအုံးဖေသည် ကြက်သမား ဖဲသမားကြီးဖြစ်ကြောင်း ကျွန်တော် တစ်စွန်းတစ်စ သိပြီးဖြစ်သည်။ သို့သော် အခုကြက်အကြောင်း ပြောနေသည်ကို အနီးအဘိုးအိုက ဘာတစ်ခွန်းမှ ဝင်မပြောသော ကြောင့် ကျွန်တော်စိတ်တွင် နည်းနည်းတော့ခုမိသည်။



www.burmeseclassic.com

www.burmeseclassic.com



"ပခုက္ကူက ဆေးပေါင်းသည့်အဘိုးအို ပရိယာယ်တွေ မာယာတွေ များလှချည်းလား"
ဟုလည်း အထင်ရှိမိ၏။

ကြက်သမားက ကြက်စွဲပြီဆိုပါက အတော်စွဲသည်။ ဖဲသမားက ဖဲစွဲပြီးဆိုလျှင်လည်း လက်ကုန်သည်။ ဖဲသမား ခေါင်းဆိုက်ပါက ဖဲချပ်ရေစိမ်သောက်လျှင်ပင် ခေါင်းကိုက် ပျောက်သည်ဟုဆိုကြ၏။

ကျွန်တော်တို့ ကြက်စကားဝိုင်းတွင်းသို့ အဘိုးအို ဝင်ပါမလာ၍ ကျွန်တော်က သိပ်မကျေနပ်။

## တစ်နေ့ကုန်သေတဲ့

တကယ်တော့ ကျွန်တော်သည်လည်း ဦးအုံးဖေကဲ့သို့ သဲသဲမဲမဲ ဖဲရိုက်ဖူးသည်။ ကျွန်တော် သဲသဲမဲမဲ ဖဲရိုက်ခဲ့သည့် အကြောင်းကို ပြောပြပါမည်။

တစ်ခါက ကျွန်တော်ဖဲရိုက်ရာ ဖဲက တစ်နေ့ကုန်ရှုံးသည်။ တစ်လှည့်လေးတောင်မနိုင်။ မိုးချုပ်သည်ထိ ဖဲကသေနေသည်။ ဤသို့ဖြင့် နောက်ဆုံးအလှည့်ရောက်ပြီ။

ဒါလောက်တောင်သေတဲ့ဖဲ ဒါကလည်း နောက်ဆုံးအချီ ဆိုတော့ ဖဲသမားသတ္တိပြရတော့မည်။ အိတ်ထဲမှပိုက်ဆံအားလုံးထုတ် ရေတွက်လိုက်ရာ အားလုံး(၂၇၃)ကျပ်ရှိသေးသည်။ ထို့ကြောင့် ကျွန်တော်က -





"ကဲ-ကျုပ်မှာ (၂၇၃)ကျပ် ရှိတယ်၊ ဒါအကုန်အထိုးခံ ခံမလား"

မေးလိုက်ရာ ဒိုင်က 'စိမ်လိုက်' ဟုဆို၏။ တစ်နေ့ကုန်ဖဲရိုက်နေရာ ခါမှ မျက်နှာသာမရသော ကျွန်တော့်အား ဒိုင်က လျှော့တွက် ဒီပွဲလည်း သူ့ဘက်အနိုင်တွက်ပြီး ကျွန်တော်ထိုးသမျှကို ခံလိုက်ခြင်းဖြစ်သည်။

ဒိုင်က ကျွန်တော်ထိုးသောငွေကို လက်ခံသော်လည်း မခံသူက ကျွန်တော့်ဇနီးဖြစ်သည်။ ကျွန်တော့်ဇနီးက -

"အစ်ကိုကြီးရယ်... အကုန်လုံးတော့ မထိုးလိုက်ပါနဲ့။ မှာလည်း ရှိတော့တာမဟုတ်ဘူး။ တစ်နေ့ကုန်လည်း ရှုံးနေ။ ဒီပိုက်ဆံပါရှုံးသွားရင် တစ်လလုံး ဘာနဲ့သွားစားမှာတုန်း။ လေးတွေလဲ ရှိသေးတယ်လေ"

ဆိုပါသည်။

ကျွန်တော်က ဇနီးဖြစ်သူ၏စကားကို နားမဝင်ဘဲ ရှိသမျှ ကျ်ဆံကို ပုံထိုးသည်။ အားလုံးကလည်း တစ်နေ့ကုန်ဖဲသေနေသော ကျွန်တော်က ရှိသမျှသော ပိုက်ဆံပုံထိုးပါကလည်း ကုန်ရုံသာရှိတော့မပေါ့ဟု မျှော်လင့်နေကြ၏။ မျှော်လင့်မည်ဆိုပါလည်း မျှော်လင့်သင့်သည်။ အဘယ်ကြောင့်ဟူမူ ကျွန်တော်က တစ်နေ့ကုန်ရှုံးနေသည်ကိုး။ ထိုစဉ်ကကျွန်တော်နှင့်အတူ ဖဲရိုက်ခဲ့သူများ၏ အမည်ကိုတော့ ထုတ်ပြီးမရေးတော့ပါ။ ကိုယ့်အကြောင်း ကိုယ်ပြောတာပဲ ကောင်းပါသည်။



www.burmeseclassic.com

www.burmeseclassic.com



"ငါတစ်သက်လုံးဘယ်တော့မှ မကစားတော့ဘူး။ ဒီတစ်ခါနောက်ဆုံးပဲ။ နောက်ဆုံးအဖြစ်နဲ့ (၂၇၃)ကျပ်တော့ ထိုးမယ်ကွာ"

ဟုကိုနီးပြန်တော့လည်း ဇနီးဖြစ်သူက

"တစ်သက်လုံးကစားတာ မကစားတာထား၊ တစ်လလုံး ဘာနဲ့သွားစားမလဲ"

ဟုဆိုကာ ထပ်တားပြန်သည်။ ဇနီးသည်ကလည်းတား၊ တစ်နေ့လုံး လည်း ဖဲကသေတော့ ကျွန်တော်သည် ထိုးထားသော ပိုက်ဆံထဲမှ (၂၇၂)ကျပ်ကိုယူ၍ ဇနီးအားပေးလိုက်ပြီး -

"ဒါ ကျပ်ဘဝမှာ နောက်ဆုံးဖဲရိုက်တာပဲ။ နောက်ဆုံးပွဲမှာ တစ်ကျပ်ထိုးတယ်ကွာ"

ဟုဆိုပြီး ထိုးလိုက်သည်။

ဒိုင်က ကျွန်တော်ဖဲသေမြဲသေမည်ဆိုပြီး ကျွန်တော်ဖဲအား လှန်နိုင်းလိုက်ရာ ကျွန်တော်ကဖဲကို ရိုက်၍လှန်ချလိုက်သည်။

ဗုဒ္ဓေါ... တစ်နှစ်လုံးဖြစ်နေပါလား။

ကျွန်တော်သည် ထိုနေ့မှစ၍ တစ်သက်လုံး ဖဲမကစား တော့ပါ။ ဖဲမကစားတာလည်း ကောင်းပါသည်။ ထိုအချိန်ကစ၍ ဖဲပြတ်သွားသောကြောင့်လည်း ကျွန်တော် ဗိုလ်ချုပ်ဖြစ်လာတာ ဖြစ်သည်။ ဖဲဆက်ရိုက်နေလို့ကတော့ ဗိုလ်ချုပ်လည်း ဖြစ်စရာ လမ်းမမြင်။

ဖဲသမား၊ ကြက်သမားဖြစ်ဖူးသော ကျွန်တော်သည် ယခုကျွန်တော်တို့ပြောနေသော စကားဝိုင်းထဲသို့ အဘိုးအို ဝင်ပါ





လာစေလိုသည်။ အဘိုးအိုကကျွန်တော်တို့ ဝိုင်းထဲသို့ဝင်မလာ။ ဖဲစကား၊ ကြက်စကား တစ်လုံးမှဝင်မပြော၍ ကျွန်တော့်စိတ်ထဲက အဘိုးအို ဟန်ဆောင်ကောင်းလှပေတကားဟု ထင်မိခြင်းဖြစ်၏။ ဦးလေးအုံးသည်ပင် တကယ်ပင် ဖဲနှင့် သူ တစ်ခါဖူးမှ မပတ်သက် ခဲ့သည့်အလား လုပ်နေ၏။ ထို့နောက်တော့ ကျွန်တော်တို့ ထမင်းဝင်စားတော့ ဖဲစကား ပြတ်သွားပါသည်။

## တောချက်ကလေးစားကောင်း

ကိုအေးမောင်၏အိမ်မှ တောချက်ကလေးက စားကောင်း သည်။ အညာပုံစံထမင်းဝိုင်းဖြစ်၍ ပြောင်းဖူးကြော်၊ ဘူးသီးနှင့် ကြက်သားကာလသားချက်၊ ငါးပိထောင်း၊ တို့စရာ စုံလင်သည်။ ဘဲဥကြော်လည်းပါသည်။ ထမင်းစား၍ မြိန်လှ၏။ ထမင်းစား၍ လက်ဆေး နေစဉ် ကြက်အကြောင်းကိုလည်း နားလည်၊ ဖဲလည်း ရိုက်ဖူးသော ကျွန်တော့်အား ကိုအေးမောင်က နားနားကပ်ပြီး အတွင်းစကား ပြောလာသည်။ ဦးအေးမောင် ပထမတော့-

ကိုအေးမောင်က -

"ဗိုလ်ချုပ်၊ ဗိုလ်ချုပ်"

ဟုနှစ်ကိုယ်ကြားခေါ်လိုက်သည်။

"ဘာလဲ ကိုအေးမောင်၊ ပြောစရာရှိလို့လား"

"ဟုတ်ကဲ့၊ ဟိုရွေးကောက်ပွဲတို့ ဘာတို့လုပ်ရင် ဗိုလ်ချုပ်ရော ဝင်အရွေးခံရမှာလား"

"ဘာဖြစ်လို့မေးတာလဲဗျ"



www.burmeseclassic.com

www.burmeseclassic.com



“ဗိုလ်ချုပ်ဝင်သာအရွေးခံ၊ ကျွန်တော်ဗိုလ်ချုပ်ကိုပဲ မဲထည့်မယ်ဗျာ”

ဟုဆိုပါသည်။ သြော်… ဖဲသမား၊ ကြက်သမားအချင်းချင်း ဒါလောက်တောင် သံယောဇဉ်ရှိပါလားဟုဆိုပြီး ပြုံးမိပါသည်။ ကျွန်တော်လည်း ကိုအေးမောင်ကို အတော့်ကို ခင်မင်သွားမိ၏။

ကိုစမ်းနှင့် ဦးလေးအုံးတို့သည် ငယ်စဉ်ကတွဲဘက်များဖြစ်ကြသည်၊ ဦးလေးအုံး၏စကားကို ကိုအေးမောင်တို့က ယခုတိုင် မလွန်ဆန်ကြသည်။ ဦးစမ်းဆိုသူကလည်း ခေသူမဟုတ် သူက မိန်းမ(၄)ယောက်ရှိသည်ဟုဆိုတော့ ကိုယ့်ထက်သာသူဖြစ်သည်။

## မျက်မမြင်ကျောင်း

ကိုအေးမောင်အိမ်တွင် ထမင်းစားပြီးကျွန်တော်တို့ ပခုက္ကူသို့ပြန်လာကာ ပခုက္ကူမျက်မမြင် ပရဟိတကျောင်းသို့ သွားကြည့်ကြသည်။ မျက်မမြင်ကျောင်းရောက်တော့ (၁၂)နာရီလောက်ရှိနေပြီဖြစ်သည်။ ပခုက္ကူနေက အစွမ်းပြတော့သည်။ အချို့က ပခုက္ကူနေပူတာခံပြီးရင် ငရဲကျမှာ မကြောက်တော့ဟု ဆိုသည်၊ အမှန်လည်း တော်တော့်ကိုပူသည်။ ကျောင်းရောက်တော့ မျက်မမြင်ကျောင်းသားလေးများက သူတို့တွင်ရှိသော တူရိယာ ပစ္စည်းလေးများဖြင့် ဧည့်ခံရာ၏။ သို့သော်လည်း တူရိယာ ပစ္စည်းများက မပြည့်စုံ။ ထို့ကြောင့် ကျွန်တော်က မျက်မမြင် ပရဟိတကျောင်းသို့ငွေ (၂၀၀၀၀ိ/-)လှူဒါန်းခဲ့ပြီး ပြန်လာခဲ့ကြသည်။ ညနေပိုင်းတွင် ဂေါက်ရိုက်ကြသည်။





## အသက်တိုစေသဗျ

ဂေါက်ရိုက်ရာတွင် ပခုက္ကူ ‘မလေး’ ဆေးလိပ်ခုံမှ ဦးတင့်ဆွေလည်းပါသည်။ ဦးတင့်ဆွေက အရပ်ထောင်ထောင် ခေါင်းမောင်း၊ ဘဝတွင် ပျော်ပျော်နေတတ်သူဖြစ်၏။ နောင်တွင်တော့ ကျွန်တော်သည် ဦးတင့်ဆွေနှင့် သာမက သူ့မိသားစုနှင့်ပါ ရင်းနှီးခဲ့သည်။

ကျွန်တော်သည် ‘မလေး’ ဆေးလိပ်ခုံမိသားစုထံမှ သတိပေးစကားတစ်ရပ်ကို ရရှိသည်။ ထိုသတိပေးစကားကို နှစ်သက်သဖြင့် ကျွန်တော်က မကြာခဏ ရွတ်ဆိုပြီး မိမိကိုယ်မိမိ သတိပေးစကားဆိုရ၏။ ကျွန်တော်က စိတ်မြန်စိတ်တိုတတ်သည်။ ဒေါသထွက်တာတော့ မဟုတ်။ စိတ်ရှည်ရှည်မထားနိုင်တာ ဖြစ်သည်။ ဦးတင့်ဆွေတို့မိသားစုက သူတို့အိမ်တွင် -

“ဒေါသမဖြစ်နဲ့။

ဒေါသဖြစ်ရင် သောကရ၊

သောကရတော့ အသက်တိုစေသဗျ”

ဟုသတိပေးစာတန်းရေးထားသည်။

ဦးတင့်ဆွေက ထိုစာတန်းကို ရွတ်လည်း ရွတ်၊ ပြီးလျှင် လိုက်နာဟုဆိုသည်။ ကျွန်တော်က ထိုစာတန်းသည် ကျွန်တော့်အား သတိပေးနေသကဲ့သို့ရှိ၍ ကူးယူလာပြီး ကိုယ့်ကိုယ်ကို သတိအမြဲပေး၏။ ဂေါက်ကွင်းတွင်တွေ့သော စိတ်မရှည်ဘူးဟုထင်သူများကိုလည်း ထိုဆောင်ပုဒ်ကလေးကိုပေးသည်။ ဂေါက်ကွင်းတွင် ဂေါက်ရိုက်ရင်း သေဆုံးသူများရှိသည်။ မိမိတွင် နှလုံးရော



www.burmeseclassic.com

www.burmeseclassic.com



ရှိသည်ကို သတိမထားဘဲ နိုင်လိုဇောနှင့် အားရောမာန်ပါ ထည့်ရိုက်သူ၊ အနိုင်လိုချင်သူ၊ မိမိရိုက်ချက် ဒါလောက်ညံ့ရလားဆိုပြီး သူများကိုယ့်ထက်သာသွားသည်ကို မခံချင်သူတို့ဂေါက်ကွင်း၌ စိတ်တိုတတ်ကြသည်။ ထိုအခါရောဂါအခံနှင့် ပေါင်းမိပါက အခန့်အသင့်လျှင် အသက်ဆုံးတတ်၏။ အသက်ရှည်၊ ကျန်းမာလိုသောကြောင့် ဂေါက်သီးကစားဘာမှ အသက်တိုပြီး ဂေါက်ကွင်းထဲ၌ အနိစ္စရောက်တာမျိုးကား မဖြစ်သင့်။ ထို့ကြောင့်ဂေါက်ရိုက်ဘော်ရိုက်ဖက်များ ဒေါသလေးများစွက်လာလျှင် ကျွန်တော်က-

"ဒေါသမဖြစ်နဲ့။

ဒေါသဖြစ်ရင် သောကရ၊

သောကဖြစ်ရတော့ အသက်တို့စေသဗျ"

ဟုသတိပေးရသည်။ ဤဆောင်ပုဒ်ကလေးက ဒေါသကို ထိန်းချုပ်စေနိုင်ပါသည်။ ဒေါသဖြစ်တာမကောင်းကြောင်း သတိပေးသော စကားပင် ဖြစ်ပေသည်။

ထိုဆောင်ပုဒ်ကလေးကိုပေးသော ဦးတင့်ဆွေတို့မိသားစုကိုလည်း ကျေးဇူးတင်ပေသည်။ ကျွန်တော်သည်လည်း တစ်ခါတစ်ရံ မိသားစုနှင့်ပဲဖြစ်ဖြစ်၊ တပည့်တပန်းများနှင့်ဖြစ်ဖြစ် သူတို့ပြုလုပ်သည်ကို စိတ်တိုင်းမကျလျှင် ဒါလေးတောင် ဖြစ်အောင်မလုပ်နိုင်ရသလားဆိုပြီး စိတ်တိုချင်သည်။ ကျွန်တော့်အိမ်ဘေးတွင် နေ့စဉ်ဈေးသည်တွေ လာအော်နေတာကိုလည်း စိတ်မရှည်တတ်။ စိတ်မရှည်တာမကောင်း၊ စိတ်ကိုရှည်ရှည်ထားမှ တော်ကာကြသည်။ စိတ်မရှည်လျှင်တော့ ကျွန်တော်သည် ဦးတင့်ဆွေတို့





မိသားစု၏ဆောင်ပုဒ်ကလေးကိုရွတ်ပြီး

စိတ်ဆင်ရိုင်းကို ထုံးပိုင်းမခြာ၊

ယဉ်စိမ့်ငှာလျှင်၊

ပညာထိန်း၍၊ မှိန်းစေမင်း

ဟုဆိုသလို စိတ်ဆင်ရိုင်းကို 'မလေး'ဆေးလိပ်ခုံမှဆောင်ပုဒ်နှင့် ထိန်းရသည်။

## ဂုဏ်ထူး တစ်ဘာသာတစ်သောင်း

ကျွန်တော်သည် "သေတစ်နေ့မွေးတစ်နေ့" စာအုပ်ရေးစဉ်က ဖယ်ခုံမြို့နယ်က အိမ်ခြေကိုးအိမ်သာရှိသော နတ်စားသည့်ခေါင်း အိစကော်ရွာလေးတွင် ကျောင်းနေရာလေးတစ်ခုကို သူရထိုက်သည်၊ ကိုယ်ရထိုက်သည်ဟု အငြင်းပွားကြရာ ထိုကိစ္စအား ကျွန်တော်ကရှင်းပေးရစဉ် သာသနာရေးဌာနမှ ညွှန်ကြားရေးမှူးချုပ် ဦးလှမောင်က အန္တရာယ်ကင်းဂါထာတစ်ပုဒ်ပေးခဲ့ပုံ၊ ထိုဂါထာကိုရွတ်၍ ထိုပြဿနာကိုရှင်းရာ အောင်မြင်ခဲ့ပုံတို့ကို ရေးသားခဲ့ရာ စာဖတ်ပရိသတ်များစွာတို့က ကျွန်တော့်ထံ ထိုဂါထာကို တောင်းကြသည်။ ကျွန်တော်သည် ထိုဂါထာကို အရင်က အလွတ်ပင်ရသည်။ အခက်အခဲ အကြပ်အတည်းများအကြားသို့ ရောက်လျှင်ထိုဂါထာကို အလိုလိုရွတ်မိပြီးသားဖြစ်နေဖူးသည်။

သို့သော်လည်း ကြီးလာတော့ ထိုဂါထာကို မေ့သွားသည်။ ဂါထာအားပြန်ရှာလျှင် ရမည်အထင်နှင့် ဂါထာကိုထုတ်ပေးမည်ဟု တစ်ဆင့်ပေးပါမည်ဟုဆိုပြီးကာမှ ဂါထာကိုရှာဖွေလို့မရ



www.burmeseclassic.com

www.burmeseclassic.com



အစရှာ၍လည်းမရဖြစ်ခဲ့ရာ ဦးလှမောင်၏ဂါထာအစား ဦးတင့်ဆွေ၏ ဆောင်ပုဒ်ကိုပင် လက်ဆောင်ပေးလိုက်ပါသည်။ စာဖတ်ပရိသတ်သည် ဤဆောင်ပုဒ်ဖြင့် ဒေါသကိုထိန်းသိမ်းနိုင်ကာ အသက်ရာကျော်ရှည်ပါစေဟု မေတ္တာပေးဝေအပ်ပါသည်။

ယခင်အခေါက် ပခုက္ကူရောက်စဉ်က ဂါဝန်လေးနှင့် အိန်းစီးပြီးစာကျက်နေသူ မန်နေဂျာ၏သမီး ဆယ်တန်းကျောင်းသူလေးအား ဂုဏ်ထူးတစ်ဘာသာကို တစ်သောင်းဆုချီးမြှင့်မည်ဟု ဆိုခဲ့ပြီး ကျွန်တော်သည် မကွေးသစ်တောဌာန ညွှန်ကြားရေးမှူး ဦးရဲတင့်နှင့် ဆက်သွယ်၍ ကလေးမလေးအား ကျွန်တော်ဆုချမည် ဆိုသောငွေများကို တစ်ဆင့်ပေးပို့ခဲ့သည်။ ကျွန်တော်က ထိုကလေး ဂုဏ်ထူးသုံးခုလောက်တော့ရမည်ဟုထင်၍ ငွေသုံးသောင်းပို့လိုက်ရာ နောက်ပိုင်း ဦးရဲတင့်နှင့် ပြန်တွေ့တော့ -

"ဗိုလ်ချုပ်၊ ကလေးမလေးက ဆယ်တန်းကို လေးဘာသာ ဂုဏ်ထူးနဲ့အောင်လို့ ကျွန်တော်တစ်သောင်းစိုက်ပြီး လေးသောင်း ပေးလိုက်ပါတယ်"

ဟုဆိုသည်။

## ဆေးကျောင်းသူ မဟာန်သီမြင့်

ကလေးမလေးက ဆယ်တန်းအောင်၍ မကွေး ဆေးတက္ကသိုလ်တွင် ဆေးကျောင်းတက်နေသည်ဟုဆိုသည်။ ယခုအခေါက် ကျွန်တော် ပခုက္ကူရောက်သောအခါ ထိုကလေးမလေး က ကျွန်တော်နှင့်တွေ့ရန် တကူးတကပင် မကွေးမှ ပခုက္ကူသို့





ရောက်လာပြီး ကျွန်တော်ကို တွေ့ဆုံနှုတ်ဆက်ပြီး ကန်တော့ရှာသည်။ အခုလိုဖြစ်ထွန်း အောင်မြင်မှုလေးများကိုတွေ့ရတော့ ကျွန်တော်မှာ ဝမ်းသာရသည်။ ပီတိဖြစ်ရသည်။ အခုဤစာရေးနေချိန်တွင်တော့ ထိုကလေးမလေး မဟာန်သီမြင့်သည် ရန်ကုန်ဆေးတက္ကသိုလ် MC III ၏ Final Part II သင်ယူနေပြီး ဖခင်နှင့် မိခင်ဖြစ်သူ ဦးဆယ်မြင့်၊ ဒေါ်ညွှန့်ညွှန့်သိန်း မန်နေဂျာ(အုပ်ချုပ်/စီမံ) မြန်မာ့ သစ်လုပ်ငန်းတို့ ကချင်ပြည်နယ်၌ရှိနေကြသည်ဟု သိရ၏။

ယခုတစ်ခေါက်တွင်လည်း ကျွန်တော်တို့သည် အပူပိုင်း ဒေသ တစ်ခွင်တစ်ပြင် ဧရာဝတီမြစ်၊ ပုဂံပတ်ဝန်းကျင်၊ ဘက်မတောင်၊ ရှင်မတောင်၊ တန့်ကြည်တောင်ဒေသများသို့ သွားခဲ့



သစ်တောခုတ်ယူမှုများသောကြောင့် ပြုန်းတီးသွားရှာသော ဒေသတစ်ခု။ တောင်ယာစိုက်ပျိုးမှုကလည်း တောင်ပေါ်တောများကို ပြုန်းတီးစေသည်။



www.burmeseclassic.com

www.burmeseclassic.com



သည်။ တက်မတောင်၊ ရှင်မတောင်၊ တန့်ကြည်တောင်များသို့ သွားရာတွင် ဦးလေးအုံးလည်း လိုက်ပါလာ၏။ ကျွန်တော်တို့သည် သစ်တောဌာနအနေနှင့် ထိုတောင်များ စိမ်းလန်းစိုပြည်ရေးကို မည်သို့လုပ်ဆောင်မည်ဟူသော အစီအစဉ်များ ပြောဆိုဆွေးနွေး ကြသောအခါ ဦးလေးအုံးက IBC တုန်းကကဲ့သို့ပင် ခေါင်းကလေး ဆောင်းငုံ့ကာ နားထောင်နေသည်။

ထိုအခေါက်ကလည်း မြန်မာပြည်အလယ်ပိုင်းနှင့် ပတ်သက်၍ အတွေ့အကြုံအတော်ရရှိခဲ့သည်။ ကျွန်တော်သည် တပ်မတော်၏ တာဝန်ထမ်းဆောင်ရင်း ဤဒေသ ဤနေရာများတွင် မကြာခဏ ဖြတ်သွားဖြတ်လာပြုနေကြဖြစ်၍ မြန်မာပြည် အလယ်ပိုင်းဒေသသည် ကျွန်တော်နှင့် များစွာမစိမ်းလှချေ။ ယခုအခါ ယခင်ဖြတ်သွားဖြတ်လာစဉ်ကလို အပေါ်ယံအမြင်နှင့် မဟုတ်တော့ဘဲ သစ်တောသစ်ပင်အမြင်နှင့် ကြည့်ရှုရသောအခါ မြန်မာနိုင်ငံအလယ်ပိုင်းဒေသကြီးကို ပို၍နက်နက်ရှိုင်းရှိုင်း မြင်လာသည်။

ယခုအခေါက်တွင် ထန်းတောကြီးများ၊ ထန်းပင်များ ဆူးပင်ခြုံပုတ်ပင်များ၊ ပေါများပြီး နေကပူ၊ မိုးကနည်း ဤဒေသ ကြီးတွင် နိုင်ငံတော်က သစ်ပင်စိုက်ပျိုးရေးကို ဦးစားပေး လုပ်ဆောင်ရမှာတကားဟူသော အတွေးများက ကျွန်တော့် ခေါင်းထဲတွင် အခိုင်အမာ စွဲထင်လျက် ရန်ကုန်သို့ပြန်ခဲ့ပါသည်။

❒



အခန်း(၄)

## အစက်ကလေးနှစ်စက်

ကျွန်တော် ရန်ကုန်သို့ ပြန်လည်ရောက်ရှိလာတော့ မြန်မာ နိုင်ငံအလယ်ပိုင်းမှ ရရှိလာသော အတွေ့အကြုံများကို မည်ကဲ့သို့ အကောင်အထည်ဖော်ရမည်၊ ဆောင်ရွက်ရမည်ဆိုသော ကိစ္စများကို အထူးတလည် စဉ်းစားရသည်။

အလယ်ပိုင်းဒေသ စိမ်းလန်းစိုပြည်ရေးကဲ့သို့သော ကိစ္စကို သစ်တောဌာနတစ်ခုတည်းက ဆောင်ရွက်အကောင်အထည်ဖော်၍ မရပါ။ ထိုဒေသတွင် နေထိုင်ကြသောသူများရော၊ ပြည်သူလူထုနှင့် နိုင်ငံတော်ကပါ၊ ပါဝင်လုပ်ဆောင်မှ ပြည့်စုံအကောင်အထည် ဖော်နိုင်မည့် ကိစ္စဖြစ်သည်။ ပြည်သူလူထု ပါဝင်ဖို့ဆိုရာတွင် လူထုက သစ်ပင်သစ်တောဆိုင်ရာ အသိပညာဗဟုသုတတွေ ရရှိ လာမှ လူထုကိုယ်တိုင်လည်း စိတ်ရောကိုယ်ပါ ပါဝင်လာကြမည် ဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



## ရေးပါဦးဟဲ့ - ရေးပါဦး

ပြည်သူလူထုကို အသိပညာပေးရန်အတွက် မီဒီယာက အရေးကြီးသည်။ အပြည်ပြည်ဆိုင်ရာစီးပွားရေး အဆောက်အအုံတွင် မီဒီယာမှပုဂ္ဂိုလ်များနှင့် တွေ့ဆုံခဲ့ပြီးသည့်နောက် မီဒီယာပိုင်းမှ သစ်တောသစ်ပင်ဆိုင်ရာ ဆောင်းပါးများ၊ သတင်းများကို ဝိုင်းပြီး ရေးကြပါသည်။ သို့သော် ထိုဘာသာရပ်ကိုဖောက်ချပြီး ရေးသူကား မပေါ်ပေါက်ခဲ့။ ထွက်ပေါ်လာသော ဆောင်းပါးများကို ကျွန်တော်လည်း လိုက်ဖတ်ရသည်။ ရေးသားကြရာတွင် ရှုထောင့်အသီးသီးမှ အတွေးအမြင်သစ် သတင်းအချက်အလက်အသစ်များ ပါသည်။ ကျွန်တော်က ကျွန်တော့်ဝန်ကြီးဌာနမှ ပုဂ္ဂိုလ်များလည်း စာရေးစေလို၏။ အဘယ်ကြောင့်ဆိုသော် ကျွန်တော်တို့သွားလိုသောလမ်း၊ ကျွန်တော်တို့ထားရှိသော သဘောထားများကို ကျွန်တော်တို့က ပို၍သိသည်။ ထို့အပြင် ကျွန်တော်တို့မှာက ရေးသားစရာ သတင်းအချက်အလက် စီမံချက်များရှိနေ၏။ ထို့ကြောင့်

"ရေးကြပါဗျ-ရေးပါဦးဟဲ့ ...."

ဆိုပြီး သစ်တောသစ်ပင်စိုက်ပျိုးရေးအတွက် ဆောင်းပါးများရေးရန် အစည်းအဝေးတိုင်းတွင် ပြောရသည်။ ဝန်ကြီးကခိုင်းတာဆိုတော့ သူတို့လည်းကြိုးစားပြီး ရေးတော့ရေးကြရှာသည်။ စာရေးတာက ထည်း ပါရမီ အထုံ၊ ဗွဲလုံ့လ၊ တစ်ခုခုအပြင် အလေ့အကျင့်ကလည်း ရှိမှ ရေးလို့ရတာမျိုးဖြစ်မည် ထင်ပါသည်။





## မိဖုရားကြီး၏ စကား

ကျွန်တော်က ကျွန်တော့်လူများအား အိမ်နီးချင်းနိုင်ငံဖြစ်သော ထိုင်းနိုင်ငံ၏မိဖုရားကြီး သီရိခေတ်က သစ်တောသစ်ပင်စိုက်ပျိုးရေးအတွက် လှုံ့ဆော်ပုံ၊ လှုံ့ဆော်နည်းကိုပြောပြရ၏။ မိဖုရားကြီးက သူ့အသက် (၆၀)ပြည့်မွေးနေ့တွင် သူ့နိုင်ငံသူနိုင်ငံသားတို့အား -

"မိမိအနေနှင့် တိုင်းသူပြည်သားများအတွက် တတ်နိုင်သမျှ လုပ်ဆောင်ပေးသင့်သည်များကို လုပ်ဆောင်ပေးခဲ့ပြီးဖြစ်ပါသည်။ ပြည်သူ့ပြည်သားများအနေနှင့်ကတော့ ကျွန်မအတွက်တစ်ခုသာ လုပ်ပေးစေလိုသည်။ ထိုတစ်ခုမှာ သစ်ပင်စိုက်ပေးရန်ဖြစ်သည်" ဟု၍ပြောကြားခဲ့သည်။

## အစက်ကလေးနှစ်စက်

ကမ္ဘာ့စားနပ်ရိက္ခာနှင့် စိုက်ပျိုးရေးအဖွဲ့ကြီး FAO သည် အီတလီနိုင်ငံ၊ ရောမမြို့တွင် ရုံးစိုက်သည်။ တစ်ကြိမ်တွင် ယင်းအဖွဲ့ကြီး၏ အစည်းအဝေးသို့တက်ရောက်ရန် ရောမမြို့သို့ ကျွန်တော်သွားခဲ့ရသည်။ ထိုအစည်းအဝေးတွင် FAO သစ်တောဌာန၏ အကြီးအကဲဖြစ်သူ အမေရိကန်နိုင်ငံသား ဒေါက်တာဒေးဗစ်၊ အေ ဟာချရစ် Dr. David A Harcharik နှင့် ကျွန်တော်တို့တွေ့ဆုံစကားပြောဖြစ်၏။ စကားပြောစဉ်တွင် ဒေါက်တာဟာချရစ်၏ လက်ထောက်ဖြစ်သူ အိန္ဒိယနိုင်ငံသား သစ်တောပညာရှင် ဒေါက်တာမူတူးက -



www.burmeseclassic.com

www.burmeseclassic.com



"မြန်မာနိုင်ငံမှာ သဲကန္တာရအနေအထားသို့ ရွေ့ရှုနေသော အစက်ကလေးနှစ်ခုကို ကောင်းကင်ဓာတ်ပုံကနေ တစ်ဆင့်မြင်နေရသည်။ ထိုနေရာလေးကို သတိထားဖို့လိုသည်"

ဟုဆိုကာ အစက်နေရာလေးပါရှိသော ကောင်းကင်ဓါတ်ပုံကိုပါ ပြသည်။

ကျွန်တော်က သူတို့ပြောသောနေရာလေးကို သတိထား ကြည့်လိုက်တော့ မကွေးတိုင်းလောက်တွင် ဖြစ်သည်။ ရေနံချောင်း၊ ချောက်ဒေသများလောက်တွင်ဖြစ်သည်။ ဤအစက်နေရာလေးနှစ်ခု ပျောက်သွားရန်ဆိုပါက ထိုနေရာကို အဓိကဦးစားပေး လုပ်ဆောင်ရမည့်ကိစ္စမှာ သစ်ပင်စိုက်ပျိုးရန်ဖြစ်သည်။ FAO တွင် အိန္ဒိယ အမျိုးသားအတော်များများ တာဝန်ထမ်းဆောင်နေကြသည်။ ဒေါက်တာမူတူးက-

"အဲဒီအစက်ကျယ်မလာဖို့ အရေးကြီးပါတယ်"

ဟုဆိုသည်။

"ကျယ်လာဖို့မပြောပါနဲ့။ အဲဒီအစက်နှစ်စက် မြန်မာမြေပေါ်က ပျောက်သွားစေရပါမယ်"

ဟုကျွန်တော်က ဆိုပါသည်။ ဒေါက်တာမူတူးက -

"သိပ်ကောင်းတဲ့ စိတ်ဓါတ်ပါပဲ"

ဟုဆို၏။

ကျွန်တော်က ကိုယ့်နိုင်ငံကိုယ်ဂုဏ်တင်လို၍ ထိုသို့ အာမခံပြောလိုက်ခြင်းဖြစ်သည်။ သဲကန္တာရ ဖြစ်ချင်နေသော အစက်နှစ်စက် မြန်မာမြေပေါ်မှ ပျောက်သွားအောင်လုပ်ဖို့ကလည်း





အမှန်တကယ် လိုအပ်သည်။ အစက်နှစ်စက်ပျောက်သွားရန် လုပ်ငန်းတာဝန်ကကြီးသည်။ ပျောက်စေချင်သော ဆန္ဒတစ်ခု တည်းနှင့်မရ။ ကျွမ်းကျင်မှုရော၊ နည်းပညာရော ငွေကြေး စသည်တို့ပါ လိုအပ်သည်။

အရပ်ဒေသ တစ်ခု သဲကန္တာဖြစ်ပါက ဒုက္ခမျိုးစုံနှင့် ကြုံရသည်။ ဒေသတစ်ခု သဲကန္တာရဖြစ်ဖို့ကို မဆိုထားနှင့် ဒေသ တစ်ခုခု၌ ပူပြင်းခြောက်သွေ့လာလျှင်ပင် ဒုက္ခများစွာနှင့် ကြုံတွေ့ ကြရ၏။ ပူပြင်းခြောက်သွေ့လာပါက ရေမရ၊ နေကပူ၊ စိုက်ပျိုးရေး ကိစ္စက မဖြစ်ထွန်းခြင်းတို့ ဖြစ်ရသည်။

သဲကန္တာရဖြစ်ပြီဟုဆိုပါက သဲကန္တာရဖြစ်သောအရပ် တွင်သာ ဒုက္ခရောက်သည်မဟုတ်။ ထိုဒေသနှင့် သူ့ပတ်ဝန်းကျင် ဒေသ သာမက သူနှင့်ဝေးလံသောဒေသများတွင်ပါ ဒုက္ခနှင့် ရင်ဆိုင်ကြရသည်။

## ဟာရတ်ခရီး အတွေ့အကြုံ

တစ်ခါက ကျွန်တော်သည် တရုတ်ပြည်သို့ လေ့လာရေး ခရီးထွက်ခဲ့သည်။ ထိုသို့သွားစဉ် မြန်မာနိုင်ငံမှအထွက် လေယာဉ် ပေါ်တွင် စာပေနှင့်စာနယ်ဇင်းမှ ပုဂ္ဂိုလ်များကိုတွေ့ခဲ့သည်။ သူတို့ အဖွဲ့လည်း တရုတ်ပြည်သို့ လေ့လာရေးသွားကြခြင်းဖြစ်ကြောင်း သိရသည်။ ကျွန်တော်မှတ်မိသလောက် အဖွဲ့ခေါင်းဆောင်က ဗိုလ်မှူးကြီး သန်းမောင်ဖြစ်သည်။ ဆရာချစ်နိုင်(စိတ်ပညာ)၊ ဆရာမကြီး ယုဝတီခင်စိန်လှိုင်၊ ပခုက္ကူဦးအုံးဖေ (စာပေဆုရှင်



www.burmeseclassic.com

www.burmeseclassic.com



ဦးအုံးဖေ)အစရှိသော ပုဂ္ဂိုလ်များပါသည်ကို မှတ်မိသည်။

ထိုအခေါက်က ဘာဖြစ်သနည်းဆိုတော့ ကျွန်တော်တို့ ဟောကျင်းဟိုတယ်၌တည်းခိုနေစဉ် ဂိုဘီသဲကန္တာရကိုဖြတ်ပြီး တိုက်လာသော သဲမုန်တိုင်းတစ်ခုက ကျွန်တော်တို့တည်နေသော ဟိုတယ်အား (၁၅)မိနစ်ခန့် ဖြတ်တိုက်သွားသည်။ သဲမုန်တိုင်းကျပြီ ဆိုတော့ ဟိုတယ်တံခါးများကို ပိတ်ကြသည်။ သို့သော်လည်း ပိတ်ထားသည့်ကြားက သဲများက အခန်းထဲသို့ဝင်လာ၏။ သဲမုန်တိုင်းဖြတ်တိုက်သွားမှုက (၁၅)မိနစ်ခန့်သာကြာ၍ တော်သေးသည်။

ကျွန်တော်တို့ဟိုတယ်အခန်းကြီးသည် သဲခန်းကြီး ဖြစ်သွားခဲ့သည်။ ဟိုတယ်တစ်ခုလုံး သဲတွေဖုံးသွားသည်။ ထိုသဲမုန်တိုင်းသည် အနှစ်(၇၀)အတွင်း အပြင်းထန်ဆုံးမုန်တိုင်းဟုသိရသည်။ ထိုသဲမုန်တိုင်းဒဏ်ကို စာနယ်ဇင်းမှ လေ့လာရေးအဖွဲ့ဝင်များကြုံခဲ့ရ၊ မကြုံခဲ့ရသည်ကိုတော့မသိ။ သူတို့အဖွဲ့နှင့် ကျွန်တော်သည် တရုတ်ပြည်တွင် ပြန်မဆုံတော့ပါ။

## သဲကန္တာရဖြစ်လျှင်

ကျွန်တော်ဆိုလိုသည်က သဲကန္တာရဖြစ်ပြီဟုဆိုပါက သဲကန္တာရအကျိုးဆက်တွေက အလွန်များပြားသည်။ ဂိုဘီသဲကန္တာရမှ သဲများဟိုတယ်ထဲသို့ ရောက်လာသည်အထိ ကျယ်ပြန့်သော အကျိုးဆက်များပါရတတ်သည်။





အလားတူပင် အလယ်ပိုင်းဒေသခြောက်သွေ့သွားပါက ခြောက်သွေ့သည့်ဒဏ်ကို ထိုဒေသနေလူများသာမက ထိုအရပ်မှ ဆေးလံသောဒေသတွင် နေထိုင်သူများလည်းခံကြရ၏။ ထိုပြဿနာသည် ဒေသဆိုင်ရာပြဿနာမဟုတ်။ ပတ်ဝန်းကျင်တစ်ခုလုံးနှင့် ဆက်စပ်ဖြစ်ပေါ်သော ပြဿနာဖြစ်သည်။ ဒေသတစ်ခု ပူပြင်းလာပါက ထိုဒေသမှထွက်ကုန်များကို မျှော်လင့်၍ ရတော့မည်မဟုတ်။ မြန်မာနိုင်ငံအလယ်ပိုင်းမှ ဆီ၊ ရေပ်၊ ကြက်သွန်၊ ပဲ၊ ပြောင်းစသော ဆီထိုချောင်သုံးပစ္စည်းများ၊ ထန်းလျက် ပုန်းရည်ကြီးစသည့် မြန်မာတို့ ခက်မောသော စားသောက်ဖွယ်ရာများထွက်ရှိ နေဆဲဖြစ်သည်။ ဓါဝမ်းကဲ့သို့သော အဖိုးတန်ပစ္စည်းများ ရရှိ၏။ ပူပြင်းလာပါက စိုက်ပျိုး၍ မရနိုင်တော့။ ယင်းထွက်ကုန်များမရပါက ထိုထွက်ကုန်များကို မျှော်လင့်မှီခိုကြသူများအတွက် အခက်အခဲကြုံကြရမည် ဖြစ်သည်။ ထွက်ကုန်မရရုံသာမက ထိုဒေသသည် စိုက်ပျိုးမရတော့ပါက ထိုဒေသကိုလူတို့ စွန့်ခွာသွားတတ်ကြသည်။ လူတို့သည် ဇာတိမြေကို စွဲလမ်းတတ်ကြ၏။ ဇာတိမြေကိုမစွန့်ခွာလိုကြ။ သို့သော် စိုက်ပျိုး၍ မရလောက်အောင် ရာသီဥတုကပူလာလျှင်တော့ ဇာတိကိုလည်း စွန့်ကြရမည်ဖြစ်သည်။

ရာသီဥတုပူလွန်းလျှင်လည်းကောင်း၊ အေးလွန်းလျှင်လည်းကောင်း မိမိတို့ဇာတိကို စွန့်ကြစမြဲဖြစ်သည်။ ဟိမဝန္တာတွင်နေသော ငှက်များသည် ဆောင်းရာသီတွင် အလွန်အမင်းအေးသောအခါ နွေးထွေးသော သမပိုင်းဇုန်ဒေသ အပူဓာတ်ရှိရာရေစပ်စပ်၊ ကုန်းစပ်စပ်ဒေသများကို ပြောင်းရွှေ့ကြသည်။ ဆောင်းခိုငှက်များသည်



www.burmeseclassic.com

www.burmeseclassic.com



ဝေါမြို့နယ်မှ မိုးယွန်းကြီးအင်း၊ တိုက်ကြီးမှ ဥတိုကွင်းအစရှိသော နေရာများအထိ လာရောက်တတ်သည်။

ရာသီဥတုဆိုးဝါးသည်ဆိုရာ၌ တစ်သက်လုံးဆိုးဝါးခြင်းကို အသာထား၊ ခဏတာ ဆိုးဝါးသည့်အချိန်တွင် ဟိမဝန္တာမှ ဆောင်းခိုငှက်များပင် ထိုဒေသကို စွန့်ခွာတတ်ကြသည်။

## အညာတွင် ကြုံရတတ်

အညာတွင်နေကြသူများ တစ်နှစ်တစ်ခါဆိုသလို အနောက်ဘက်မှတိုက်ခတ်လာသော လေပြင်းနှင့် ပါလာသော သဲမုန်တိုင်းယမ်များ၏ တိုက်ခတ်မှုဒဏ်ကို ကြုံတွေ့ဖူးကြမည်ဖြစ်သည်။ ကျွန်တော်ဖိုလ်ကြီးဘဝက ကျွန်တော်တို့မိသားစု ချောက်တွင်နေစဉ်က တစ်ကြိမ်၊ နှစ်ကြိမ်လောက် တိုက်ခတ်သောလေထဲတွင် သဲများပါလာသည်ကို ကြုံရဖူးပါသည်။ သဲပါသောလေများ တိုက်ခတ်ခံရပါက နား၊ နှာခေါင်းထဲသို့ သဲများဝင်၍ တစ်ရက်၊ နှစ်ရက်သန့်ရှင်းရေးလုပ်၍မပြီး။ လူရော အိမ်ပါ ရေနှင့်ဆေးကြရသောအဖြစ်နှင့် ကြုံကြရသည်။

## အစ္စရေးပညာရှင်

မြန်မာနိုင်ငံ၏ ကောင်းကင်ဓာတ်ပုံတွင်ပေါ်နေသော အစက်အပျောက်လေးနှစ်ခု ပျောက်သွားအောင် FAOမှလည်း ကျွန်တော်တို့အား အကူအညီပေးသည်။ FAO အကူအညီနှင့် ကျွမ်းကျင်မှု အထောက်အကူပြုရန် လာကြသူများတွင် အစ္စရေး





ပညာရှင်များလည်းပါသည်။ သူတို့ကိုလည်း ကျွန်တော် မြန်မာပြည်အလယ်ပိုင်းအား လိုက်လံပြသရာ အစ္စရေးပညာရှင်တို့က -

"ခင်ဗျားတို့မှာ ရေဝတီ၊ သံလွင်၊ ချင်းတွင်း စတဲ့မြစ်ကြီးတွေလည်းရှိသည်။ နိုင်ငံကလည်း တောင်နှင့်မြောက် အလျားလိုက်ရှိနေတယ်။ မြစ်တွေကလည်း တောင်နှင့်မြောက် အလျားလိုက်စီးဆင်းနေတယ်။ ဒီလိုနေရာမျိုးမှာ ရေငတ်တယ်။ ရေမရှိဘူး။ သဲကန္တာရဖြစ်တော့မယ်ဆိုပြီး အော်နေလို့တော့မဖြစ်ဘူး" ဟုဆိုကြသည်။

ဂျပန်နိုင်ငံမှ OISCA အဖွဲ့ကလည်း မြန်မာနိုင်ငံအလယ်ပိုင်းစိမ်းလန်းစိုပြည်ရေးအတွက်ရောက်ရှိ လာကြသည်။ သူတို့ကလည်း တိရစ္ဆာန်များ၏ စွန့်ပစ်ပစ္စည်း၊ နွားချေးကဲ့သို့ သောပစ္စည်းမှ မြေဩဇာ Organic Fertilizer ထုတ်ရေးအတွက် ပခမ်းကြီးအနီးတွင် လာရောက်စခန်းချ၍ သူတို့ ကျွမ်းကျင်သည့်ဘက်မှ အကူအညီပေးသည်။

## မြေအောက်ရေ

ဒေသကြီးစိမ်းလန်းစိုပြည်ရန်အတွက် သစ်ပင်စိုက်မည်ဆိုပါက မြေဩဇာလိုအပ်ပါသည်။

ဂျပန်ပညာရှင်များလည်း လာကြသည်။ သူတို့သည် မြန်မာနိုင်ငံနှင့် ပတ်သက်သော ဘူမိဆိုင်ရာမြေပုံများ ယူလာကြသည်။ သူတို့က ထိုမြေပုံများကိုကြည့်၍ ဘယ်နေရာတွင် မြေအောက်ရေရှိနိုင်သည်ကို မြေပုံကြည့်၍ လေ့လာကြသည်။ လေ့လာ၍



www.burmeseclassic.com

www.burmeseclassic.com



ရေရှိသည်ထင်သောနေရာတွေပါက မြေအောက်ရေကို အဝီစိတွင်းတူး၍ လှူပ်စစ်ဖြင့် ရေတင်ရန်အကြံပြုသည်။ ဘယ်နေရာတွင် မြေအောက်ရေရှိသည်ကို မြေပုံနှင့်ခန့်မှန်းရတာက လွယ်နိုင်သည်။ တကယ်တန်းထိုကိစ္စက တူးကြည့်မှသိနိုင်မည့် ကိစ္စဖြစ်၏။ မှန်းကြည့်၍ ထင်ကြေးနေရာတွေကို လိုက်တူးမည့်အစား ဧရာဝတီမြစ်ထဲမှ ရေကိုစုပ်တင်၍ သစ်ပင်စိုက်တာက ပိုသေချာသည်ဟု ဆိုကာ ရှိရင်းစွဲမြစ် ရေတင်စီမံကိန်းများကို အားပေးရသည်။ ဂျပန်အဖွဲ့က အဝီစိတွင်းသုံး ရေတင်စက်များ ရောင်းချလိုကြသည်။

ယခင်က မြစ်ရေတင်စီမံကိန်းအနေနှင့် ပြည်မြို့တွင် တရင်ကာဘို ရေတင်စီမံကိန်းရှိသည်။

အာရပ်နိုင်ငံများသည် ပူပြင်းခြောက်သွေ့မှုများနှင့် ပတ်သက်၍ အတွေ့အကြုံရှိကြသည်။ ထို့ကြောင့် အာရပ်နိုင်ငံမှ ပညာရှင်များကို ဖိတ်ကြား၍ မြန်မာနိုင်ငံအပူပိုင်းဒေသ စိမ်းလန်းစိုပြေရေးကိစ္စ အလုပ်ရုံဆွေးနွေးပွဲများ၊ နီးနှောပွဲများပြုလုပ်ကာ သူတို့အတွေ့အကြုံကိုလည်း ယူရသည်။ သူတို့နှင့် ဆွေးနွေးသော အကြောင်းအရာ မှတ်တမ်းများ၊ ဆုံးဖြတ်ချက်များလည်း အပြည့်အစုံ ရှိသည်။

## မြကန်ကို ရေဖြည့်လို

တစ်ဖန် ပုဂံရှိ မြကန်လို သမိုင်းဝင်ကန်မျိုးတွင်လည်း ရေရှိစေလိုသည်။ မြကန်ကို ရေပြည့်ကန်တစ်ကန်အနေဖြင့် မြင်စေလိုသည်။ မြကန်ရေပြည့်လျှင် သမိုင်းထဲက မြကန်ကို







မြကန်ကို ဤကဲ့သို့ ရေပြည့်စေလိုသည်။

မြင်ရသလိုဖြစ်၏။ ပုဂံခေတ်မြကန်ကို (၂၀)ရာစုနှောင်းပိုင်းသို့ ရွှေ့ယူလိုကြသည်။ ထို့ကြောင့် မြကန်မြစ်ရေတင်စီမံကိန်းကို စဉ်းစားကြပြန်သည်။ အစီအစဉ်က ဧရာဝတီမြစ်ထဲမှရေကို မြကန်နှင့် (၈)မိုင်ဝေးသောနေရာမှ စုပ်တင်ရန်ဖြစ်သည်။ အချို့ကလည်း (၁၂)မိုင်ဝေးသောနေရာမှ စုပ်တင်လျှင် ပိုကောင်းမည်ဟု ဆိုကြသည်။ မြကန်လိုနေရာမျိုးသို့ ရေပို့တာကတော့ ဟုတ်ပါရဲ့။ အပူပိုင်းဒေသ၊ ပုဂံလိုနေရာမျိုးတွင် စက်နှင့်စုပ်တင်သမျှရေမှာ အငွေ့ပျံကာ ကုန်သွားပါက အချည်းအနှီး ဖြစ်နိုင်ပြန်သည်။ တစ်နေရာတည်းကွက်ပြီး စိမ်းလန်းစိုပြေရေး ပြုလုပ်ရတာသာ



www.burmeseclassic.com

www.burmeseclassic.com



ခက်သည်။ နမ်းတစ်လုံးနှင့် ဆီမဖြစ်သလို ဆင်ပါးစပ်နမ်းပက်သလို မျိုးလည်း ဖြစ်တတ်သည်။

လုပ်ငန်းလုပ်ဆောင်ရာတွင် ကွက်ကွက်ကလေး လုပ်ဆောင်၍ မရတာမျိုးလည်းရှိ၏။ ရာသီဥတုနှင့် ပတ်သက်သော ကိစ္စများဆိုပါက ပို၍ပင်မရနိုင်ဘဲရှိသည်။

**Think Globally,**

**Act Locally.**

**"ကျယ်ကျယ်ပြန့်ပြန့်စဉ်းစား**

**လက်တွေ့ကျကျလုပ်ကိုင်"**

**ဆိုသောစကားရပ်လည်းရှိ၏။**

## ကင်းတားဆည် ရေထိန်းသိမ်းရေ

တစ်ခါက ကင်းတားဆည်တည်ဆောက်ပြီး ဆည်ရေထိန်းသိမ်းရေးအတွက် သစ်ပင်စိုက်ရမည်ဟု ဆိုသောကြောင့် ဆည် ပတ်ဝန်းကျင်ဒေသတွင် သစ်ပင်စိုက်ပျိုးရန် စဉ်းစားသောအခါ

"ဆည်ရေထိန်းသိမ်းရေးအတွက် သစ်ပင်စိုက်ရမယ်ဆိုတာ ဆည်ဘေးတင်ကပ်စိုက်လို့ရတာ မဟုတ်ဘူး။ ဟိုးတော်တော် ဝေးဝေးနေရာတွေမှာပါ သစ်တောသစ်ပင်ထွန်းကားမှဖြစ်မှာ ပူဆို၏၊

တော်တော်ဝေးဝေးဒေသဆိုတာက ကြောက်ခမန်းလိလ ဝင်။ ကင်းတားရေ ရဖို့အတွက် ရှာင်တို့ဘာ တို့လောက်





သစ်တောထွန်းကားမှ ကင်းတားရေ ထိန်းသိမ်းရေးကို အထောက် အကူပြုမည်ဟုဆိုသည်။

ရှာင်တွင် မင်းတိုင်ပင်ဆိုသော ရွာရှိ၏။ ပုလဲက မင်းတိုင်ပင် မဟုတ်။ ဒီတော့ကျွန်တော်လည်း ရှာင်မင်းတိုင်ပင်အထိ သွားရသည်။ ရှာင် မင်းတိုင်ပင်ကို လှေ့လာပြီး သစ်တောစိုက်ပျိုး ရေးအတွက် ရှေ့ပြေးပရိုဂျက်ကို ရေးဆွဲရ၏။ ဒေသနေ ရွာက လူတွေခေါ်၊ တပ်ကလူတွေခေါ်ကာ စိုက်ပျိုးရေးကိစ္စကို ရှင်းပြ ရသည်။ သစ်တောက ဦးရဲမြင့်တို့၊ သစ်တောက ဦးစိုးကြည်တို့ လည်းပါ၏။ ပရိုဂျက်စီမံကိန်းဆိုတာက စက္ကူပေါ်မှာတော့ ချောနေသည်။ လက်တွေ့ အကောင်အထည်ဖော်ရတာက တော်တော်ခက်သည်။

ယခင်က ကျောက်ပန်းတောင်းဒေသသည် ပူပြင်း ခြောက်သွေ့သော်လည်း ထိုဒေသကြီးတစ်ခုလုံး စိမ်းလန်းစိုပြေ အောင် ပြုလုပ်ခဲ့၍ ယခုတော့ ကျောက်ပန်းတောင်းတစ်ဝိုက် စိမ်းလန်းစိုပြေလျက်ရှိပြီဖြစ်သည်။ ပူပြင်းခြောက်သွေ့မှုကို တားကွယ်ရန် အဓိကလိုအပ်ချက်မှာ သစ်ပင်သစ်တော ပျိုးထောင်ရန် ဖြစ်သည်။

## မန်ကျည်းပင်ကြီး

ပုဂံလိုနေရာမျိုးတွင် လူလေးငါးဖက်စာမန်ကျည်းပင်ကြီး များရှိ၏။ သူတို့ကို လေ့လာကြည့်ပါက သက်တမ်းနှစ်(၃၀၀) လောက်ရှိမည်။ ဒါဆို ပုဂံတွင်လွန်ခဲ့သော အနှစ်(၃၀၀) အင်းဝခေတ်



www.burmeseclassic.com

www.burmeseclassic.com





ပုဂံတွင်ပေါက်ရောက်ခဲ့သော လေးငါးဖက်စာ မန်ကျည်းပင်ကြီးက ယခင်က ဤဒေသတွင် သစ်ပင်၊ သစ်တောရှိခဲ့ဖူးကြောင်း ထင်ရှားသည့်သက်သေဖြစ်သည်။

သောက်အထိ သစ်ပင်ကြီးများ ပေါက်ရောက်လျက်ရှိသည် ဆိုသောသဘောဖြစ်သည်။ ပုဂံတည်ကာစ သမုဒ္ဒရာဇ်မင်း လက်ထက်ကလည်း ကျားကြီး၊ ရှူးပျံကြီးများရှိသည်။ ဘူးပင် များက သတ်၍မကုန်နိုင်လောက်အောင် ရှိသည်ဟုဆိုတော့ ပုဂံခေတ်ဦးက ထိုဒေသတွင် သစ်တောကြီးများရှိခဲ့သည်။ မြန်မာ နိုင်ငံအလယ်ပိုင်းတွင် သစ်ပင်မှဖြစ်သော ကျောက်ဖြစ်ရုပ်ကြွင်း များကို နေရာအနှံ့တွင်တွေ့ရပြီး အင်ကြင်းကျောက်ဟု ခေါ်ကြ၏။ အင်ကြင်းပင်မှဖြစ်သော ကျောက်ဖြစ်သည်။





## အင်ကြင်းကျောက်

အင်ကြင်းပင်ကြီး အကြောင်းအမျိုးမျိုးကြောင့် လဲကျ၍ မြေကြီးအောက်ရောက်ပြီး အနှစ်တစ်သန်းမှ (၅)သန်းအထိ အကြာတွင် ကျောက်ဖြစ်သွားခြင်းဖြစ်ရာ ထိုကျောက်ဖြစ်ရုပ် ကြွင်းသစ်ပင်များကိုကြည့်၍ မြန်မာနိုင်ငံအလယ်ပိုင်းသည် လွန်ခဲ့သော အနှစ်တစ်သန်းကျော်ကာလကတည်းက သစ်ပင် သစ်တောများ ဖုံးအုပ်နေသော ဒေသဟုဆိုနိုင်သည်။ ယခင်က ထိုဒေသသည် သစ်တောသစ်ပင်တို့ ထွန်းကားရာဒေသဖြစ်ခဲ့ ဘူးလျှင် ယခုလည်း သစ်တောသစ်ပင် ပြန်လည်ထူထောင်နိုင်မည် ဖြစ်သည်။

အင်ကြင်းကျောက်များအကြောင်း အနည်းငယ်ပြောလိုပါ သည်။ ထိုအင်ကြင်းကျောက်များကို မြန်မာနိုင်ငံ အနယ်နယ် အရပ်ရပ်မှ တူးဖော်ကာ တရုတ်၊ ယိုးဒယား အစရှိသော နိုင်ငံ များသို့ ရောင်းသည်။ တစ်တန်ကို ဒေါ်လာ (၁၀၀/၁၅၀) ခန့် ရကြသလားတော့မသိ။ ထိုအင်ကြင်းကျောက်များကို သူတို့နိုင်ငံ တွင် ဟိုတယ်များ အလှဆင်ရန်နှင့် မြက်ခင်းအလှဆင်ခြင်း (Land Scaping) တို့တွင် အသုံးပြုသည်။ အင်ကြင်းကျောက်များကို ဖောဖောသီသီ သယ်ကြသည်။ အင်ကြင်းကျောက်က ဘယ် လောက်များ တန်ဖိုးရှိလို့လဲဟု မေးစရာရှိ၏။ ဘယ်လောက် တန်ဖိုးရှိသလဲဆိုပါက မိမိအိမ်ရှေ့မှ သရက်ပင်တစ်ပင် ကျွန်းပင် တစ်ပင်ကို ကျောက်ဖြစ်အောင် ပြုလုပ်မည်ဟုဆိုပါက မည်မျှ စောင့်ဆိုင်းရမည်နည်း။ မည်မျှကုန်ကျမည်နည်း။ စိတ်ကူးပင်



www.burmeseclassic.com

www.burmeseclassic.com





အင်ကြင်းကျောက်ဖြစ်ရုပ်ကြွင်းများကို ကြည့်ရှုနေကြစဉ်။
အင်ကြင်းကျောက်များကို တစ်တန်ကို ဒေါ်လာ ၁၀၀/၁၅၀မျှနှင့်
ပြည်ပသို့ ရောင်းချနေကြသည်။ ကျောက်ဖြစ်ရုပ်ကြွင်းများသည်
နိုင်ငံ၏ အဖိုးမဖြတ်နိုင်သော သယံဇာတများဖြစ်၍ အဖိုးတန်
ရတနာများကဲ့သို့ ထိန်းသိမ်းစောင့်ရှောက်ဖို့လိုသည်။

တွက်ချက်၍ မရနိုင်လောက်အောင် ကုန်ကျမည်ဖြစ်သည်။ အနှစ်သန်းချီ၍ စောင့်ဆိုင်းရမည်ဖြစ်၏။ ထို့ကြောင့် ကျောက်ဖြစ်နေသော အင်ကြင်းတစ်ပင်၏တန်ဖိုးကို ကိုယ့်ဟာကိုယ် တွက်ကြည့်နိုင်သည်။ ကျောက်တုံးက ကျောက်စိမ်းဖြစ်သော တန်ဖိုးလောက်ပင်ရှိမည်။ သစ်သားက ကျောက်ဖြစ်သွားသည့် ကျောက်သစ် တန်ဖိုးကလည်း ကျောက်စိမ်းတန်ဖိုးလောက်ပင်ရှိမည်။

မြန်မာနိုင်ငံတွင် အင်ကြင်းကျောက်များ ကုန်သွားပါက ဘယ်ကထပ်ရလာမည်နည်း။ ကျွန်းပင်ကစိုက်လျှင် အနှစ်






(၇၀/၁၀၀)ဆို ကျွန်းသစ်ရသေး၏။ အင်ကြင်းကျောက်က စိုက်လို့ရတာမဟုတ်။ တကယ့်အဖိုးတန် သယံဇာတပစ္စည်းဖြစ်ပေရာ သစ်မှဖြစ်သော ကျောက်ဖြစ်ရုပ်ကြွင်းများကို ကျွန်တော်တို့သည် ကျောက်စိမ်းရတနာ ပတ္တမြားရတနာကဲ့သို့ တန်ဖိုးထားကြရမည်ဖြစ်သည်။

## မိုးကျော်ဒေသ

ပုဂံဒေသတစ်ဝိုက်တွင် ယခုမိုးရေချိန်လက်မက ၂၇-လက်မ၊ ၂၆လက်မရှိ၏။ ဘူမိဗေဒပါမောက္ခ ဒေါက်တာညီညီက ယခင်က ပုဂံတစ်ဝိုက်တွင် မိုးရေချိန်လက်မ(၃၀) ထိရှိသည်။ (၃၀)လက်မဟူသော မိုးရေချိန်တွင် သစ်ပင်သစ်တောကြီးများ ရှင်သန်နိုင်သည်။ ယခုမှ မိုးနည်းခဲ့သည်မဟုတ်ဟုဆိုသည် ဆရာညီညီက သူ၏ဆောင်းပါးအချို့တွင် ပုဂံအပါအဝင် မြန်မာနိုင်ငံ အလယ်ပိုင်းဒေသသည် လွန်ခဲ့သောအနှစ် တစ်သန်းမှစ၍ မိုးကျော်ဒေသဖြစ်သည်ဟု ရေးသားထားသည်။




မိုးလွတ်၍ခြောက်သွေ့သောနေရာပုံ



www.burmeseclassic.com

www.burmeseclassic.com



အိန္ဒိယသမုဒ္ဒရာထဲမှလာသော မိုးတိမ်တို့သည် ရခိုင်ရိုးမကြီးကိုကျော်ရန် အမြင့်သို့တက်ရသည်။ အမြင့်သို့တက်သော ရွေ့လျားရသောအခါ ရိုးမ၏တစ်ဘက်ခြမ်းတွင်ရှိသောမြန်မာနိုင်ငံ အလယ်ပိုင်းဒေသကို အရှိန်နှင့်အမြင့်မှ ဆက်ကျော်ရသောကြောင့် မြန်မာနိုင်ငံအလယ်ပိုင်းဒေသသည် မိုးကျော်ဒေသဖြစ်ကာ မိုးနည်းရသည်ဟုဆိုသည်။

ထိုအချက် မှန်ကန်ဟန်တူ၏။ ကျွန်တော်တို့ ရခိုင်မှနေ၍ တောင်ကုတ်-ပန်းတောင်းလမ်း အတိုင်းလာ၍ ရခိုင်ရိုးမကိုကျော်ပါက ရိုးမ၏အနောက်ဘက်ခြမ်းသည် စိမ်းစို၍ သစ်ပင်များပေါက်ရောက်ကာ ရိုးမ၏အရှေ့ဘက်ခြမ်းသည် တောင်ထိပ်ကို ကျော်လိုက်သည်နှင့် သိသိသာသာ ခြောက်သွေ့နေသည်ကို တွေ့ရသည်။

တစ်ကြိမ်တွင် ကျွန်တော်တို့သည် မင်းဘူးရှိသစ်တောရိပ်သာတစ်ခု၌ တည်းနေစဉ် ပူတာကအလွန်ပူသည်။ ထိုအချိန်တွင် ကောင်းကင်၌ မိုးသားမိုးတိမ်များ ဆင်လျက်ရှိရာ မိုးရွာတော့မည်ဟူ၍ ဝမ်းပန်းတသာစောင့်နေကြရာ ထိုမိုးတိမ်များသည် မိုးအဖြစ်ရွာမချဘဲ အရှိန်နှင့် အဝေးဆီသို့ လွင့်ပါးသွားကြ၏။

ရှမ်းပြည်နယ်အစရှိသော ဒေသများတွင် အတွေ့အကြုံက "မိုးရွာတော့မယ်၊ ရွာတော့မယ်"ဟုဆို တုန်းရှိသေးသည်၊ ထီးဖွင့်ရသေးမိ မိုးတွေကဝုန်းကနဲ ရွာချတတ်သည်။

ပုဂံဒေသတွင် ယခင်ကသစ်တောသစ်ပင်များ ထူထူထဲထဲ ပေါက်ရောက်ခဲ့သော်လည်း ထိုသစ်ပင်များ အကြောင်းအမျိုးမျိုးကြောင့် ပြုန်းတီးခဲ့ရာမှ ပူပြင်းခြောက်သွေ့လာရခြင်းဖြစ်သည်။





ထိုစဉ်က သစ်ပင်များ ဘယ်ရောက်သွားသနည်း။ ဗြိတိသျှသမိုင်းဆရာတို့က -

"ပုဂံဘုရားတည်ရာတွင် အုတ်ဖုတ်ရန် ထင်းအလို့ငှာ ခုတ်ခဲ့သောကြောင့် သစ်တောများ ပြုန်းကုန်သည်"

ဟု ရေးကြ၏။

## ပုဂံဒေသ စိမ်းလန်းစိုပြည်ရေး

ထိုရေးသားချက်ကို မြန်မာဘူမိပညာရှင်တို့က ငြင်းဆိုသည်။ ရှေးဘုရင်များ နန်းတည်၊ ဘုရားတည်ကြရာတွင် မိမိတို့နေပြည်တော်ဒေသရှိ အင်အားကိုသာသုံးသည်မဟုတ်။ လက်အောက်ခံမြို့များမှ သစ်၊ ဝါး၊ အုတ်စသည်တို့ အချိုးကျဆက်သကြရာ ပုဂံမြို့တွင်တည်သော ကုသိုလ်တော်ဘုရားများသည် ပုဂံတစ်မြို့တည်းမှမဟုတ်။ ပုဂံနိုင်ငံတော်ကြီး၏ လက်အောက်ခံမြို့စား၊ နယ်စား၊ ပယ်စားများက ဆက်သသော အုတ်များပါဝင်တည်ဆောက်ထားခြင်း ဖြစ်သည်။ သို့သော် ပုဂံတွင် မြို့ပြထွန်းကားလာမှုသည် ပုဂံဒေသ၌ သစ်တောများ ကုန်ရခြင်းနှင့် တောဆက်စပ်မှုရှိမည်။ ပုဂံသားတို့သည်လည်း ထင်းအတွက် သစ်ကို အလွယ်ခုတ်ကြမည်သာ ဖြစ်သည်။

ပုဂံအပါအဝင် မြန်မာနိုင်ငံအလယ်ပိုင်းဒေသသည် ရခိုင်ရိုးမပေါ်ထွန်းစ လွန်ခဲ့သော နှစ်ပေါင်း တစ်သန်းမှစ၍ မိုးကွယ်ဒေသအဖြစ် ရှိခဲ့သည်။ မိုးကွယ်ဒေသဖြစ်ပါလျက် ယခင်က ထိုဒေသတွင် သစ်တောများရှိခဲ့ခြင်းမှာ မိုးရေချိန်လက်မ(၃၀)တွင် သစ်တော



www.burmeseclassic.com

www.burmeseclassic.com



မှုး ဖြစ်ထွန်းနိုင်သည်။ သစ်တောများဖြစ်ထွန်းက စိမ်းစိုသာယာမှု၊ မြေအောက်ရေရရှိမှု၊ မြေကြီးထဲမှ ရေထွက်ကောင်းမှု စသည့်အကြောင်းများကြောင့် ပုပ္ပါးသည်ပင် ယခင်က ဆေးမြစ်ဆေးဥ၊ သစ်သီးသစ်ဖု၊ ပန်းမာလ်သစ်ပင်တို့ ပေါများခဲ့ရခြင်းဖြစ်သည်။

ထို့ကြောင့် မြန်မာနိုင်ငံအလယ်ပိုင်း စိမ်းလန်းစိုပြည်ရေးအတွက်ထိုဒေသတွင် သစ်တောသစ်ပင်ထွန်းကား ရေးတို့ကိုလုပ်ဆောင်ပါက ပြန်လည်စိမ်းလန်းလာမည်ဖြစ်ပြီး အစက်လေးနှစ်စက် ပျောက်သွားမည်ဆိုသော အဖြေကိုရရှိပါသည်။


ပုဂံဒေသတွင်သာမက မြန်မာနိုင်ငံတွင် ယခင်ရှိခဲ့ဘူးသောသစ်တောများသည်လည်း လူတို့အသုံးပြုမှုကြောင့် ဆုတ်ယုတ်ပြုန်းတီးမှုများ ရှိလာသည်။ အလယ်ပိုင်းဒေသတွင် သစ်တောကလည်းဆုတ်၊ မိုးကွယ်ဒေသကလည်း ဖြစ်သောကြောင့်ပို၍နလံမထူဖြစ်ကာ အစက်နှစ်စက်ပေါ်လာရခြင်း ဖြစ်ဟန်တူပါ၏။ ထို့ကြောင့် စနစ်တကျ အင်အားခွန်အားများထုတ်၍ သစ်ပင်သစ်တောစိုက်ပျိုးပါက ထိုဒေသကြီး ပြန်လည်စိမ်းလန်းလာနိုင်သည်။

## (၉)ခရိုင်မှ (၁၃)ခရိုင်သို့

မြန်မာနိုင်ငံအလယ်ပိုင်း ပူပြင်းခြောက်သွေ့မှုကို ကာကွယ်ရန် ပညာရှင်များ၊ ပြည်သူများ၊ ငွေကြေးရင်းနှီးမြုပ်နှံသူများ၊ သုတေသနလုပ်ငန်းများ၊ နိုင်ငံတော်က ထိန်းကြောင်းကြပ်မတ်မှုများလိုအပ်ပေသည်။ လိုအပ်ချက်များ ပြည့်စုံမှ အောင်မြင်မှုရမည်







မင်းတုန်းမြို့နယ် ကိုးခရိုင်စိမ်းလန်းစိုပြည်ရေး။

ဖြစ်သည်။ မြန်မာနိုင်ငံအလယ်ပိုင်း စိမ်းလန်းစိုပြည်ရေးကိစ္စကိုနိုင်ငံတော်ကလည်း အလေးအနက်စဉ်းစားကာ ပထမပိုင်းတွင် မကွေးတိုင်း၊ မန္တလေးတိုင်း၊ စစ်ကိုင်တိုင်းအတွင်း (၉)ခရိုင်စိမ်းလန်းစိုပြေရေးစီမံကိန်းကို ချမှတ်အကောင်အထည်ဖော်ခဲ့သည်။ ထို့နောက်တော့ ပိုမိုကျယ်ပြန့်စွာ (၁၃)ခရိုင် စိမ်းလန်းစိုပြည်ရေးအထိ တိုးချဲ့လုပ်ဆောင်ခဲ့သည်။

(၉)ခရိုင်စိမ်းလန်းစိုပြည်ရေးလုပ်ငန်းကို အကြောင်းပြု၍ ကိုရီးယားနိုင်ငံမှပညာရှင်များ မြန်မာနိုင်ငံသို့ လာရောက်ခဲ့ကြသည်။



www.burmeseclassic.com

www.burmeseclassic.com



ထိုသို့လာရောက်ရာတွင် ဒေါက်တာပတ်၊ ဒေါက်တာဝမ်အစရှိသော ပါမောက္ခကြီးများလည်း ပါဝင်သည်။ သူတို့ကိုလည်း ကျွန်တော်သည် မြန်မာပြည်အလယ်ပိုင်းဒေသကို လိုက်ပို့ရသည်။ ဧရာဝတီမြစ်ကြီးကိုလည်း ပြသည်။ အခြားပြသင့်ပြထိုက်သည်များကို ပြသောအခါ သူတို့က (၉)ခရိုင် စိမ်းလန်းစိုပြည်ရေးအတွက် အကြံပေးသင့်သည်များကိုပေးကြသည်။ သူတို့နှင့်ကျွန်တော်သည် လူပုဂ္ဂိုလ်ချင်းပါ ခင်မင်ခဲ့ကြသည်။

## တစ်ခုသတိပေးပါရစေ

ဒေါက်တာပတ်က သူ့လုပ်ငန်းတာဝန်များပြီးဆုံး၍ သူ့နိုင်ငံသို့ပြန်ရန် ပြင်ဆင်နေသောကာလတွင် သူက -

"ခင်ဗျားကိုကျွန်တော်တစ်ခု သတိပေးရဦးမယ်၊ အဲဒါ ဘာလဲဆိုတော့ ကိုးရီးယားလူမျိုးတွေကို ခင်ဗျားတို့နိုင်ငံကို ယောင်လို့မှ မခေါ်နဲ့နော်"

ဟုဆို၏။

"ဘာဖြစ်လို့လဲ"

"ဘာဖြစ်လို့လဲဆိုတော့ မြန်မာပြည်အလယ်ပိုင်းက ပူပြင်းတယ်ဆိုပေမယ့် မြန်မာနိုင်ငံဟာ ရေသယံဇာတ၊ မြေသယံဇာတပေါကြွယ်ဝတယ်၊ မြေအနေအထားလည်း ကောင်းတယ်၊ ရေအရင်းအမြစ်ရှိပြီး စိုက်ပျိုးရင် နေရာတကာမှာ စိုက်ပျိုးလို့ရတယ်၊ ကိုရီးယားက တောင်ပေါ်ဒေသဖြစ်ပြီး တောင်တွေကလည်း ကျောက်တောင်တွေ။ မြေတစ်ကွက်စာရဖို့အတွက် အတော်ခဲယဉ်းတယ်။ မြန်မာနိုင်ငံမှာရှိတဲ့ မြေမျိုးရလို့ကတော့ ဒီငနဲတွေ ကိုယ့်နိုင်ငံကိုယ်တောင် ပြန်ကြမှာမဟုတ်ဘူး၊ ဒါကြောင့် သတိထားစေချင်ခဲ့တာ"

ဟု ရှင်းပြသည်။

ဒေါက်တာပတ်၏ စကားမှာ ယနေ့တိုင်အောင် ကျွန်တော့်နားထဲက မထွက်တော့ချေ။

❐







www.burmeseclassic.com

www.burmeseclassic.com

အခန်း (၅)

# ယုံအီးပရိုဂျက်

မြန်မာနိုင်ငံအလယ်ပိုင်းဒေသ သစ်တောသစ်ပင် ထွန်းကားရေး၊ စိမ်းလန်းစိုပြည်ရေးကိစ္စရပ်များကို စဉ်းစားသောအခါ ကျယ်ကျယ်ပြန့်ပြန့်စဉ်းစား၊ ကမ္ဘာနှင့်ချိပြီး စဉ်းစား Think Globally ဟုဆိုသည့်အတိုင်း နိုင်ငံတကာ အတွေ့အကြုံများ ယူရသည်။ နိုင်ငံတကာမှ ပညာရှင်များနှင့် ဆွေးနွေးရသည်။ သူတို့အတွေ့အကြုံများကို နားထောင်ရသည်။ ထို့ပြင်အလယ်ပိုင်းဒေသရှိ ပြည်သူများ၊ သက်ကြီးရွယ်အိုများ၏ ပြောစကားများကိုလည်း နားထောင်ရသည်။

## ပညာရှင်များ လာရောက်

မြန်မာနိုင်ငံသစ်တောပညာရှင်များ၏ အစဉ်အဆက်က လုပ်ဆောင်မှုများကိုလည်း လေ့လာရသည်။ ဌာနအတွင်းမှ အတော်ရှိ



www.burmeseclassic.com

www.burmeseclassic.com





မြန်မာနိုင်ငံအလယ်ပိုင်းဒေသ စိမ်းလန်းစိုပြည်ရေးအတွက် နိုင်ငံတကာမှပညာရှင်များသည် လာရောက်အကူအညီပေးသည်။ အလုပ်ရုံဆွေးနွေးပွဲများလည်း ပြုလုပ်ခဲ့သည်။

ကြီးများ၊ သစ်တောဌာနမှ ပင်စင်ယူသွားကြပြီဖြစ်သော အတွေ့အကြုံရှိသူများကို ဌာနသို့ဖိတ်ခေါ်၍ သူတို့၏ သဘောထားများကို တောင်းခံရသည်။ သူတို့ပြောစကားများကို နားထောင်ရသည်။

မြန်မာနိုင်ငံ အလယ်ပိုင်းဒေသ သစ်ပင်သစ်တော ထွန်းကားရေးနှင့် ပတ်သက်၍ အီကျစ်၊ အစ္စရေး၊ တရုတ်နှင့် အိန္ဒိယ နိုင်ငံတို့မှ ပညာရှင်များ၊ အမေရိကနှင့် ကမ္ဘာ့စားနပ်ရိက္ခာနှင့် စိုက်ပျိုးရေးအဖွဲ့ (FAO)မှ ပညာရှင်များ စသည်ဖြင့် အပြည်ပြည်ဆိုင်ရာမှ





ပညာရှင်များနှင့် ဆွေးနွေးကြရာတွင် ကိုရီးယားနိုင်ငံမှ ပညာရှင်များလည်း ပါဝင်ကြသည်။

## ဒေါက်တာချိုင်

ကိုရီးယားနိုင်ငံ၏ (၈၀)ရာခိုင်နှုန်းသည် ကျောက်တောင်ကြီးများဖုံးနေ၍ သစ်တောသစ်ပင်မရှိ။ ထိုတောင်ကတုံးများကို သျှောင်ထုံးပေးခဲ့သော သူတို့၏ အတွေ့အကြုံကလည်း များပြားလှသည်။ ထို့ကြောင့် သူတို့၏ အတွေ့အကြုံများကို ကျွန်တော်တို့ လေ့လာရသည်။

ကျွန်တော်သည် ရန်ကုန်သို့ ရောက်ရှိနေသော စိုက်ပျိုးရေးပညာ ကျွမ်းကျင်သူ ကိုရီးယားလူမျိုး ဒေါက်တာချိုင်နှင့် ဇနီးတို့အား ဖိတ်ကြားတွေ့ဆုံသည်။ သူတို့ဇနီးမောင်နှံက အင်းလျားလမ်းတွင် နေထိုင်ကာ စိတ်ရင်းကောင်းသူများဖြစ်သည်။ ချိုင်သည် ကိုရီးယားဟုဆိုသော်လည်း မြန်မာစိတ်ထားရှိ၏။ ကျွန်တော့်တိုလည်း စိတ်ရောကိုယ်ပါ ခင်မင်သူဖြစ်ရာ ကျွန်တော့်အိမ်သို့ သူ လာလည်တတ်သလို သူ့အိမ်သို့ ကျွန်တော်က သွားရောက်လည်ပတ်တတ်ပါသည်။ မိသားစုချင်းပါ ရင်းနှီးကာ ကြာတော့ ချိုင်တို့မိသားစုသည် ကျွန်တော်တို့မိသားစုအတွက် ကိုရီးယားအချဉ်ပတ်(ကင်ချီ) ပုံမှန်ထောက်ပံ့သော မိသားစုဖြစ်လာတော့သည်။



www.burmeseclassic.com

www.burmeseclassic.com



## တိပ်ခွေလေးတစ်ခွေ

တစ်ကြိမ်တွင်တော့ သူနှင့်ကျွန်တော် မြန်မာနိုင်ငံ အလယ်ပိုင်းသို့ ခရီးတစ်ခုသွားရောက်ရန် စီစဉ်ကြပါသည်။ ယခင်က ကင်းတားဆည် ရေထိန်းသိမ်းရေးနှင့် ပတ်သက်၍လည်း ချိုင်နှင့်ကျွန်တော် ရှမ်းပြည်နယ်သို့ အတူတကွ ခရီးထွက်ဖူးသည်။

မြန်မာနိုင်ငံအလယ်ပိုင်းသို့ ခရီးမထွက်မီ ချိုင်က -

"ဒီခရီးမှာ တိပ်ခွေလေးတစ်ခွေ ယူလာလိုပါသည်"

ဟုဆို၏။

ထိုတိတ်ခွေလေးအကြောင်းက စိတ်ဝင်စားဖွယ်ကောင်းသည်။ ယခင်က ကိုရီးယားနိုင်ငံ၌ လွင်တီးခေါင်ဖြစ်ပြီး တောင်ကတုံးဖြစ်နေသည့် ဒေသတစ်ခုရှိသည်။ ထိုတောင်ကတုံးဖြစ်နေသည့်ဒေသကို ယခင့်ယခင် အစိုးရများကလည်း သူ့ထက်အရေးကြီးသောကိစ္စများ၊ စီမံကိန်းများကို လုပ်နေကြသောကြောင့် ထိုဒေသစိမ်းလန်းစိုပြည်ရေးကို မလုပ်နိုင်ဘဲရှိခဲ့သည်။

သို့သော်လည်း ၁၉၆၂-ခုနှစ်တွင် ဗိုလ်ချုပ်ကြီးပတ်ချုံဟီး (Park Chon Hei) နိုင်ငံတော်အာဏာကို သိမ်းယူခဲ့ပြီး သမ္မတတာဝန်ကိုပါ ထမ်းဆောင်ချိန်တွင် ယင်းလွင်တီးခေါင်ဒေသစိမ်းလန်းစိုပြည်ရေးအတွက် ပရိုဂျက်တစ်ခု ချမှတ်ရေးဆွဲ အကောင်အထည်ဖော်ခဲ့သည်။

ထိုပရိုဂျက်ကို ယုံအီး (Yon Eee) ပရိုဂျက်ဟူ၍ ခေါ်သည်။ ချိုင်၏တိပ်ခွေမှာ ယုံအီးပရိုဂျက်နှင့် ပတ်သက်၍ ရိုက်ကူးထားသော တိပ်ခွေဖြစ်သည်။





တိပ်ခွေထဲ၌ ယုံအီးဒေသသည် ယခင်ကတော့ ရာသီဥတု ဆိုးသည်။ တောင်ပေါ်ဒေသဖြစ်ပြီး ယခင်က ဒေသတစ်ခုလုံး စိမ်းလန်းစိုပြည်၍ မိုးရေလုံလုံလောက်လောက်ရရှိ၏။ ထို့ကြောင့် လူသူနေထိုင်မှု ထူထပ်သည်။ လူဦးရေများလာသောအခါ ထုံးစံအတိုင်း ထိုဒေသ၏ ထင်းသုံးစွဲမှုက များလာသည်။ လူတွေက ထင်းအတွက် သစ်ပင်တွေခုတ်ကြသည်။ ဟင်းသီးဟင်းရွက်၊ သီးနှံစိုက်ပျိုးရန်အတွက် သစ်ပင်များကို ရှင်းလင်းပစ်ကြ၏။ ဤသို့ဖြင့် နှစ်များစွာကြာသောအခါ ယုံအီးဒေသတွင် သစ်တောသစ်ပင် ရှားပါးလာသည်။ ထိုမှတစ်ဆင့် တောပြုန်းတီးမှု ပိုမိုများလာကာ ရာသီဥတု ပူနွေးလာပြီး မိုးရွာသွန်းမှု နည်းလာသည်။ မိုးရေချိန် လက်မနည်းလျှော့နည်းလာသည်။ စိုက်ပျိုးရေးပြုလုပ်ရန်အတွက်ပင် ရေလုံလောက်စွာမရကြသောအခါ လူသူလေးပါးသည် ထိုနေရာမှ တဖြည်းဖြည်း စွန့်ခွာကုန်ကြ၏။ ထိုဒေသကို Abandon လုပ်သွားကြ၏။ ထိုဒေသကြီးကို လူတို့စွန့်ခွာသွားကြသည်ကို ကိုရီးယားအစိုးရအနေနှင့် အစပိုင်း၌ မသိကျိုးကျွန်ပြုထား၍ ပို၍ပို၍ ခြောက်သွေ့လာရာမှ နောက်ဆုံးတွင် လူသူမရှိတော့သည့် လွင်တီးခေါင်ဒေသကြီးဖြစ်လာသည်။

## သမ္မတကြီးကိုယ်တိုင် ဦးဆောင်

ထိုနေရာကို သမ္မတကြီး ပတ်ချုံဟီးလက်ထက်၌ ပြန်လည်စိမ်းလန်းစိုပြည်ရေးအတွက် ယုံအီးပရိုဂျက်ကို အကောင်အထည်ဖော်ရာ သမ္မတကြီးကိုယ်တိုင်လည်း ထိုဒေသသို့ ရောက်ရှိသော



www.burmeseclassic.com

www.burmeseclassic.com



ကိုယ်တိုင်တောင်ပေါ်သို့ တက်၏။ သမ္မတကြီးနှင့်အတူ ၄င်း၏ လုပ်ဖော်ကိုင်ဘက်များ၊ သစ်တောပညာရှင်များ၊ နိုင်ငံမှ စီးပွားရေး လုပ်ငန်းရှင်များ၊ သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးပညာရှင် များလည်း လိုက်ပါလာခဲ့ကြသည်။ သူတို့လည်း ထိုဒေသ စိမ်းလန်း ရေးအတွက် ပါဝင်ရင်းနှီးမြှုပ်နှံမှုများပြုကြ၏။ ငွေကြေးပစ္စည်း ပါဝင် လှူဒါန်းကြ၏။ ပြန်လည်စိမ်းလန်းစိုပြည်ရေးအတွက် သံဃိဇ္ဈာန်ချွတာ လိုအပ်သည်များကို ဝိုင်းဝန်းလုပ်ဆောင်ခဲ့ကြသည်။

ယုံအီး ဝရိဂျက်ကို အကောင်အထည်ဖော်ရာတွင် တပ်မတော်သားများလည်းပါဝင်ကြသည်။ ပြည်သူလူထုလည်း ပါဝင်သည်။ ဟိုးတောင်ထိပ်အထိ မျိုးပင်များကို သယ်ကြ၊ တောင်စောင်းတောင်စွယ်များတွင် တွင်းတူးသူကတူး စိုက်သူ များက စိုက်ကြသည်။ တောင်ပေါ်သို့ ရေကိုလည်း ခက်ခက်ခဲခဲ တင်ကြ၏။ ထိုစီမံကိန်းကို တက်ညီလက်ညီ လုပ်ဆောင်အကောင် အထည်ဖော်ကြရာ စီမံချက်က တောင်ထိပ်မှနေ၍ ခေါင်းဆောင်မှု ကြီးကြပ်မှုကလည်းကောင်း၊ ပြည်သူလူထုကလည်း တစ်ခဲနက် ပါဝင်မှုကြောင့် ယုံအီးပရိုဂျက်မှာ အောင်မြင်လာသည်။

## လူများ ပြန်ရောက်လာ

စိုက်ပျိုးထားသော သစ်ပင်လေးများ ရှင်သန်လာကြသည်။ အညွန့်အတက်လေးများကို မြင်လာရသည်။ သစ်ပင်လေးများ ရှင်လာသောအခါ ငှက်ကလေးများ ရောက်လာကြသည်။ သစ်ပင် များ ရှင်သန်လာသောအခါ တောင်ပေါ်ရေ ထွက်နေရာလေးများ





တွင် စမ်းရေ၊ စိမ့်ရေများပြန်ထွက်လာကာ ယခင်ကတောင်ကျ စမ်းချောင်းလေးများသည် ရေတသွင်သွင် ပြန်စီးလာသည်။ စမ်းချောင်းလေးများတွင် ငါးများကိုပါ တွေ့လာရသည်။ တိမ်ခွေတို ကြည့်ရှုမှုနှင့် စိတ်ဝင်စားစရာကောင်းပြီး စိတ်ကြည်နူးရသည်။ ထိုအခါ ယခင်က ထိုနေရာကို စွန့်ခွာသွားကြသူများ သူတို့အရပ်၊ သူတို့ဒေသ၊ သူတို့ဇာတိမြေသို့ ပြန်လာကြသည်။ အိုးအိမ်နေရာများ သူထောင်ကြ၊ ဈေးတွေ၊ဆိုင်တွေ ပြန်ရောင်းချလာကြရာမှ ရာသီ ဥတုလည်း ကောင်းမွန်လာကာ ယုံအီးဒေသသည် အဖိုးတန်ဒေသ ကြီး ပြန်ဖြစ်လာသည်ကို အဆင့်ဆင့်ရိုက်ပြသော ဗွီဒီယိုတိပ်ခွေ ဖြစ်သည်။

ဤဗွီဒီယိုတိပ်ခွေအားကြည့်၍ တောင်ပေါ်ဒေသများလည်း ရာသီဥတုပြောင်းလဲနိုင်သည်ကို သိလာ၏။ မှန်ပါသည်။ ပြင်ဦးလွင် သည် ကျွန်တော်တို့ ဗိုလ်သင်တန်းတက်ခါစက ရေခဲသည်။ ယခုတော့ ရေခဲဖို့နေနေသာသာ ရာသီဥတုက ပူလာသည်။ တောင်ကြီး၊ လားရှိုးအစရှိသော ဒေသများသည်လည်း အလားတူ ဖြစ်၏။ တောင်ပေါ်ဒေသဖြစ်သောကြောင့် ရာသီဥတုမပြောင်းလဲ သည် ဟူ၍မရှိ။ သစ်တောသစ်ပင်မရှိပါက မည်သည့်ဒေသမဆို မှုပြင်းခြောက်သွေ့သွားနိုင်သည်။

ပြင်ဦးလွင်ဒေသခြောက်သွေ့လာပါက ထိုနေရာကို ကျွန်တော်တို့ စွန့်ခွာရမည်ဆိုပါက ထိုဆုံးရှုံးမှုသည် နိုင်ငံအတွက် မည်မျှကြီးမားသော ဆုံးရှုံးမှုဖြစ်မည်နည်း။ တောင်ကြီး၊ လားရှိုး ပြင်ဦးလွင် အစရှိသော ဒေသများတွင် နေကြသူများသည် (ဘာ)



www.burmeseclassic.com

www.burmeseclassic.com



(၁၅)နှစ်အတွင်း မိမိတို့ဒေသ၏ ရာသီဥတု ပြောင်းလဲမှုကို သိကြပါသည်။ ယခုအခါ မြစ်ကြီးနားကဲ့သို့သော တောပတ်လည် ဝိုင်းရံထားသော နေရာဒေသတွင်ပင် ပူအိုက်လာသည်။

## တောင်ပေါ်ဒေသများလဲ ကြည့်သင့်

ယုံအီးပရိုဂျက်တိပ်ခွေသည် အလယ်ပိုင်းဒေသမှ ပြည်သူများသာမက ပြင်ဦးလွင်၊ တောင်ကြီး၊ လားရှိုးမှ ပြည်သူ လူထုပါ ကြည့်သင့်သောတိပ်ခွေ၊ သိသင့်သော နမူနာဖြစ်သည်။

ကျွန်တော်တို့သည် ထိုတိပ်ခွေကို ခရီးစဉ်တစ်လျှောက် ယူဆောင်ခဲ့ပြီး အချို့နေရာများတွင် ဝန်ထမ်းများကိုလည်းပြ၊ ပြည်သူလူထုကိုလည်းပြကြရသည်။



**သစ်တောစိမ်းလန်းစိုပြည်ရေးအတွက်** ပြည်သူလူထုကလည်း အသိတရားနှင့် ပါဝင်ရန်လိုသည်။





ကျွန်တော်သည် ငယ်စဉ် အရာရှိငယ်ဘဝက ချောက်မြို့ အမှတ်(၁) ကယားသေနတ်ကိုင်တပ်ရင်း၌ တာဝန်ကျစဉ် တာဝန် ဖြင့် ချောက်မှ ကျောက်ပန်းတောင်း၊ ချောက်မှ ရေနံချောင်းသို့ သွားရသောအခါ လမ်းဆုံ လမ်းခွနေရာဖြစ်သော ဝွေးချိုကို အမြဲဖြတ်ရသည်။ ဝွေးချိုက လမ်းဆုံဖြစ်၏။ ငယ်စဉ်ရွယ်စဉ် တက်ကြွသော အရာရှိငယ်ဘဝက ဝွေးချိုမှ ကြက်ကြော်နှင့် ဆိတ်သားချောက်ကို အလွန်ခံတွင်းတွေ့၏။ ဝွေးချို ထန်းရေ ခါးလေးနှင့်ဝွေးချိုက ကြက်ကြော် တော်တော်လိုက်ဖက်ပါသည်။

ဝွေးချိုက ကျွန်တော်တို့ငယ်ငယ်ကနှင့်မတူတော့။ ကျွန်တော်တို့ ကြီးလာ၍ ဒီနေရာကို ဖြတ်သွားဖြတ်လာ ပြုလုပ် တော့ ဝွေးချိုက ပို၍ပို၍ ပူလာသည်။

ငယ်ရွယ်စဉ်ဘဝကတော့ စစ်သားကလည်းဖြစ်ပြန်၊ တာဝန်ကလည်း စစ်ရေးစစ်ရာကို အဓိကထားသွားလာရတော့ ပတ်ဝန်းကျင်ဒေသကို ခေါင်းထဲထည့်ပြီး သိပ်မစဉ်းစားခဲ့။ စဉ်းစား ရမှန်းလည်းမသိ။ ဝွေးချိုရောက်လျှင် စားစရာရှိတာစား၊ သောက်စရာရှိတာသောက်ပြီး လိုရာကိုဆက်၍ သွားကြ၊ လာကြ သည်။


အသက်ကလည်းရလာ၊ သစ်တောဝန်ကြီးကလည်း ဖြစ် လာတော့ ပတ်ဝန်းကျင်ကိုကြည့်မိသောအခါ ကြည့်တာမြင်တာက အစ တစ်နိုင်ငံလုံးအတိုင်းအတာ၊ ကမ္ဘာ့အတိုင်းအတာ၊ ဒေသ တစ်ခုလုံးအတိုင်းအတာနှင့် ပိုပြီးကျယ်ကျယ်ဝန်းဝန်း ကြည့်မိမြင်မိ လာ၏။



www.burmeseclassic.com

www.burmeseclassic.com





ငွေးချိုတောင်တန်းကို တွေ့ရစဉ်။

## ငွေးချိုဆိုသောဒေသ

ကျွန်တော်တို့က မြန်မာပြည်အလယ်ပိုင်းအသွား၊ ငွေးချိုကို ဖြတ်သွားသောအခါ ငယ်စဉ်က သံယောဇဉ် စိတ်ကလေးကရှိနေတော့ ငွေးချိုဒေသ၌ ယုံအီးပရိဂျက်လိုစီမံကိန်းကြီး အကောင်အထည်ဖော်ရလျှင် ကောင်းမှာပဲဟု စိတ်ကူးသည်။

'ငွေးချိုတောင်တန်း စိမ်းလန်းစိုပြည်ရေးစီမံချက်' အကောင်အထည်ဖော်ရန် စိတ်ကူးမိသည်။


ချောက်မှ ရေနံချောင်းဘက်ကို လာပါကလည်း ငွေးချိုတွင် နားရ၏။ ကျောက်ပန်းတောင်းမှ ရေနံချောင်းဘက်သို့ သွားရာတွင်လည်း ငွေးချိုကို ဖြတ်ရသည်။ ဒီနေရာလေး စိမ်းလန်းနိုင်ခဲ့ပါက အညာပိုင်းဒေသအလယ်တွင် အိုအေစစ်ကလေးလို ဖြစ်လာနိုင်၏။





ငွေးချိုမောင်၊ တောင်ကတုံးကို၊ သျှောင်ထုံးလို့ ပေးလိုက်နိုင်ရင်တော့ ခရီးသွား၊ ခရီးလာများ၊ ဤဒေသ ဤနေရာသို့ရောက်လာသူများ နားကြ၊ နေကြ၊ အိုအေစစ်သဖွယ် အေးချမ်းမှုရကြမည်တည်းဟု ရည်မှန်းကာ ငွေးချိုတောင် စိမ်းလန်းစိုပြည်ရေးစီမံချက်ကို ရေးဆွဲသည်။ ထိုစီမံချက်ကို အတည်ပြု၍အကောင်အထည်ဖော်သည်။ ဝန်ကြီးက ချမှတ်ပေးသော စီမံချက်ဖြစ်၍ အားလုံးက ဝိုင်းလုပ်ကြသည်။

စီမံချက်အကောင်အထည်ဖော်ဖို့ ကျွန်တော်က ငွေရှာပေးရသည်။ ငွေရတော့ စီမံကိန်းကို စိတ်ဝင်တစား၊ တက်တက်ကြွကြွ အကောင်အထည်ဖော်မည့် သစ်တောဝန်ထမ်းများကို ရွေးရသည်။ ထို့နောက် ငွေးချိုရွာသို့ ကျွန်တော်ကိုယ်တိုင်သွားကာ ရွာလူကြီး



ငွေးချိုတောင် စိမ်းလန်းစိုပြည်ရေး အမြဲတမ်းမျိုးယူဥယျာဉ်



www.burmeseclassic.com

www.burmeseclassic.com



များနှင့် ညှိနှိုင်းရသည်။ နှစ်စဉ် တစ်နှစ်ပြီးတစ်နှစ် ဘာတွေ လုပ်မည်ဆိုတာကိုလည်း စီမံကိန်းအဆင့်များထားရှိ ရေးဆွဲထားသည်။

လုပ်ငန်းက ဒွေးချိုဒေသ စိမ်းလန်းစိုပြည်ရေးအတွက် သစ်ပင်စိုက်ပျိုးရန်ဖြစ်၏။

**ရွာသူရွာသားများအား** ယုံအီးပရိဂျက် တိပ်ခွေကိုဖွင့်ပြ ကာ **ဒွေးချိုဒေသကို** ယုံအီးဒေသလို ပြန်လည်စိမ်းလန်းလာအောင် **လုပ်ဆောင်ကြဖို့** ပြောပြရသည်။ စီမံကိန်းကာလအတွင်း ကျွန်တော် **ကိုယ်တိုင်** ဒွေးချိုသို့ မကြာခဏရောက်ကာ ဆိုင်ရာသစ်တော တာဝန်ခံများကိုလည်း သတ်သတ်မှတ်မှတ် တာဝန်ပေးပြီး ဆောင်ရွက်စေသည်။

စီမံချက်က သစ်ပင်စိုက်ထားသော တောင်ပေါ်သို့ အဆင့်ဆင့် ရေတင်ပေးနိုင်ရန် တွန်းပေးမည့်စက်များလိုသည်။ ဒွေးချိုဒေသတွင် ရေရရှိရန် အခြားစဉ်းစားလို့မရ။ အဝီစိတွင်းတူး၍ ရေရရှိအောင်သာ ဆောင်ရွက်၍ ရနိုင်သည်။ ရေအရင်းအမြစ်အဖြစ် မြေအောက်ရေကိုသာ အားကိုး၍ရနိုင်၏။ ထို့ကြောင့် ရေရရှိအောင် အဝီစိတွင်း စတူးသည်။ အဆင်ပြေသည်။ ဒွေးချိုဘက်က **တောင်တွင်** သစ်ပင်စစိုက်ဖြစ်သည်။

သစ်ပင်စိုက်ဖို့ကတော့ ဌာနဝန်ထမ်းနှင့် ဆောင်ရွက်၍ ရသည်၊ အရေးကြီးတာက စိုက်ပျိုးပြီးသစ်ပင်များကို လူသူ၊ ကျွဲ နွား **မဖျက်ဆီးရ**လေအောင် စောင့်ရှောက်ရန်နှင့် သစ်ပင်ကို **ရေပေးရမည့်ကိစ္စ။** ထိုကိစ္စများကို ရွာကလုပ်ဆောင်မှ ရမည် ဖြစ်သည်။





## ရွာလူကြီးများကိုဖိတ်

ဒွေးချိုမှ လူကြီးများကို ဖိတ်ကြား၍ အစီအစဉ်ကို **ပြောပြ၊** ယုံအီးပရိဂျက်တိပ်ခွေကို ပြသသောအခါ ရွာလူကြီးတို့က -

"ဗိုလ်ချုပ် ... ရွာကဆောင်ရွက်ရမယ့်ကိစ္စနဲ့ **ပတ်သက်ပြီး**တော့ စိတ်ချပါ။ ရွာကို ကျွန်တော်တို့ စည်းရုံးပေးပါမယ်။ ရွာလူထုကို စည်းရုံးလို့ရပါတယ်။ ဒါပေမယ့် ကိစ္စတစ်ရပ် တင်ပြပါရစေ"

ဟုဆိုပါ၏။

"ရွာဘက်က တင်ပြစရာရှိတဲ့ကိစ္စလည်း တင်ပြပါ"

ဟု ကျွန်တော်က ဖွင့်ပေးရ၏။

"ဗိုလ်ချုပ်ခင်ဗျား၊ ရွာမှာနေ့စဉ်ကြုံတွေ့နေရတဲ့ အခက် အခဲက သုံးရေ သောက်ရေ အခက်အခဲပါ။ ရွာမှာ သောက်စရာ ရေတောင် မရှိပါဘူး။ နွားစာကလည်းရှား၊ ရေကလည်းရှားတော့ တိရစ္ဆာန်တွေတောင် ရေတစ်ရက်၊ မြက်တစ်ရက် စားကြရရှာ ပါတယ်၊ ကျေးရွာရေပြည့်စုံရင် သစ်ပင်စိုက်ပျိုးရေးကိစ္စလည်း အောင်မြင်ပါမှာ"

"ကျေးရွာ ရေရရှိရင် ဗိုလ်ချုပ် ခိုင်းချင်တာခိုင်းပါ၊ ရွာက လုပ်ဆောင်ပေးပါမယ်"

ဟုဆိုကြ၏။

ထို့ကြောင့် ကျွန်တော်တို့သည် ကျေးရွာရေရရှိရေးကို ပထမ စဉ်းစား၍ အဝီစိတွင်းတစ်တွင်းကို တူးပေးလိုက်သည်။ မြေအောက် အဝီစိတွင်းမှ တစ်နာရီကို ရေဂါလန်(၄၀၀၀)



www.burmeseclassic.com

www.burmeseclassic.com



ထွက်ရှိရာ ရွာလူထုလည်း ပျော်ရွှင်သွားသည်။ ဗွေးချိုဒေသသည်-

"ရွှေကိုမလို-ရေကိုလိုသည်"

ဆိုသည့်ဒေသပင် ဖြစ်ပေသည်။

## ဗွေးချိုစီမံကိန်းစတင်

ရွာတွင်ရေရ၍ သုံးရေသောက်ရေ၊ တိရစ္ဆာန်များစားသုံးဖို့ အတွက် ရေကိုပါ ဝေးဝေးလံလံ သွားမခပ်ရဘဲ ရေခပ်ရသည်မှာ အပန်းကြီးတော့၍ သစ်ပင်စိုက်ပျိုးရေးကို အချိန်ပို၍ ပေးနိုင် မည်ဆိုသည်မှာ သံသယဖြစ်ဖွယ်မရှိ။ ၎င်းတို့တောင့်တသော ရေ သွားပြီဖြစ်၍ ဗွေးချိုနှင့် အနီးအနားမှ ရွာသူရွာသားများ စုဝေး ရောက်ရှိလာကြပြီး ဗွေးချိုတောင်ပေါ်အထိ တက်ကြ၊ သစ်ပင် စိုက်ရန်တွင်းများတူးကြတော့ မျိုးပင်ပျိုးပင်များကို တောင်ပေါ်သို့ သယ်ကာ စိုက်ပျိုးကြနှင့် စီမံချက်ကို ဝိုင်း၍ဆောင်ရွက် အကောင် အထည်ဖော်ကြတော့သည်။ ဗွေးချိုတောင်ခြေတစ်ဝိုက်တွင် ရာသီနှင့် ကိုက်ညီမည့် သစ်ပင်များကို ရွေးချယ်စိုက်ပျိုးကြသည်။ ကျွန်တော်လည်း ကျွန်တော်နှစ်သက်တာ ဆောင်ရွက်ရသဖြင့် ဝမ်းမြောက်ဝမ်းသာရှိသည်။ စိုက်ပျိုးပြီးအပင်များ တိရစ္ဆာန်များ မဖျက်ဆီးရအောင် ဆူးပင်များနှင့် ကာရံမှုကိုလည်း ပြုလုပ်သည်။

ယုံအိီးစီမံချက်တွင်ကား တောင်ထိပ်မှ သစ်ပင်စစိုက်ခြင်း ဖြစ်၍ ဗွေးချိုပရိုဂျက်က တောင်ခြေမှ တောင်ပေါ်သို့ တဖြည်းဖြည်း တက်သွားမည့် စီမံချက်ဖြစ်သည်။ စိုက်ပျိုးထားသောအပင်များ ရေခပြတ်စေရန်အတွက်လည်း တောင်ခြေသို့လည်းကောင်း အထက်သို့လည်းကောင်း ရေတင်ပိုက်လိုင်းများကို အဆင့်ဆင့်သွယ်





ကာ ရေတင်ပေးရပါသည်။ တစ်ကြိမ် ကျွန်တော်ရောက်တော့ စိုက်ပျိုးထားသောသစ်ပင်များ ရှင်သန်နေ၍ ကျွန်တော်သည် ရွှင်မြူး ကျေနပ်စွာဖြင့် တောင်ပေါ်သို့ ပြေးတက်ကြည့်မိ၏။ ကိုက်(၁၀၀) လောက်အထိရောက်မှ တပည့်များက သတိပေး၍ ပြန်ဆင်းလာ ခဲ့သည်။

## ယုန်အိီးတော မရနိုင်

ဗွေးချိုတောင်စိမ်းလန်းစိုပြည်ရေး စီမံချက်ကို ကြီးကြပ်ရန် သစ်တောဌာနမှ ဝန်ထမ်းအချို့ကိုပင် တာဝန်ချထားပေးသည်။ သို့သော်လည်း ဗွေးချိုစီမံချက်ကို ကျွန်တော်ကိုယ်ထိလက်ရောက် မကြီးကြပ်နိုင်ခဲ့။ ထိုအခေါက်ရောက်ပြီးနောက် ဆက်တိုက်လည်း မရောက်ဖြစ်ခဲ့ပေ။

သို့သော်လည်း ကျွန်တော်က ဗွေးချိုစီမံချက်အကြောင်း အမြဲတမ်းပင် မေးစမ်းမှုများ ဆက်တိုက်ပြုပါသည်။ ယုန်အိီး ဒေသနှင့် ဗွေးချိုဒေသသည် တောင်အမြင့်အနေအထား၊ ရာသီဥတု အနေအထား ကွာခြားမှုရှိကောင်း ရှိနေမည်။ စိုက်ပျိုးပြီး သစ်ပင် များကို သစ်တောဌာနနှင့် ရွာသားများ ပူးပေါင်းဆောင်ရွက်ကြရာ နှစ်ဖက်စလုံးမှ အားနည်းချက်များ ရှိဟန်တူသည်။ ရှင်းရှင်း လင်းလင်းပြောရလျှင် ဗွေးချိုစီမံချက်မအောင်မြင်ခဲ့။ ဗွေးချိုတွင် ယုန်အိီးမပေါက်နိုင်ရှာခဲ့ပါ။

ကျွန်တော်ကိုယ်တိုင်သွားပြီး ကြီးကြပ်နေဖို့၊ ရွာသားများကို အမြဲစည်းရုံးနေဖို့ဆိုတာကလည်း မဖြစ်နိုင်ပါ။ ရွာသားများသည်



www.burmeseclassic.com

www.burmeseclassic.com



သူတို့လိုအပ်သောရေ ရသောကြောင့် တစ်တောလုံးတစ်တောင်လုံး စိမ်းလန်းစိုပြည်ရေးကို အားလျှော့လိုက်လေသလားမသိ။

ငွေးချိုစီမံချက်ကို အကောင်အထည်ဖော်ခဲ့သေ . သစ်တောမှ အရာရှိငယ်တစ်ဦးနှင့် တွေ့ဆုံခိုက် ငွေးချိုစီမံချက် အကောင်အထည်ဖော်ခဲ့မှု အခြေအနေများနှင့်ပတ်သက်၍ ကျွန်တော်ကမေးရာ ထိုအရာရှိက -

"ကျွန်တော်တို့လည်း ကြိုးစားပြီး ဆောင်ရွက်ပါတယ်၊ သစ်တောဌာနနဲ့ ရှာသားများပူးပေါင်းဆောင် ရွက် ရမယ့် ကိစ္စတွေအတွက် ဆွေးနွေးတိုင်ပင်ကြပါတယ်။ နှစ်ဖက်စလုံးမှာ အားနည်းချက်တွေရှိပါတယ်။ ဝန်ကြီးမရောက်ဖြစ်တာလည်း ပါတယ်။ ငွေးချိုစီမံကိန်းနဲ့ပတ်သက်ပြီး ရွာသားတစ်ဦးက အစည်းအဝေးတစ်ခုမှာ သူ့အမြင်ကို အမှတ်တမဲ့ပြောတယ်ခင်ဗျ။ ကြားလိုက်ရတာကတော့ အခုလို ပူပြင်းခြောက်သွေ့ဒေသကြီးမှာ သစ်ပင်စိုက်လို့ကတော့ ယုန်အီးတော့မရနိုင်ဘူး၊ ယုန်ချေးပဲရမှာ" ဟု ပွင့်လင်းစွာ တင်ပြသည်ကိုကြားလိုက်ရတော့ ကျွန်တော်လည်း....

"ကဲ ..ကောင်ရော ....ကောင်းရော ....."

ဟုသာ ရေရွတ်နိုင်ပါတော့သည်။

❐



## သစ်တောသစ်ပင်

၆။ သစ်တောသစ်ပင်ပြုန်းတီးမှု

၇။ စက္ကူပေါ်မှာလား

၈။ သစ်တောသစ်ပင် ထိန်းသိမ်းစို့

၉။ မဟာမြိုင်

၁၀။ ခေါင်းဖြူဖြူနှင့် ဆောင်းခိုငှက်ကြီး



www.burmeseclassic.com

www.burmeseclassic.com

အခန်း (၆)

# သစ်တော သစ်ပင်ပြုန်းတီးမှု

သစ်တောသစ်ပင်သည် နိုင်ငံ၏ရတနာဖြစ်သည်။

သစ်ပင်သစ်တောပြုန်းတီးမှု၊ ဆုံးရှုံးမှုသည် နိုင်ငံ၏ အဖိုးတန် ရတနာများ ဆုံးရှုံးမှုဖြစ်သည်။ သစ်တော သစ်ပင်တည်း ဟူသောသယံဇာတ ဆုံးရှုံးမှုသည် ရွှေ၊ ငွေ၊ ကျောက်သံပတ္တမြား ဆိုသော ကျောက်မျက်ရတနာတို့ ဆုံးရှုံးမှုထက်ပို၍ တန်ဖိုးကြီး သည်။ ကိုးပါးသော ရတနာတို့ထက် သစ်တောရတနာသည်ပို၍ အဖိုးတန်၏။

ကျွန်တော် သစ်တောတာဝန်ကိုယူစဉ် ကမ္ဘာနှင့်အဝှမ်း သစ်ပင်သစ်တော ဆုံးရှုံးမှုတို့က ကြောက်ခမန်းလိလိပင်။ ထို့ ကြောင့် ကျွန်တော်တို့နိုင်ငံတွင် ထိုဆုံးရှုံးမှုများရပ်တန့်သွားအောင်၊ ထိုဆုံးရှုံးမှုများ လျော့နည်းသွားအောင် ကျွန်တော်က မိမိ[illegible]



www.burmeseclassic.com

www.burmeseclassic.com



ထက်ထက်မြက်မြက် အသုံးပြုလိုခြင်းဖြစ်သည်။ (၂၁)ရာစုတွင် မီဒီယာ၏အစွမ်းသည် ကြီးမား၏။ ကဏ္ဍအရပ်ရပ်တွင် သူမပါလျှင် မပြီးသလောက်ဖြစ်သောကြောင့် ကျွန်တော်က မီဒီယာကို တန်ဖိုးထားသလို သူ့ကို ထိထိရောက်ရောက်လည်း သုံးချင်သည်။

## သစ်တော သစ်ပင်

သစ်တောသစ်ပင်သည် ရာသီဥတုကို မျှတစေ၏။
ရေကြီးသောဘေးမှ ကာကွယ်ပေးသည်။
သစ်ပင်သည် ကမ်းမပြိုအောင် ထိန်းပေးသည်။
မြေဆီ၊ မြေလွှာများ ရေမတိုက်စားရအောင် ထိန်းသိမ်းပေးသည်။
သစ်တော၏ အအေးဓါတ်က မိုးရွာသွန်းမှုကို ဖြစ်စေ၏။
သစ်ပင်သစ်တောမှ သစ်ကိုရသည်။
သစ်ကိုလူ့အသုံးအဆောင်ပစ္စည်း၊ ဆောက်လုပ်ရေးပစ္စည်းများအဖြစ် လှပတင့်တယ်စွာ အသုံးပြုနိုင်၏။
ကဲ ... သစ်တောက မည်မျှ အသုံးဝင်ပါသနည်း?
သစ်တော၏ ကျေးဇူးတရားကား ကြီးမားလှ၏။
သို့သော်လည်း လူသားသည် သူ့အတွက် ဤမျှအဖိုးထိုက် အဖိုးတန်ဖြစ်သော သစ်ပင်သစ်တောကို မသိနားမလည်စွာဖြင့် ပြုန်းတီးနေသည်။ (၂၀)ရာစုနှောင်းပိုင်း သစ်တောပြုန်းတီးမှုသည် ကြောက်ခမန်းလိလိဖြစ်သည်။ ကျွမ်းကျင်သူပညာရှင်တို့က





အာရှတိုက်တွင် မူလကသစ်တောဧကပေါင်း (၈၁၅)သန်းရှိရာ ပျက်ခဲ့သော နှစ်အတော်ကြာမှစ၍ နှစ်စဉ်သစ်တောဧက (၁၇-၅)သန်း ဆုံးရှုံးမှုဖြစ်နေသည်ဟုဆို၏။

## သစ်တောပြုန်းတီးနေမှု ပမာဏ

အနောက်အာရှတွင် မူလက သစ်တောဧရိယာဧက (၇၇)သန်းရှိရာ နှစ်စဉ် (၂.၇)သန်း ပြုန်းတီးမှုရှိခဲ့သည်။ အရှေ့အာဖရိကတွင် မူလက သစ်တောဧရိယာဧက (၂၁၇)သန်းရှိရာ နှစ်စဉ်ဧက (..)သန်း ဆုံးရှုံးသည်ဟုသိရသည်။ အနောက်အာဖရိကတွင် မူလသစ်တော ဧရိယာဧက (၂၄၇)သန်းရှိရာ ယင်းအနက် (၂.၂)သန်း နှစ်စဉ်ဆုံးရှုံးမှုရှိပြီး အမေရိကအလယ်ပိုင်းတွင် မူလက သစ်တော



ကမ္ဘာ့လူသားအားလုံး၏ လေးပုံသုံးပုံသည် လောင်စာအဖြစ် ထင်းကိုသာ သုံးကြသည်။



www.burmeseclassic.com

www.burmeseclassic.com





ထင်းလိုအပ်ချက်သည် သစ်တောပြုန်းတီးမှုကို ဖြစ်စေသည်။





ကာ (၁၄၈)သန်းကေရှိရာ နှစ်စဉ်ဆုံးရှုံးသောဧကမှာ(၂.၅)သန်းဟု ဆိုသည်။ တောင်အမေရိကတိုက်တွင် မူလကသစ်တောဧက (၁၃၀၀)ရှိရာက နှစ်စဉ်ဆုံးရှုံးမှုမှာ ဧက (၂၂)သန်းဟု ဆိုပါသည်။

ဤကိန်းဂဏန်းများသည် ၁၉၈၅-ခုနှစ်ဝန်းကျင်က ကိန်းဂဏန်းများဖြစ်ရာ ယခုဆိုပါက ထိုကိန်းဂဏန်းများထက် ပိုမို၍ သွက်လက်လျင်မြန်စွာ ဆုံးရှုံးနေမည်မှာ သေချာလှပေသည်။

ကမ္ဘာ့အရပ်ရပ်တွင် အကြောင်းအမျိုးမျိုးတို့ကြောင့် သစ်တောသစ်ပင် ပြုန်းတီးမှုသည် နှစ်စဉ်ဧက (၂၅)သန်းမှ သန်း (၅၀)အထိရှိနိုင်ကြောင်း ပညာရှင်တို့က တွက်ချက်ပြထားသည်။

ဤအတိုင်းဆက်လက်၍ ဆုံးရှုံးနေပါက ကမ္ဘာကြီးအတွက်ရော ကမ္ဘာပေါ်တွင် မှီတင်းနေထိုင်ကြသော လူနှင့် သက်ရှိသတ္တဝါတိုင်းအတွက်ပါ အလွန်ကြီးမားသော အန္တရာယ်ကြီးဖြစ်သည်။ ဤကမ္ဘာကြီးတွင် သစ်ပင်နှင့်သတ္တဝါတို့သည် အပြန်အလှန် အကျိုးပြုကာဖြစ်တည်နေ ကြသည်။

သစ်တောသစ်ပင် ပြုန်းတီးခြင်းကြောင့် စားနပ်ရိက္ခာရှားပါးခြင်း၊ လောင်စာဆီရှားပါးခြင်း၊ ရာသီဥတု အခြေအနေဆိုးဝါးခြင်းတို့ ဖြစ်ပေါ်လာမည်။

၁၉၇၆-ခုနှစ်က ကုလသမဂ္ဂစားနပ်ရိက္ခာနှင့် စိုက်ပျိုးရေးအဖွဲ့၏ တိုင်းတာချက်အရ နှစ်စဉ်သစ်တောပြုန်းတီးမှုဧက စတုရန်းကီလိုမီတာ (၁၁၀၀၀၀) တစ်သိန်းတစ်သောင်းရှိသည်ဟု သိရသည်။ တစ်ဖန် ၁၉၇၉-ခုနှစ်တွင် ထပ်မံတိုင်းတာသောအခါ ၁၉၇၆-ခုနှစ်ကထက် စတုရန်းကီလိုမီတာ (၅၆၀၀၀) ပိုများသည်ဟုဆို၏။



www.burmeseclassic.com

www.burmeseclassic.com



အမေရိကန်ပြည်ထောင်စုအနှုပိုင်းဒေသ အထူးလေ့လာရေး
ကော်မတီမှ နော်မန်မေယာနှင့်အဖွဲ့က တွက်ချက်ကြည့်ရာတွင်
ကမ္ဘာပေါ်တွင် (၅)နာရီကြာတိုင်း သစ်တော (၅)စတုရန်း ကီလို
မီတာ ဆုံးရှုံးနေသည်ဟုဆိုသည်။

## ကမ္ဘာကြီး ပျက်သုန်းမည့်လမ်း


ဤကမ္ဘာမြေပေါ်တွင် သစ်ပင်မရှိပါက သက်ရှိတို့သည်
လည်း မရှိနိုင်။ သစ်ပင်နှင့်သတ္တဝါတို့၏ ဂေဟစနစ်ပျက်သုဉ်းမှုသည်
ကမ္ဘာကြီးပျက်သုဉ်းမည့် လမ်းစပင်ဖြစ်သည်။



ဤကမ္ဘာမြေပေါ်၌ မြို့ပြနေရာထိုင်ခင်းများ ပေါ်ပေါက်လာမှုသည်
သစ်တောကြီးများ ပျောက်ကွယ်ရန် လမ်းစများဖြစ်ခဲ့သည်။







လူသားတို့သည် ထင်းအစားထိုးလောင်စာကို
ရှာဖွေကြံဆအသုံးပြုကြရန် လိုသည်။ ထင်းက တောလည်းပြုန်း၊
ဖန်လုံအိမ်အာနိသင်ကိုလည်း ဖြစ်စေသည်။

သစ်တောပြုန်းတီးရခြင်း၏ အကြောင်းတို့ကများစွာရှိ၏။
အဓိကအကြောင်းရင်းတစ်ရပ်က လောင်စာအဖြစ်
ထင်းကိုအသုံးပြုရန် တောခုတ်ခြင်းဖြစ်သည်။ တန့်ဇန်းနီးယား
နိုင်ငံတွင် မိသားစုတစ်စုသည် သူတို့မိသားစု လိုအပ်ချက်အတွက်
ထင်းခွေသောရက်သည် တစ်နှစ်တွင် ရက်ပေါင်း (၂၅၀)မှ (၃၀၀)
အထိရှိသည်ဟုဆိုလေရာ အရေးကြီးရက်များမှအပ ထိုနိုင်ငံသူ
နိုင်ငံသားတို့သည် နေ့စဉ်ထင်းခွေနေရသည့် သဘောဖြစ်သည်။
လူ့ဘဝသည် ထင်းခွေရင်းနှင့် ကုန်ဆုံးနေရသည်။



www.burmeseclassic.com

www.burmeseclassic.com



ဇမ်ဘီယာ၊ နိုက်ဂျာ၊ ကိပ်ဗာဒီ၊ ဆီနီဂေါ၊ ချက်၊ မော်ရီတေ
နီးယား အစရှိသော နိုင်ငံများသည် ထင်းလောင်စာ ရှားပါးမှု
ရင်ဆိုင်နေကြရသော နိုင်ငံများဖြစ်သည်။

ကမ္ဘာ့လူသားအားလုံး၏ လေးပုံသုံးပုံသည် လိုအပ်သော
လောင်စာအတွက် ထင်းကိုသာ အသုံးပြုကြသည်။ ထို့ကြောင့်
လည်း **တစ်ချိန်က** သစ်တောသစ်ပင်တို့ဖြင့် ဝေဆာခဲ့သော
**ဒေသများသည်** မည်သို့မှ အသုံးမကျသော ဒေသများအဖြစ်သို့
**ဦးတည်ပြောင်းလဲလျက်ရှိ**ကြသည်။ လူသားတို့သည် ထင်းရှားပါး
**လာမှုကြောင့် ထင်းအစားထိုးလောင်စာများကို** ရှာဖွေကြံဆ
အသုံးပြုလာကြသည်များလည်းရှိနေသည်။ ကုလသမဂ္ဂ **စားနပ်**
**ရိက္ခာနှင့်** စိုက်ပျိုးရေးအဖွဲ့ (FAO)၏ ခန့်မှန်းချက်အရ **အာ**
အရှေ့ပိုင်းနှင့် အာဖရိကတိုက်တို့တွင် နှစ်စဉ်နွားချေးခြောက် တ
ချိန် သန်း(၄၀၀)ကို ထင်းအစားထိုး လောင်စာအဖြစ် အသုံးပြု
ကြောင်း သိရသည်။ နွားချေးခြောက်တစ်တန် မီးထိုးတိုင်း သီး
အထွက်နှုန်း (၅၀)ကီလိုဂရမ် လျော့နည်းဆုံးရှုံးကြောင်းလည်
တွက်ပြသည်။

## အငတ်ဘေးနှင့်ကြ

**အိန္ဒိယ**နိုင်ငံ ဟိမဝန္တာတောင်ကြောတွင် သစ်ပင်များခုတ်
**မှုကြောင့် မြေဆီလွှာ**အပေါ်ပိုင်းတွင် ရေတိုက်စားခံခဲ့ရပြီး မြေဆီလွှာ
**ပြုန်းတီးမှုများဖြစ်**ပေါ်လျက်ရှိသည်။ တစ်ဖန် မြေဆီလွှာပြုန်းတီး
**နေသော နေရာ**ပေါ်သို့ မိုးကရွာချသောအခါ မြေသည် ရေ
**မထိန်းနိုင်ဘဲ မြစ်ချောင်း**များအတွင်းသို့ ဒလဟော တရကြမ်း





**စီး**ဆင်းသွားကြသောကြောင့် အိန္ဒိယနှင့် ဘင်္ဂလားဒေ့ရှ်နိုင်ငံတွင်
**နှစ်စဉ်** ရေကြီးခြင်း၊ အငတ်ဘေးနှင့်ကြုံခြင်း၊ **လူထောင်ပေါင်း**
**များစွာ** အသက်ဆုံးရှုံးရခြင်းများ ဖြစ်ပေါ်နေရသည်**။**

နီပေါနိုင်ငံသည် သစ်တောပြုန်းတီးမှု၊ **မြေဆီလွှာ**
ရေတိုက်စားခံရမှုတို့ကြောင့် သီးနှံအထွက်နှုန်း တစ်နှစ်ထက်**တစ်နှစ်**
**ဆုတ်ယုတ်**လာသည်။ အာဖဂန်နစ္စတန်နိုင်ငံတွင်ကား သစ်တော
အားလုံးလိုလို ပြုန်းတီးကုန်ပြီဖြစ်၍ ယခင်က သစ်တော သစ်ပင်
တို့ဖြင့် တင့်တယ်လှသော အာဖဂန်နစ္စတန်နိုင်ငံသည် ယခုအခါ
မြေတလင်းပြောင်ကြီး ဖြစ်နေသည်။

အမေဇုံသစ်တောကြီးမှာလည်း သစ်ခုတ်သမားများ၏
ဒဏ်ကြောင့် တောပြုန်းလာခဲ့ရာ ယခုအခါ အမေဇုံ သဲကန္တာရ
အဖြစ်သို့ ဦးတည်ပြောင်းလဲနေသည်ဟုဆိုရမည်။ သစ်တောများ
ပြုန်းတီးမှုကြောင့် ဖန်လုံအိမ်အာနိသင်များ ပိုမိုတိုးပွားလာကာ
ကမ္ဘာကြီးမှာ ပို၍ပို၍ ပူနွေးလာမှုဆီသို့ ဦးတည်နေပြီဖြစ်သည်။
ကမ္ဘာကြီးသည် (၂)ဒီဂရီပူနွေးလာမည်ဟု ခန့်မှန်းထားရာမှ ယခု
(၃)ဒီဂရီပူနွေးဖို့ အကြောင်းများ ဖြစ်ပေါ်လာပြီဟု ကျွမ်းကျင်
သူများက ဆို၏။

အမေရိကန်လူမျိုးတို့က -

"ကမ္ဘာကြီး နှစ်ဆတိုးပူနွေးလာတော့ရော ဘာ**ဖြစ်လဲဗျာ။**
အပြင်ထွက်တဲ့အခါ ဦးထုပ်လေးဆောင်းသွားကြတာပေါ့"
ဟု ပျက်ရယ်ပြောဆိုကြသည်။

ထိုအခါသိပ္ပံပညာရှင်တို့က -



www.burmeseclassic.com

www.burmeseclassic.com



"ကမ္ဘာကြီး နှစ်ဆလောက် တိုးပူလာတော့ ဘာဖြစ်မလဲ ဆိုရင် (၁)မိနစ် အပူပေးရမယ့် နံပြားကို (၂)မိနစ် အပူပေးလိုက် သလို မီးသွေးဖြစ်သွားကြမှာပေါ့ဗျာ"
ဟုဆိုကြသည်။

## အစဉ်မပြတ် နည်းလမ်းရှာ

ထို့ကြောင့် သစ်တောသစ်ပင်ပြုန်းတီးမှု ကာကွယ်ရေး လုပ်ငန်းများကို နှစ်စဉ်တိုးချဲ့လုပ်ကိုင်ကြရမည်။ ကမ္ဘာပေါ်ရှိ လူသားအပေါင်းသည် သဘာဝပတ်ဝန်းကျင် ပျက်စီးယိုယွင်းမှု လျော့နည်းစေလိုပါက တစ်နေ့ထက်တစ်နေ့ သစ်တောပြုန်းတီးမှု ဖြစ်နေသည်ကို ရပ်ဆိုင်းအောင်ပြုလုပ်ရမည်ဟု အာဖရိကတိုက်၊ နိုင်ရိုဘီမြို့တွင် အခြေစိုက်ဖွင့်လှစ်ထားသော ကုလသမဂ္ဂ သဘာဝ



**ကမ္ဘာကြီးနှစ်ဆတိုးပူလာပါက (၁)မိနစ်ဖုတ်ရမည့်နံပြားကို (၂)မိနစ်ဖုတ်လိုက်သလို ဖြစ်သွားပါမည်။**





ပတ်ဝန်းကျင် အစီအစဉ်မှ ကမ္ဘာကြီးအား မကြာခဏ သတိပေး လျက်ရှိသည်။ သိပ္ပံပညာရှင်များကလည်း သစ်တော ထိန်းသိမ်း နည်း ပညာရပ်များကို ကောင်းသည်ထက်ကောင်းအောင် အစဉ် မပြတ် နည်းလမ်းရှာဖွေ ဖြန့်ချိလျက်ရှိသည်။

ကမ္ဘာ့ကုလသမဂ္ဂ ပတ်ဝန်းကျင်ထိန်းသိမ်းရေး အစီအစဉ်၊ ယူနက်စကို၊ စားနပ်ရိက္ခာနှင့်စိုက်ပျိုးရေးအဖွဲ့၊ ကမ္ဘာ့မိုးလေဝသအဖွဲ့ တို့သည် သစ်တောပြုန်းတီးမှု၊ ရာသီဥတုပြောင်းလဲလာမှုတို့ကို ရင်တမမနှင့် စောင့်ကြည့်နေပြီး ကမ္ဘာ့သူ ကမ္ဘာ့သားတို့အား သတိပေးစကားများ ထုတ်ပြန်ပေးလျက်ရှိ၏။



www.burmeseclassic.com

www.burmeseclassic.com

အခန်း (၇)

# စက္ကူပေါ်မှာလား?

ကျွန်တော် ငယ်စဉ်က တက္ကသိုလ်ပညာတတ်တစ်ဦး ဖြစ်လိုသည်။ သို့သော်လည်း ထိုလမ်းကြောင်းပေါ်တွင် လျှောက်ခွင့် တဲ့ စစ်သားဖြစ်လာသည်။ ကျွန်တော့်ဘဝက အသက်ထက်ဆုံး စစ်သား ဘဝဖြစ်သည်။ ထို့ကြောင့် ကျွန်တော့်မိသားစုမှလည်း စစ်သားမိသားစု၊ ကျွန်တော့်ဇနီးကလည်း စစ်သားဇနီးမယား ဖြစ်ပါသည်။ ကျွန်တော့်ဘဝတွင် စစ်သား၏ အသွင်သဏ္ဌာန်၊ စစ်၏ အသွင်အပြင်၊ စစ်၏ အရိပ်အယောင်တို့သာ လွှမ်းမိုး၍ ဟူသော အရာသည် ကျွန်တော်အကျင်လည်ရဆုံး၊ ကျွန်တော်နှင့် တွေ့မှုအရှိဆုံးဖြစ်သည်။ အမြဲတမ်း ကျွန်တော်နှင့် အတူရှိနေ ာက စစ်သဘောတရားများဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



## သစ်ပင်၊ သစ်တောနှင့် သားကောင်


သို့သော် ကျွန်တော် သစ်တောဝန်ကြီးတာဝန်ကို ထမ်းဆောင်လာသောအခါ ကျွန်တော်သည် စစ်ရေး စစ်ရာအပြင် ဒုတိယအကြောင်းအရာတစ်ခုကို စိတ်ဝင်စားလာသည်။ ဤအကြောင်းအရာသည် **စစ်သားဟူသော** အသွင်သဏ္ဌာန်ပြီးလျှင် ကျွန်တော့်ဘဝကို **အရိုးစွဲဆုံး**သောအရာဖြစ်သည်။ ထိုအရာသည် ဘာလဲဟုဆိုပါက **သစ်ပင်**၊ သစ်တောနှင့် သားရိုင်းတိရစ္ဆာန်များကိုဖြစ်သည်။

**သစ်တောဝန်ကြီး**ဘဝတွင် ကျွန်တော်သည် မြန်မာနိုင်ငံမြေပုံကိုချကာ ဘယ်နေရာတွင် ဘယ်သစ်တော၊ ဘယ်သစ်ပင်ရှိသည်။ ဘယ်နေရာတွင် ခြောက်သွေ့နေသည်ကို ကြည့်ရသည်။ ထိုသို့ မြေပုံပေါ်တွင်ကြည့်ရှုပြီး လက်တွေ့လည်း မြေပြင်၌ ထိုနေရာသို့ မရောက်ရောက်အောင်သွားသည်။

ကမ္ဘာကြီး ပူနွေးလာသဖြင့် သစ်ပင်သစ်တောများ ပြန်လည်ပျိုးထောင်မှသာ ထိုအန္တရာယ်ကို ကာကွယ်နိုင်မည်။ လူသားများအသုံးပြုခဲ့သော သစ်ပင်သစ်တောများကို လူသားတို့ ပြန်လည်စိုက်ပျိုးကြရမည်။ သို့မဟုတ်ပါက ဤကမ္ဘာမြေသည် ပျက်သုဉ်းရမည့် အခြေသို့ပင် ဆိုက်ရောက်နိုင်သည်။ ကမ္ဘာကြီး ပူနွေးလာကြောင်း ကမ္ဘာ့သိပ္ပံပညာရှင်များက ကမ္ဘာ့လူထုအား အဆက်မပြတ် သတိပေးလျက်ရှိသည်။







လူသားတို့၏ စွမ်းရည်ပြပွဲဟု ထင်မှတ်ခဲ့သော စက်မှုခေတ်ကြီးတွင် လေယာဉ်၊ မီးရထား၊ မော်တော်ကား၊ စက်ရုံ၊ အလုပ်ရုံတို့မှ စွန့်ထုတ်လိုက်သော မီးခိုးငွေ့များကြောင့် သက်တမ်းအနှစ်သန်း(၄၅၀၀)ကျော် ရှည်လျားခဲ့သော ဤကမ္ဘာကြီး ယနေ့/မနက်ဖြန် ပျက်သုဉ်းတော့မည်လော?

## မီးခိုးတလူလူဝေ

ဤကမ္ဘာမြေပေါ်တွင် စက်မှုခေတ်ကြီးကို (၁၇)ရာစု၊ (၁၈)ရာစုတွင်မှ စတင်ခဲ့ခြင်းဖြစ်သည်။ ၂၀ ရာစုအစဖြစ်သော ၁၉၀၃-ခုနှစ်တွင်မှ ရိုက်ညီနောင်သည် လေယာဉ်ပျံကို စတင်တီထွင်ခဲ့သည်။ စက်မှု ခေတ်ကြီးသည် လူသားကမ္ဘာအား များစွာပြောင်းလဲစေခဲ့သည်။ စက်မှုခေတ်ကြီး ထူထောင်မိသည်ကို



www.burmeseclassic.com

www.burmeseclassic.com



လူသားတို့က 'အရတော်လေစွ' ဟု ထင်မိခဲ့ကြသည်။ စက်မှုခေတ်သည် လူသားတို့၏ စွမ်းရည်ပြပွဲကြီးအဖြစ်ပင် ထင်မှတ်ခဲ့ကြသည်။

စက်မှုထွန်းကားလာကြောင်း စက်ရုံအလုပ်ရုံများ ကမ္ဘာ့နေရာအနှံ့တွင် ပေါ်ပေါက်လာခဲ့သည်။



သမုဒ္ဒရာရေမျက်နှာပြင် မြင့်တက်လာပါက လူတို့တည်ဆောက်ထားသော လှပသည့် ဤကဲ့သို့သော ကမ်းခြေများသည်လည်း ရေအောက်သို့ ရောက်ရပေတော့မည်။



"စက်ရုံ၊ အလုပ်ရုံ မီးခိုးတလူလူဝေ"

ဟု ဂုဏ်ယူစွာ သီချင်းများ စပ်ဆိုခဲ့ကြသည်။ ထိုမီးခိုးများသည် ကမ္ဘာကြီးပျက်သုဉ်းရလောက်အောင် အဖျက်စွမ်းအားကြီးမားသည့် အငွေ့များဖြစ်သည်ကို လူတို့မရိပ်စားမိခဲ့ကြချေ။

လေယာဉ်များ၊ မီးရထားများ၊ မော်တော်ကားများ၊ အင်ဂျင်စက်များကို တီထွင်ခဲ့ကြရာ ယင်းတို့မှလည်း မီးခိုးငွေ့များ ထုတ်ကြသည်။ စက်ရုံ၊ အလုပ်ရုံ၊ လေယာဉ်၊ မော်တော်ကား၊ မီးရထားတို့မှထွက်သော မီးခိုးငွေ့ထဲတွင် ကာဗွန်ဒိုင်အောက်ဆိုက် ပါဝင်သည်။ ထိုကာဗွန်ဒိုင်အောက်ဆိုက်က ကမ္ဘာကြီးကို ပူနွေးစေသည်။

ကမ္ဘာကြီး ပူနွေးလာပါက ဖြစ်ပေါ်လာမည့်ဆိုးကျိုးများက တန်းစီ၍ စောင့်ကြိုနေသည်။ ကမ္ဘာကြီး ပူနွေးလာသောကြောင့် ဝင်ရိုးစွန်းများရှိ ရေခဲပြင်ကြီးများ အရည်ပျော်ကာ သမုဒ္ဒရာရေမျက်နှာပြင် (၃)ပေမြင့်တက်လာလျှင် ဤကမ္ဘာမြေပေါ်မှ ကျွန်းနိုင်ငံများနှင့် အချို့သော မြစ်ဝကျွန်းပေါ်ဒေသများ ပျောက်ကွယ်သွားလိမ့်မည်ဖြစ်သည်။

## ကိစ္စနှစ်ရပ်

ကမ္ဘာကြီးပူနွေးလာမှုကြောင့် သစ်ပင်သစ်တောများ ပျက်စီးကြရမည်။ ကမ္ဘာကြီးပူနွေးလာမှုကို ကာကွယ်တားဆီးရန်အတွက် ကိစ္စကြီးနှစ်ရပ်ကို လုပ်ဆောင်ကြရမည်ဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



ပထမကိစ္စမှာ -

(၁) ကာဗွန်ဒိုင်အောက်ဆိုက်ဓါတ်ငွေ့ စွန့်ထုတ်မှုကို လျှော့ချရန်ဖြစ်ပြီး

(၂) ဒုတိယကိစ္စက သစ်တောသစ်ပင်စိုက်ပျိုးကြရန် ဖြစ်သည်။

သစ်တောသစ်ပင်သည် ရေနှင့် စိုထိုင်းဆကို ထိန်းသိမ်းသည်။ သစ်တောများက ကာဗွန်ဒိုင်အောက်ဆိုက်ဓါတ်ကို စုပ်ယူကြ၍ လူတို့အတွက် မရှိမဖြစ်လိုအပ်သော အောက်ဆီဂျင်ဓါတ်ငွေ့ကို ထုတ်ပေးသည်။ သစ်တောများသည် နေ့စဉ်လိုအပ်သော သစ်တောထွက်ပစ္စည်းများကို ထုတ်လုပ်ပေးသည်။ လူများသည် ဆေးဝါး၊ စားသောက်စရာ၊ နေထိုင်ရာ အဆောက်အဦနှင့် လူ့အသုံးအဆောင်များကို သစ်တောများမှသာ ရယူနေကြသည်။

သစ်တောများ ပြုန်းတီးမှုသည် ဤကမ္ဘာကြီး ပူနွေးမှုကို အားပေးနေသကဲ့သို့ရှိ၏။ ကမ္ဘာကြီး ပူနွေးလာမှုကြောင့် အပူပိုင်းဒေသများ သဲကန္တာရများပို၍ ကျယ်ဝန်းလာသည်။ သမုဒ္ဒရာရေပြင်ပို၍ မြင့်တက်လာသည်။ သမုဒ္ဒရာရေ၏ အပူချိန်တိုးလာသောအခါ ရေနေသက်ရှိများ၊ ငါးများ၊ သန္တာကျောက်တန်းများ အပါအဝင် ရေသယံဇာတများ ပျက်စီးမျိုးသုဉ်းကြရသည်။







## အစားမထိုးနိုင် အစားထိုးစရာမရှိ

ဤကမ္ဘာမြေကြီးသည် သစ်ပင်ပန်းမာလ်များ၊ သစ်တောကြီးများ၊ မြစ်၊ ချောင်း၊ အင်းအိုင်၊ သမုဒ္ဒရာများဖြင့် နေချင့်စဖွယ် တင့်တယ်လှပေသည်။ ငှက်ကလေးများ တေးဆို၍ ဒရယ်ဖိုကြီး တစ်ကောင် တောင်ထိပ်တစ်ခုပေါ်တွင် မားမားရပ်လျက်နေပုံမှာ အလွန် လှပသည်။ ဤကမ္ဘာမြေကြီးကို လူသားတို့သည် ဘာနှင့်မှ အစားထိုးနိုင်။ သတ္တလောက၊ ဩကာသလောက၊ သင်္ခါရ လောက ဟူသော လောကကြီး(၃)ပါး ရှင်သန်ဖြစ်တည်နေသော ကမ္ဘာကြီး၏ တည်ရှိနေမှုကလည်း အံ့ဩစရာဖြစ်ပေသည်။ သို့သော် -

- အခုတော့ ကမ္ဘာကြီးပျက်သုဉ်းကြတော့မည်တဲ့။
- ကျွန်တော်တို့ ဘာတွေလုပ်ကြရမည်နည်း?။
- ကာဗွန်ဒိုင်အောက်ဆိုက်ဓါတ် ထုတ်လွှင့်မှုများနေသော နိုင်ငံကြီးများကလည်း ကာဗွန်ဒိုင်အောက်ဆိုက်ဓါတ်ငွေ့ လျှော့ချရေးကို မလုပ်ဆောင်နိုင်ကြဘူးတဲ့။



www.burmeseclassic.com

www.burmeseclassic.com





ဤမှာဘက်ကမ်း ဖြုန်းတီး၍ပြီးပါက ဟိုမှာဘက်ကမ်းကလည်း မကြာမီဖြုန်းတီးတော့မည်မှာ လက်ခတ်မလွဲပါ။

- ကျွန်တော်တို့နေထိုင်ရာ ဤကမ္ဘာကြီး သာယာ စိုပြည်အောင် ကျွန်တော်တို့ လုပ်ဆောင်နိုင်သော တစ်ခုတည်းသောနည်းလမ်းမှ သစ်ပင်စိုက်ပျိုး ကြရန်ပင် ဖြစ်သည်။

ကမ္ဘာကြီး ပူနွေးလာမှုတွင် စက်မှုနိုင်ငံကြီးများကိုသာ ပုံချ၍မရ။ စက်မှုနိုင်ငံကြီးများက ထုတ်ဝေသော ပစ္စည်းများကို ကျွန်တော်တို့လည်း အသုံးပြုနေကြသည်။ ကျွန်တော်တို့ ကိုယ်တိုင် ကလည်း ထင်း၊ မီးသွေး လောင်စာများကို အဆမတန် ဖြုန်းတီး ပစ်ခဲ့ကြသည်။ သို့သော် ကျွန်တော်တို့ ဖြုန်းတီးပစ်ခဲ့သော သစ်တော သစ်ပင်တို့ကို ကျွန်တော်တို့ ကိုယ်တိုင်က ပြန်လည်စိုက်ပျိုးခြင်း မပြုခဲ့။





ကမ္ဘာမြေပေါ်တွင် သစ်တောများသည် အချို့နေရာများတွင် တစ်နှစ်လျှင် သုံးမိုင်လောက် ဆုတ်ပြေးနေကြသည်ဟုဆိုသည်။ လွန်ခဲ့သောနှစ်က ပဲခူးမြို့ပေါ်မှ ပဲခူးရိုးမထဲသို့ဝင်လျှင် (၁၅)မိုင်လောက် ဝင်မိရုံဖြင့် သစ်ပင်သစ်တောကို တွေ့ရသော်လည်း ယခုနှစ်ဝင်ပါက (၁၈)မိုင်လောက် ဝင်ရောက်မှ သစ်တောကိုတွေ့ရှိရတော့သည်။ ဤသည်ကို သစ်တောများ တစ်နှစ် (၃)မိုင် ဆုတ်ပြေးနေခြင်းဟု တင်စားခေါ်ဆိုခြင်းဖြစ်သည်။

ကမ္ဘာကြီးပူနွေးလာမှုကို တားဆီးရန် စာပေသည် အလွန်အင်အားကြီးမားသော လက်နက်တစ်ရပ်ဖြစ်သည်။ ကမ္ဘာကြီးပူနွေးအောင်ပြုလုပ်နေသူတစ်ဦး၏ အသည်းနှလုံးကို စာလေးတစ်ကြောင်းဖြင့် ထိခိုက်အောင် စွမ်းဆောင်နိုင်သည်။

## ငှားရမ်းထားသောပစ္စည်း

ကုလသမဂ္ဂ ပတ်ဝန်းကျင်ထိန်းသိမ်းရေး အစီအစဉ်၊ အမှုဆောင်ဒါရိုက်တာ ဒေါက်တာမတ်စတာဖာကေ တိုလ်ဘာ (Dr. Mastafa K Tolba, Executive Director, United Nation Environment Programme) က -

"ဤကမ္ဘာမြေကြီးသည် ကျွန်ုပ်တို့ ဘိုးဘွားများထံမှ အမွေရရှိခဲ့ခြင်း မဟုတ်။ ကျွန်ုပ်တို့ သားမြေးများထံမှ ငှားယူထားခြင်းဖြစ်သည်။ ထို့ကြောင့် ငှားရမ်းထားသောပစ္စည်းကို ပြန်ပေးရမည်ဆိုပါက မူလငှားရမ်းထားစဉ်ကအတိုင်း



www.burmeseclassic.com

www.burmeseclassic.com



ပြန်ပေးရန်တာဝန်ရှိသောကြောင့် ကျွန်ုပ်တို့၏
သားမြေးများပိုင်ပစ္စည်းကို သူတို့ထံ ပြန်လှန်
အပ်နှံရာတွင် ဤကမ္ဘာမြေကြီးအား နေချင့်စဖွယ်
ဖြစ်အောင် ကျွန်ုပ်တို့သည် ယခုပင်ပြုလုပ်ကြ
ရမည်။"

ဟု ဆိုခဲ့ပါ၏။

## ဒုတိယအသင့်တော်ဆုံးအချိန်

**ထိုစကားရပ်သည်** ကမ္ဘာပြည်သူပြည်သားများစွာတို့အား ဤကမ္ဘာမြေပေါ်၌ စိမ်းလန်းစိုပြည်ရေး လုပ်ဆောင်ရန်၊ အင်အားများ၊ အသိပညာများကို ပေးစွမ်းနိုင်သော စကားရပ်ဖြစ်ခဲ့သည်။

နောက်စကားတစ်ရပ်က

The best time , to plant a tree was 20 years ago.

The second best time is now.

ဟု ဆိုပါ၏။

တကယ်တော့ ဤကမ္ဘာမြေပေါ်တွင် သစ်ပင်စိုက်သင့်သော အချိန်က လွန်ခဲ့သော အနှစ်(၂၀)က ဖြစ်သည်။ သို့သော် သစ်ပင်စိုက်ပျိုးရန် ဒုတိယအသင့်တော်ဆုံးအချိန်သည် ယခုပင်ဖြစ်သည်ဟုဆိုသည်။ ဤစကားရပ်ကလည်း သစ်ပင်စိုက်ပျိုးရန် ဘယ်အခြေအနေသို့ ရောက်ရှိနေသည်ကို တိတိကျကျ ညွှန်ပြထားသော စာသားဖြစ်သည်။





## သစ်ပင်စိုက်လျှင် အပယ်တံခါးပိတ်နိုင်

"သစ်ပင်စိုက်ပျိုးခြင်းနှင့် ပတ်သက်၍ မန်လည်ဆရာတော်ကြီးက သူ၏ မဃဒေဝလင်္ကာ (၄၀၄-၅)တွင် တိတိကျကျ ရေးသားဆုံးမခဲ့သည်။ သစ်ပင်စိုက်ပျိုးသောကုသိုလ်သည် ဇရပ်တန်ဆောင်း၊ ကျောင်း၊ ကန်၊ ရေတွင်းတို့လှူသော ကုသိုလ်နှင့် အတူတူပင်ဖြစ်သည်။ သစ်တစ်ပင်စိုက်ပျိုးသော ကုသိုလ်သည် အပါယ်ငရဲကို ဖယ်လွှဲနိုင်သည်"ဟု မန်လည်ဆရာတော်ကြီးက ဆို၏။

တစ်ဖြာထိုမှ၊ မနုဿဟု
ဘဝအိမ်ထောင်၊ လူတို့ဘောင်တွင်
ညောင်ဗုဒ္ဓဟေ၊ စိုက်လေတမာ
တစ်ပင်သာနှင့်၊ စိုက်ရသသူ
ထိုသည့်လူသား၊ နောင်မှုအမြဲ
ဘဝလွှဲသော်၊ ငရဲမှုချ
မကျနိုင်ရာ၊ မချွတ်စွာဟု
ကျမ်းလာအမှန်၊ ဟောပြညွှန်သည်
ပုရာဏ်ဓောတိ၊ သံပိုင်းတည်း။

"လူ့ဘောင်ဘဝတွင် ညောင်တစ်ပင်၊ တမာတစ်ပင်စသည်ဖြင့် အရိပ်ရပင် တစ်ပင်ကို စိုက်လျှင်ပင် ထိုလူသားသည် နောင်လျှင်အမြဲ ငရဲမကျဖြစ်လေရသည်ဟု ရှေးဟောင်းစာပေတို့က ဆိုကြောင်းကို"

ညွှန်ပြ၍ ဆရာတော်ကြီးက သစ်ပင်စိုက်ပျိုးရန် ဆော်ဩခဲ့သည်။



www.burmeseclassic.com

www.burmeseclassic.com





ဤကမ္ဘာကြီးကို ကယ်တင်ရေးအတွက်
ကျွန်တော်တို့လုပ်နိုင်သောနည်းမှာ ကျွန်တော်တို့သုံးစွဲခဲ့သည့်
အရည်အတွက်နှင့်အညီ သစ်ပင်စိုက်ကြရန်ဖြစ်သည်။





ပတ်ဝန်းကျင်ထိန်းသိမ်းရေးအတွက်၊ လူသားတို့အတွက် သတိပေးစကားရပ် အသွယ်သွယ်ရှိကြကုန်၏။

"ရေထုညစ်ညမ်းမှုကို ယနေ့ပင်ရပ်ပစ်မှ
မနက်ဖြန်ရေကောင်း ရေသန့်ရမည်"။

× × ×

"ပတ်ဝန်းကျင်ညစ်ညမ်းအောင်ပြုလုပ်သော
သင့်လက်ကို ဆေးကြော၍ မစင်နိုင်တော့ပြီ"။

× × ×

"သောတအာရုံများ ပျောက်ကွယ်သွားပါက
ကျွန်ုပ်တို့တွင် နားရှိရန်မလို"။

× × ×

"ယနေ့ကမ္ဘာတွင် ဆူညံသံများသည်
ကျွန်ုပ်တို့အား ကြီးမားစွာ နှိပ်စက်လျက်ရှိ၏"။

× × ×

"သဘာဝပတ်ဝန်းကျင်နှင့် ပတ်သက်၍
ကျွန်ုပ်တို့ဆင်ခြင်သဘောပေါက်ဖို့လိုပြီ"။

× × ×

"သစ်တစ်ပင်ခုတ်မည်ဟု ကြံစည်ခြင်းသည်
မိမိကိုယ်မိမိသေကြောင်းကြံစည်မှုနှင့် အတူတူဖြစ်သည်"။

× × ×



www.burmeseclassic.com

www.burmeseclassic.com



## အမေဇုံ

တကယ်လည်း ကမ္ဘာပေါ်တွင် အနှစ်(၅၀) အတွင်း သစ်တောသစ်ပင်ဆုံးရှုံးမှုတို့က အဖတ်ဆည်၍ မရနိုင်လောက် အောင်ဖြစ်ခဲ့၏။ ဥပမာ ဘရာဇီး(လ်)နိုင်ငံတွင်ရှိသော အမေဇုံ Amazon သစ်တောကြီးသည် အီကွေတာ သစ်တောကြီးဖြစ်သည်။ တစ်နှစ်ပတ်လုံး မိုးရေရရှိသော သစ်တောကြီးဖြစ်သောကြောင့် Rain Forest ဟုလည်း ခေါ်သည်။ ၁၉၅၀-ပြည့်နှစ်ဝန်းကျင်က အမေဇုန်သစ်တောကြီးသည် အကောင်းပကတိ ကျန်ရှိနေသေး သည်။ လူတို့ တိုးမပေါက်အောင် သစ်တောကထူထပ်၏။ သားရဲ တိရစ္ဆာန်တို့ကလည်း သစ်တောကြီးနှင့် အပြည့်ရှိနေသည်။ ကျေးငှက်မျိုးစုံ၊ တွားသွားသတ္တဝါမျိုးစုံ၊ မြွေ၊ မိချောင်း၊ ကင်းလိပ် ရောမှအစ သားကောင်ကြီးများဖြစ်ကြသော ကျား၊ ဆင်၊ ခြသေ့ ကြံ့ စသည်ဖြင့် တောကောင်မျိုးစုံရှိ၏။ ဘုရားသခင်က ဖန်ဆင်း ထားသည်ဟု ပြောစမှတ်ဖြစ်ရလောက်အောင် အမေဇုံသစ်တော ကြီးတွင် သစ်ပင်နှင့် တိရစ္ဆာန်တို့ ထူထပ်သိပ်သည်း ဆန်းကြယ် များပြား စွာတည်ရှိနေသည်။

အမေဇုံမြစ်ဝှမ်းသစ်တောကြီးအကြောင်းနှင့် ပတ်သက်၍ သဘာဝပတ်ဝန်းကျင်ကို စိတ်ဝင်စားသူတို့က အံ့မခန်း၊ ရှုမဆုံး ကြည့်မဝ ကမ္ဘာ့အံ့ဘွယ်ရာ သစ်တောကြီးအဖြစ် ပုံစံအမျိုးမျိုး မှုထောင့်အသွယ်သွယ်မှ ရိုက်ကူးရေးသားပြသကြ၏။







စားစရာမရှိသောကြောင့် ဤသတ္တဝါသေဆုံးသည့်နည်းတူ ရေနှင့် စားသောက်ဖွယ်ရာတို့ ရှားပါးမှုကြောင့် ဤသတ္တဝါ ကြုံတွေ့ရသည့်အတိုင်း ကြုံတွေ့လေမလားဟူသော သံသယက လူသားကမ္ဘာကို ခြိမ်းခြောက်လျက်ရှိသည်။

## မဟာမြိုင်

ထိုအမေဇုံသစ်တောကြီးနှင့် တင်စားရလောက်အောင် အဖိုးတန်သော သစ်တောကြီးတစ်ခုသည် မြန်မာနိုင်ငံတွင်ရှိ၏။ ထိုသစ်တောကြီးကား ရေဦး-ကလေးဝလမ်းပေါ်ရှိ ''မဟာမြိုင် တောကြီး'' ဖြစ်သည်။ ထိုသစ်တောကြီးကို ကျွန်တော်တို့ နိုင်ငံက ထိန်းသိမ်းထားနိုင်ခြင်းသည် ဂုဏ်ယူဖွယ်ရာ ထူးခြားသော ခွမ်းရည်၊ ထူးခြားသောစောင့်စည်းမှု ဖြစ်ပေသည်။



www.burmeseclassic.com

www.burmeseclassic.com



အမေဇုံသစ်တောကြီးသည် အနှစ်(၅၀)ကာလအတွင်း လူသားတို့က စက်ယန္တရားကြီးများကို အသုံးပြုခုတ်ထွင်ခဲ့ခြင်းကြောင့် ပျက်စီးခဲ့ရပြီး။ လူသားအားလုံးပိုင် အဖိုးတန် ကမ္ဘာ့သယံဇာတပစ္စည်းကြီးတစ်ခု ဤကမ္ဘာမြေပေါ်မှ ပျောက်ဆုံးရမှုကြီး ဖြစ်၏။ အမေဇုံကို ပြန်လည်ထိန်းသိမ်းရန် ကမ္ဘာ့ဘဏ် (World Bank)အပါအဝင် ဒေသဆိုင်ရာ ဖွံ့ဖြိုးရေးအဖွဲ့များ၊ အစီအစဉ်များနှင့် ဘရာဇီးလ်အစိုးရတို့က အစွမ်းကုန်ကြိုးစားခဲ့ကြသော်လည်း မူလအမေဇုံသစ်တောကြီးကိုကား ပြန်မရနိုင်တော့ချေ။ ကျွန်တော်သည် အမေဇုံသစ်တောကြီးနှင့် ခိုင်းနှိုင်းတင်စား၍ရသော မဟာမြိုင်သစ်တောကြီးအတွင်းသို့ ကိုယ်တိုင်သွားရောက်လေ့လာရန် ဆန္ဒရှိ၍ စီစဉ်ထားပါသည်။

## ပါချန်ကြိုးဝိုင်း

အလားတူပင် ဒုတိယကျွန်တော်စိတ်ဝင်စားသော အမြဲစိမ်းသစ်တောကြီး ဖုံးလွှမ်းနေသည့်နေရာက ပါချန်ကြိုးဝိုင်းဖြစ်၏။ ပါချန်ကြိုးဝိုင်းကို ကမ္ဘာက မည်ကဲ့သို့တင်စားသနည်းဟုဆိုပါက အရှေ့တောင်အာရှ၏ အလှဘုရင်မ (Beauty Queen of South-East Asia) ဟု ခေါ်ကြောင်း ကျွန်တော်၏ သေတစ်နေ့နေ့တစ်နေ့စာအုပ်တွင် ဖော်ပြခဲ့ပြီး ဖြစ်ပါသည်။ ပါချန်ကြိုးဝိုင်းကို "It is the last foot hold of South-East Asia." အမြဲစိမ်းသစ်တောကြီး၊ သစ်အုပ်ကြီးများ၏ နောက်ဆုံးကျန်သည်တစ်ခုတည်းသော ခြေကုတ်စခန်းဟု ဆိုကြသည်။ ပါချန်မရှိလျှင် ဤအရှေ့တောင်အာရှ





...ပေါ်တွင် အမြဲစိမ်းသစ်တော (Ever Green Forest) မရှိတော့။

ပါချန်ကြိုးဝိုင်းတွင် သစ်တော သစ်ပင်မျိုးစုံ၊ သားတောင်...စုံ ကျေးငှက်သာရကာမျိုးစုံရှိသည်။ မိချောင်း၊ ဆုံစကြား...များနှင့် ကြံ့တို့ပင်ရှိသည်။ ပါချန်ကြိုးဝိုင်းကဲ့သို့ အဖိုးတန်သော ...ခြားကြိုးဝိုင်းများမှာ သကျက်ကြိုးဝိုင်း၊ လေညာကြိုးဝိုင်းတို့ ...ဖြစ်၏။

သကျက်ကြိုးဝိုင်း၊ လေညာကြိုးဝိုင်းစသည်တို့မှာလည်း ...တ်နှင့် ကော့သောင်းမြို့နယ်အကြား ပါချန်ကြိုးဝိုင်းနှင့် တစ်ဆက်...ည်း တစ်ခွင်တည်းတွင်ရှိသော အမြဲစိမ်းသစ်တောများဖုံးလွှမ်းရာ ...ရာဒေသများဖြစ်သည်။

ဤသစ်တောကြိုးဝိုင်းများရှိရာ တနင်္သာရီ ကမ်းရိုးတန်း ...တစ်ခုလုံးသည် မြန်မာနိုင်ငံ၏ ရတနာသိုက်ကြီးပင်ဖြစ်ရာ ထို ...သကြီးကိုလည်း ကျွန်တော်က စိတ်ဝင်စားသည်။ ယခုသစ်တော ...နှင့် ပတ်သက်၍ တာဝန်ရှိချိန်တွင် ကျွန်တော် ချစ်မြတ်နိုးသော ...နင်္သာရီတိုင်းသို့လည်းသွားရန် စီစဉ်ထားပါသည်။

## စက္ကူပေါ်မှာလား

ကျွန်တော်သည် မြန်မာပြည် မြေပုံကြီးချကာ သစ်ပင် ...စ်တောများအကြောင်း လေ့လာရာတွင် ဒီရေတောများ ...ကြောင်း၊ ပို၍အရေးကြီးသော ရေတိမ်ဒေသ (Wetland) ...ကြောင်းကိုပါ တိုးချဲ့၍ လေ့လာခဲ့သည်။ အားလုံးသည် ...ရေးကြီးကိစ္စများဖြစ်၏။ တစ်နေ့တွင် ကျွန်တော်သည် မြန်မာပြည်



www.burmeseclassic.com

www.burmeseclassic.com



အလယ်ပိုင်း၊ ပဲခူးရိုးမမှ သစ်တောများအကြောင်းကို လေ့လာနေ
သစ်တောမှ ညွှန်ကြားရေးမှူးချုပ် ဦးမြတ်သင်းရောက်ရှိလာပြီး

"ဗိုလ်ချုပ် - ပခုက္ကူဦးအုံးဖေက မြန်မာနိုင်ငံ
သစ်တောတွေ ရှိသေးရဲ့လား၊ သစ်တောတွေရှိတယ်ဆိုတာ စ
ပေါ်မှာ ရှိတာလား၊ အမှန်ရှိတာလားဆိုပြီး မေးပါတယ်"
ဟုဆိုသည်။

"**အဲဒီတော့** ဘယ်လိုဖြေခဲ့လဲ?"

**ဟုကျွန်တော်က** မေးရာ -

"**ကျွန်တော်က** တကယ်ရှိတာပါလို့ ဖြေခဲ့ပါတယ်"

ဟုဦးမြတ်သင်းက ဆိုသည်။

"ခက်တာပဲ၊ ကျွန်တော်တို့က အမှန်ပြောတာပါ။ အ
အချိန်မှာ မဟုတ်တာ ပြောလို့မရဘူး။ ကောင်းကင်ဓါတ်ပုံတွေ
အလွန်မှ အစွမ်းထက် အားကောင်းပြီး လူတစ်ယောက်
သွားနိုင်တဲ့ တောလမ်းလေးကိုတောင် ကောင်းကင်ဓါတ်ပုံ
မြင်နိုင်တယ်။ ကောင်းကင်ဓါတ်ပုံတွေက သစ်တောနယ်
လယ်ယာမြေ၊ အိမ်၊ ခြံ၊ မြေ ထူထောင်ထားတဲ့ မြေဧရိယ
အကျယ်အဝန်းကို အတိအကျ တွက်ချက်ပေးနိုင်တဲ့ကာလ
ဘာမှမဟုတ်တာ ပြောလို့မရဘူး။ သစ်တော ဘယ်လော
ထွန်းတယ်ဆိုတာကိုရော ကျွန်တော်တို့က အမှန်အတိုင်း မ
နိုင်မှာလဲ။ ခင်ဗျားသိတဲ့အတိုင်းပဲ။ မြန်မာနိုင်ငံထဲက သဲကျ
မြင်နိုင်တဲ့ နိမိတ်ပြအစက်ကလေး (၂)စက်ကိုတောင် ရော
အခြေစိုက် (FAO)ရုံးက ပညာရှင်တွေက လက်ညှိုးထိုးပြ





ယ်။ အခု နဝတအစိုးရလက်ထက်မှာ တစ်ဘက်နိုင်ငံက
စ်ကုန်သည်တွေက ကောင်းကင်က မြေပုံကိုကိုင်ပြီး ဟောဒီ
စ်ကွက်က သူတို့နိုင်ငံဘက်ကထုတ်ရင် အလွန်လွယ်တယ်၊
န်တော်တို့ကိုပေးပါဆိုပြီးတောင် ညှိနှိုင်းလာကြတဲ့အချိန်အခါ
မှာ မမှန်တာပြောလို့လည်း ဘယ်ရမလဲဗျာ"

"ကျွန်တော်တို့ နယ်စပ်မှာ သစ်ခိုးထုတ်နေတာတွေ၊
စ်ခုတ်နေကြတာတွေကိုလည်း ကျွန်တော်တို့က ဒီကောင်းကင်
ါတ်ပုံကပဲကြည့်ပြီး ဘယ်နေရာမှာ သစ်ခိုးနေတယ်ဆိုတာ သိရတာ
ဟုတ်လား"

ဟုဆိုပြီး ကျွန်တော်က ဦးမြတ်သင်းကို ပြောလိုက်သည်။

## ခေါင်းဖြူဖြူ ပင်နီတိုက်ပုံနှင့်

မကြာသေးမီက မြန်မာနိုင်ငံ၏ (၅၁)ရာခိုင်နှုန်းသော
မြေဧရိယာမှာ သစ်တောများ ဖုံးအုပ်လျက်ရှိသည်။ သစ်တောဖုံး
သော မြေဧရိယာ (Forest Covered Area)တစ်ပြည်လုံးတွင်
(၅၁)ရာခိုင်နှုန်းခန့်ရှိသည်ဟု ကြေညာခဲ့ရာ ထိုကိန်းစွကို ပခုက္ကူ
ဦးအုံးဖေက မသင်္ကာ၍မေးခြင်းဖြစ်သည်။

ပခုက္ကူဦးအုံးဖေက ထိုသို့ ပြောလာတော့ ကျွန်တော်က
ခုက္ကူဦးအုံးဖေနှင့် ပတ်သက်၍ မီဒီယာသမားများနှင့် တွေ့ဆုံပွဲ
တွင် ခေါင်းဖြူဖြူ ပင်နီတိုက်ပုံနှင့် ပုဆိုးတိုတိုဝတ်ပြီး ဟိုဘက်က
ပြောတာနားထောင်လိုက်၊ ဒီဘက်က ပြောတာ နားထောင်လိုက်
ုပ်နေခဲ့သည့် ဦးအုံးဖေကို မျက်စေ့တွင် ပြန်မြင်လာမိသည်။



www.burmeseclassic.com

www.burmeseclassic.com



တစ်ဖန်ကျွန်တော်တို့ ပခုက္ကူ၌ ကိုအေးမောင်၊ ဦးစမ်တို့ ကြက်အကြောင်းပြောနေစဉ် ကြက်နှင့် ပတ်သက်၍ ဘာမှ သလို ကျွန်တော်တို့ ကြက်အကြောင်းပြောနေတာကို နားမလည်သော ဘာသာစကားနှင့် ပြောနေသလို မကြားယောင် နေခဲ့သော ဟန်ဆောင်ကောင်းသော အဘိုးအို၏ ပုံသဏ္ဌာန် လည်း ပြန်မြင်လာသည်။

ကျွန်တော် တရုတ်ပြည်သို့ ဒုတိယအခေါက်သွား လေယာဉ်ပျံပေါ်၌ စာပေနှင့် စာနယ်ဇင်းအဖွဲ့တစ်ဖွဲ့နှင့် တွေ့ဆုံ ခရုက္ကူဦးအုံးဖေလည်း ပါလာသည်ကိုတွေ့ရပြီး ကျွန်တော် တကယ်လိုက်လိုက်လှဲလှဲပင် ''တရုတ်ပြည်မှာ အခက်အခဲရှိ ပြောပါ။ သံရုံးမှ တစ်ဆင့်ပြောလျှင် ကျွန်တော့်ဆီရောက်ပါတယ် ဆက်သွယ် လို့ရပါတယ်'' ဟုပြောခဲ့သည်ကိုလည်း ပြန်၍သတိ နေမိသည်။

ကျွန်တော်က မီဒီယာကို အသုံးပြု၍ သစ်ပင်သစ်တော စိမ်းလမ်းစိုပြည်ရေးအတွက် ပြည်သူကို အသိပေးချင်နေရာ အ တော့ မီဒီယာထဲကိုရောက်နေသော ပခုက္ကူ ဦးအုံးဖေကဲ့သို့သော နိုင်ငံတွင် အထင်ကရပုဂ္ဂိုလ်ကြီးက -

''တကယ်လား စက္ကူပေါ်မှာလား''

ဟု မေးသောကြောင့် ကျွန်တော် စိတ်မကောင်းဖြစ်မိသည်ကား အမှန်ပင်။

❒



အခန်း (၈)

## သစ်တောသစ်ပင်ထိန်းသိမ်းစို့

တစ်နေ့ ကျွန်တော်ရုံးခန်းအတွင်း၌ရှိနေစဉ် ဝန်ထမ်း တစ်ယောက်ရောက်လာပြီး သစ်တောနှင့် ပတ်သက်သော ဆောင်းပါးတစ်ပုဒ်ပါရှိသည်ဟု သတင်းပေးသည်။ သစ်တော ပညာပေးဆောင်းပါးဆိုပါက သဲသဲလှုပ် ဖြစ်တတ်သော ကျွန်တော် က ဘယ်သူရေးတာလဲမေးရာ ပခုက္ကူဦးအုံးဖေဟု သိရ ဦးအုံးဖေဆိုပါလား ...။

''ဟာ ဒါဆိုရင်တော့ တကယ်ရှိတာလား၊ စက္ကူပေါ် မှာလားအကြောင်းတော့ ရေးမှာပဲ''


ဟုဆိုကာ ထိုဆောင်းပါးကို ဖတ်လိုက်တော့ ... လားလား ... တကယ့် သစ်တောပညာပေး ဆောင်းပါးတစ်ပုဒ် ဖြစ်နေ ပါပကော။ ပခုက္ကူ ဦးအုံးဖေရေးထားသည့်အတိုင်း ကျွန်တော် ပြန်လည် ဖော်ပြလိုက်ပါသည်။



www.burmeseclassic.com

www.burmeseclassic.com





စန္ဒကူးတော ဧက(၁၁၀၀)စိုက်ခင်း။

## သစ်တောများ ထိန်းသိမ်းကြပါစို့

သစ်တောများ တဖြည်းဖြည်း ပြုန်းတီးလာသည့်အတွက် တောရိုင်းတိရစ္ဆာန်များ မျိုးသုဉ်းရမည့် အခြေအနေသို့ ရောက်ရှိနေသည်။ အမှန်ဆိုရသော် တိရစ္ဆာန်များအပို့သာမက လူများအတွက်ပါ အန္တရာယ်ကြီးမားလာသည်။ ရာသီဥတုများဖောက်ပြန်လာသည်။ သီးနှံအထွက်နှုန်းများ ကျဆင်းလာသည်။ တဖြည်းဖြည်း မြေယာများ သဲကန္တာရအဖြစ် ပြောင်းလဲသွားသည်။

သစ်တောနှင့် မြေယာသည် သဟဇာတ အကြောင်းအကျိုး ဆက်နွယ်နေသည်။ မြေဆီလွှာကို စားသုံးပြီး သစ်တောများ ရှင်သန်ကြီးထွားလာသည်။ သစ်တောများက ရေတိုက်စားခြင်းနှင့် လေတိုက်ခြင်းတို့ကြောင့် မြေဆီမြေလွှာများမျောပါသွားခြင်း၊ လွင့်ပါးသွားခြင်းမရှိအောင် အကာအကွယ်ပေးသည်။ "ကျွန်းကိုင်းမှီ၊ ကိုင်းကျွန်းမှီ" ဆိုသလို တစ်ခုကိုတစ်ခု အမှီပြုနေကြသည်။

လူသည် သဘာဝပတ်ဝန်းကျင်ကို အမှီပြု၍ ရပ်တည်ရှင်သန်နေရသည်။ လူသာလျှင်မဟုတ်၊ သက်ရှိသတ္တဝါအားလုံးပင်။ ပတ်ဝန်းကျင်ဆိုသည်မှာ ရေ၊ မြေ၊ လေ၊ တောတောင်၊ ပင်လယ်၊ သမုဒ္ဒရာနှင့် လယ်မြေများဖြစ်သည်။ ပတ်ဝန်းကျင်ပျက်စီးလျှင် လူသားနှင့် တိရစ္ဆာန်များပါ ဘေးအန္တရာယ် တွေ့ကြုံနိုင်သည်။

## ချုံကြီးများအကြား

အတွေ့အကြုံကို တင်ပြလိုသည်။ ကျွန်တော့်အသက် (၁၀)နှစ်အရွယ်က ဖြစ်သည်။ ပခုက္ကူမြို့နယ် ကန်လှကျေးရွာအုပ်စု၊ မန်ကျည်းကန်ရွာ၌ မြေပဲ ကောက်ခဲ့ရဖူးသည်။ ထိုအချိန်က ယာခင်းတစ်ခုနှင့်တစ်ခုကြား ချုံကြီးများရှိသည်။ ချုံကြီးများမှာ ခိုးနွားတစ်ကောင်လုံး ချည်နှောင်သိုဝှက်ထားနိုင်သည်။ (သို့မဟုတ်) [illegible]



www.burmeseclassic.com

www.burmeseclassic.com



တစ်ချပ်နှင့် မိသားစုနှားခိုအိပ်စက်နေနိုင်သည်။ ချုံတွင်း၌ မှိုများပေါက်သည်။ ယုန်များ ခိုအောင်းကြသည်။ ယာအတွင်း ရှားပင်၊ ထနောင်းပင်၊ တမာပင်၊ ထန်းပင်များလည်း ရှိသည်။ ခြံစည်းရိုးရှိသည့်အတွက် မိုးရွာသွန်းသည့်အခါ မိုးရေများ ချောင်းထဲ၊ မြောင်းထဲသို့ စီးဆင်းမသွားတော့ဘဲ မြေကြီးထဲ စိမ့်ဝင်ကြသည်။ ဤသို့အားဖြင့် တစ်လ၊ နှစ်လ မိုးခေါင်သည့်တိုင်အောင် အစိုဓာတ်ကြောင့် မြေပဲပင်များ သွေ့ခြောက်ပျက်စီးခြင်းမရှိပေ။

မိုးလေဝသကောင်း၍လား မသိ။ မြေပဲများနုတ်သိမ်းပြီးစီးသောအခါ မြေပြင်ပေါ်တွင် မြေပဲတောင့်များဖွေးဖွေးလှုပ် ကျန်ရှိနေသည်။ ၄င်းမြေပဲတောင့်များကို ယာပိုင်ရှင်ကြီးများကောက်ယူပြီးမှ ကောင်းသင်းကောက်သူများကို ကောက်ယူခွင့်ပြုပါသည်။ "တောင်သူကြီးကောက်သင်း မကောက်ရ" အဆိုရှိသည်။ အနက်အဓိပ္ပါယ်မှာ တောင်သူကြီးများသည် လယ်ယာများကို ရိတ်သိမ်းပြီးစီးသည့်နောက် အကြွင်းအကျန် သီးနှံများကို ကောက်ယူခြင်းမပြုသင့်။ မြေမဲ့ယာမဲ့ လက်လုပ်သက်စားများအတွက် ချန်ထားရမည်ဖြစ်သည်။ သို့သော် လောဘသတ္တာရကြီးကြသဖြင့် လိုက်နာခြင်းမရှိကြပါ။





## ကျုပ်မနေဘူး ဓာတ်ထဲလိုက်မှာ

မြေပဲကောက်ရသည်မှာ သက်သာလွယ်ကူပါသည်။ မြေပေါ်တွင် ကျန်ရှိနေသော မြေပဲတောင့်များနှင့် အသိမ်အဖျဉ်း၊ အလေအလွင့် မြေပဲတောင့်များကိုကောက်ယူရခြင်းဖြစ်သည်။ မြေပေါ်ရှိ မြေပဲတောင့်များကောက်ယူပြီးသောအခါ မြေကြီးထဲတွင် ကျန်ရှိသော မြေပဲတောင့်များကို ဖြက်လက်နှစ်သစ်ခန့်ရှိ သံကောက်ကလေးနှင့် ယက်ဖော်၍ ကောက်ယူရသည်။ မြေကြီးကို ယက်ရ၊ ဆွရခြင်းကြောင့် တစ်ကိုယ်လုံး ဖုတ်တွေ၊ ဖုန်တွေ ပေတေနေသည်။ "မြေပဲကောက်ရတာ ဖုန်တွေလူး၊ ကျုပ်မနေဘူးဗျ၊ ဓာတ်ထဲလိုက်မှာ"ဟု ထိုခေတ်ထိုအခါက မြေပဲကောက်သူများ ဆိုကြသည်ကို သတိရနေပါသည်။

ယခုအခါ ခြံစည်းရိုးကြီးများလည်း မရှိတော့ပါ။ ရှားပင်၊ ထနောင်းပင်၊ တမာပင်များလည်း ပျောက်ကွယ်သွားပါပြီ။ မြေဆီလွှာများ ဆုံးရှုံးသွားသဖြင့် မြေပဲများအစား နှမ်းနှင့် နံ့စားပြောင်းများကို စိုက်ပျိုးကြသည်။ သို့ရာတွင် ဖြစ်ထွန်းအောင်မြင်ခြင်းမရှိလှဘဲ မြေများမှာ သဲကန္တာရသဘောမျိုး ပြောင်းလဲနေသည်။ ဤသို့ဖြစ်ရခြင်း၏ အရင်းအမြစ်ကို ဆန်းစစ်သော် အသိမဲ့ခြင်းနှင့် ပစ္စည်းမဲ့ခြင်းတို့ကြောင့်ဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



လူ၏သဘာဝဗီဇသည် အတ္တဖြစ်သည်နှင့်အညီ လူသည်ကိုယ့်အကျိုး၊ ကိုယ့်စီးပွားကိုသာ အဓိကထား ကြသည်။ မိမိလုပ်ဆောင်ချက်အတွက် နိုင်ငံနှင့်လူမျိုး မည်မျှထိခိုက်နစ်နာမည်ဆိုသည်ကို မသိကြပေ။ သိသူများ မှာလည်း ဝိသမလောဘ ဖုံးလွှမ်းနေခြင်းကြောင့် ရှော ကြည့်နိုင်စွမ်းမရှိချေ။ "ငတေမာလျှင် ပြီးရော" ဆိုသော ယုတ်ညံ့သည့်သဘောမျိုး၊ အသိမျိုးသာလျှင် ရှိနေကြသည်

လူဦးရေ တိုးပွားလာသည်နှင့်အမျှ လယ်ယာများ တိုးချဲ့ကြသည်။ သစ်ပင်များကို ခုတ်လှဲ၍ လယ်ယာ လုပ်ကိုင်ခြင်းသည် သစ်တောပြုန်းတီးခြင်း၏ အကြောင်း တစ်ချက်ဖြစ်သည်။ ထိုထက်ဆိုးသည်မှာ ရွှေ့ပြောင်း တောင်ယာလုပ်ငန်းဖြစ်သည်။ အဖိုးတန် သစ်ပင်ကြီးများ ကို ခုတ်လှဲမီးရှို့ကာ တောင်ယာများ လုပ်ကိုင်ခဲ့ကြသည် ရရှိသည့်သီးနှံတန်ဖိုးထက် ပျက်စီးဆုံးရှုံးသည့်တန်ဖိုးက အတိုင်းအဆမရှိ ကြီးမားလှသည်။

## ဆောမြို့

(၁၃-၅-၉၀)နေ့ညတွင် ဆောမြို့သို့ ရောက်ရှိ သွားသည်။ ဆောမြို့သည် ငယ်သော်လည်း သာယာ လှပသည်။ ရာသီဥတုမျှတသည်။ ဆောချောင်းသည် မြို့၏ကျက်သရေဆောင် ဖြစ်သည်။ ညနေ (၆)နာရီအချိန် ခန့်တွင် ဆောချောင်းသို့သွား၍ ရေချိုးကြသည်။





တသွင်သွင်စီးဆင်းနေသော၊ ကြည်လင်အေးမြသော ချောင်းရေကိုချိုးရ၍ ခရီးပန်းနေသောလူများ လန်းဆန်း လာသည်။ ချောင်းစပ်တွင် ရေရဟတ်ကြီးနှင့် ဆန်ကြိတ်ခွဲ နေသည်ကို သွားရောက်ကြည့်ရှုကြသည်။ ရေရဟတ် ကြီးမှ ရေသွင်းပေးသဖြင့် အနီးရှိ မုရင်းစပါးခင်းများမှာ နွေလဖြစ်သော်လည်း စိမ်းလန်းစိုပြည် ဖြစ်ထွန်းအောင်မြင် နေသည်။

## ကန်ပက်လက်မြို့

(၁၄-၅-၉၀)နေ့နံနက်တွင် ကျွန်တော်တို့သည် ကန်ပက်လက်သို့ မရောက်ဖူး၍ လင့်ခရူဇကားဖြင့် သွားရောက်ကြသည်။ ကန်ပက်လက်မြို့သည် ချင်း ပြည်နယ်တောင်ပိုင်း မင်းတပ်ခရိုင်အတွင်းရှိ မြို့နယ်တစ်ခု ဖြစ်သည်။ ဆောမြို့မှ (၁၄)မိုင်ခန့် ဝေးသည်။

ဆောမြို့မှ ထွက်လာပြီး မကြာမီ မြင့်မားသော စိမ်းစိုညို့မှိုင်းပြီး သစ်တောများ ဖုံးလွှမ်းနေသော တောင်တက်ခရီးကို ကားစက်သံပြင်းပြင်းနှင့် တက်ခဲ့ ကြပါသည်။ ကန်ပက်လက်မရောက်မီ လုံးပတ် ခြောက် ပေ၊ ခုနစ်ပေခန့်ရှိ သစ်ပင်များကို ခုတ်လှဲပြီး မီးတရဲရဲ ပြာတဖွေးဖွေးနှင့် လောင်ကျွမ်းနေသည်ကို တွေ့မြင် ရသည်။ ရွှေ့ပြောင်းတောင်ယာလုပ်ရန် ဖြစ်သည်။ တောင်ပေါ်ကိုကြည့်သော် ရွှေ့ပြောင်းတောင်ယာ လုပ်ထား



www.burmeseclassic.com

သည့်အတွက် "ကလေးခေါင်း ဒက်ပေါက်"ဆိုသ...
သစ်တောများကြား ကြိုကြားကြိုကြား မြေလွှ...
မြေကွက်များ တွေ့မြင်ရသည်။

ကျွန်တော်၏ စိတ်အာရုံသည် အတိတ်ဆီ... ရောက်ရှိသွားသည်။ ၁၉၇၄-ခုနှစ် ဖေဖော်ဝါရီ... ကုန်ခါနီးဖြစ်သည်။ ကျွန်တော်သည် ဗာဂျီးနီးယာ... ဆေးကျောင်းဆိတ်များကို လော်ရီကားကြီးနှစ်စီးပေါ်တင်... ပခုက္ကူမြို့မှ စစ်ကိုင်းတိုင်း၊ ကလေးမြို့နယ် တာဟာ... ရွာသို့ ထွက်ခွာလာခဲ့ပါသည်။

ဂန့်ဂေါမြို့နယ် ဟံသာဝတီရွာသည် မကွေးတိုင်... အဆုံးဖြစ်သည်။ ထိုရွာ၏ မြောက်ဘက်ရောက်ရှိသော... အခါ စစ်ကိုင်းတိုင်း ကလေးမြို့နယ် ဖြစ်သည်။ သစ်တော... သစ်ပင်များကြားရှိ လှည်းလမ်းမှ ကားများ မောင်းနှင်... ရသည်။ တစ်နေရာတွင် ကျွန်းပင်များကို ခုတ်လှဲ... လွှတိုက်နေကြသူများကို တွေ့ရသကဲ့သို့ ခုတ်လှဲပြီး မီး... ထားသဖြင့် ပြာဖွေးဖွေးနှင့် မီးလောင်ကျွမ်းလျက် ရှိသ... ကို တွေ့မြင်ခဲ့ရသည်။ သစ်တောသစ်ပင်ကို မြတ်... နှစ်သက်သော ကျွန်တော်သည် ထိုမြင်ကွင်းကိုကြည့်... ရင်မောခဲ့ရဖူးသည်။

ကန်ပက်လက်မြို့ အထွေထွေအုပ်ချုပ်ရေးမှူး... ရောက်သောအခါ မတွေ့ရတာကြာပြီဖြစ်သော ကျွန်တော်... နှင့် ခင်မင်ရင်းနှီးသူ ဦးတင်အောင်ကိုတွေ့ရ၍ ဝမ်းသာ...





သွားပါသည်။ ဦးတင်အောင်သည် ပခုက္ကူမြို့နယ် ကွမ်းရွာ ဇာတိဖြစ်သည်။ သူ၏ဇနီးမှာ ဧရာဝတီတိုင်း ဒေးဒရဲ မြို့နယ်၊ နောက်ပြန်တိုးရွာသူဖြစ်၍ ရေနွေးကြမ်း... ငါးခြောက်ဖုတ်များနှင့် တည်ခင်းဧည့်ခံသည်။ ချင်းတောင် ပေါ်တွင် ငါးရံ့ခြောက်ဖုတ်စားရခြင်းသည် ထူးခြားလှ ပေသည်။

## ရွှေ့ပြောင်းတောင်ယာ

လမ်းတွင် တွေ့မြင်ခဲ့ရသည့် ရွှေ့ပြောင်း တောင်ယာလုပ်ငန်းအတွက် သစ်ပင်ကြီးများ ခုတ်လှဲ မီးရှို့ခြင်းကို တားမြစ်ဖို့ကောင်းကြောင်း ကျွန်တော်က ပြောသောအခါ -



ထင်းအစားထိုးလောင်စာ အသုံးပြုမည့်နည်းများကို ရှာဖွေကြရန်လိုသည်။



www.burmeseclassic.com

www.burmeseclassic.com



"တားမြစ်လို့မရဘူး၊ သူတို့ရဲ့ ရိုးရာအစဉ်အလာ
လုပ်ငန်းဖြစ်နေတယ်"
ဟု ဦးတင်အောင်က ပြောပါသည်။ ဤကဲ့သို့သ
သစ်တောများကို ထိန်းသိမ်းစောင့်ရှောက်ခြင်းမရှိဘ
ဘာသိဘာသာ အမှတ်တမဲ့ နေကြမည်ဆိုလျှင် အနာဂ
မျိုးဆက်များအတွက် ဖြစ်ပေါ်လာမည့် အန္တရာယ်သည်
ကျွန်တော်တို့တွင် တာဝန်ရှိသည့်အပြင် ကျွန်တော်
ရပ်တည်ရှင်သန်နေစဉ်မှာပင် ဒုက္ခမျိုးစုံ တွေ့ကြုံ
ပါသည်။ ဤသည်မှာ မြန်မာတစ်နိုင်ငံတည်း မဟုတ်
ကမ္ဘာနှင့်အဝန်း ဖြစ်ပေါ်နေသော ပြဿနာများဖြစ်သည်
သစ်တောနှင့်ပတ်သက်သော သတင်းအတိုအစကလေး
မှတ်စုစာအုပ်တွင် ရေးမှတ်ထားခဲ့ဖူးသည်။

## မျိုးသုန်းတော့မည့် အန္တရာ

၁၉၈၀-ပြည့်နှစ် ဧပြီလ (၁၆)ရက်နေ့ခွဲ
နိုင်ရိုဘီမြို့မှလာသော ရိုက်တာသတင်းအရ တစ်နှစ်လျှ
ထွန်ယက်စိုက်ပျိုးနိုင်သော မြေဧက (၁၅)သန်းခန့်သ
သဲကန္တာရအဖြစ်သို့ ကူးပြောင်းရောက်ရှိသွားသည့် ဆုံး
ကို ကမ္ဘာကြီးက ကြုံနေရသည်။ ကမ္ဘာကြီး၏ မိုးခေ
သစ်တော ထက်ဝက်ခန့်သည် ပျက်စီးခဲ့ရပြီဟု သိရသည်

တိရစ္ဆာန်အမျိုးပေါင်း (၁၀၀၀)ကျော်၊ သစ်
အမျိုးပေါင်း (၂၅၀၀၀)ကျော်တို့ မျိုးသုဉ်းတော့








ကျောက်ပန်းမြို့ စိမ်းလန်းစိုပြည်ရေးအတွက်
ဆည်ပေါက်ပျိုးဥယျာဉ်သည် များစွာအထောက်အကူပြုသည်။

အန္တရာယ်နှင့် ကြုံနေရသည်ဟု ကမ္ဘာ့ကုလသမဂ္ဂ ပတ်ဝန်းကျင် ထိန်းသိမ်းရေးအစီအစဉ် (ယူအေအီးပီ) အုပ်ချုပ်မှု ကောင်စီ (၈)ကြိမ်မြောက် နှစ်ပတ်လည်အစည်းအဝေးတွင် အမှုဆောင်ညွှန်ကြားရေးမှူး "မတ်စတာဖာတိုလ်ဘာ"က ဥပမာအားဖြင့် ဖော်ပြပြောဆိုသွားသည်။

ဤသတင်းသည် လွန်ခဲ့သော (၁၇)နှစ်ခန့်က ဖြစ်သည်။ ယခုအချိန်ဆိုလျှင် သစ်တောများ မည်မျှ ပျက်စီးပြုန်းတီး၍ စိုက်ပျိုးမြေယာများ မည်မျှ သဲကန္တာရ ဖြစ်သွားပြီဆိုသည်ကို မတွေးဝံ့၊ မစဉ်းစားဝံ့အောင်



www.burmeseclassic.com

www.burmeseclassic.com



ဖြစ်နေသည်။ ကြာတော့ ကြာပါပြီ။ နိုင်ငံခြား သတင်း...
တစ်ခုတွင် -

"ကမ္ဘာပေါ်ရှိ သစ်တောများ ပျက်စီးပြုန်း...
သည့် နှုန်းထားမှာ မိနစ်တိုင်း၊ မိနစ်တိုင်း တစ်မိနစ်လျှ...
ဘောလုံးကွင်းကြီးတစ်ကွင်းစာ သစ်တောများ ဆုတ်ယု...
လျော့ပါးနေသည်"

ဟူ၍ ဖြစ်သည်။

ဤသို့ ဆိုးရွားသော အခြေအနေများကို ကြို...
ကာကွယ်သည့်အနေဖြင့် သစ်တောများ၊ သစ်ပင်...
ထိန်းသိမ်းစောင့်ရှောက်ခြင်းနှင့် စိုက်ပျိုးခြင်းတို့ကို အ...
မနှောင်းမီ အလျှင်အမြန် ပြုလုပ်သင့်သည်။ ကျွန်တေ...
တို့၏ ဘိုးဘွားများသည် သား၊ မြေး၊ မြစ်များ စား...
နိုင်ရန် ထန်းပင်၊ အုန်းပင်၊ သရက်ပင်များ စိုက်ပျိုးခဲ့...
သည့်နည်းတူ ကျွန်တော်တို့သည်လည်း မျိုးဆက်သစ်...
အတွက် ပျက်စီးဆုံးရှုံးသွားသော သစ်တောများနေရာတွ...
ကျွန်း၊ အင်ကြင်း၊ ပျဉ်းကတိုး၊ ပိတောက် စသေ...
အဖိုးတန် သစ်ပင်များကို တာဝန်တစ်ရပ်အနေဖြ...
အစားထိုး စိုက်ပျိုးရမည်။

## ရေလောင်းသူ...

ပခုက္ကူမြို့ အနောက်ဘက်ကားလမ်းဘေး...
တမာပင်ကြီးများသည် အင်္ဂလိပ်အစိုးရလက်ထက်...





ခက်ခက်ခဲခဲ စိုက်ပျိုးမှုကြောင့် ပြန်လည်ရှင်သန်လာသော စိုက်ခင်းတစ်ခု။

စိုက်ပျိုးခဲ့သော အပင်များဖြစ်သည်။ ပျိုးပင်ကလေးများကို စိုက်ပြီး သိုး၊ ဆိတ်တို့ မဖျက်ဆီးနိုင်အောင် လိုက်လံ၍ အမြဲတမ်းရေလောင်းပေးသည်။ ဤသို့ စနစ်တကျ စိုက်ပျိုးခဲ့ခြင်းကြောင့် လုံးပတ် ရှစ်ပေ၊ ကိုးပေရှိ တမာပင်ကြီးများ၏ အရိပ်အာဝါသကို မှီခိုနေရခြင်းဖြစ်သည်။

"ကိုယ့်ပေါင် ကိုယ်လှန်ထောင်းရဦးမည်"

"ကိုယ့်မင်္ဂလာဆောင် ကိုယ်ခဲပေါက်ရဦးမည်"

(၁၉၈၄-၈၅)ခုနှစ်ခန့်က ဖြစ်သည်။ မြို့နယ် အာဏာပိုင်တို့၏ လမ်းညွှန်ချက်အရ ပခုက္ကူမြို့တွင်းရှိ လုပ်အားပေးသူများနှင့် သစ်ပင်များ စိုက်ပျိုးကြသည်။



www.burmeseclassic.com

တွေ့ရမြင်ရသည်မှာ စိတ်ဓာတ် တက်ကြွဖွယ်ရာ၊ ကြည်

နှစ်သက်ဖွယ်ရာ ဖြစ်သည်။

ပခုက္ကူမြို့၏ အဓိကလမ်းမကြီးဖြစ်သော ပေါ

လမ်း (ယခု-မြို့မလမ်း) ဘေးနှစ်ဖက်တွင် စိုက်ပျိုး

ခြင်းဖြစ်သည်။ စိုက်ပျိုးပြီးလျှင် ဝါးခြင်းကြီးများဖြင့် ကာ

အုပ်ဆိုင်းထားခဲ့ကြသည်။ မည်သူတစ်ဦးတစ်ယောက်

မိမိတို့ စိုက်ပျိုးခဲ့သည့် သစ်ပင်များရှင်သည်၊ သေသည်

လှန်လှောကြည့်ကြပေ။ ရေလောင်းသူလည်း မရှိ

"အလိုအလျောက် ရှင်သန်ကြီးထွားလာလိမ့်မည်"

ထင်နေကြဟန်ရှိသည်။

(၂)နှစ်ခန့် ကြာရှိသောအခါ ဝါးခြင်းကြီးမျ

ပျောက်ကွယ်သွားသကဲ့သို့ သစ်ပင်ဟူ၍ လက်ညှိုးထိုး

စရာ တစ်ပင်မျှ မတွေ့ရပါ။ မြို့လယ်ကောင်တွင် တာဝ

သူများ၏ သစ်ပင်စိုက်ပျိုးသည့်လုပ်ငန်း မအောင်မြင်

ခြင်းမှာ ကျွမ်းကျင်မှုမရှိခြင်း (သို့တည်းမဟုတ်) စိတ်

စားမှု နည်းပါးခြင်းကြောင့် ဖြစ်သည်"

ဤကား အတွေးရှင်း၊ အရေးရှင်းသော ပခုက္က

ဦးအုံးဖေ၏ ဆောင်းပါးဖြစ်သည်။


## ဒီလိုဆိုတော့လည်

ကျွန်တော်သည် ပခုက္ကူဦးအုံးဖေ၏ သစ်တောသစ်ပင်

ထိန်းသိမ်းကာကွယ်ရေးဆောင်းပါးကို ဖတ်ကာ "အေး ဒီ







ဤကဲ့သို့သော လူသားတို့၏ ခေတ်မီအခမ်းအကျင်းများကလည်း သစ်တောများကို ပျက်သုဉ်းစေခဲ့သည်။ အသုံးပြုပြီးသစ်များကို ပြန်လည်အစားမထိုးနိုင်ခြင်းက သစ်တောသစ်ပင်များကို ဆုံးခန်းတိုင်စေတော့သည်။



www.burmeseclassic.com

www.burmeseclassic.com



ဆောင်းပါးတွေ ဝိုင်းရေးရမှာ''ဟု ဆိုမိသည်။ ထိုဆောင်းပါးအ
တကယ့်ပြည်သူတွေဘဝထဲက ဖြစ်ရပ်များ၊ တကယ့်လက်တွေ
ဖြစ်ရပ်များကို အခြေခံရေးနိုင်လေ၊ ဆောင်းပါးကောင်းလေ
ကျွန်တော်အနေနှင့် မှတ်ချက်ချမိသည်။ နိုင်ငံတကာဖြစ်ရေ
အတိုးအကားတွေကလည်း ထိမိလှပါသည်။

ထို့နောက်တော့ ''အင်း ... ပခုက္ကူဦးအုံးဖေက ဒီ
ဆိုတော့လည်း ဆောင်းပါးအရေးကောင်းပဲ''ဟု စိတ်ထဲကကြိတ်
နှီးကျူးစမ်းသာမိတော့သည်။

❐



အခန်း (၉)

# မဟာမြိုင်

ထို့နောက်တော့ ပခုက္ကူဦးအုံးဖေက သစ်တောဆိုင်ရာ
ဆောင်းပါးတစ်ပုဒ်ထပ်ရေး ပြန်သည်။ ထိုဆောင်းပါးမှာ -

''ကြည့်ချင်၊ မြင်ချင်ဦးဟဲ့ မဟာမြိုင်''

ဆိုသော ဆောင်းပါးဖြစ်သည်။


ပခုက္ကူဦးအုံးဖေသည် ထိုဆောင်းပါးများနှင့်အတူ
အခြားသစ်တောသစ်ပင် ထိန်းသိမ်းရေး ကာကွယ်ရေး ဆောင်းပါး
များကိုလည်း အဆက်မပြတ်ရေးခဲ့သည်။ ဦးလေးအုံး၏
''ကြည့်ချင်၊ မြင်ချင်ဦးဟဲ့'' မဟာမြိုင်ဆောင်းပါးကို အမှတ်တရ
ဖော်ပြအပ်ပါသည်။



www.burmeseclassic.com

www.burmeseclassic.com





**မြန်မာနိုင်ငံ** သစ်တောအမျိုးမျိုးပြမြေပုံ။





# ကြည့်ချင်မြင်ချင်ဦးဟဲ့ မဟာမြိုင်

"မဟာမြိုင်"ဟူသော နာမည်ကို **ကျွန်တော်** ကနဦး ကြားဖူးသည်မှာ ဂျပန်ခေတ်အတွင်း ထောင်ကျနေစဉ်က **ဖြစ်သည်။**

မဟာမြိုင်သည် စစ်ကိုင်းတိုင်း၊ တန့်ဆည်**မြို့နယ်နှင့်** ကလေးဝမြို့နယ်အတွင်းရှိ လူသူအရောက်အပေါက်**နည်းသော** ကြီးမားနက်ရှိုင်းသည့် တောကြီးတောင်ကြီးဖြစ်သည်။

ဒုတိယကမ္ဘာစစ်ကြီးတွင် ဂျပန်စစ်တပ်များသည် **မြန်မာ**နိုင်ငံမှတစ်ဆင့် အိန္ဒိယနိုင်ငံ၊ မဏိပူရပြည်နယ် မြို့တော်"အင်ဖာ" ကို ချီတက်တိုက်ခိုက်ခဲ့ကြရာ အင်ဖာကို ဝန်းရံပိတ်ဆို့ထားနိုင်သည့် အခြေအနေအထိ အောင်မြင်လျက်ရှိသည့်အပြင် "ကိုဟီးမား မြို့"ကိုပင် သိမ်းယူပြီးဖြစ်သည်ဟု ကြားသိခဲ့ရသည်။

ကိုဟီးမားမြို့သည် အင်ဖာမြို့တော်၏ တံခါးဝဖြစ်သည်။ အိန္ဒိယနိုင်ငံအရှေ့မြောက်ပိုင်းတွင် မီးရထားလမ်းဆုံမြို့လည်း ဖြစ်သည်။ နေ့လားညလားမသိ၊ အင်ဖာကျတော့မည်ဟူသော သတင်းများကိုလည်း မြန်မာနိုင်ငံအဓိပတိအစိုးရ၊ ပြန်ကြားရေးနှင့် ဝါဒဖြန့်ချိရေးဌာနက ကြေညာလျက်ရှိသည်။ ထိုစဉ်က မြန်မာနိုင်ငံ အစိုးရမှာ ဂျပန်၏ ရုပ်သေးအစိုးရဖြစ်သည်။

အင်ဖာသို့ပေးပို့နေသော ဂျပန်တို့၏ရိက္ခာများနှင့် လက်**နက်** ခဲယမ်းမီးကျောက်များကို နောက်ပိုင်းမှ တိုက်ခိုက်ဖျက်**ဆီးပစ်ရန်** စီမံချက်ဖြင့် မဟာမိတ်စစ်ဌာနချုပ်က "ဝင်းဂိတ်"၏ လေထီး စစ်သားများကို "မဟာမြိုင်"သို့ချပေးခဲ့သည်။ ထိုအချိန်မှစ၍ မဟာမြိုင်ကို သိရှိရခြင်းဖြစ်သည်။ ယခု ရှေး–



www.burmeseclassic.com

www.burmeseclassic.com



လမ်းသည် မဟာမြိုင်တောကို ဖြတ်သန်းသွားလာရသော ကားလမ်းဖြစ်သည်။

၁၉၉၃-ခုနှစ်၊ နိုဝင်ဘာလ (၁)ရက်နေ့တွင် ထီးလင်းမြို့မှ ပခုက္ကူမြို့သို့ လာရောက်နေထိုင်သူ သစ်ကုန်သည် ဦးစိန်ဝင်း ကျွန်တော့်အိမ် လိုက်ရောက်လာသည်။ သစ်ကိစ္စအတွက် ကလေးမြို့သို့ ကားဖြင့်သွားမည်ဖြစ်၍ စာပေးလိုက်ပေးရန် ပြောပါသည်။

"ဘယ်လမ်းက သွားမှာလဲ"

ဟု ကျွန်တော်ကမေးရာ ရေဦး-ကလေးဝလမ်းက သွားမည်ဟု ပြောသည်။

ပခုက္ကူမြို့မှ ကလေးမြို့သို့ သွားသောလမ်းမှာ နှစ်လမ်းရှိသည်။ ပုလဲ-ဂန့်ဂေါလမ်းနှင့် မုံရွာ-ရေဦး-ကလေးဝလမ်းဖြစ်သည်။ ကျွန်တော်သည် မဟာမြိုင်သို့ မရောက်ဖူးသည့်အတွက် ကြည့်လိုမြင်လိုသော စိတ်ဆန္ဒက ပြင်းပြနေသည်။

"ကားမှာ လူဘယ်နှစ်ယောက်ပါသလဲ" ဟုမေးရာ ယာဉ်မောင်းသူနှင့် သူ၏ကိုယ်စားလှယ် "ဦးစန်းဝင်း"တို့ (၂)ဦးတည်းဖြစ်သည်ဟုဆိုသည်။ ဒီလိုဆိုရင် ကျွန်တော်နှင့်အဖော်တစ်ဦး လိုက်ခွင့်ရက လိုက်လိုကြောင်းပြောရာ ဦးစိန်ဝင်းက-

"ဦးလေးအုံးလိုက်ရင် ပိုကောင်းတာပေါ့ဗျာ၊ လိုက်သွားပါ"

ဟုဝင် တိုက်တွန်းသဖြင့် ကလေးမြို့သို့ လိုက်ပါသွားရန် ဆုံးဖြတ်လိုက်ပါသည်။

သို့ဖြစ်၍ ကလေးမြို့၊ တာဟန်းနေ "ပန်းသီးတံဆိပ်" ဆေးကြေလုပ်ငန်းပိုင်ရှင် ဦးလှိုင်-ဒေါ်သန်းနုတို့ထံ -





"နိုဝင်ဘာလ၊ (၃)ရက် တာဟန်းရောက်မည်။ ကျွန်တော်ပါ ဧည့်သည်လေးဦး ဖြစ်သည်"

ဟု ကြေးနန်းရိုက်လိုက်ပါသည်။

နိုဝင်ဘာလ(၂)ရက်နေ့ နံနက်တွင် တိုယိုတာ ဟိုင်းလတ်ကားဖြင့် ပခုက္ကူမှ မုံရွာသို့ ထွက်လာခဲ့ပါသည်။ အဖော်အဖြစ် ကျွန်းညိုရွာမှ "ဦးအေးမောင်"ပါသည်။ ဦးအေးမောင်သည် ကျွန်တော်ခရီးသွားတိုင်း လိုက်ပါမြဲဖြစ်သည်။ သူသည် စာဖတ်သည်။ တွေ့ရာကြုံရာလူနှင့် သင့်မြတ်အောင် ပေါင်းသင်းဆက်ဆံတတ်သည်။ အဆင်းရဲအပင်ပန်းခံနိုင်ပြီး ကျွန်တော်၏ ဝေယျာဝစ္စတိုလည်း ပြည့်စုံအောင် ဆောင်ရွက်ပေးနိုင်သူဖြစ်သည်။ ဦးစိန်ဝင်း၏ကိုယ်စားလှယ် ဦးစန်းဝင်းမှာ ခေတ်ပညာတတ် ဘွဲ့ရလူငယ်တစ်ဦးဖြစ်သည်။ လမ်းတွင် သူနှင့်စကားပြောရသည်မှာ ဗဟုသုတရရှိပါသည်။

## မဟာမြိုင်သို့

ကျွန်တော်သည် မုံရွာအထက် ကားလမ်းခရီးဖြင့် မည်သည့်မြို့ရွာကိုမျှ မရောက်ဖူးပေ။ မုံရွာမှထွက်လာပြီး အလုံ၊ ဘုတလင်၊ ဒီပဲယင်းစသောမြို့ရွာများကို ဖြတ်သန်းပြီး ရေဦးမြို့နယ်အတွင်း ဝင်ရောက်လာသည်။ ရေဦးမြို့နယ်သည် ဆန်စပါးစိုက်ပျိုးသော မြို့နယ်ဖြစ်သည်။ စစ်ကြိုခေတ်က ရေဦးဆန်များကို စားသုံးခဲ့ကြရသည်။ အိတ်ခွံအသစ်နှင့် ဆန်သုံးတင်းပြည့်ဝင် တစ်အိတ်မှ ငွေခြောက်ကျပ်၊ ရှစ်ပဲသာပေးရသည်ကို ပြန်သည် သတိရမိပါသည်။



www.burmeseclassic.com

www.burmeseclassic.com



ကားလမ်းဝဲယာရှိ အညာကျေးလက်ဒေသများ၏ လူနေမှုကို လေ့လာကြည့်ရှုမိပါသည်။ ထန်းရွက်၊ သက်ကယ်၊ ဝါးကပ်မိုး၊ ထရံကာအိမ်များဖြစ်သည်။ ထရံများမှာ ရေနံမသုတ်ကြသဖြင့် ဖြူဖပ်ဖြူရော် ဖြစ်နေသည်။ အမျိုးသမီးများ၏ ဝတ်စားဆင်ယင်မှုမှာ ဆန်းပြားခြင်းမရှိ။ မြို့ကြီးသူမဆန်။ ကျေးလက်သဘာဝအတိုင်းဖြစ်၍ နှစ်လိုဖွယ်ရာ ကောင်းလှပါသည်။

နေ့လယ် (၁၂) နာရီအချိန် ရေဦးမြို့သို့ရောက်သည်။ ကားလမ်းဘေးရှိ ထမင်းဆိုင်ဝင်ကြသည်။ ပူပူနွေးနွေးစားလို၍ ကြက်သား၊ ကုန်းဘောင်ကြီးကြော်၊ ချိုချဉ်ကြော်၊ အစိမ်းကြော်တို့ကို မှာလိုက်သည်။ ကုန်းဘောင်ကြီးကြော်တွင် မြေပဲဆန်ကို အခွံချွတ်ပြီး ကြက်သားနှင့်ရောနှော ကြော်ထားသဖြင့် ဆာ၍လားမသိ စား၍အလွန်ကောင်းသည်။ ထမင်းစားပြီး ထွက်ခွာလာကြရာ မကြာမီတန့်ဆည်မြို့သို့ ရောက်သည်။

ရပ်နားခြင်းမပြုဘဲ ကားကိုဆက်လက် မောင်းနှင်ခဲ့သည်။ မိုင်(၂၀)ကျော်ခန့်ရောက်သောအခါ "မဟာမြိုင်"တောစပ်ကို ဝင်ရောက်လာသည်။ ကားလမ်း၏ အနောက်ဘက်တွင် ကျွန်းပင် (၃-၄)ပင် တွေ့မြင်ရ၍ ဝမ်းသာသွားသည်။

"မဟာမြိုင်တောကြီးတစ်ခုလုံး ကျွန်းပင်များချည်းဖြစ်လျှင် ကောင်းမှာပဲ" ဟု စိတ်ထဲတွင်တွေးမိသည်။ သစ်တောသစ်ပင်များ ထူထပ်လာသကဲ့သို့ လမ်းမှာလည်း ဆိုးရွားစပြုလာသည်။ အချိန်မှာလည်း ညနေ(၅)နာရီခန့် ရှိပြီ။ သစ်လုံးများ တင်ဆောင်လာသော လှည်းများကို တွေ့ရသည်။ ရှစ်စီး ကိုးစီးရှိမည်။ ကျွန်းလား၊ အင်ကြင်းလား၊ ပျဉ်းကတိုးလား မသိ။ သစ်လုံးများ





ကတော့ ဖြူးလို့ဖြောင့်လို့။ လုံးပတ် (၅)ပေကျော်ခန့်ရှိမည်။ တရားမဝင် ခုတ်ယူလာသော သစ်များဖြစ်မည်ထင်သည်။

မြန်မာနိုင်ငံမြေဧရိယာ၏ ထက်ဝက်ကျော်မှာ သစ်တောများဖြစ်သည်ဟု သိရပါသည်။ ရွှေ့ပြောင်း တောင်ယာလုပ်ကိုင်ခြင်းသည်လည်း သစ်တောများ ပျက်စီးပြုန်းတီးသည့်အတွက် အကျိုးထက်အပြစ်ကို ပိုဖြစ်စေပါသည်။

အထက်မြန်မာနိုင်ငံတွင် မိုးနည်းလာခြင်း၊ အပူချိန်လွန်ကဲလာခြင်း၊ ပတ်ဝန်းကျင် အခြေအနေများ ပျက်စီးယိုယွင်းလာခြင်းတို့ကို ကြည့်ခြင်းအားဖြင့် သစ်တောများ ပျက်စီး ပြုန်းတီးနေပြီဆိုသည်ကို သိနိုင်ပါသည်။ အနာဂတ်မျိုးဆက်များအတွက် သစ်တောများကို ပြုစုပျိုးထောင်ပေးဖို့ လိုအပ်သကဲ့သို့ ကာကွယ်စောင့်ရှောက်ပေးဖို့လည်း လိုအပ်ပါသည်။ ဤမျှများမြောင်ကျယ်ဝန်းသော သစ်တောများကို စောင့်ရှောက်ထိန်းသိမ်းဖို့ဆိုသည်မှာ သစ်တောဌာနတစ်ခုတည်းအနေဖြင့် လုံခြုံမှုရှိနိုင်မည် မဟုတ်ပေ။

ယခုအခါ နိုင်ငံတစ်ဝန်းလုံး နယ်စပ်ဒေသများပါမကျန် ဆူပူသောင်းကျန်းမှုများ ချုပ်ငြိမ်းစပြုလာပြီဖြစ်ရာ တပ်မတော်အနေဖြင့် တစ်ဖက်တစ်လမ်းမှ ပါဝင်ကူညီစောင့်ရှောက်ပေးမည်ဆိုလျှင် သစ်တောများ ပျက်စီးပြုန်းတီးမှု အရှိန်အဟုန် ကျဆင်းသွားမည်ဖြစ်သည်။

အစိုးရအနေဖြင့် ပြင်းထန်သော ဥပဒေများပြဋ္ဌာန်းထား မသမာသောနည်းဖြင့် ခုတ်လှဲခိုးယူနေခြင်းများကို ကာကွယ် တားဆီးလျက်ရှိပေသည်။ ပြည်သူများအနေဖြင့်လည်း နိုင်ငံနှင့်



www.burmeseclassic.com

www.burmeseclassic.com



လူမျိုးကို ချစ်မြတ်နိုးဖို့လိုပါသည်။ ဤသစ်တောသစ်ပင်များသည် နိုင်ငံတော်အတွက် နိုင်ငံခြားငွေ ရှာဖွေပေးနေသော အဖိုးတန် သစ်တောသစ်ပင်များဖြစ်၍ -

"ငါတို့ ကိုယ်ကျိုးစီးပွားတစ်ခုတည်းအတွက် ပျက်စီး ဆုံးရှုံးခြင်း မဖြစ်သင့်"

ဆိုသော အသိစိတ်ရှိဖို့ လိုအပ်နေပါသည်။

## အင်တိုက်အားတိုက် စိုက်ဖို့လို

ထို့ကြောင့် နိုင်ငံတော် ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေး အဖွဲ့က ကိုးခရိုင်စိမ်းလန်းစိုပြည်ရေး စီမံချက်ဖြင့် သစ်ပင်များကို အင်တိုက်အားတိုက် စိုက်ပျိုးလျက်ရှိပေသည်။

မဟာမြိုင်တောနက်ကြီးအတွင်း ဝင်ရောက်လာသည်နှင့် အမျှ လမ်းများက ပိုပြီးဆိုးရွားလာသည်။ အချို့နေရာများတွင် ချိုင့်ကျရေအိုင်ကြီးများနှင့် ရင်ဆိုင်ရသည်။ အချို့နေရာတွင် ကားဘီး နှစ်ဘီးကြား မြေခုံကြီးကမောက်နေ၍ ကားဝင်ရိုးတန်းနှင့် ခလွတ်ဘဲဖြစ်နေသည်။

ဤသို့ အခက်အခဲများကိုကျော်လွန်ပြီး ပျဉ်းကိုင်းရွာ၊ အင်ကြင်းမြိုင်စားသောက်ဆိုင်သို့ရောက်သည်။ ထမင်းမဆာ၍ ကော်ဖီသောက်၊ မုန့်စားကြသည်။ ထိုအခိုက် စစ်ကားတစ်စီး ရောက်ရှိလာသည်။ ပစ္စည်းများနှင့် တပ်သားများအပြင် ကားဦး ခန်းတွင် ဗိုလ်ကြီးတစ်ဦး ထိုင်နေသည်။





## မဟာမြိုင်အတွင်းမှာ

သူတို့လည်း ထမင်းစားကြသည်။

ယာဉ်မောင်း ဦးခင်မောင်စန်းက ကျွန်တော်တို့ကား ရှေ့က သွားလျှင် ပိုကောင်းမည်ဟုပြောသဖြင့် သူတို့ ထမင်းစားနေဆဲ မှာပင် ကျွန်တော်တို့ ထွက်ခွာလာခဲ့ကြသည်။

ပျဉ်းကိုင်းရွာသည် ရေဦးမှ (၅၉)မိုင်ဝေးသည်။ မိုင်(၆၀) ကျော်အရောက်တွင် ရေဗွက်ကြီးအတွင်း ထိုးဆင်းလိုက်ရာ ကားစက်ခေါင်းရေစိုပြီး စက်ရပ်သွားသည်။ စက်နှိုးလည်း နိုးမရ။ ရေဗွက်အလယ်တွင် မည်သို့မျှလုပ်မရဘဲ ဖြစ်နေပါသည်။ ထိုအခိုက် စစ်ကားတစ်စီး ရောက်လာသည်။ တပ်သားများပါ ဝိုင်းကူပြီး တွန်းကြသည်။ တွန်းမရ။

အချိန်မှာလည်း ည (၈) နာရီခန့်ဖြစ်နေပြီ။ ကျွန်တော်တို့ ကား ရေဗွက်ထဲရှိနေလျှင် စစ်ကားအဖို့ မည်သို့မျှသွားမဖြစ်ချေ။ စစ်ဗိုလ်က သူတို့၏ခရီးစဉ်မှာ အရေးကြီးသဖြင့် ကျွန်တော်တို့ ကားကို ကြိုးချည်ပြီး သူတို့ကားနှင့်စက်အားရော လူအားပါ နောက်ပြန်ဆွဲကြရာ ရေဗွက်ထဲမှ ကုန်းပေါ်သို့ရောက်ရှိလာ၍ စိတ်အေးသွားသော်လည်းကားမှာ စက်နှိုးမရဖြစ်နေသည်။ သစ်ခုတ် သမားများက ဤနေရာမှာ တစ္ဆေလည်းခြောက်တတ်သည်၊ ကျားကောင်လည်းရှိသည်ဟု သတိပေးသွားသဖြင့် မအိပ်ဝံ့၊ မနေဝံ့ ဖြစ်နေကြသည်။ ကားနောက်ပိုင်း အိပ်ရန်မှာလည်း ကားမှာအမိုး ပေါ၊ "ပစ်ကပ်"ဖြစ်သည်။ မိုးဖွဲကလေးများ တဖွဲဖွဲကျနေသဖြင့် လေးဦးသား ကားရှေ့ခန်းတွင် ကျပ်တည်းစွာထိုင်ပြီး ငိုက်မျဉ်း နေကြရသည်။



www.burmeseclassic.com

www.burmeseclassic.com



အချိန်မှာ ညသန်းခေါင်ယံဖြစ်သည်။ လရောင်မှာ မိုးသား တိမ်တိုက်များနှင့် မည်းမှောင်နေသော တောတောင်များကို မထိုးဖောက်နိုင်ဘဲ ဖြစ်နေသည်။ ချုံကြိုချုံကြားထဲမှ ပုရစ်များ ဒေါ်ရင်းများ၏ မြည်သံများက ဆူညံနေသည်။ အဝေးဆီမှ ချေဟောက်သံနှင့် ကျားဟိန်းသံကြားရသဖြင့် ထိတ်လန့် ကြောက်ရွံ့နေသည်။

## ဆွဲကြဟေ့ တွန်းကြဟေ့

ကျွန်တော်စိတ်တွင် ရောဂါတစ်ခုခုရလျှင် အန္တရာယ်တစ်ခုခု တွေ့ကြုံရလျှင် "ဒုက္ခ"ဟု စိုးရိမ်မိသည်။

"ကိုယ်နှင့်မဆိုင်၊ ကိုယ်မပိုင်ဘဲနှင့် ကြည့်ချင်မြင်ချင်ဦးဟဲ့ မဟာမြိုင် ...."

ဟု ကိုယ့်ကိုယ်ကိုပင် အပြစ်တင်မိပါသည်။

အဝေးမှကားစက်သံနှင့် မီးရောင်ကို ကြားရမြင်ရသဖြင့် ဝမ်းသာနေသည်။ မကြာမီ တိုယိုတာကားကြီးတစ်စီး တပ်မတော်သားများနှင့် ရောက်ရှိလာသည်။ ဦးစိုးဝင်းက ယာဉ်မောင်းသူအား အကျိုးအကြောင်းပြောပြပြီး အကူအညီတောင်းရာ ထိုသူက ခွင့်ပြုပေးသဖြင့် စက်နိုးလာသည်။ သူတို့ကား ရေဗွက်ထဲ ဆင်းရာတွင် ဗွက်နစ်နေသဖြင့် ကားကိုကြိုးချည်ပြီး ကျွန်တော်တို့က ဆွဲကြရသည်။ ကားနောက်ပိုင်းမှလည်း တွန်းကြရသည်။

"ဆွဲကြဟေ့၊ တွန်းကြဟေ့"

ဩသံပေးသော အသံများနှင့် ပဲ့တင်သံများက တစ်တောလုံး ဆူညံနေသည်။ တောကောင်များပင် လန့်ကြောက် ထွက်ပြေး





သွားနိုင်သည်။ ကားကြီးဗွက်ဆိုင်မှ လွန်မြောက်သောအခါ ကျွန်တော်တို့ကားကို ကြိုးချည်ပြီး သူတို့ကားကို စက်အားဖြင့် ဆွဲသည်။ ကားနောက်ပိုင်းမှ လူများက တွန်းကြရသည်။ ကုန်းပေါ်သို့ရောက်သောအခါ ကျွန်တော်တို့ကားကို ရှေ့ကအမောင်းခိုင်းပြီး သူတို့ကားက နောက်မှလိုက်လာသည်။

ကိုင်းရွာသို့ ရောက်သောအခါ မိုးလင်းနေပြီ။

ထိုရွာတွင် လက်ဖက်ရည်ဆိုင်၊ ခေါက်ဆွဲဆိုင်၊ ထမင်းဆိုင်များရှိသည်။ ကျွန်တော်တို့ကို အကူအညီပေးသော ယာဉ်မောင်းနှင့် စစ်ဗိုလ်စစ်သားများကို ဖိတ်ခေါ်၍ ကော်ဖီ၊ မုန့်များနှင့်ဧည့်ခံပြီး ကျေးဇူးတုံ့ပြန်လိုက်ရသဖြင့် ကျေနပ်ဝမ်းသာသွားသည်။ ကိုင်းရွာနှင့် ကလေးဝမြို့ကြားတွင် ချင်းတွင်းမြစ်က ခြားလျက်ရှိသည်။ ဇက်ကလပ်ဖြင့် ကားများကို ဟိုဘက် သည်ဘက် ပို့ဆောင်ပေးနေသည်။ ကားကြီးတစ်စီး ဇက်ကလပ်ပေါ်တင်ရာတွင် အဆင်မပြေဘဲ တိုးလို့တန်းလန်းဖြစ်နေသဖြင့် နေ့လယ် (၁)နာရီထိုးသည့်တိုင် အခြားကားများကို ဇက်ကလပ်ပေါ်မတင်ရသေးပါ။

သို့ဖြစ်၍ ကျွန်တော်သည် ဦးအေးမောင်ကိုခေါ်ပြီး ကူးတို့လှေဖြင့် ကလေးဝမြို့ဘက်သို့ ကူးခဲ့ပါသည်။ ကလေးမြို့သွားမည့် ကားပေါ်သို့ လက်မှတ်ယူပြီး ထိုင်နေပါသည်။ ဦးအေးမောင်ကို ကိုင်းရွာသို့ ပြန်လွှတ်လိုက်ပါသည်။

ညနေ (၂) နာရီ အချိန် ကားထွက်သည်။ ခရီးသည်များ အပြည့်အကျပ်တင်သဖြင့် အသက်ကိုပင် အနိုင်နိုင်ရှူရသည်။ ကလေးဝမြို့နှင့် ကလေးမြို့သည် (၂၄) မိုင်ဝေးသည်။ ကားလမ်း



www.burmeseclassic.com

www.burmeseclassic.com



မှာ မြစ်သာမြစ်နှင့် မျဉ်းပြိုင်ဖြစ်သည်။ မြစ်သာမြစ်သည် မြန်မာနိုင်ငံတွင် တောင်မှမြောက်သို့ စီးဆင်းသောမြစ်ဖြစ်သည်။

အိန္ဒိယနိုင်ငံမှ စီးဆင်းလာသော မဏိပူရမြစ်သည်လည်း ကလေးမြို့အထက်နားတွင် မြစ်သာမြစ်နှင့် ပေါင်းဆုံပြီး ချင်းတွင်းမြစ်အတွင်း ဝင်ရောက်သည်။ မြစ်သာမြစ်လက် ယာဘက်တွင် သစ်တောသစ်ပင်များ ဖုံးလွှမ်းနေသော တောင်တန်းကြီးရှိသည်။ တောတောင်နှင့် စီးဆင်းနေသော မြစ်ရေအလျဉ်ကို ကြည့်ရသည်မှာ အရသာရှိလှပါသည်။ စိတ်ကြည်လင် ရွှင်လန်းသွားသည်။

ကားလမ်းဘေးတွင် စုပုံထားသော ကျွန်းသစ်လုံးများကို တွေ့ရပါသည်။

ကြေးမုံသတင်းစာ (၈-၉-၉၄)

❐



အခန်း (၁၀)

## ခေါင်းဖြူဖြူနှင့် ဆောင်းခိုငှက်ကြီး

တကယ်တော့ မဟာမြိုင်သည် ကျွန်တော်၏အိပ်မက်ဖြစ်သည်။

မဟာမြိုင်ဆိုပါက ကျွန်တော်သည် ထပြီးအပြေးသွားလိုစိတ်ရှိသည်။ သို့သော် စိတ်ရှိသော်လည်း မရောက်ဖြစ်။

အခုတော့ ပခုက္ကူဦးအုံးဖေက မဟာမြိုင်သို့ သွားရောက်ပြီး မဟာမြိုင်ဆောင်းပါးတောင် ရေးလိုက်သေးသည်။ ကျွန်တော်က မဟာမြိုင်သို့ သွားရောက်လိုပါက ရဟတ်ယာဉ်အသုံးပြု၍ပင် သွားနိုင်ပါလျက် မရောက်ဖြစ်ခြင်းဖြစ်သည်။

ပခုက္ကူဦးအုံးဖေ ရေးသော "ကြည့်ချင်၊ မြင်ချင်ဦးဟဲ့ ... မဟာမြိုင်"ကို ဖတ်ကြည့်ရသည်။ သူက ယင်းဆောင်းပါးထဲတွင် -



www.burmeseclassic.com

www.burmeseclassic.com



■ မြန်မာနိုင်ငံမြေဧရိယာ၏ ထက်ဝက်ကျော်မှာ သစ်တောများဖြစ်သည်။

■ များပြောင်ကျယ်ဝန်းသော သစ်တောများကို စောင့်ရှောက်ထိန်းသိမ်းဖို့ ဆိုရာတွင် သစ်တောဌာနတစ်ခုတည်းအနေဖြင့် လုံခြုံမှုရှိနိုင်မည် မဟုတ်ပေ။

ဟု၍ ရေးသာထားရာ သည်တော့မှ ကျွန်တော်သည် ပခုက္ကူဦးအုံးဖေနှင့် ပတ်သက်၍ ကျွန်တော်၏အတွေးများကို ပြန်၍ သုံးသပ်ရသည်။

## စာပေနယ်မှမဟုတ်

သူသည် စာပေနယ်မှမဟုတ်ဘဲ ဆေးပေါင်းရုံပိုင်ရှင်ဖြစ်၍ မီဒီယာများနှင့် မိတ်ဆက်ပွဲတွင် ဦးအုံးဖေသည် သစ်ပင်သစ်တော ကာကွယ်ထိန်းသိမ်းရေးစာများကို ရေးသားမည့်သူမဟုတ်ဟု ထင်ခဲ့သော်လည်း ကျွန်တော့်ထင်မြင်ချက်က လုံးလုံးလျားလျား မှား၍ ယခုသူက သစ်တောသစ်ပင် ကာကွယ်ထိန်းသိမ်းရေး ဆောင်းပါးများကို ပေါ်ပေါ်လွင်လွင် ရေးနေသည်။ သူရေးတာတွေက ကျွန်တော်ရေးစေချင်တာများချည်း ဖြစ်နေသည်။ ယခုတော့ ကျွန်တော်ရောက်ချင်သော မဟာမြိုင်သို့ပင် သူကရောက်ရှိပြီး ဖြစ်နေသည်။ မဟာမြိုင်၌ ကျားဟိန်းသံများကို ကြားရသည်ဟု ဆိုတော့ မဟာမြိုင်ထဲက ကျားဟိန်းသံကို ကျွန်တော်နားနှင့် ဆတ်ဆတ်ကြားချင်လာသည်။ ကျွန်တော်မှာ မဟာမြိုင်သို့သွားရန်





ကားအဆင်သင့်၊ ရဟတ်ယာဉ်အဆင့်သင့် ရှိပါလျှက် မဟာမြိုင်သို့ အဘိုးအိုက အရင်ရောက်နှင့်နေ၍ ကျွန်တော့်ကိုယ် ကျွန်တော် နည်းနည်းတော့ ရှက်သွားမိပါသည်။ သူက-

"မြန်မာနိုင်ငံရဲ့ မြေဧရိယာမှာ သစ်တောမြေဧရိယာ ထက်ဝက်ကျော် ရှိတယ်ဆိုတာ တကယ်ဟုတ်ရဲ့လား?၊ စာရွက်ပေါ်မှာလား?"

ဟု ညွှန်ကြားရေးမှူးချုပ်အားမေးပြီး ညွှန်ကြားရေးမှူးချုပ်က -

"တကယ်ရှိတာပါ"

ဟုဆိုတော့ ယခုဆောင်းပါးတွင် မြန်မာနိုင်ငံတွင် မြေဧရိယာ၏ ထက်ဝက်ကျော်မှာ သစ်တောရှိသည်ဆိုသောအချက်ကို ခိုင်ခိုင်မာမာ ရေးပြထားသည်။ သူညွှန်ချုပ်ကို မေးခြင်းသည် သံသယကြောင့်မဟုတ်။ စာနှင့်ပေနှင့် ရေးသားမည့်ကိစ္စဖြစ်၍ ခိုင်လုံအောင် အတည်ပြုချက်ယူလိုက်ခြင်းဖြစ်သည်။ ထိုအချက်မှာလည်း မီဒီယာသမားကောင်းတို့၏ ကျင့်ဝတ်ကို လိုက်နာခြင်းဖြစ်၏။ ထိုအခါကျမှ ကျွန်တော်သည် ပခုက္ကူဦးအုံးဖေ အကြောင်းကိုထပ်၍ စုံစမ်းရသည်။

ပခုက္ကူဦးအုံးဖေအကြောင်း တက္ကသိုလ်စိန်တင် ရေးထားသော စာအုပ်ရှိသည်ဆိုသောကြောင့် ဝယ်ခိုင်းပြီးဖတ်ရှုရသည်။ ဦးအုံးဖေသည် အတန်းကျောင်းမနေဖူး၊ ငယ်စဉ်က ဘုန်းတော်ကြီးကျောင်းတွင်သာ နေဖူးသည်။ ဘုန်းကြီးကျောင်းမှထွက်တော့ ဘေးလက်တွင် ပျော်သလိုနေခဲ့ရာ လူငယ်သဘာဝ ကြက်တိုက်၊ ခဲရိုက်၊ အရက်သောက်ဖြင့် ငယ်စဉ်ဘဝက ကြမ်းတမ်းသည်။



www.burmeseclassic.com

www.burmeseclassic.com



ဦးအုံးဖေသည် ဖဲရှုံးလျှင် စာဖတ်သည့်အကျင့်ရှိခဲ့သည်။ ဖခင်မှာ ငယ်စဉ်ကတည်းက ကွယ်လွန်သွားသည်။ ရန်ကုန်မြို့သို့တက်၍ မြင်းဇာတွင် အလုပ်လုပ်ဖူးသည်။ မြင်းလောင်းသည်။ တစ်ကြိမ်တွင် တော့ ထောင်ကျသည်။ ထောင်ထဲတွင် ထောင်မှူးကြီးကဆိုဆုံးမ၍ သုဝါသနာပါသောစာကို စွဲစွဲမြဲမြဲဖတ်ရာမှ လူကောင်းသူကောင်း ဖြစ်လာသည်။

ထောင်ပိုင်ကြီးကို သူက -

"ကျွန်တော် ကောင်းကောင်းနေပါမည်၊ လူကောင်း ဖြစ်ပါပြီ"

ဟုဆိုလေရာ "နေ့စဉ်ကောင်းမွန်စွာနေထိုင်ကြောင်း ဘယ်သူက သက်သေခံမှာလဲ"ဟု ထောင်ပိုင်ကြီးက မေး၏။ တစ်နေ့တာ မိမိလုပ်သမျှ မှတ်တမ်းဒိုင်ယာရီရေးထား၍ ထိုဒိုင်ယာရီက သက်သေခံပါသည်ဟု ဦးအုံးဖေကဆိုသည်။ ဦးအုံးဖေသည် နေ့စဉ် ဒိုင်ယာရီရေးခဲ့သည်မှာ ဒိုင်ယာရီစာအုပ်ပေါင်း(၅၀)မျှရှိကြောင်း သိရသည်။

## (၇၆)သိန်း အလှူရှင်

ထို့နောက် စိတ်မှန်လမ်းမှန်ဖြင့် စီးပွားရေးလုပ်ဆောင်ခဲ့ရာ ဆေးပေါင်းရုံပိုင်ရှင်ဖြစ်လာသည်။ ဆေးပေါင်းရုံ ပိုင်ရှင်ဖြစ်လာ တော့ သူဖတ်ထားသောစာပေ၏ သင်ကြားမှုကြောင့် အများအကျိုး ဆောင်ရွက်တတ်လာ၏။ သူသည် ၁၉၈၇-ခုနှစ်က ပခုက္ကူ ဆေးရုံကြီးသို့ ငွေ (၇)သိန်းနှင့် (၁၂၇၉)ကျပ်လှူခဲ့သည်။ ၁၉၉၂-







နောင်စစ်သည် ဒုတိယဗိုလ်ချုပ်ကြီးချစ်ဆွေ(ငြိမ်း)နှင့် ပခုက္ကူဦးအုံးဖေ။

ခုနှစ်တွင် ပခုက္ကူဦးအုံးဖေသည် သူ့အသက် (၇၆)နှစ်အတိုင်း ပခုက္ကူဦးအုံးဖေစာပေဆုအတွက် ငွေ (၇၆)သိန်းနှင့် (၁၂၇၉)ကျပ် ကို အစိုးရထံအပ်နှံ၍ လှူဒါန်းသည်။ ၁၉၉၂-ခုနှစ်က ရွှေ တစ်ကျပ်သားသည် သောင်းဂဏန်းမျှသာ ရှိသေးသောအချိန်တွင် (၇၆)သိန်းဟူသော ပမာဏမှာ အတော်များသည်။ ဦးအုံးဖေသည် ၁၉၁၇-ခုနှစ် မေလ (၂၀)ရက်နေ့၊ မြန်မာသက္ကရာဇ် ၁၂၇၉-



www.burmeseclassic.com

www.burmeseclassic.com



ခုနှစ်၊ ကဆုန်လပြည့်ကျော် (၁၀)ရက်နေ့တွင် မွေးဖွားသူဖြစ်[...] သူသည်လှူဒါန်းမှုပြုတိုင်း ငွေ (၁၂၇၉)ကျပ်ဆောင်း၍ လှူတ[...] သည်။

ဦးအုံးဖေသည် မီးဘေးကယ်ဆယ်ရေးရန်ပုံငွေ၊ တက္ကသိုလ်[...] ကျောင်းသူ ကျောင်းသားများ ပညာသင်ထောက်ပံ့ကြေးရန်ပုံငွေ[...] ဆေးဝါးရန်ပုံငွေ၊ စာကြည့်တိုက်ရန်ပုံငွေ စသည်ဖြင့် ရန်ပုံငွေများ[...] ထားရှိလှူဒါန်းသေးကြောင်းလည်း သိရ၏။ ပခုက္ကူဦးအုံး[...] အကြောင်းကို ဆက်၍လေ့လာရာ သူသည် စာပေကို လေး[...] မြတ်နိုးသည်။ သူဘဝ ဆိုးခဲ့၊ ပေခဲ့၊ မိုက်ခဲ့သည်များကို မခြွင်းမချ[...] ပြန်လည်ရေးသား၍ နောင်လာ နောင်သားလူငယ်များ သူ[...] မမိုက်မဲစေရန် စံနမူနာပြရေးသားထားကြောင်း တွေ့ရသည်။

## ဦးခေါင်းနှင့် မှတ်သား[...]

သူကအကြောင်းအရာများကို စာနှင့်ရေးမှတ်သားသည်[...] ထက် ဦးနှောက်နှင့်မှတ်သားထားပြီး ညကျမှ ဒိုင်ယာရီရေးသည်[...] ဆိုတော့ IBC တွင်မီဒီယာအဖွဲ့နှင့်တွေ့စဉ် ပခုက္ကူဦးအုံးဖေ[...] ဟိုဘက်လှည့်နားထောင်လိုက်၊ ဒီဘက်လှည့်နားထောင်လိုက်[...] ပြုနေသည်မှာ ဦးနှောက်နှင့်မှတ်သားနေခြင်းဖြစ်ကြောင်း သိလိုက်[...] ရသည်။ တစ်ဖန်သူသည် ကြက်၊ ဖဲ၊ အရက်နှင့်လောင်းကစား[...] ထိုဓလေ့များကို မကောင်းသဖြင့် စွန့်လွှတ်လိုက်သောအချိန်မှစ[...] ထိုအရာများနှင့် ပတ်သက်ပါက လက်ဖျားနှင့်မျှမထိ။ ထိုအကြောင်း[...] အရာများကို စကားအဖြစ်လည်း ထည့်မပြောဘဲ ယတိပြတ်[...] ဖြတ်နိုင်ခဲ့သူဖြစ်ကြောင်းသိရသည်။





## စွန့်ပြီဆိုမှတော့ တကယ်စွန့်သူ

ကျွန်တော်တို့ ကိုအေးမောင်အိမ်၌ ကြက်ဝိုင်းအကြောင်း ပြောကြရာတွင် အဘိုးအိုက တစ်ခွန်းမှ ဝင်မပြောခြင်းသည် ကြက်အကြောင်း၊ ဖဲအကြောင်းကို ယတိပြတ်စွန့်လိုက်နိုင်ပြီဖြစ်ကြောင်း သက်သေပြနေခြင်းပင် ဖြစ်သည်။ သူသည် ကြက်၊ [...]နှင့်ပတ်သက်၍ မသိသလို ဟန်ဆောင်နေခြင်း မဟုတ်။ အရက်၊ ဖဲ ကြက်၊ လောင်းကစားမျိုးစုံ လုပ်ခဲ့သည့်အကြောင်း သူက [...]နှင့်ပေနှင့် ဝန်ခံခဲ့ပြီးဖြစ်၏။

ကျွန်တော်သည် ပခုက္ကူဦးအုံးဖေ အကြောင်းလေ့လာရင်း-

"အင်း ... ငါထင်တာတွေတော့ မှားနေပြီ"

ဟု စိတ်ထဲမှ တွေးမိလာသည်။ ကျွန်တော့်ဇနီးအားလည်း [...]ပခုက္ကူဦးအုံးဖေနှင့် ပတ်သက်၍ ကျွန်တော့်အမြင်မှားပုံကို ပြောပြဝန်ခံမိတော့သည်။

## အမြတ်ခွန်ရှောင်တာလား

ပခုက္ကူဘက်မှ ပုဂ္ဂိုလ်တစ်ဦးက ကျွန်တော့်အား ဒီအဘိုးအို [...]ပေရန်ပုံငွေဆိုပြီးလှူခြင်းမှာ -

"အမြတ်ခွန်ရှောင်လိုတဲ့အတွက် လှူတာ"

[...]ဆိုဖူးသည်။ ကျွန်တော်က ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာနတွင် [...]ကြီးမဖြစ်ဖူးသောကြောင့် သူပြောတာမှန်သည်၊ မမှန်သည်လား [...]သိ။ ကျွန်တော့်သူငယ်ချင်း ရုပ်ရှင်မင်းသားချော ကိုဝင်းဦးအား [...]တစ်ခါပြောဖူးသည်။ သူသရုပ်ဆောင်လို့ ငွေ(၁၀၀)ကျပ်[...]



www.burmeseclassic.com

www.burmeseclassic.com



ဆောင်ခရလျှင် (၆)ကျပ်ပဲသူရသည်။ (၉၄)ကျပ်ကို အမြတ်ခွန် ဆောင်ရသည်ဟု ပြောဖူးသည်။

သို့သော်လည်း ကျွန်တော်စဉ်းစားတာက မြန်မာနိုင်ငံတွင် ဆေးပေါင်းရုံလုပ်ငန်းလုပ်ကိုင်သူ (၇၀၀)ကျော်ရှိ၏။ ထိုအထဲမှ (၇၆)သိန်းလှူသူက ပခုက္ကူဦးအုံးဖေတစ်ဦးသာရှိသည်။ အကယ်၍ အမြတ်ခွန်ဆောင်ရမည်ကို ကြောက်၍လှူသည်ပဲ ဆိုကြပါစို့။ ဆေးပေါင်းရုံပိုင်ရှင် (၇၀၀)စလုံးက လှူလျှင် (၇၀၀ × ၇၆) = သိန်းပေါင်း(၅၃၂၀၀) လှူဒါန်းငွေရှိမည်။ သို့ဆိုပါက စာပေလောကသားများသည် ရေးသူက ရေး၊ ဖတ်သူက ဖတ်ဆိုလျှင် ဘယ်လောက်များ စာပေကဏ္ဍကြီး ဖွံ့ဖြိုးလိမ့်မလဲဟု ကျွန်တော်တွေးမိ၏။ အခုတော့ (၇၆)သိန်းလှူတာက သူတစ်ယောက်တည်း။ သူ၏ အလှူကိုရော သူ့ကိုပါ လေးစားသင့်ကြောင်း ကျွန်တော် သိလာသည်။

## ကိုယ်၊ နှုတ်၊ နှလုံး သုံးပါးဖြင့် ပြစ်မှားမိသည်ရှိသော်

ကျွန်တော်တို့မြန်မာများတွင် ကိုယ်၊ နှုတ်၊ နှလုံး သုံးပါးဖြင့် ပြစ်မှားမိသည်ရှိသော် ခွင့်လွှတ်ပါရန် တောင်းပန်သော အလေ့ရှိသည်။ ကျွန်တော်သည် ပခုက္ကူဆေးပေါင်းရုံပိုင်ရှင်၊ ပခုက္ကူ ဦးအုံးဖေစာပေဆုအလှူရှင် အဘိုးအိုအား နှုတ်နှင့်သော်လည်းကောင်း၊ ကိုယ်နှင့်သော်လည်းကောင်း ပြစ်မှားခဲ့ခြင်းမရှိ။ သို့သော် စိတ်နှလုံးနှင့် ပြစ်မှားမိတာကတော့ သေချာသည်။ ထို့ကြောင့် ပခုက္ကူ စာပေအလှူရှင် ဦးအုံးဖေအား ပြစ်မှားမိသည်ရှိသော်





ထိုအပြစ်မှ ကင်းလွတ်စေခြင်းငှာ တောင်းပန်ရမည်ဟု စိတ်ပိုင်းဖြတ်ပြီး ဦးအုံးဖေအကြောင်း မေးမြန်းစုံစမ်းရာ -

"ဦးအုံးဖေမှာ စာပေရာသီလည်းဖြစ်၊ အထက်အညာမှာ အလွန်အေးသော ကာလလည်းဖြစ်သည့် နိုဝင်ဘာ၊ ဒီဇင်ဘာ၊ ဇန်နဝါရီ၊ ဖေဖော်ဝါရီလများတွင် အညာမှ ရန်ကုန်သို့ ဆင်းလာသည်။ ရန်ကုန်သို့ဆင်းလာပါက မြေနီကုန်း၊ ဈေးလမ်း၊ အိမ်နံပါတ်(၈/၉) အန်တီမြစ်သား ဦးမြင့်အောင်တို့အိမ်တွင် တည်းသည်"

ဟု သိရသည်။

ဟိမဝန္တာတွင်ရှိသော ငှက်များသည် ဆောင်းရာသီ အလွန်အမင်း အေးလာသောအခါ နွေးထွေးသော သမပိုင်းဒေသများရှိ ရေစပ်စပ်၊ ကုန်းစပ်စပ်နေရာများသို့ ပြောင်းရွှေ့လာကြ၏။ ထိုငှက်များကို ဆောင်းခိုငှက်များ ဟုခေါ်ကြသည်။ ဆောင်းခိုငှက်များတွင် ကြိုးကြာကဲ့သို့သော ငှက်များလည်း ပါဝင်တတ်ကြသည်။ ထိုအတူ ပခုက္ကူမှ ခေါင်းဖြူဖြူနှင့် ကြိုးကြာကြီးသည်လည်း ပခုက္ကူတွင် အလွန်အေးပါက ရန်ကုန်တွင် ဆောင်းလာခိုတတ်သည်ဟုဆို၍ ကျွန်တော်သည် ဦးလေးအုံး ရန်ကုန်အလာကိုစောင့်နေရသည်။

ဦးလေးအုံး ရန်ကုန်သို့ရောက်ပြီဟုဆိုတော့ ကျွန်တော် မြေနီကုန်း ဈေးလမ်းရှိ သူတည်းခိုရာအိမ်သို့သွားရောက် တွေ့ဆုံရသည်။ ကျွန်တော်က ကိုယ်၊ စိတ်၊ နှလုံး သုံးပါးတို့မှ တစ်ပါးပါးနှင့် ပြစ်မှားမိသည်ရှိက ခွင့်လွှတ်ပါရန်ပြောရာ ဦးလေးအုံးက လူကြီးပီပီ ခွင့်လွှတ်ထားပြီးဖြစ်ပါသည်။



www.burmeseclassic.com

www.burmeseclassic.com



"ဦးလေးအုံး၊ ရန်ကုန်ရောက်ခိုက် ဘယ်ကိုသွားလိုပါသလဲ? သွားလိုသောနေရာများကို ကျွန်တော်လိုက်ပို့ပေးပါမည်" ဟု ကျွန်တော့်အပြစ်ကိုဆေးကြောရန် တောင်းပန်မှုပြုရ၏။

## ညစာဖိတ်ကျွေး

ထိုပြင် ကျွန်တော့်အိမ်သို့လည်း ဖိတ်ကြား၍ ညနေစာကျွေးရသည်။ ဦးလေးအုံးကို ကျွန်တော်၏ဇနီးမှစ၍ မိသားစု၊ သားသမီးများ၊ မြေးများနှင့် မိတ်ဆက်ပေးရာ အားလုံးနှင့် ခင်ခင်မင်မင်ရှိသွားခဲ့သည်။ ကျွန်တော့်အိမ်မှာဘာမှ အားနာစရာမရှိ၊ မိမိအိမ်လို သဘောထားနေပါဟုလည်း ပြောရသည်။ သူနှင့်အတူ အပါးတော်မြဲအဖြစ် ပခုက္ကူမှ ကိုသိန်းခိုင်ဦး ပါလာတတ်သည်။ ကိုသိန်းခိုင်ဦးက သွက်လက်ချက်ချာသော လူငယ်တစ်ဦးဖြစ်သည်။ ဦးလေးအုံး ရန်ကုန်သို့ရောက်ပါက ကြောင်နှစ်ကောင် ကိုမျိုးကိုမြင့်အောင်၊ ဦးကျော်ညွန့်ရှိ အစရှိသော ရင်းနှီးသူများလည်း ပါလာတတ်သည်။

## အားကျမခံသွားခဲ့

ကျွန်တော်သည် ဦးလေးအုံး မဟာမြိုင်ကို ဖြတ်ပြီးသောအခါမှ အားကျမခံ မဟာမြိုင်သို့ နှစ်ကြိမ်သွားခဲ့သည်။ မဟာမြိုင်ကို ရေဦး-ကလေးဝ မော်တော်ကားလမ်းမှဖြတ်ရန် စီစဉ်သော်လည်း စီစဉ်တိုင်းပျက်ရသောကြောင့် ကျွန်တော်သွားခဲ့သော နှစ်ခေါက်စလုံးမှာ ရဟတ်ယာဉ်နှင့်ဖြစ်သည်။ ကျွန်တော်သည် ရဟတ်ယာဉ်





ကို မဟာမြိုင်တောတန်းကြီးပေါ်မှ သစ်ပင်လွတ်ရုံအမြင့်မှကပ်၍ စီးနင်းလိုက်ပါရင်း မဟာမြိုင်ကို အားပါးတရ ကြည့်သည်။ သစ်တော သစ်ပင်များထူထပ်၍ ရဟတ်ယာဉ်တစ်ခုခုဖြစ်ပါက အရေးပေါ်ဆင်းသက်စရာ နေရာမရှိရလောက်အောင် သစ်တောက ထူထပ်သည်။ အချို့နေရာများတွင်တော့ ရဟတ်ယာဉ်အသံကြောင့် တောကောင်လေးများ လန့်ဖျပ်ပြေးလွှားကြသည်ကို ပြတင်းပေါက်မှမြင်ရလျှင် ကျွန်တော်က -

"ဟိုမှာ ဘာကောင်လဲဟ"

"ဒီနားကသစ်တောက ထူထပ်လိုက်တာ"

"ဦးလေးအုံးက ကျားဟိန်းသံ ကြားရတယ်လို့ သူ့ဆောင်းပါးတစ်ပုဒ်မှာ ရေးထားတယ်"

စသည်ဖြင့် ပြောနေလေရာ ရဟတ်ယာဉ်မောင်းသူနှင့် ကျွန်တော့်တပည့်များက မဟာမြိုင်ကိုကြည့်ရင်း ကျွန်တော် အဖြစ်သည်းနေပုံကိုမြင်ရကာ -

"ဒီဝန်ကြီး ရဟတ်ယာဉ်ပေါ်ကများ မဟာမြိုင်ထဲ ခုန်ချလေမလား"

ဟု စိုးရိမ်ကောင်း စိုးရိမ်နေကြမည်ထင်သည်။

□



www.burmeseclassic.com

www.burmeseclassic.com

BURMESE CLASSIC .com

# ကရင်ပြည်နယ်၊ မွန်ပြည်နယ်


အခန်း(၁၁) - ငါးကုဋေကျော်တန်တံတား

အခန်း(၁၂) - သစ်တောရတနာ

အခန်း(၁၃) - သံလွင်၊ ဂျိုင်း၊ အတ္တရံရေပြင်ကြီး

အခန်း(၁၄) - ဝါးတားဂိတ်နှင့် ကိုယ့်အလုပ် ကိုယ်လုပ်ပါ




www.burmeseclassic.com

www.burmeseclassic.com

အခန်း (၁၁)

# ငါးကုဋေကျော်တန်တံတား

ကျွန်တော်သည် ပခုက္ကူမှဆေးပေါင်းသည် အဘိုးအိုအား ဗော်ထဲမှ တလွဲတွေးမိသည်ကို အကြောင်းပြု၍ ပြုမိသည်ကိစ္စ ကျေစေသောအလို့ငှာ–

''ဦးလေးအုံး ဘယ်သွားချင်လဲပြော၊ ကျွန်တော် လိုက်ပို့ ပါမယ်''

ဟုဆိုတော့ ထိုအခွင့်အရေးကို ဦးလေးအုံးက ထိထိရောက်ရောက် အသုံးချပါသည်။ ပခုက္ကူမှ ဆောင်းခိုရန် ရန်ကုန်သို့ရောက်လာပါက ဆောင်းခိုငှက်ကြီးက

''ဘယ်နေရာသွားချင်တယ်။ ဘယ်နေရာသွားရင် ကောင်းမှာဘဲ''

ဟုဆိုကာ ပူဆာတတ်၏။



www.burmeseclassic.com

www.burmeseclassic.com



သူပူဆာပါက ကျွန်တော်ကလည်း ဖြစ်အောင်ပို့ပါသည်။

တစ်ခါတွင်တော့ ဦးလေးအုံးက သူမော်လမြိုင်သို့ တစ်ခေါက်မှမရောက်ဖူးဘူး။ မော်လမြိုင်သွားရအောင်ဟုဆို၍ ကျွန်တော်မှာ ထိုခရီးကို စီစဉ်ရသည်။ ၁၉၉၉-ခုနှစ်။ နှစ်သန်း လောက်က ဖြစ်ပါမည်။

ကျွန်တော်ယခု ဤစာအုပ်၌တင်ပြချက်များသည် မှတ်တမ်းမှတ်ရာကို ကိုင်၍ရေးသားခြင်းမဟုတ်ဘဲ ကျွန်တော် မှတ်မိသမျှနှင့် ရှိသမျှသောမှတ်တမ်းလေးများကို ကိုးကား ရေးသားရခြင်းဖြစ်၍ တင်ပြရာတွင် ရှေ့ကအဖြစ်အပျက်က နောက်ရောက်၊ နောက်ကအဖြစ်အပျက်က ရှေ့ရောက်ဖြစ် နေသည်ကို သည်းခံပါရန် မေတ္တာရပ်ခံအပ်ပါသည်။

## လူအတော်

ကျွန်တော်တို့ မော်လမြိုင်သို့သွားသော ခရီးစဉ်သည် လူတော်တော်စုံသည်။ ခရီးစဉ်၏ ရည်ရွယ်ချက်က ဒေသန္တရ ဗဟုသုတရရှိစေရန် ရည်ရွယ်ရင်းဖြစ်ပါသည်။ ခရီးစဉ်တွင် ပခုက္ကူ ဦးအုံးဖေသာမက စာပေနှင့်စာနယ်ဇင်းဗဟိုအဖွဲ့မှ ဦးခင်ရွှေ (ရွှေခင်ညို)လည်းပါသည်။ ရွှေစွန်ညိုက ခရမ်းမြို့နယ်သားဖြစ် ကြောင်း သိရသည်။ ထို့နောက်တော့ ဦးအုံးဖေနှင့် လုပ်ဖော် ကိုင်ဖက်မှူးဖြစ်ကြသော ဦးခင်မောင်လေး၊ တရားရုံးချုပ်ရှေ့နေ ဦးတင်ဝင်းအောင်၊ ဦးအောင်သန်းမြင့် စသူတို့ပါဝင်သည်။ ကျွန်တော်၏ဇနီး ဒေါ်မြင့်မြင့်ခင်နှင့် အမျိုးသမီးအဖော်တစ်ဦး





နှင့်ဦးလည်းပါဝင်သည်။ ခရီးသွားစဉ် သက်သက်သာသာရှိစေရန် ခံလုံဘတ်စ်ကားကြီးနှင့် ထွက်လာကြခြင်းဖြစ်သည်။

ပထမကျွန်တော်တို့သည် ရန်ကုန်-မန္တလေးကားလမ်း အတိုင်း ပဲခူးမြို့သို့လာခဲ့ကြပြီး ပဲခူးသစ်ထုတ်လုပ်ရေးရိပ်သာတွင် နံနက်စာစားကြသည်။ ထို့နောက် ခရီးဆက်ထွက်လာရာ ဘုရားကြီးရောက်တော့ ယာဘက်သို့ချိုးကွေ့ပြီး ဆက်လာရာ "ဝေါ"မြို့သို့ရောက်သည်။ ဝေါမြို့မှ အရှေ့ဘက်သို့ ကတ္တရာ လမ်းမကြီးအတိုင်း ဆက်၍ထွက်သောအခါ စစ်တောင်းတံတား ကြီးဆီသို့ ဆိုက်ဆိုက်မြိုက်မြိုက် ရောက်သွားသည်။

## စစ်တောင်းတံတားကြီး

မြန်မာနိုင်ငံ၏ တံတားသမိုင်းတွင် အင်းဝတံတား၊ စစ်တောင်းတံတား၊ ဂုတ်ထိပ်တံတားစသော တံတားကြီးများသည် အစောစီးစီး တည်ဆောက်ခဲ့သော နာမည်ကြီး လူသိများသော တံတားကြီးများဖြစ်သည်။ ယခင်က မြန်မာနိုင်ငံတွင် တံတားဟု ဆိုပါက ထိုတံတားကြီး သုံးစင်းလောက်သာရှိရာမှ ယခုအခါ ထင်းကဲ့သို့သောတံတားကြီးများ အများအပြားရှိနေပြီး ဖြစ်သည်။

စစ်တောင်းတံတားသည် သထုံ၊ မော်လမြိုင်၊ ရေး အစရှိသော မြန်မာနိုင်ငံတောင်ပိုင်းရှိ မြို့ကြီးများသို့သွားရောက် ရာတွင် အထူးအသုံးဝင်သော တံတားကြီးဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



## တံတားဟောင်း

စစ်တောင်းမြစ်ကိုဖြတ်ကျော်၍ ပဲခူး-မုတ္တမ မီးရထား လမ်း မိုင်တိုင်အမှတ်(၇၀/၁၂)တွင် စစ်ကြိုခေတ် တံတားဟောင်းရှိခဲ့သည်။ ပေ(၁၅၀) ရှည်၍ တံတားဘောင်(၁၀) ပါဝင်သော တံတားဖြစ်သည်။ ထိုတံတားကို ၁၉၀၈-ခုနှစ် ဆောက်လုပ်ပြီးစီးခဲ့ခြင်းဖြစ်သည်။ သို့သော် ထိုတံတားကြီးမှာ စစ်တောင်းမြစ်၏ထူးကဲသော ဒီရေဒဏ်ကြောင့် ၁၉၂၄-ခုနှစ်တွင် ရေလယ်တိုင်ကြီးများကို ပြုပြင်ခဲ့ရသည်။ ကျောက်တုံးကြီးများဖြ ရေတာတမံများပြုလုပ်၍ အကြီးအကျယ် ပြုပြင်ခဲ့သော်လည်း ရေတိုက်စားမှုဒဏ်ကို နှစ်စဉ်ခံရသောအခါ ပညာရှင်တို့က တံတား ဟောင်းကို ပြုပြင်သည်ထက် တံတားအသစ်ဆောက်လုပ်ရ အကြံပြုကြသည်။ ထို့ကြောင့် ၁၉၃၉-ခုနှစ်တွင် တံတားအသ ဆောက်ရန် ခွင့်ပြုချက်ရရှိသော်လည်း ဒုတိယကမ္ဘာစစ်ကြီး ဖြစ်လာ၍ အသစ်လည်းမဆောက်နိုင်၊ တံတားအဟောင်းမှ သံဘောင်ကြီးနှစ်ခုနှင့် ရေလယ်တိုင်နှစ်ခု ပျက်စီးသွားသောကြော အသုံးပြု၍ မရနိုင်တော့သည့် ဘဝသို့ရောက်ခဲ့သည်။

၁၉၄၆-ခုနှစ်သို့ရောက်ရှိလာသောအခါ နိုင်ငံတော် အစိုးရက မီးရထားနှင့်ကားပါ ဖြတ်နိုင်ရန် တံတားအသစ်တစ်ခု တည်ဆောက်ရန် ကြိုးပမ်းသည်။ စစ်အတွင်းက ပျက်စီးခဲ့သော တံတားအဟောင်းတည်ရှိရာနေရာမှ အထက် (၇)မိုင်ကျော် ကွာဝေးသော ခရဲ့ရွာ အနီးတွင်တည်ဆောက်ရန် နေရာရွေးခဲ့သည်။ သို့သော်လည်း ချဉ်းကပ်လမ်းလုပ်ငန်း (၇၅)ရာခိုင်နှုန်းမျှ ပြီးစီး



BURMESE CLASSIC .com

...တွင် သောင်းကျန်းသူများကြောင့် (၆)နှစ်ခန့် ဘာမျှမလုပ် ...ဘဲရှိခဲ့သည်။ ထိုသို့မလုပ်နိုင်ချိန်တွင် တံတားဆောက်ရန် ...ချယ်ထားသောနေရာမှာလည်း ပေ(၂၀၀၀)လောက် ရေတိုက် ...ခြင်းခံရသောကြောင့် ထိုနေရာတွင်ဆောက်လုပ်ရန် မဖြစ်နိုင် ...တော့သည့် အခြေအနေသို့ ရောက်ရှိခဲ့သည်။

## ၁၉၆၃-ခုနှစ်၊ မတ်လ(၂၃)ရက်နေ့ကဖွင့်

၁၉၅၉-ခုနှစ် အိမ်စောင့်အစိုးရလက်ထက်တွင် တပ်မတော် ...နှင့် ပြည်သူ့ရဲများ လုံလောက်စွာထားရှိ၍ စစ်တောင်းမြစ်အား ...ဖြတ်ကူးရန် တံတားသစ်ကြီးတစ်ခုတည်ဆောက်နိုင်ရေး ကြိုးပမ်း ...ကြသည်။ စစ်တောင်းမြစ်ကိုဖြတ်၍ တံတားတည်ဆောက်ရန် ...မှာ၏။ တံတားတည်ဆောက်မည့်နေရာတွင် ဒီရေအတက်အကျ ...သည်။ စစ်တောင်းမြစ်ဝသည် ခေါင်းလောင်းပုံသဏ္ဌာန်ရှိသည်။ ...ကမ္ဘာပေါ်တွင် ဒီရေအတက်ကြမ်းသော မြစ်များစာရင်းတွင် ...စစ်တောင်းမြစ်ပါဝင်ပြီး ဒီရေမှာ မိနစ်အနည်းငယ်အတွင်း (၆)ပေ ...(၁၅)ပေလောက်အထိ မြင့်တက်တတ်ရာ ကမ်းပါးအပြိုအပျက် ...သည်းများသည်။ ထို့ကြောင့် အတော်ကြိုးစားတွက်ချက်ပြီးမှ ...တည်ဆောက်ရသောတံတားဖြစ်သည်။

သို့သော်လည်း မြန်မာနိုင်ငံတော်အစိုးရသည် မွန်ပြည်နယ်၊ ...ကရင်ပြည်နယ်၊ တနင်္သာရီတိုင်းတို့နှင့် မြစ်ခြားမနေစေဘဲ ...ပြည်သူများ အလွယ်တကူသွားလာနိုင်ရန် ထိုတံတားအသစ်ကြီးကို ...ကြိုးစား၍တည်ဆောက်ခဲ့သည်။ ထို့ကြောင့် ယင်းတံတားကို



www.burmeseclassic.com

www.burmeseclassic.com



၁၉၆၃–ခုနှစ်၊ မတ်လ (၂၃)ရက်နေ့တွင် အောင်မြင်စွာဖွင့်လှစ်နိုင်ခဲ့သသည်။ တံတားကြီးအတွက် ကုန်ကျစရိတ်မှာကျပ် (၅.၂၉) ကုဋေဖြစ်ကြောင်းသိရသည်။

တံတားအသစ်ကြီးမှာ မီးရထားလမ်းရော၊ ကားလမ်းပါဝင်သည်။ ၁၉၆၃–ခုနှစ်က တည်ဆောက်ခဲ့သော ယင်းတံတားကြီးကို အစားထိုးရန်လိုအပ်လာသောကြောင့် ယခုအခါတံတားအသစ်တစ်စင်းကို ထပ်မံတည်ဆောက်လျက်ရှိသည်။ ယခင်ဆိုလျှင် တံတားတစ်စင်းပြီးဖို့ရာအတွက် ပြည်သူရော အစိုးရပါ အလှူနှင့် အင်အားစိုက်ထုတ်ကြရသည်။ လမ်းတံတားတို့နှင့် ပတ်သက်ပါက သောင်းကျန်းသူများ၏ရန်က တစ်မှောင့်ဖြစ်သည်။ ယခုတော့ တိုင်းနိုင်ငံ အေးချမ်းစပြုပြီဖြစ်၍ နိုင်ငံတော်အစိုးရသည် တံတားများကိုလက်ယှက်ထိုးတည်ဆောက်နေသည်မှာ အံ့ချီးစရာ ပင်ဖြစ်သည်။

## စစ်တောင်းစက္ကူစက်

စစ်တောင်းတံတားကြီး၏ အရှေ့ဘက်ကမ်းတွင် စစ်တောင်းစက္ကူစက်ရှိသည်။ စစ်တောင်းစက္ကူစက်သည် မြန်မာနိုင်ငံ၏ စက္ကူလိုအပ်ချက်ကို အတော်ဖြည့်ဆည်းပေးနိုင်သော စက်ရုံကြီးဖြစ်သည်။ အထူးသဖြင့် စာရေးကိရိယာစက္ကူများ အဓိကထားထုတ်လုပ်သော စက်ရုံဖြစ်သည်။ စစ်တောင်းစက္ကူစက်မှ ဆက်၍လာပါက ဘီးလင်းမြို့သို့ရောက်သည်။

ဘီးလင်းမြို့မှ ထမင်းဆိုင်တစ်ဆိုင်တွင် ကျွန်တော်တို့ ထမင်းနှင့်ဟင်းတို့ကို ခံတွင်းတွေ့စွာ စားကြသည်။ ခရီးပန်းလာ၍လော၊ ထမင်းဟင်းမှာ လွန်စွာ စားကောင်းနေ၍လားမသိ။ ဘီးလင်းထမင်းဆိုင်တွင် ဦးလေးအုံးသောင်မှာ မြိန်ရှက်စွာ ဝင်၍စားကြသည်။





ခရီးပန်းလာ၍လော၊ ထမင်းအချိ လွန်နေ၍လားမသိ။ ဘီးလင်းထမင်းဆိုင်တွင် ဦးလေးအုံးသော စားလို့ကောင်းကြောင်း၊ ထမင်းမြိန်ကြောင်း ပြောသည်။ ကျွန်တော်က အိမ်ရှင်ဖြစ်၍ သူ့ကို အရိပ်တကြည့်ကြည့်နှင့် လိုက်ပါလာခဲ့သည်။

ထိုကဆက်သွားတော့ သထုံသို့ရောက်ပါ၏။ မွန်ပြည်နယ်၊ ကရင်ပြည်နယ်နှင့် တနင်္သာရီတိုင်းများအတွင်း ခရီးသွားရသည်မှာ အထက်အညာဒေသတွင် ခရီးသွားရသည်မျိုးနှင့်မတူ။ ကြည့်လေရာတွင် အားလုံးစိမ်းနေသည်။ လမ်းဘေးဝဲယာတွင် ရာဘာတောကြီးများကို တွေ့ရသည်။

## မြိုင်ကလေး

သထုံကိုကျော်လာတော့ မြိုင်ကလေးသို့ ရောက်၏။ မြိုင်ကလေး ဘိလပ်မြေစက်ရုံရောက်ပါက ကျွန်တော့်မှာ မမေ့နိုင်သောဖြစ်ရပ်ရှိသည်။ ထိုဖြစ်ရပ်မှာ ကျွန်တော် တိုင်းမှူး တာဝန်ယူစဉ်က မြိုင်ကလေးဘိလပ်မြေစက်ရုံတွင် အလုပ်လုပ်နေသော ဖွင့်သစ်လင်မယားကို ကေအင်န်ယူကခေါ်သွားရာ ကျွန်တော်သည် လင်မယားအထိလိုက်ခဲ့ရပုံကို ကျွန်တော်၏ သေတစ်နေ့မွေးတစ်နေ့ စာအုပ်တွင် ဖော်ပြခဲ့ပြီးဖြစ်ပါသည်။


မြိုင်ကလေးကိုကျော်တော့ သံလွင်မြစ်ကူးတံတားကြီးကို အဝေးကနဲမြင်လိုက်ရသည်။ တံတားကြီးကို ဖြတ်သန်းရင်း မြင်တွေ့ရသော မြင်ကွင်းများက အလွန်မှလှသည်။ ဦးလေးအုံးသည်လည်း



www.burmeseclassic.com

www.burmeseclassic.com





တောင်တလေးဆရာတော်





မြင်ကွင်းများကို မျက်တောင်မခတ်နိုင်ဘဲ ကြည့်နေရှာသည်။ မြို့ကလေးသည် ကရင်ပြည်နယ်အတွင်းမှ မြို့နယ်တစ်မြို့ ဖြစ်ပေသည်။

## ကရင်ပြည်နယ်

ကရင်ပြည်နယ်သည် မြန်မာနိုင်ငံ၏ အရှေ့တောင်ပိုင်းတွင် တည်ရှိပြီး အရှေ့ဘက်တွင် ထိုင်းနိုင်ငံ၊ ကယားပြည်နယ်၊ အနောက်ဘက်တွင် မွန်ပြည်နယ်၊ ပဲခူးတိုင်းတို့နှင့် နယ်နိမိတ်ချင်း ဆက်စပ်နေသော ပြည်နယ်တစ်ခုဖြစ်သည်။ သံလွင်မြစ်နှင့်သူ၏ မြစ်လက်တက်တစ်ခုဖြစ်သော သောင်ရင်းမြစ်သည် အရှေ့ဘက် ထိုင်းနိုင်ငံနှင့် နယ်နိမိတ်ပြုလျက်ရှိသည်။ ကရင်ပြည်နယ်တွင် သံလွင်မြစ်၊ ဂျိုင်းမြစ်၊ အတ္တရံမြစ်၊ လှိုင်းဘွဲ့မြစ်၊ ဇမိ၊ ယွန်းစလင်း၊ ယောင်သရေအစရှိသော မြစ်များရှိသည်။ ဒေါနတောင်တန်းကြီး လည်းရှိ၏။ မိုးအလွန်များသော ဒေသဖြစ်၍ နှစ်စဉ်ပျမ်းမျှမိုးရေချိန် လက်မ(၂၀၀)အထက် ရွာသွန်းသောဒေသဖြစ်သည်။

ကရင်ပြည်နယ်တွင် ဘားအံ၊ ကော့ကရိတ်၊ ဖာပွန်၊ သံတောင်၊ မြဝတီ၊ ကြာအင်းဆိပ်ကြီး၊ လှိုင်းဘွဲ့ အစရှိသောမြို့များ ရှိသည်။ ကရင်ပြည်နယ်၏ အဓိကစိုက်ပျိုးသီးနှံမှာ စပါးဖြစ်သည်။ ကြံ၊ ကော်ဖီ၊ ကွမ်းသီး၊ ဒူးရင်း၊ မင်းကွတ်၊ ကြက်မောက်၊ ကျွဲကော၊ တညင်းစသည်တို့လည်း ထွက်သည်။

ကရင်ပြည်နယ်တွင် သစ်တောကြိုးဝိုင်းဧကတစ်သန်း ကျော်ရှိပြီး ကျွန်း၊ ပျဉ်းကတိုး၊ သက်န်း၊ အင်၊ ကညင်၊ [illegible]



BURMESE CLASSIC .com
www.burmeseclassic.com

www.burmeseclassic.com





နွဲ့ကပင်တောင်ဆရာတော်ထံ စုပေါင်းအလှူငွေပေးအပ်လှူဒါန်းစဉ်။

ပိတောက်စသောသစ်များ ထွက်ရှိရာအရပ်ဖြစ်သည်။ ထုံးကျောက်ဂူကြီးများလည်းရှိ၏။

BURMESE CLASSIC .com

## မန်းသင့်နောင်

ဘားအံမြို့သို့ရောက်တော့ သစ်တောဌာနစည်ရိပ်သာတွင်ဝင် တည်းကြသည်။ ရိပ်သာက သံလွင်မြစ်ဘေးတွင်ပင်။ ကျွန်တော်တို့ ဘားအံရောက်တော့ ဦးစောအောင်ပွင့်၊ ဦးစောဖိုးနီ ဦးမန်းသင့်နောင် အစရှိသော ကရင်ပြည်နယ်မှ အငြိမ်းစားများ စာပေဆိုင်ရာ ပုဂ္ဂိုလ်ကြီးများ လာရောက်တွေ့ဆုံကြသည်။ ဦးမန်းသင့်နောင်သည် ယခုမှမဟုတ်၊ ယခင် ကျွန်တော် ကရင်ပြည်နယ်၌ တာဝန်ထမ်းဆောင်စဉ်ကပင် ရင်းနှီးနေသူဖြစ်





သည်။ ဦးမန်းသင့်နောင်သည် စာပေဝါသနာပါ၍ အရွေးပိုးထရှင်အရှိသော စာအုပ်များထွက်ရှိဖူးပြီး လေးစားထိုက်သော ကရင်အမျိုးသား စာရေးဆရာတစ်ဦးဖြစ်သည်။ ဦးမန်းသင့်နောင်သည် ကရင်ပြည်နယ် လုပ်ငန်းစစ်ဆေးရေးဥက္ကဋ္ဌအဖြစ်လည်း ဆောင်ရွက်ဖူးသည်။

ဦးမန်းသင့်နောင်သည် ခါးနာရောဂါကြောင့် ၂၀၀၇-ခုနှစ် ဖေဖော်ဝါရီလအတွင်းက ရန်ကုန်မြို့ ကြည့်မြင်တိုင် အရိုးကုဆေးရုံကြီးသို့ လာရောက်ကုသရာကျွန်တော်နှင့် စာရေးဆရာချစ်ဝင်းတို့ သွားရောက်သတင်းမေးခဲ့ကြသည်။ ဦးမန်းသင့်နောင်သည် ရန်ကုန်မြို့ အရိုးကုဆေးရုံကြီး၌ပင် စိတ်မကောင်းဖွယ်ရာ ခါးနာရောဂါနှင့် ကွယ်လွန်သွားရှာခဲ့ပါသည်။ ဦးမန်းသင့်နောင် ကောင်းရာမွန်ရာဘုံဘဝသို့ ရောက်ပါစေဟု ဆုတောင်းပါသည်။

ကရင်ပြည်နယ်သို့ရောက်စဉ် တောင်ကလေးဆရာတော်နှင့် နွဲ့ကပင်ဆရာတော်တို့ထံသို့လည်း ရောက်ခဲ့သည်။

ထိုနေ့ညက ဘားအံတွင် ညအိပ်ကြသည်။ နောက်တစ်နေ့တွင်တော့ ကျွန်တော်တို့သည် ဘားအံမှ မော်လမြိုင်သို့ ဆက်လာခဲ့ကြသည်။ လမ်းတွင် အစိုးရနှင့် ငြိမ်းချမ်းရေး ရယူထားသော ယခင်ကေအင်န်ယူခေါင်းဆောင် ဖဒိုအောင်ဆန်းတို့ နယ်ထိုင်ရာရွာကို ဖြတ်လာခဲ့ရသည်။

မကြာမီ ကျွန်တော်တို့ ဂျိုင်းမြစ်သို့ရောက်သည်။ ဂျိုင်းမြစ်သည် ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်ကို ခြားထားသောမြစ်ဖြစ်၍ ကျွန်တော်တို့သွားစဉ်က ကြိုးတံတားတည်ဆောက်လျက်ရှိသည်။



www.burmeseclassic.com

www.burmeseclassic.com



ကရင်ပြည်နယ်သည် အဖိုးတန်သစ်ထွက်ရှိသော ပြည်နယ် တစ်ခုဖြစ်သော်လည်း ထိုင်းနိုင်ငံနှင့် နယ်နိမိတ်ခြင်းထိစပ်နေသော ကြောင့် ယင်းဒေသမှသစ်များကို တစ်ဖက်နိုင်ငံအတွင်းသို့ ခိုးထု နေမှုများ ကြုံတွေ့နေရသည်။ ကျွန်တော်တို့သည် ဂျိုင်းမြစ်ကို (ဇက်)ဖြင့်ကူး၍လာခဲ့ရာ မွန်ပြည်နယ်၏မြို့တော် မမတို့မော်ရွှေမြို့ မော်လမြိုင်သို့ နံနက်(၁၁)နာရီလောက်တွင် ခြေချမိသည်။

❐



အခန်း (၁၂)

# သစ်တောရတနာ

မော်လမြိုင်သည် မွန်ပြည်နယ်၏ မြို့တော်ဖြစ်သည်။ ပြည်ထောင်စုမြန်မာနိုင်ငံတော်၏ အရှေ့တောင်ပိုင်းတွင် တည်ရှိ၍ ဧရိယာစတုရန်းမိုင်(၄၇၄၇.၇၆)ကျယ်ဝန်းသည်။ အဓိက မွန်၊ ဗမာ၊ ပအိုဝ် တိုင်းရင်းသားများ စုပေါင်းနေထိုင်ရာ ပြည်နယ်တစ်ခု ဖြစ်သော်လည်း ရခိုင်၊ ချင်း၊ ရှမ်း အစရှိသော တိုင်းရင်းသားများ လည်းရှိသည်။ ယခု ဤစာအုပ်ရေးသားနေချိန်တွင် မွန်ပြည်နယ်၌ လူဦးရေမှ (၂၈)သိန်းကျော်နေထိုင်သည်။

## မွန်ပြည်နယ်

မွန်ပြည်နယ်သည် မြေပြန့်လွင်ပြင်ရော တောင်တန်းများပါ ဆက်စပ်တည်ရှိနေသော ပြည်နယ်ဖြစ်သည်။ ပြည်နယ်အတွင်း



www.burmeseclassic.com

www.burmeseclassic.com



ဇင်းကျိုက်တောင်တန်း၊ တောင်ညိုတောင်တန်း စသည်တို့သည် မြောက်မှ တောင်သို့ သွယ်တန်းနေသည်။ ပြည်နယ်အတွင်း စစ်တောင်းမြစ်၊ ဘီးလင်းမြစ်၊ အတ္တရံမြစ်၊ ဂျိုင်းမြစ်၊ သံလွင်မြစ်၊ ရေးမြစ် စသော မြစ်ကြီး မြစ်ငယ်အသွယ်သွယ်တို့ စီးဆင်းလျက် ရှိသည်။

မွန်ပြည်နယ်သည် အပူပိုင်းမုတ်သုံရာသီဥတုရရှိသော ပြည်နယ်ဖြစ်သည်။ မည်သည့်နေရာမှ ပင်လယ်နှင့်ဝေးကွာ မရှိသောကြောင့် ရာသီဥတုမျှတသည်။

မိုးရေချိန်လက်မသည် နှစ်စဉ်လက်မ (၂၀၀)မှ (၂၀၀) ကျော်အထိ ရွာသွန်းသည်။ အထူးသဖြင့် ဇူလိုင်နှင့် ဩဂုတ်လ များတွင် မိုးအလွန်များပြီး ထိုလများတွင် နေ့တိုင်းလိုလို မိုးရွာသည်။ မွန်ပြည်နယ်၊ ကရင်ပြည်နယ်၊ တနင်္သာရီတိုင်း အစရှိသော ဤဒေသကြီးတွင် ကျွန်တော်သည် ဗျူဟာမှူး၊ တိုင်းမှူး ကစထမျိုး အစရှိသော တာဝန်များကို ထမ်းဆောင်ခဲ့ရာ ဤဒေသ ကြီးကို ကျွန်တော် သံယောဇဉ်ကြီးပါသည်။ ယခု မွန်ပြည်နယ်၊ ကရင်ပြည်နယ်သို့ ရောက်ရှိလာခြင်းသည်ကလည်း ထိုသံယောဇဉ် ပါရှိသည်။

## မော်လမြိုင်ဟိုတယ်

မော်လမြိုင်ရောက်တော့ ကျွန်တော်တို့ မော်လမြိုင်ဟိုတယ် တွင် တည်းခိုပါသည်။ မော်လမြိုင်ဟိုတယ်သည် အေးချမ်းသော ဟိုတယ်တစ်ခုဖြစ်သည်။ အတော်လေးသန့်ရှင်းအောင် ဆောင်ရွက်





ထားပြီး ဝန်ဆောင်မှုလည်း အသင့်အတင့် ကောင်းမွန်သည်။

သံလွင်မြစ်နှင့် အတ္တရံမြစ်တို့ဆုံတွင် တည်ဆောက်ထား သောကြောင့် မြစ်ရှုခင်းရော၊ လေကောင်းလေသန့်ပါ ရရှိသည်။ တစ်ခုကတော့ မော်လမြိုင်ဟိုတယ်မှ အခန်းတံခါးများက ဖွင့်လိုက် တိုင်း၊ ပိတ်လိုက်တိုင်း တကျွီကျွီနှင့် မြည်နေသည်။ ထိုသို့မြည်နေ သည်ကို ဟိုတယ်မန်နေဂျာကလည်းမသိ၊ လာရောက်တည်းခိုသော ဧည့်သည်ကလည်း ပြောဆိုမှု (Complain) လုပ်တာမရှိသော ကြောင့် ထိုအတိုင်းဆက်မြည်နေဟန်ရှိသည်။ ထို့ကြောင့် ကျွန်တော် က ဟိုတယ်မှတာဝန်ရှိသူကိုခေါ်ကာ -

"ဟိုတယ်တံခါးဖွင့်တိုင်းပိတ်တိုင်း တကျွီကျွီမြည်နေသည်။ ထို့ကြောင့် အပ်ချုပ်စက်များ ချုပ်ရသွက်အောင် ဆီထည့်ရသကဲ့သို့ ဆီထည့်လိုက်ပါက ထိုအသံကြောင့် ဧည့်သည်များ အနှောင့် အယှက် ဖြစ်မည်မဟုတ်တော့ကြောင်း"

ပြောရာ ထိုဟိုတယ်က ဆောင်ရွက်ပေးသည်။

သူတို့က ဟိုတယ်တံခါးပတ္တာများကို ဆီထည့်လိုက်၍ တံခါးများက ထိုအသံမမြည်တော့ဘဲ တိတ်သွားသည်။

ဟိုတယ်က တီဗွီ၊ ရေခဲသေတ္တာတို့နှင့် အဆင့်မြင့် ဝန်ဆောင်ထားပါလျက် ပတ္တာကျပ်နေသည်ကို ဒီအတိုင်းထား၍ ဧည့်သည်များမှာ ပတ္တာသံကြောင့် အနှောင့်အယှက်ဖြစ်ကြရသည်။ ငါးခုံးမတစ်ကောင်ကြောင့် တစ်လှေလုံးပုပ်သည်ဟု မဆိုသာသော် လည်း ဆွမ်းဆန်ဇွန်းထဲ ကြွက်ချေးရောသလောက်တော့ ဖြစ်နေ သည်။



www.burmeseclassic.com

www.burmeseclassic.com



## ဆရာကြီး ဒေါက်တာလု[...]

ဦးလေးအုံးလည်းပါ၊ စာပေနှင့်စာနယ်ဇင်းက ဦးခင်[...] လည်းပါသောကြောင့် မော်လမြိုင်မြို့နယ် စာပေနှင့်စာနယ်ဇ[...] အဖွဲ့ဝင်များက ကျွန်တော်တို့ကို လာရောက်နှုတ်ဆက်ကြပါသည်[...] ညနေပိုင်းတွင် မော်လမြိုင်မြို့ပေါ်မှ တန်ခိုးကြီးဘုရားများ[...] သွားရောက်ဘုရားဖူးကြသည်။ ထို့နောက် ဆရာကြီး ဒေါက်တ[...] လုဘောနှင့် ဆရာကြီး၏ နေအိမ်ဒေါ်သန်းမြတို့ထံ ဝင်ရောက်နှုတ်ဆ[...] သည်။ ဆရာကြီးသည် ထိုအခါက အသက်(၈၈)နှစ်ရှိပြီဖြ[...] သော်လည်း ကျန်းကျန်းမာမာသွက်သွက်လက်လက်နှင့် စာရေ[...] သားနေဆဲ၊ ဆောင်းပါးများ ရေးသားနေဆဲ၊ စာကောင်းကော[...] ဖတ်နေဆဲ ဖြစ်သည်။

## တံတားကြီးတစ်စင်း[...]
## ထိုးရန်ရှိသည်

ထို့နောက်တော့ ကျွန်တော်တို့အဖွဲ့သည် စက်လှေ[...] ခေါင်းဆေးကျွန်းသို့ သွားရောက်ကြသည်။ ခေါင်းဆေးကျွန်းသ[...] သံလွင်မြစ်၊ ဂျိုင်းမြစ်၊ အတ္တရံမြစ်တို့ဆုံရာတွင် ရှိနေ၍ အလှ[...] တရားမှုဝင် လှပ၏။ ကျွန်တော်က ဤနေရာမှဖြတ်၍ မုတ္တမ[...] မော်လမြိုင်ကို တံတားကြီးတစ်စင်းထိုးရန်ရှိကြောင်း၊ တိုင်း[...] ဘဝတ ရဟတ်ယာဉ်ဖြင့် လူကြီးများနှင့်အတူ နှစ်ကြိမ်[...] ကြည့်ခဲ့ဖူးကြောင်းပြောပြရာ ဦးလေးအုံးက ကျွန်တော့်[...] လှမ်းကြည့်လိုက်သည်။





(၉)ခရိုင် စိမ်းလန်းစိုပြည်ရေးစီမံချက်နှင့်အညီ စိုက်ပျိုးထားသော မင်းတုန်းမြို့နယ်မှ စိုက်ခင်းများ

သူက "စက္ကူပေါ်မှာလား" ဟူသော အဓိပ္ပါယ်နှင့် လှမ်းကြည့်လိုက်သော လက္ခဏာမျိုးတော့မဟုတ်ပါ။

"ဟာ ... ဗိုလ်ချုပ်ရာ - မော်လမြိုင်နဲ့မုတ္တမ တံတားကြီးထိုးနိုင်ရင်တော့ အတိုင်းထက်အလွန်ပေါ့ခင်ဗျာ" ဟုဆိုသည်။

ဟိုတယ်သို့ပြန်လာပြီး ရေမိုးချိုး ညနေစာစားရင်း စကားမြည်ပြောကြသည်။ သစ်တောအကြောင်း၊ သစ်ပင်အကြောင်း ပြောဖြစ်တာကများပါသည်။



www.burmeseclassic.com

www.burmeseclassic.com



မြန်မာနိုင်ငံသည် အလယ်ပိုင်းဒေသမှာ ပူပြင်းခြောက်သွေ့သော်လည်း ကျန်ဒေသများသည် မြစ်ချောင်း အင်းအိုင်များ၊ ရေထွက်များ၊ ညို့မှိုင်းနေသော တောင်တန်းကြီးများဖြင့် ယခင်က ဆိုပါက မြန်မာနိုင်ငံ အကျယ်အဝန်း စတုရန်းမိုင်ပေါင်း(၂၆၂၀၀၀) ရှိသည့်အနက် (၁၄၅၃၀၀)စတုရန်းမိုင်သည် သစ်တောများဖုံးအုပ်သည်။ မြန်မာနိုင်ငံ၏ သစ်တောဖုံးလွှမ်းနေသောဧရိယာသည် (၅၇) ရာခိုင်နှုန်းရှိ၏။ ယခုတော့ လူဦးရေကတိုး၊ သစ်အသုံးပြုမှုက လည်း များလာသောကြောင့် (၅၁)ရာခိုင်နှုန်းသည် ယခုထက်တိုင် သစ်တောများဖုံးလွှမ်းနေဆဲဖြစ်ကြောင်းကို ကျွန်တော်က ထပ်ပြောကာ အတည်ပြုရသည်။ (၅၁)ရာခိုင်နှုန်းရှိကြောင်းကို အခုတော့ ဦးလေအုံးလည်း လက်ခံထားပြီးဖြစ်ပါသည်။

## သစ်တောဟူသမျှ အဖိုးတန်

သစ်တောဟူသည်မှာ တိုင်းပြည်၏ အဖိုးမဖြတ်နိုင်သော ရတနာများဖြစ်၏။ ကျွန်းကဲ့သို့သော သစ်ထွက်ရှိမှ အဖိုးတန် ရတနာဖြစ်သည်မဟုတ်။ သစ်တောသစ်ပင်ဟူသမျှသည် အဖိုးတန် ရတနာများချည်းဖြစ်သည်။ ရှေးအခါက ဆင်ဖြူတော်ရှိခြင်းကြောင့် ရာသီဥတုမျှတကာ ဘုန်းတန်ခိုးကြီးသည်ဆိုသည်မှာ အယူအဆ ရှိသောဖြစ်သည်။ သို့သော် သစ်တောသစ်ပင်ရှိလျှင်ကား ထိုဒေသသည် အမှန်ပင်ရာသီဥတုမျှတနိုင်သည်။ ထို့ကြောင့် နိုင်ငံတွင် သစ်တောရှိခြင်းသည် ဆင်ဖြူတော်ရှိခြင်းထက်ပို၍ တန်ဖိုးရှိသည်။ သစ်တောရှိပါက ထိုသစ်တောတွင် ဆင်ဖြူတော်များလည်း ရှိနိုင်သည်။ သစ်တောမရှိပါက ဆင်ဖြူတော် မရှိနိုင်။





သစ်တောများသည် နေနှင့်လေမှ အကာအကွယ်ရ၍ အပူအအေးမျှတသည်။ ရာသီဥတုမျှတလျှင် ကောက်ပဲသီးနှံများ ဖြစ်ထွန်းသည်။ တောင်ကုန်းတောင်တန်းများရှိလျှင် မိုးရွာသည်။ မြန်မာနိုင်ငံအလယ်ပိုင်းဒေသ ရာသီဥတုမျှတစေလိုလျှင် သစ်ပင်သစ်တောထွန်းကားအောင် ကြိုးစားရမည်ဖြစ်သည်။

## သစ်တောများ မြေအောက်ရေထိန်း

သစ်တောများရှိပါက မိုးရေသည် မြေကြီးကိုတိုက်စားမှု နည်း၏။ သစ်တောများရှိလျှင် ထိုဒေသ၌ ရွာချသော မိုးရေသည် မြေကြီးပေါ်တွင် စီးဆင်းသည်ထက် မြေကြီးထဲသို့ စိမ့်ဝင်သွားသည်က များသည်။ မြေကြီးထဲသို့ ဝင်သွားသောရေများသည် မြေအောက်ရေအဖြစ် လှောင်ပြီးသားဖြစ်နေသည်။ မြေအောက်ရေ ရှိလျှင် စိမ့်များ၊ စမ်းများမှ တသွင်သွင်စီးနိုင်ထွက်နိုင်၏။

မြေကြီးသည် ရေ၊ လေ၊ မိုးတိုက်စားခြင်းခံရပါက အပေါ်ယံမြေသြဇာများပါ မျောပါသွားပြီး ထိုနေရာတွင် စိုက်ပျိုး၍ ရနိုင်တော့။ ရေတိုက်စားခံရသည့်နေရာတွင် ပထမ ရေမြောင်းလေးဖြစ်၊ နောက်တော့ ချောက်ကြီးလျှိုကြီးအထိ ဖြစ်ပေါ်လာကာ မြေပြိုကျမှုဖြစ်လာသည်။ ရေတိုက်စားခြင်းခံရသည့် အဓိကအချက်မှာ မြေကို ကာကွယ်ရန် သစ်တောမရှိသောကြောင့် ဖြစ်သည်။

သစ်တောပေါ်၌ရွာသော မိုးစက်ပေါက်တို့သည် မည်မျှပင် ကြီးစေကာမူ သစ်ရွက်များ ပေါ်သို့ ကျကြ၍ မြေပြင်ကိုပြင်းထန်စွာ ထိမိုက်။ အိမ်အမိုးပေါ်ကျသော ရေပမာသာဖြစ်ရသည်။



www.burmeseclassic.com

www.burmeseclassic.com



လေတိုက်စားမှုအတွက် သစ်ပင်က အကာအကွယ်ပေးသည်။ အချို့ သစ်ပင်များကို လေကာတောများအဖြစ်ပင် စိုက်ကြရသည်။

ရေတိုက်စားခံရသော မြေများသည် မြေဩဇာမဲ့ကာ ကောက်ပဲသီးနှံအတွက် ဆုတ်ယုတ်သည်။ နှစ်စဉ် ရေတိုက်စားခံရ ပါက နွားစားရန် မြက်ပင်မပေါက်နိုင်ဘဲ ရှိသည်။

ရေတိုက်စား၍ ချောင်းများလျှိုကြီးများဖြစ်ပါက မြေပြို မှုက နောက်ကထပ်ချပ်မကွာ လိုက်လာရာ တောင်ပေါ်ဒေသ များတွင် ထိုသို့ကြုံဖန်များပါက ထိုဒေသကို လူများစွန့်ခွာ၍ သွားကြရသည်။



သစ်ပင်မရှိပါက မြေကြီးသည် ယခုကဲ့သို့ ရေတိုက်စားခံရပါက ပြန်လည်ပြုပြင်ရန် အလွန်ခက်ခဲပြီး ဒေသတစ်ခုလုံး ပျက်စီးသွားနိုင်သည့်အခြေသို့ ဦးတည်သွားတတ်ပါသည်။





## ဒေသကိုစွန့်ခဲ့သော အမျိုးသားများ

ကျွန်တော် တပ်မ(၇၇) တပ်မမှူးတာဝန်ထမ်းဆောင်စဉ်က ခိုင်းနောင်တပ်စုက သတင်းပို့ရာတွင် မိုင်းနောင်အနီးတောင်ထိပ်တွင် 'ဝ'လူမျိုးများ တောင်ယာလာခုတ်သည်ကို ဒေသခံတို့က ကျေနပ်၍ လူကြီး၊ ယောကျ်ား၊ မိန်းမ၊ ကလေး (၄၀)ကျော်ကို သတ်ဖြတ်သွားသောကိစ္စတွင် 'ဝ'လူမျိုးတို့သည် သူတို့ဒေသတွင် သစ်တောများပြုန်း၊ ရာသီဥတုကပြောင်းလဲလာသောကြောင့် သူတို့မွေးရပ်မြေတွင် သူတို့မနေနိုင်တော့၍ ပြောင်းရွှေ့လာရာမှ ထိုသို့အသတ်ခံရခြင်းဖြစ်သည်။

တရုတ်နိုင်ငံတွင် မကြာခဏ ရေလွှမ်းမိုးခံရပြီး ကြောက်မက်ဖွယ်ဘေးဒုက္ခများ ဖြစ်ပွားရခြင်းမှာ သစ်တောများ ပြုန်းနေခြင်းကြောင့် ဖြစ်သည်။ ရွာချလိုက်သော မိုးရေများကို မထိန်းနိုင်၍ဖြစ်သည်။ သစ်တောရှိပါက မိုးရေများမြေထဲသို့ စိမ့်ဝင်ကာ ရေဒလဟောစီးခြင်းကို မကြုံတွေ့နိုင်တော့။

သစ်တောများမှ တောင်သူလယ်သမားများအတွက် ထင်း၊ ဝါး၊ အိမ်ရာများအတွက် သစ်၊ သက်ကယ် စသည်တို့ကိုပေး၏။ လယ်လုပ်ကိရိယာများကို သစ်သားများနှင့် လုပ်နိုင်သည်။ သစ်တောသစ်ပင်သည် လူတို့အတွက် မရှိမဖြစ်လိုအပ်သော အဖိုးတန်ရတနာတို့ဖြစ်သည်။ စက္ကူသည် လူသားတို့အတွက် မရှိမဖြစ်တော့သည့် ပစ္စည်းဖြစ်ရာ စက္ကူလုပ်ရန် ပျော့ဖတ်တို ဝါးနှင့်အချို့သောသစ်သားများကို အသုံးပြုရသည်။ သစ်တောမှ များရည်၊ ငှက်သိုက် အစရှိသော ဆေးဖက်ဝင်ပစ္စည်းများ တိုရသည်။



www.burmeseclassic.com

www.burmeseclassic.com





သစ်တောရေးရာဝန်ကြီးဌာန၊ သစ်တောဦးစီးဌာန ကံမမြို့နယ် ၁၉၉၅-ခုနှစ် စီးပွားရေးကျွန်းစိုက်ခင်း။

## သစ်တောရတနာဟူသည်

သစ်တောများသည် ကျွန်းကဲ့သို့သော အဖိုးတန်သစ်များ ထွက်သောကြောင့်သာ အဖိုးမဖြတ်နိုင်သော ရတနာဟုတင်စားသည်မဟုတ်။

မိုးလေဝသမှန်ကန်ခြင်း၊

မြေဩဇာပြန်ထွန်းခြင်း၊

ဆေးဝါးနှင့် လူ့အသုံးအဆောင်များရရှိခြင်း၊

ရေချိုရေအေးရရှိခြင်း၊





သစ်တောရှိ၍ စိမ့်စမ်းရေများ၊ ချောင်းငယ်၊ မြောင်းငယ်များ တသွင်သွင်စီးဆင်းခြင်း၊

သားရဲတိရစ္ဆာန်နှင့် ငှက်မျိုးစုံ၊ သတ္တဝါမျိုးစုံတို့ မှီခိုနေထိုင်ခြင်းတို့ကြောင့် သစ်တောကို အဖိုးတန်ရတနာဟု ခေါ်ဆိုခြင်းဖြစ်ပါသည်။

ဦးလေးအုံးနှင့် သစ်အကြောင်း၊ သစ်တောအကြောင်း၊ သစ်ပင်သစ်တောသည် တကယ့်နိုင်ငံ၏ အဖိုးတန်ရတနာဖြစ်ကြောင်းတို့ကို ပြောဆိုကြရာ ဦးလေးအုံးကလည်း သူ၏ကိုယ်တွေ့အကြောင်းအရာများနှင့် သစ်တောသစ်ပင်တို့၏ တန်ဖိုးရှိပုံကို ဖြည့်စွက်ပြောပြသည်။ ကျွန်တော်တို့စကားစမြည်ပြောဆိုပြီး ခရီးပန်းလာကြသောကြောင့် မကြာမီပင် အိပ်ရာဝင်ကြသည်။ ဤခရီးတွင် ဦးလေးအုံးမှာ အသက်အရွယ်ကြီးသူဖြစ်၍ သူ့အား



စန္ဒကူးသစ်တော



www.burmeseclassic.com

www.burmeseclassic.com



ခရီးသွားလာရာတွင် သက်သက်သာသာ လွတ်လွတ်လပ်လပ် ရှိ
ချင်သည်။ သူကတော့ နေ့လယ်တွင် သူတွေ့ကြုံခဲ့သော
အကြောင်းအရာများကို ညပိုင်းတွင် မှတ်တမ်း၊ ဒိုင်ယာရီရေးသည်

ကျွန်တော်တို့ ယခုခရီးကိုထွက်လာခြင်းမှာ ဦးလေးအုံ
လည်းမရောက်ဘူးဟု ဆို၍ အသန်းလည်းဖြေ၊ ဗဟုသုတလည်း
ကျွန်တော် တာဝန်အလီလီထမ်းဆောင်ခဲ့သော အရပ်ဖြစ်ရုံသာမ
မွန်ပြည်နယ်သည် ကျွန်တော့်ဇာတိမြေလည်းဖြစ်၍ ထွက်လာခြင်း
ဖြစ်သည်။ ဤခရီးစဉ်တွင် ကျွန်တော်တို့အတွက် ဘာကိစ္စ
တာဝန်ကြီးကြီးမားမားမရှိဘဲ ပေါ့ပေါ့ပါးပါး ထွက်ရှိခဲ့သော ခရီး
တစ်ခုဖြစ်သည်။

❐



အခန်း (၁၃)

## သံလွင်၊ ဂျိုင်း၊ အတ္ထရံ ရေပြင်ကြီးဝယ်

ညကကျွန်တော်တို့ အိပ်ရာဝင်တော့ ဦးလေးအုံးမှာ
တ်တမ်းရေးနေဆဲဖြစ်သော်လည်း နောက်နေ့မနက် ကျွန်တော်တို့
ိပ်ရာမှနိုးတော့ သူလည်းနိုးနေသည်။ သူကပင် စောစောနိုးနေ
သလားမသိ။ ထိုနေ့က နံနက်စာကို ဟိုတယ်မှတည်ခင်းသည့်
အတိုင်း ဟိုတယ်စာစားကြပြီး လည်ပတ်ရန်ထွက်ခဲ့ကြသည်။
မော်လမြိုင်စာပေနှင့် စာနယ်ဇင်းမှပုဂ္ဂိုလ်များလည်း အဖော်အဖြစ်
ိုက်ခဲ့ကြသည်။ ဟိုတယ်မှထွက်လာပြီး ဖားအောက်ရွာရောက်
တော့ ဖားအောက်မုန့်ဟင်းခါးစားကြ၏။

### သေမင်းတမန် ရထားလမ်း

မွန်ပြည်နယ်ရှုခင်းက အညာရှုခင်းနှင့်ကွာသည်။ ရော်ဘာ
ခြံကြီးများကိုတောက်လျှောက်တွေ့ရတော့ မော်လမြိုင်မှ



www.burmeseclassic.com


www.burmeseclassic.com





ဖွဲကပင်တောင်

ဘူးသော ဦးလေးအုံးခမျာ တမျှော်တခေါ် ကြည့်နေရာသည်
နွေဦးဖြစ်သော်လည်း ပတ်ဝန်းကျင်က စိမ်းစိုနေသည်။ ထို့နော
တော့ မုဒုံသို့ရောက်၏။ မုဒုံမှတစ်ဆင့်သံဖြူဇရပ်သို့ ဆက်သွ
သည်။ သံဖြူဇရပ်တွင် ဂျပန်ခေတ်က ဖက်ဆစ်ဂျပန်တို့ မြန်
အရပ်သားများနှင့် သုံ့ပန်းများကို လူမဆန်စွာ နှိပ်စက်ညှင်းပန်း
အောက်လုပ်ခဲ့သော သေမင်းတမန်မီးရထားလမ်းရှိသည်။ ဂျပန်
အခကြေးငွေမပေးဘဲ ချေးတပ်ဆွဲ၍ ထမင်းပင်ဝလင်အော
မကျွေးဘဲ ခိုင်းစေမှုများအကြောင်းကို စာအုပ်များ၊ ဆောင်းပါးမျာ
ရေးသားထားကြသည်။ ယခုအခါ ဂျပန်စစ်တပ်က ဆောင်ကြဉ်း



သံဖြူဇရပ်စစ်သင်္ချိုင်း





www.burmeseclassic.com

www.burmeseclassic.com



လုပ်ငန်းအတွက် ကိုးရီးယားအမျိုးသမီးများကို အသုံးချခဲ့သည် ဂျပန်ဝန်ကြီးချုပ်က တောင်းပန်ခဲ့သည်။ ပိုက်ဆံမရဘဲ ဒုက္ခပင် ကြီးစွာဖြင့် အသက်ပေါင်းများစွာဆုံးရှုံးခဲ့ရသော သေမင်းတ ရထားလမ်းအတွက် ဂျပန်နိုင်ငံသည် မြန်မာနိုင်ငံအား တောင်းပ ပြုသင့်ပါသည်။

သေမင်းတမန်ရထားလမ်းနှင့် ပတ်သက်၍လည် မီးရထားဌာနမှ ရသမျှသောဓါတ်ပုံများကို စုဆောင်းကာ ပြတို တစ်ခုပြုလုပ်ထား၏။ ကျွန်တော်တို့အဖွဲ့သည် ပြထားသောဓာတ် စိတ်ဝင်စားစွာကြည့်ရ၏။ အရိုးပြိုင်းပြိုင်းနှင့် ချွေးတပ်သားများ တွေ့ရသည်။ ပြတိုက်တွင် ဗိုလ်ချုပ်အောင်ဆန်းပုံတစ်ပုံကိုလည် ပြသထားသည်။ ထိုပြတိုက်ကို မြင်ကြကြည့်ရသည်မှာ စိတ် မကောင်းစရာပင်ဖြစ်သည်။

## နော်ဝေလူမျိုးဇနီးမောင်

သေမင်းတမန်ရထားလမ်းပြတိုက်တွင် နော်ဝေနိုင်ငံ နော်ဝေလူမျိုးဇနီးမောင်နှံ လာရောက်လေ့လာနေသည်ကို တွေ့ ရ၏။ သူတို့က ထိုင်းနိုင်ငံဘက်မှ ခရီးသွားအစီအစဉ်နှင့် 'ကွေ့'မြ အထိ ဝင်ကြည့်ခဲ့ပြီးဖြစ်သည်။ ဤမီးရထားလမ်းအကြောင်း အခြေခံ၍ The Bridge on The River Kwo (ကွေ့မြစ်ပေါ် တံတား)အမည်ဖြင့် ရိုက်ကူးထားသော ရုပ်ရှင်ကားရှိသည် နာမည်ကြီးကားဖြစ်သည်။ ထိုနော်ဝေဇနီးမောင်နှံသည် ထိုင်းနိုင် ထဲမှ သေမင်းတမန်လမ်း ဟိုဘက်ပိုင်းကိုဝင်ကြည့်ပြီးမှ ယခုမြန်





နော်ဝေလူမျိုး ဇနီးမောင်နှံနှင့်အတူ။

ိုင်ငံဘက်အခြမ်းကို လာကြည့်ခြင်းဖြစ်ကြောင်း သိရသည်။ ိုအခါက ခရီးသွားလုပ်ငန်းကလည်း မတိုးတက်သေးသော ကြောင့် ထိုဇနီးမောင်နှံသည် ရန်ကုန်မှ တက္ကစီအငှားကားဖြင့် ရောက်လာခြင်းဖြစ်ပြီး ခရီးသွားလမ်းညွှန် (Tour Guide) ဘာသာ သည်းမပါ။

ထို့နောက်တော့ ကျွန်တော်တို့ ဒုတိယကမ္ဘာစစ်အတွင်းက ဟာမိတ်တို့၏ စစ်သင်္ချိုင်းကို သွားကြည့်ကြသည်။ စစ်သင်္ချိုင်းတွင် ုတိယကမ္ဘာစစ်အတွင်းက သေဆုံးခဲ့သော စစ်သားတစ်ဦးချင်းစီကို အမည်၊ အသက်၊ ကိုယ်ပိုင်နံပါတ်များကို ကျောက်ပြားပေါ် တွင် ရေးထိုး၍ မှတ်တမ်းတင်ထား၏။

ထိုစစ်သင်္ချိုင်းတွင် ပြတိုက်၌ ဆုံတွေ့ခဲ့သော နော်ဝေလူမျိုး နီးမောင်နှံကို ထပ်တွေ့ပြန်သည်။ သူတို့က သူတို့စာရွက်တွင်




www.burmeseclassic.com

www.burmeseclassic.com



ပါလာသောနာမည်ကို စကျင်ကျောက်ပြားကပ် ဂူများပေါ်မှ ရှာဖွေနေကြသည်။ သူတို့လာရှာသူများမှာ သူတို့အဖေလား သူတို့မိတ်ဆွေများလားတော့မသိ။ ဒုတိယကမ္ဘာစစ်အတွင်းက ဤစစ်မျက်နှာပြင်တွင် စစ်သုံ့ပန်း(၁၂၀၀၀)နှင့် ချွေးတပ်သား (၇၀၀၀၀)သေဆုံးခဲ့သည်ဟု သိရပါသည်။ မဟာမိတ်တပ်သားများ၏အမည်များကို စကျင်ကျောက်ပြားများပေါ်တွင် တွေ့ရသော်လည်း မြန်မာချွေးတပ်သား(၇၀၀၀၀)ထဲမှ တစ်ဦးတစ်ယောက်၏ အမည်ကိုသော်မှ ရေးသားမှတ်တမ်းတင်ထားသည်ကို မတွေ့ခဲ့ရချေ။




သံဖြူဇရပ်စစ်သင်္ချိုင်း

## ကျိုက္ခမီရေလယ်ဘုရား

**ထိုမှတစ်ဆင့်** ကျွန်တော်တို့သည် ကျိုက္ခမီရေလယ်ဘုရားသို့ သွားရောက်ဖူးမြော်ကြသည်။ မနက်စာကို စက်စဲတွင်





စားသုံးရန် စီစဉ်ထားသော်လည်း ကျိုက္ခမိဂေါပကအဖွဲ့က တည်ခင်းကျွေးမွေးသော ကြာဆံဟင်းခါးကိုလည်း ကျွန်တော်တို့အဖွဲ့ ဝင်ကြိတ်လိုက်ပါသေးသည်။

ကျိုက္ခမိဘုရားသို့ရောက်တော့ ဦးခွန်စန္ဒ၏အလှူ တရုတ်အိုးကြီးများကို သတိရ၍လိုက်ရှာတော့ တရုတ်ပန်းအိုးကြီးကို တွေ့သည်။ ထိုပန်းအိုးကြီးသည်ပင် ဦးခွန်စန္ဒ၏ အလှူဖြစ်မည်ဟု ကျွန်တော်စိတ်ကူးလိုက်သည်။

## ဦးခွန်စန္ဒ၏ အလှူ

ဦးခွန်စန္ဒကိုကား ကျွန်တော်သည် ကယားပြည်နယ်တွင် သိခဲ့ခြင်းဖြစ်သည်။ သူသည် လွိုင်ကော်တွင် ဇနီးနှင့်သားသမီးများရှိသလို ထိုင်းနိုင်ငံတွင်လည်း ဇနီးများ၊ သားသမီးများရှိသေးသည်ဟု ဆိုသည်။ တစ်နေ့ လွိုင်ကော်၌ ဦးခွန်စန္ဒကို အမတ်ချုပ်ဦးဘူးရယ်နှင့် အတူတွေ့ရသောအခါ ကျွန်တော်က-

"ဦးခွန်စန္ဒ… တစ်ဘက်နိုင်ငံမှာလည်း ဇနီးတွေရှိသေးတယ်ဆို၊ ဇနီးဘယ်နှစ်ယောက်ရှိလဲ"

ဟုမေးလိုက်ရာ သူက -

"မမှတ်မိတော့ဘူး။ ကားတစ်စီးတိုက်လောက်တော့ ရှိမည်ထင်တယ်"

ဟု ရယ်ရွှန်းပြီး ဖြေပါသည်။

ဦးခွန်စန္ဒ၏အလုပ်က သံလွင်မြစ်အတိုင်း သစ်လုံးများ လျှောလျှောလျှူလျှူ မျောလာရန် သူက စီစဉ်ရသည်။ ထိုကဲ့သို့ မြစ်ညာက စီစဉ်ပေးသောကြောင့် သံလွင်အတိုင်း ရေစေးဝါ



www.burmeseclassic.com

www.burmeseclassic.com





ကျိုက္ကမီရေလယ်ဘုရားတွင် ဦးခွန်စန္ဒ၏ တရုတ်ပန်းအိုးကြီးများကို ကြည့်ခဲ့ရသည်။

လာပြီး ကမမောင်းရှိ သစ်ဖမ်းဆိပ်သို့ရောက်ပါလျှင် သစ်တစ်လုံးကို ဦးခွန်စန္ဒက ငွေတစ်ဆယ်ကျပ်ရရှိသည်။

ကျွန်တော်ကိုယ်တိုင်က ရှာတော်မြို့နယ်၊ တာတမော့ ရှိသည့် သံလွင်မြစ်အတိုင်း တောင်ဘက်ထိုင်းနိုင်ငံ၊ ကရင်ပြည်နယ်၊ ကယားပြည်နယ်တို့ဆုံရာ သုံးပွင့်ဆိုင် 'ထီးထ' နေရာသို့ ရောက်ဖူးသည်။ ထိုဒေသတစ်လျှောက်တွင် ကမ်းတင်သစ်လုံးကြီးတွေက ကြီးမှကြီး။ ထိုသစ်များသည် သံလွင်အတိုင်း မျောရမည့်အစား ဦးခွန်စန္ဒက မျောလာတဲ့သစ်တွေကို ကမ်းပေါ်တင်ပြီး တစ်ဘက်နိုင်ငံသို့ ပို့နေလေရော့သလားဟု တွေးမိသည်။





ကမ်းပေါ်တင်နေလျှင် တစ်ဘက်နိုင်ငံသို့ ထုတ်ယူရန်လွယ်သွားသည်။ ဦးခွန်စန္ဒအနေနှင့် ထိုသစ်လုံးကြီးများကို ကမမောင်း သစ်ဖမ်းဆိပ်သို့ရောက်အောင်ပို့လျှင် သစ်တစ်လုံး (၁၀)ကျပ် ရသော်လည်း၊ ဟိုဘက်ကမ်းတွင်ဆိုပါက ယခုလိုသစ်မျိုးတစ်လုံးကို တစ်သောင်းမကတန်သည်။ ဦးခွန်စန္ဒဘယဟာကို လုပ်မလဲဆိုတာ စဉ်းစားစရာဖြစ်သည်။

ရန်ကုန်မှာ ဦးခွန်စန္ဒနှင့်တွေ့စဉ်က ကျိုက္ကမီရေလည်ဘုရားများ တရုတ်ကြွေပန်းအိုးကြီးတွေ သူလှူထားသည်ဟုဆို၍ ကျိုက္ကမီဘုရားရောက်ခိုက် သူလှူထားသော တရုတ်ကြွေအိုးကြီးများကို သတိထားပြီးကြည့်မိခြင်းဖြစ်သည်။

## နေ့လယ်စာ မစားရသေး

ကျွန်တော်တို့က နေ့လယ်စာစားရန် စက်စဲကမ်းခြေတွင် စီစဉ်ထား၏။ ကျိုက္ကမီရေလည်ဘုရားမှ စက်စဲသို့ အနည်းဆုံး နာရီဝက်လောက်တော့ မောင်းရသည်။ ဂေါပကရုံးမှ ထွက်လာပြီး စက်စဲဘက်ကိုထွက်ရန်ပြင်စဉ် မနက်က နှစ်ကြိမ်တိုင် တွေ့ခဲ့ရသော နော်ဝေလူမျိုးလင်မယားနှင့် ထပ်တွေ့သည်။ သူတို့လင်မယားလည်း ယောင်လည်ယောင်လည်ဖြစ်နေ၍ မနေသာတော့ဘဲ -

"ဘာဖြစ်လို့လဲ၊ ဘယ်သူ့ကိုစောင့်နေရတာလဲ၊ ဘာကူညီရမလဲ"

ဟုမေးရ၏။



www.burmeseclassic.com

www.burmeseclassic.com



"ဒရိုင်ဘာက ထမင်းသွားစားဦးမယ်ဆိုပြီး ထွက်သွားတာ မလာသေးလို့စောင့်နေတာပါ"

ဟုဆို၏။

"ခင်ဗျားတို့ရော နေ့လယ်စာစားပြီးပြီလား"

"မစားရသေးဘူး"

"ဘယ်မှာစားဖို့ စီစဉ်ထားလဲ"

"ဒရိုင်ဘာလာမှပဲ သူစီစဉ်မှာ၊ သူဘယ်မှာ စီစဉ်မယ် ဆိုတာမသိဘူး"

ရေလည်ဘုရားပတ်ဝန်းကျင်တွင် သူတို့နှစ်ယောက်က ယောင်လည်ယောင်လည်နှင့် ဖြစ်နေသည်မှာမသင့်လျော်၍ -

"ဒီလိုဆိုရင် ကျွန်တော်တို့အဖွဲ့နဲ့လိုက်ခဲ့၊ ဒီကနေ နာရီဝက်လောက်မောင်းရင် ကမ်းခြေကိုရောက်မယ်၊ အဲဒီမှာ ထမင်းစားကြမယ်"

ဆိုတော့ လင်မယားနှစ်ယောက်စလုံး ဝမ်းသာသွားကြသည်။

"ကားသမားလာရင် ဘယ်လိုလုပ်မလဲ"

ဆိုတော့ ကျွန်တော်က ခလရ(၆၂)မှ ရဲဘော်လေးများအား ဒရိုင်ဘာလာပါက စက်စဲညှော့ရိပ်သာသို့ လိုက်ခဲ့ရန်မှာပြီး ဇနီးမောင်နှံတိုကို ကားပေါ်တင်ကာ စက်စဲညှော့ရိပ်သာသို့ ထွက်လာခဲ့သည်။

ကျွန်တော်တို့နိုင်ငံသည် ကမ္ဘာလှည့်ခရီးသည်လုပ်ငန်းကို လုပ်ဆောင်ရန် တာစူနေသောကနဦးကာလမို့ ခရီးသွားလုပ်ငန်းနှင့် ပတ်သက်၍ ပြီးပြည့်စုံမှုမရှိနိုင်သေးရာ ယခုလို မိမိကူညီနိုင်သမျှ







မြန်မာနိုင်ငံဟာ သဘာဝပတ်ဝန်းကျင် မပျက်စီးသေးဟု နော်ဝေအစိုးရအသံလွှင့်ဌာနမှ တာဝန်ရှိပုဂ္ဂိုလ်က ဆိုသည်။

ကူညီခြင်းဖြင့် ကျွန်တော်တို့၏ ခရီးသွားလုပ်ငန်း တစ်စတစ်စ ဖြင့် ဖွံ့ဖြိုးလာနိုင်သည်။

## စက်ဆဲညှော့ရိပ်သာ

စက်စဲညှော့ရိပ်သာရောက်တော့ ခလရ(၃၁)မှ တပ်ရင်းမှူး၏ဇနီး ဦးစီးသောအမျိုးသမီးအဖွဲ့က တူညီဝတ်စုံလေးများဖြင့် ပျပျာယာ ခရီးဦးကြိုပြုကြသည်။ နေ့လယ်စာကို ခမ်းခမ်းနားနား ဟင်းအမယ်မျိုးစုံဖြင့်ကျွေးကြရာ ယခု စာရေးနေရင်းပင် ထိုနေ့က အကြောင်းဖြစ်ရပ်လေးကို ပြန်သတိရပြီး ကြည်နူးပီတိစိတ်လေးဖြစ် ရသည်။



www.burmeseclassic.com

www.burmeseclassic.com



ထမင်းပွဲက ခမ်းခမ်းနားနားကြီးဆိုတော့ ခေါ်လာသော ဧည့်သည်များအတွက်လည်း ကျွန်တော့်မှာ မျက်နှာပန်းလှသွားသည်။ ထမင်းစားရင်း စကားပြောကြည့်တော့ အဆိုပါ နိုင်ငံခြားသား ဇနီးမောင်နှံမှာ နော်ဝေအစိုးရကလွှင့်ထုတ်သော နော်ဝေအသံလွှင့်ဌာနမှ အဆင့်မြင့်အရာရှိများဖြစ်ကြောင်းသိရသည်။

## သဘာဝအနေအထား မပျက်စီးသော

ထမင်းစားရင်း မြန်မာနိုင်ငံအပေါ် သူတို့အမြင်ကို တီးခေါက်မေးမြန်းကြည့်တော့ သူတို့က -



ပငဆားချက်စခန်း။





“မြန်မာနိုင်ငံမှာ သူတို့လည်ပတ်လေ့လာခဲ့သမျှကတော့ သဘာဝအနေအထား မပျက်စီးသေးဘူး။ ဥရောပမှာကတော့ သဘာဝအနေအထားရော လူမှုအနေအထားပါ ပျက်စီးခဲ့ပြီနေပြီ။ အခုကျွန်တော်၊ ကျွန်မတို့ မြန်မာနိုင်ငံကိုရောက်မှ လူကြီးတွေအပေါ် လူငယ်တွေက လေးစားမှု၊ ရိုသေမှုတွေနဲ့ ဆက်ဆံတာတွေ့ရတယ်။ ဒါဟာ သိပ်ကောင်းတဲ့ ဆက်ဆံမှုပဲ။ ဥရောပမှာတော့ လူငယ်နဲ့လူကြီး ဆက်ဆံရေးကြဲကြတယ်။ ဒါတွေကို မပျောက်ပျက်အောင် ဆက်လက်ထိန်းသိမ်းစေချင်ပါတယ်”

ဟုဆိုသည်။

ကျွန်တော်တို့ ‘ပင’ ဆားလုပ်ငန်းသို့သွား၍ လေ့လာရာတွင် နော်ဝေးဇနီးမောင်နှံပါလိုက်၍ လေ့လာသည်။ ထိုစဉ်တုန်းကတော့ နိုင်ငံခြားသားဆိုတာ တော်တော်ရှားသည်။ အခုတော့ ကမ္ဘာလှည့်ခရီးသွားအတွေ့အကြုံ အတော်ရှိနေပြီဖြစ်ပြီး မြန်မာနိုင်ငံ ဒေသအနှံ့တွင် ကမ္ဘာလှည့်ခရီးသည်များကို တွေ့မြင်နေရပြီဖြစ်သည်။

ထိုနေ့က ကျွန်တော်တို့အဖွဲ့သည် အတ္တရံ၊ ဂျိုင်းနှင့် သံလွင်တို့ဆုံရာတွင် ရှိသောခေါင်းဆေးကျွန်းသို့ ရေယာဉ်ဖြင့် သွားကြသည်။ ရေပြင်ကြီးမှာ အလွန်တရာကျယ်ပြောလှသည်။ ဦးလေးအုံးကတော့ ဒီနေရာတွင် တံတားထိုးနိုင်ပါက အာဂအလုပ်ပဲဟု၍လည်း တွေးနေဟန်ရှိသည်။ ဦးလေးအုံးက ပင်လယ်လေကို တဝကြီးရှူရင်း လှိုင်းတလှုပ်လှုပ်နှင့် ရေပြင်ကြီးကို ငေးမောခံစားနေပါသည်။

ထို့နောက်တော့



www.burmeseclassic.com

www.burmeseclassic.com






ဂျိုင်း(စာသဖြင်) တံတားစီမံကိန်း ဆောက်လုပ်ရေးရုံး။

"သံလွင်၊ ဂျိုင်း၊ အတ္တရံတို့ဆုံရာ ရေပြင်ကြီးပေါ်ဖြတ် တံတားထိုးပြီးရင်တော့ ဒီနေရာကို တစ်ခေါက်လောက် ပြန်ရော ချင်ပါသေးတယ်"

ဟု ဦးလေးအုံးက ဆိုသည်။

□



အခန်း (၁၄)

## ဝါးတားဂိတ်နှင့် ကိုယ့်အလုပ်ကိုယ်လုပ်

ကျွန်တော်တို့အဖွဲ့သည် နောက်တစ်နေ့တွင် ကရင် ည်နယ်သို့ မပြန်တော့ဘဲ မော်လမြိုင်မှ မုတ္တမဘက်ကမ်းသို့ းကာ ရန်ကုန်သို့ ပြန်ခဲ့ကြသည်။ အပြန်တွင် ကြုံရတာက ါင်နှင့် သထုံအကြား မြို့ဝင်ကြေးပေးရသော ဂိတ် (၂)ဂိတ်ကို တ်ရသည့် ကိစ္စဖြစ်သည်။

### ဝါးတားဂိတ်

မြို့ဝင်ကြေးကောင်းသည့်ဂိတ်များတွင် ဝါးပိုးဝါးကြီး စ်လုံးကို တစ်ဖက်ကခဲဆွဲပြီး တစ်ဖက်က ကြိုးနှင့်ဆွဲကာ င်းတံပြုလုပ်ထားသည်။ တားလိုပါက ကြိုးကိုဆွဲလိုက်လျှင် ါးပိုးဝါးမောင်းတန်ကျလာပြီး တားပြီးသားဖြစ်နေသည်။



www.burmeseclassic.com

www.burmeseclassic.com



ဖွင့်လိုပါက ကြိုးကိုလွှတ်လိုက်လျှင် ဝါးပိုးဝါးမောင်းတံ အပေါ်သို့ ထောင်သွားသဖြင့် ကားမှာ အတားအဆီးမရှိသွား သည်။

ပထမဂိတ်တွင် ကြုံရသည်က မြို့ဝင်ကြေးကောက်သ လူကြီးက ဂိတ်တဲအတွင်း၌ အင်္ကျီချွတ်နှင့် ရှိနေသည်။ ဂိတ် ဖြတ်မည့် မော်တော်ကားကရပ်ပြီး ဂိတ်ဝင်ကြေးပေးရမည် ဖြစ်သည်။ ဂိတ်ဝင်ကြေးပေးပြီးသည်နှင့် အင်္ကျီပင်မရှိသော (၁၀)နှစ်အရွယ်ကလေးက ကြိုးကိုလွှတ်ပြီး တားထားသော ဝါးလုံးကို မ,တင်ပေးမည်။ ဝါးလုံးအပေါ်သို့ တက်သွားချိန်တွင် ဆက်မောင်းရန်ဖြစ်သည်။

ထိုဂိတ်တွင် ဖြစ်ချင်တော့ ကျွန်တော်တို့ ရှေ့မှ အစိုး ဌာနဆိုင်ရာ မာဇဒါဂျစ်ကားအစိမ်းရောင်က မောင်းသွား သူ့နောက်က ကျွန်တော်တို့ကားကလိုက်ရာ ဌာနဆိုင်ရာကားဆိုလျှ လွှတ်ပေးရမည်ဆိုသည်ကို သိသောကလေးက မာဇဒါဂျစ်အစိမ်း ရောင်ကားကိုမြင်သည်နှင့် တားထားသောဝါးလုံးကို မ,တင်ပေး လိုက်သည်။ မာဇဒါကားက အရှိန်နှင့် မောင်းသွားသည် သူမောင်းသွားပြီးနောက် ကျွန်တော်တို့စီးလာသော ဟီးနိုးကား မြင်လျှင် ကလေးက မြို့ဝင်ကြေးတောင်းရန် လွှတ်သွားမည်စိုးသော ကြောင့် မောင်းတံကို အမြန်ဆွဲချလိုက်ရာ အရှိန်နှင့်မောင်းလာသော ကျွန်တော်တို့ကားမှ ယာဉ်မောင်းမှာ မောင်းတံပြန်ကျလာသည်ကို မြင်၍ အမြန်ဘရိတ်အုပ်၍ ကားကိုရပ်လိုက်၏။ ကားရှေ့ဘန်ပါနှ ဝါးလုံးအထိတွင် ကားရပ်သွားပါသည်။ ကားသာ နည်းနည်းမြ





ိုက်လျှင် တားထားသောဝါးလုံးကို ဝင်တိုက်ကာ ကလေးမှာ ှင့်စင်ပြီး အသက်ပျောက်သွားနိုင်သည်။

ထိုမြင်ကွင်းက ကျွန်တော့်မျက်စိရှေ့တွင်ပင် ကွိတနဲ ရိတ်အုပ်သံရော၊ ကားက တုန့်ကနဲရပ်သွားတာရော ရင်ထိတ် ရာကောင်း၏။ ကျွန်တော်လည်း ကလေးအတွက် အလွန်စိုးရိမ်ထား န်၍ယောင်ယမ်းပြီးအော်လိုက်မိသည်။ ကျွန်တော်က ရှေ့ခန်းတွင် ိုင်ခြင်းဖြစ်သည်။ ထိုကလေးနှင့် ဒရိုင်ဘာတော့ ဘာဖြစ်သွား ည်မသိ။ ကျွန်တော်ကတော့ နှလုံးခုန်ပင် မြန်လာသည်။ ကိုယ့်ဟာ ိုယ် အသက်ကလေး မှန်မှန်ရှူပြီး ပြန်ထိန်းလိုက်ရ၏။

ကားရပ်သွားတော့ ကျွန်တော်တို့ကားပေါ်မှ တစ်ဦးက ိတ်ကြေးဆင်းပေးသည်။ ဝါးလုံးနှင့်တား၍ ဂိတ်ကြေးတောင်း သာကြောင့် ထိုကဲ့သို့သော ဂိတ်များကို ''ဝါးတားဂိတ်''ဟု ခေါ်ကြကြောင်းသိရသည်။

## ဒုတိယဂိတ်

သထုံမြို့အဝင်လောက်တွင် မြို့ဝင်ကြေးတောင်းသော ုတိယဂိတ်သို့ရောက်သောအခါတွင်လည်း ဤနည်းနှင်နှင် တွေ့ရ ပြန်သည်။

ဒုတိယဂိတ်တွင်တော့ ကျွန်တော်သည် နေကလည်းပူ၊ သွားကလည်း ဆူလာသဖြင့် ကားပေါ်မှဆင်းပြီး ကလေးကိုရော၊ ဂိတ်ထဲကလူကိုပါ ဒေါသဖြင့် ပြောမိသည်။ ဘာပြောမိသည်မသိ။ ဆူပူပြောဆိုပြီးမှ ကားပေါ်ပြန်တက်ခဲ့သည်။



www.burmeseclassic.com

www.burmeseclassic.com



ကားပေါ်သို့ ပြန်ရောက်သောအခါ ဦးလေးအုံး အေးအေးဆေးဆေးနှင့်ပင် -

"ကိုယ့်အလုပ်ကိုယ်လုပ်ပါ"

ဟု သတိစကားပြောသည်။

ကျွန်တော်သည် ဦးလေးအုံး သတိပေးစကားပြောသည်ကိုလည်း ချက်ချင်းဘယ်လိုမှ မတုံ့ပြန်နိုင်သေးပဲရှိ၏။ နိုင်ငံခြားသား ခရီးသွားများသာ ပါလာပါက ထိုအပြုအမူကို မည်သို့အထင်အမြင်သေးလိမ့်မည်နည်း။ ကျွန်တော်လည်း ထိုဒေသတွင် တိုင်းမှူးလုပ်ခဲ့ရာ ကျွန်တော်လုပ်စဉ်က ထိုကဲ့သို့ ဝါးလုံးတားဂိတ်ကြေးတောင်းသည်ကို ခွင့်မပြု။ ကျွန်တော်ကသာ ကားလမ်းပေါ်တွင် ဝါးလုံးတားပြီး ဂိတ်ကြေးတောင်းသည်ကို မကျေနပ်ဖြစ်နေသည်။ တစ်လမ်းလုံး ကျိုက်ထို၊ ဝေါမှသည် ဘုရားကြီးအထိ ဝါးတားဂိတ်များသာမက အလှူခံမဏ္ဍာပ်များကလည်း အလှူဖလားများနှင့် ကားရှေ့မှ၊ ကားဘေးမှ ဖြတ်၍ 'ဖြတ်ကနဲ' 'ဖြတ်ကနဲ' ထွက်ကာ အလှူခံကြသည်ကို ဆက်တိုက်တွေ့ရသည်။

## ဘုရားကြီးလမ်းဆုံ

ကျွန်တော်တို့ကားသည် ဘုရားကြီးလမ်းဆုံသို့ ရောက်သောအခါ ရန်ကုန်ဘက်သို့ မသွားဘဲ မိုးယွန်းကြီးအင်းဘက်သွားရန် ကားကို ယာဘက်သို့ကွေ့၍ ရပ်ထားသည်။ ထိုအခါ အလှူခံမဏ္ဍာပ်မှ မိန်းမပျိုလေးများသည် အလှူခံဖလားများ ပိုက်ဆံအကြွေများဖြင့် တချွင်ချွင်လှုပ်ကာ အသံပေးပြီး အလှူ





ခံနေကြသည်။ ကားလမ်းဆုံဖြစ်၍ အလှူထည့်သူများလည်း ရှိသည်။ အချို့ကားပေါ်မှ ပစ်ချလှူဒါန်းသွားသူများလည်းရှိသည်။ ပစ်ကပ် (Pick up) ကားတစ်စင်းမှာ လူအပြည့်နှင့် မြောက်ဘက်မှ ရန်ကုန်ဘက်သို့ အရှိန်နှင့်မောင်းလာပြီး ကားပေါ်မှနေ၍ ပိုက်ဆံအရွက်သေးတစ်ဆုပ်စာကို ပစ်ကြဲသွားလေရာ ပိုက်ဆံများမှာ လေထဲသို့လည်းလွင့်တာလွင့်၊ သူတို့ကားအရှိန်နှင့် ပါသွားသော ငွေစက္ကူကလည်း ပါသွားကြပြီး အလှူခံကလေးမလေးများက လွင့်ကျလာသော ငွေစက္ကူများကို မိမိတို့၏ အသက်ကိုပင်မငဲ့ပဲ လိုက်ကောက်နေကြသည်။ အလှူငွေ ငါးကျပ်တန်တစ်ရွက်နှင့် သူတို့အသက်ကို လဲနေဘိအလား မြင်တွေ့နေရ၍ ဒီနေရာတွင်လည်း ကျွန်တော်သည် မိန်းကလေးများအား ဂရုဏာဒေါသောဖြင့် -

"ဒီကလေးမလေးတွေ ကားတိုက်ခံရလို့ကတော့ ရှုမလှပဲ"

ဟု ဆိုလိုက်မိသေး၏။

ဦးလေးအုံးကတော့ ကျွန်တော့်အဖြစ်ကိုကြည့်ကာ -

"ကိုယ့်ကိစ္စနှင့်ကိုယ် ခရီးသွားတာ။ မဆိုင်တာ ရှုပ်ယှက်လှချည်လား"

ဟု တွေးကောင်း တွေးနေမည်ဖြစ်သည်။

## မိုးယွန်းကြီးအင်း


ကျွန်တော်လည်း ကားထွက်လာပြီး အတော်လေးကြာမှ စိတ်ကိုကိုယ့်ဟာကိုယ် ပြန်ထိန်းရသည်။ မိမိစိတ်ကိုမိမိ ပြန်ထိန်း



www.burmeseclassic.com

www.burmeseclassic.com





ဟီမဝန္တာမှ ဆောင်းခိုငှက်များ လာရောက်လေ့ရှိသော
ပဲခူးတိုင်း၊ မိုးယွန်းကြီးအင်းသို့ ကျွန်တော်တို့အဖွဲ့ရောက်ရှိစဉ်။


ပါသော်လည်း မိုးယွန်းကြီးအင်းရောက်သည့်တိုင် စိတ်မထိန်းနိုင်
သေးဘဲရှိသည်။ မည်မျှစိတ်လှုပ်ရှားနေသည်မသိ။ မိုးယွန်းကြီး
ရောက်၍ ငှက်ကျွမ်းကျင်သူ ဒေါ်ခင်မမသွင်က ဆောင်းခိုငှက်များ
အကြောင်းရှင်းပြသည်ကိုပင် ကျွန်တော်သည် စိတ်မဝင်စားနိုင်ဘဲ
ရှိ၏။ ခရီးပြီးဆုံး၍ အိမ်သို့ရောက်သည်အထိလည်း စိတ်လှုပ်ရှား
မှုက မပြေပျောက်နိုင်ဘဲရှိနေသည်။ အိမ်ရောက်တော့ ခရီးအတူ
သွားခဲ့သော ဦးလေးအုံး၊ ဦးခင်ဆွေ(ရွှေစွန်ညို)နှင့် ကျွန်တော်၏
ဇနီးတို့ကို ကျွန်တော့်မှာ စိတ်မထိန်းနိုင်ဖြစ်ခဲ့မိသည့်အတွက်
အားတုံ့အားနာဖြစ်မိသည်။





ကျွန်တော်သည် ထိုကဲ့သို့သော ကိစ္စမျိုးနှစ်ခါသုံးခါ
လောက် ထပ်ကြုံပါက စိတ်ကျန်းမာရေးဆေးရုံသို့ သွားရောက်
ရမည့် အခြေအနေရှိပါသည်။

ယခုလည်း အိမ်သို့ရောက်သည့်တိုင် စိတ်ကသိမ်ပြီး
နားမငြိမ်သေးသောကြောင့် မော်လမြိုင်မှ ပြန်လာပြီးသောအခါ
ကျိုက်ပိုင်းဘုရားလမ်းပေါ်မှ သဒ္ဓမ္မရံသီ မဟာစည်သာသနာ့
ရိပ်သာတွင် ရဟန်း (၁၀)ရက်ဝတ်ရသည်။ ရဟန်းဘောင်သို့



နောင်အခါတွင် ဆောင်းခိုငှက်များပင် ခိုစရာမဲ့တော့မည်၊



www.burmeseclassic.com

www.burmeseclassic.com



ရောက်တော့ စိတ်ကိုဖုံးဖုံးချကာ တရားထိုင်သည်။ တစ်နေ့ (၅)ကြိမ် လောက်ထိုင်ရသည်။ တစ်နေ့ (၅)ကြိမ် တရားထိုင်ရသော်လည်း အစိမ်းသက်သက်မို့ ပထမ (၅)ရက်လောက်တွင် တည်ငြိမ်အောင် မထိုင်နိုင်ဘဲရှိသည်။ နောက်တော့လည်း တဖြည်းဖြည်း တည်ငြိမ်မှု ရခဲ့ပါသည်။

တည်ငြိမ်မှုရပြီး မကြာခင်မှာပင် ကျွန်တော်ရဟန်းဘောင်သို့ ဝင်ရောက်နေသည်ကို သိသွား၍ ကျွန်တော့်ထံလာသော ဧည့်သည်များ၊ စည်ကားလာရုံသာမက ဗုဒ္ဓဂါယာသို့ ဘုရားဖူးသွားလိုသောသူများပါ ဝိုင်းလာသောကြောင့် လူထွက်ပြီး အိမ်ပြန်ခဲ့ရပါတော့သည်။ ။



# ပဲခူးတိုင်း

အခန်း(၁၅) - ပဲခူးတိုင်းနှင့် မြန်မာ့သစ်တော

အခန်း(၁၆) - သစ်ဘုရင် "သစ်မင်း"

အခန်း(၁၇) - ရိုးမအရှေ့မှသည် ရိုးမအနောက်ဆီသို့

အခန်း(၁၈) - သစ်တောသစ်ပင် အသုံးဝင်သမျှ



www.burmeseclassic.com

www.burmeseclassic.com

အခန်း (၁၅)

# ပဲခူးတိုင်းနှင့် မြန်မာ့သစ်တော

ပခုက္ကူမှခေါင်းဖြူဖြူနှင့် ဆောင်းလာခိုသောငှက်ကြီး ပြန်သွားပြီဖြစ်သည်။ တစ်နေ့လုံး နေပူပူတွင် ဦးနေဝက် အရည်ပျော်အောင် စဉ်းစားပြီး ဦးလေးအုံးသည် နောက်နှစ်ဆောင်းတွင် ဗျွန်တော့်အား ဘယ်လိုပူဆာရမည်ကို သိနေပြီဖြစ်ပါသည်။

## ဆင်ကြည့်ပါရစေဆိုလို့

ယခုလည်း ဦးလေးအုံးက –

"ကျုပ် ဘိုးဘေးဘားမားသစ်ဖောင်လိုက် အလုပ်သမားလုပ်ခဲ့ပေမယ့် သစ်ဆွဲတဲ့ဆင်ကို အနီးကပ်မမြင်ဖူးဘူး။ လက်နဲ့လည်း မကိုင်ဖူးဘူး"

ဟုဆိုပါ၏။



www.burmeseclassic.com

www.burmeseclassic.com



ဆင်ကို ကြည့်ပါရစေဟု ဆိုသည်။ ကျွန်တော်မှာ သူ့ကို ဆင်ပြဖို့အတွက် ဘယ်နေရာက အကောင်းဆုံးလဲဆိုတာ စဉ်းစားရသည်။ တိရစ္ဆာန်ရုံထဲကဆင်ကို ခေါ်ပြလိုက်ပါက 'မိုမိုရေ… မိုမိုရေ'ဟုဆိုကာ အဘိုးအို ပြန်ငယ်သွားနိုင်စရာရှိ၏။ သို့သော် ပြန်ငယ်မသွားဘဲ သူငယ်ပြန်သွားမှာစိုးသောကြောင့် ကျွန်တော်သည် ဆင်ကြည့်ဖို့ကိစ္စကို စေ့စေ့စပ်စပ်စီစဉ်ရသည်။

ပဲခူးရိုးမတွင် ဆင်စခန်းတွေရှိ၏။

ဦးလေးအုံးက ခရီးသွားရင်း သစ်လုံးခပ်သေးသေးများ သယ်လာတာတွေ့လျှင် -

"ဟာ၊ ကျုပ်တို့ဘုံဘောဘားမားမှာ သစ်ဖောင်ဖွဲ့တုန်းက သစ်တွေက၊ ဒီထက်ကြီးတယ်၊ အခု ဒီလောက်သစ်တွေတောင် ထုတ်နေရပြီလား"

ဟုဆိုပါ၏။

"မဟုတ်ပါဘူး။ ကျွန်းတောတွေမှာ ပင်ညှပ်တွေကို ခုတ်ပစ်ရတယ်။ ဒီတော့မှ ကျန်ကျွန်းပင်တွေ လေရော နေရောင်ရော ရပြီး အစွမ်းကုန်ကြီးထွားနိုင်မှာမို့ ပင်ကြပ်တွေကို ခုတ်လှဲပြီး ထုတ်ပစ်ရပါတယ်"

ဆိုတော့ ဦးလေးအုံးက သိပ်အယုံအကြည်မရှိ။

ဒီတော့တစ်ချက်ခုတ် နှစ်ချက်ပြတ်ဆိုသလို ဆင်ရော ကျွန်းတောကြီးကိုပါပြနိုင်ရန် လေ့လာရေးခရီးစဉ်အဖြစ် ပဲခူးရိုးမကို ရွေးလိုက်သည်။





● သစ်ထုတ်လုပ်ရာတွင် အဓိကလိုအပ်ချက်သည် ဆင်ဖြစ်သည်။ ဆင်ကို သစ်ထုတ်လုပ်ရာတွင်သာမက သစ်တောဒေသမှ ဝန်ထုပ်များ ရွှေ့ပြောင်းသွားလာရာတွင်လည်း သုံးကြသည်။

www.burmeseclassic.com

www.burmeseclassic.com



ပဲခူးရိုးမသို့ ဆင်နှင့်ကျွန်းသစ်ကို လေ့လာရန်သွားမည် ဆိုတော့ ကျွန်တော်ကလည်းလမ်းတွင် ဦးလေးအုံး မေးပါက ဖြေနိုင်ရန် ပဲခူးတိုင်း၏ ပထဝီအနေအထား၊ ရာသီဥတုစသည်တို့ကို လေ့လာရန် ပဲခူးတိုင်းမြေပုံရှာခိုင်းရ၏။

လူကြီးဆိုတာက စကားမပြောဘဲမနေနိုင်။ အခုလူကြီး တစ်ယောက်နှင့် သွားမည့်ခရီးဖြစ်သောကြောင့် စကားတော့ ပြောမှာ သေချာသည်။ လူကြီးနှင့်သွားလျှင် သူပြောတာ နားထောင်ဖို့ ပြင်ထားရသည်။

လူကြီးဆိုတာက အသက်ခြင်းကွာသည့်တိုင် အဖော်လုပ်ပြီးစကားပြောလေ့ရှိသည်။

## မွေးစားအဖေ မစ္စတာဂျူးကြီး

ပဲခူးတွင်နေစဉ်က ကျွန်တော်၏မွေးစားဖခင်ဟု ခေါ်ဆိုနိုင်သော မစ္စတာဂျူးဆိုသော ပုဂ္ဂိုလ်ကြီး တစ်ဦးရှိခဲ့ဖူးသည်။ ဂျူးကြီး၏အသက်နှင့် ကျွန်တော့်အသက်က အတော်ကွာသည်။ သူ့သားနှင့်မှ ကျွန်တော်က သူငယ်ချင်းဖြစ်သည်။ အသက်ကွာသော်လည်း တစ်ခါတစ်ရံသူက သူ့အဖြစ်အပျက်များကို ကျွန်တော့်အား အိတ်သွန် ဖာမှောက်နီးပါး ပြောတတ်သည်။ ဦးလေးအုံးကတော့ သူ့ဘဝ၊ သူ့အတွေ့အကြုံများကို တစ်နိုင်ငံလုံးသို့ ရိုက်ပြီးအစစ်ခံ ရသလို အိတ်သွန်ဖာမှောက် ပြောသူဖြစ်၏။

မစ္စတာဂျူးကြီးက အိန္ဒိယနိုင်ငံ၊ ကာလကတ္တားမြို့၌ ပညာသင်ပြီး ရာဇဝတ်အုပ်ဖြစ်စက ပဲခူးရဲဌာနတွင် တာဝန်ကျသည်။





လွန်ခဲ့သော အနှစ် (၈၀/၉၀) အင်္ဂလိပ်များ အုပ်စိုးချိန်ကဖြစ်သည်။ ထိုအခါက သူတို့ပတ်တရောင်လှည့်ရင်း အချို့ရပ်ကွက်များ အရောက်တွင် ကုလားမငယ်ငယ်လေးတွေက ရဲပတ်တရောင် ဆိုတော့ -

"ကျွန်မတို့ အိမ်ဝင်လည်ပါဦး၊ ဘာညာ"

ဆိုပြီး သူတို့အိမ်ထဲကို အတင်းခေါ်တတ်ကြသည်ဟုဆိုသည်။

ထိုကလေးမလေးများမှာ ပြည့်တန်ဆာလုပ်ငန်းများနှင့် အသက်မွေးဝမ်းကျောင်း ပြုကြသူများဖြစ်ရာ ဂျူးကြီးက ထို ကလေးမလေးများနှင့် သူဘယ်အထိခင်ကြောင်းကို လွမ်းလွမ်း ဆွေးဆွေးကြီးပြောတတ်သည်။ ဒါကိုကျွန်တော်က နားထောင် ရ၏။

တစ်ခါတလေတော့လည်း ဂျူးကြီးက သူ သထုံခရိုင်တွင် တာဝန်ကျစဉ် မြန်မာပြည်ပုလိပ်မင်းကြီး ဘောလုံးပြိုင်ပွဲ၌ သထုံပုလိပ်အသင်းက ဗိုလ်စွဲအောင် ဘယ်လိုလေ့ကျင့်ခဲ့ရသည် များကို စိတ်ပါလက်ပါ လက်ချာ (Lecture) ပစ်တတ်၏။

## ဧရာ၏သဘော

သထုံခရိုင် ပုလိပ်ဘောလုံးအသင်းအား လေ့ကျင့်ရာတွင် တွင်းထဲမှာသာမက မြသပိတ်တောင်ပေါ်အထိ ဘောလုံး သမားများကို ပြေးတက်ပြေးဆင်း လုပ်ခိုင်းသည့်အကြောင်းကို ဂျူးကြီးက ဆွေးဆွေးမြေ့မြေ့ ပြန်ပြောပြသည်။ သူ၏ ဝဲဘက် လက်ဖျံရိုးမှာ သူ၏ယာခြေဖြင့်ဂိုးသွင်းစဉ် ဖိနပ်ဖြင့် လတ်ချိုးကို



www.burmeseclassic.com

www.burmeseclassic.com



ကန်မိရာက ရခြင်းဖြစ်ကြောင်းနှင့် သထုံရှိ သူ့ခြံ (ယနေ့ထိဂျုံးကြီး ခြံဟုခေါ်)တွင် သူစန့်ထားသော စာရေးကြီးဦးကောက်ရထ အပတ်စဉ်ကြက်ဝိုင်းလုပ်သည်ကို သူက ဆူပူကြိမ်းမောင်းရသည့် အကြောင်းတို့ကို မမောမပန်းတမ်းပြောတတ်သည်။

စကားပြောခြင်းက အသက်ကြီးသူတို့အတွက် အသထံ ရှည်ဆေးများဖြစ်သလားမသိ။

ဇရာ၏သဘော (Ageing Process) အရ အထီးကျန် (Lonely) ဆိုတာရှိသည်။ အထီးကျန်မှုဖြစ်က အားငယ်တတ်၏ အသက်ကြီးသူတို့က သူတို့ပြောချင်တာပြောသည်ကို နားထောင် ပေးမည့်သူ ရှိရန်လိုသည်။ အသက်ကြီးသူများထဲတွင် အဖိုးတန် အတွေ့အကြုံများရှိသည်။ ယင်းတို့ကို နားထောင်ရတာလည်း တန်ဖိုးရှိသည်။ ထိုသို့ပြောလိုက်ရသဖြင့် လူကြီးကိုယ်တိုင်က သူသည်လူ့ဘဝအတွက် အသုံးကျသေးသည်ဟုဆိုကာ သူ၏ စိတ်တွင် အားမာန်တိုးပွားစေတတ်သည်။

ဇရာကိုမတားနိုင်သော်လည်း သူ့ကို မတိုးပွားအောင် သိုမှီးထိန်းသိမ်းထားလိုတော့ ရသည်။

"Cannot stop ageing but can preserve"

ဟုဆိုထား၏။

## ဦးစောနီ

၁၉၇၁-ခုနှစ်လောက်က ကျွန်တော် ကယားပြည်နယ် လွိုင်ကော်မြို့ ခလရ-၅၄ တပ်ရင်း၌ တာဝန် ထမ်းဆောင်စဉ်က





ကရင်အမျိုးသားတောင်ပေါ်သားကြီး ဦးစောနီးနှင့် မိတ်ဆွေဖြစ်ခဲ့ သည်။ သူက ခရစ်စမတ်အချိန်ရောက်တိုင်း ကျွန်တော့်ဆီသို့ ပို့စကတ်လေးပို့သောကြောင့် သူ့နေရပ်လိပ်စာကို မှတ်မိနေသည်။ သူနေသည့် အိမ်လိပ်စာက အမှတ်(၈၉/ရှမ်း)၊ ရှမဝလမ်း၊ လွိုင်ကော်ဖြစ်၏။ ဦးစောနီးအကြောင်းကို ကျွန်တော်က သူ့အသက်(၈၄)နှစ်ရှိပြီးဖြစ်ကြောင်း၊ ယခုတိုင် အသက်ရှင်နေဆဲ ဖြစ်ကြောင်း ကျွန်တော်၏ သေတစ်နေ့မွေးတစ်နေ့စာအုပ်တွင် စာအုပ်ထဲ၌ ထည့်ရေးရာ စာအုပ်ထွက်လာပြီးတစ်ရက်တွင် လွိုင်ကော်မှ ကျွန်တော့်ထံ တယ်လီဖုန်းလာပါ၏။ ကျွန်တော်က--

"ဘယ်သူပါလဲ"

ဆိုတော့ ဦးစောနီး ဖြစ်နေပါ၏။

သူက သူ့အသက်(၈၄)နှစ် မဟုတ်တော့ပြီဖြစ်ကြောင်း၊ ယခု(၉၁)နှစ် ရှိပြီဖြစ်သည်။ သို့သော် တနင်္ဂနွေနေ့တိုင်း စက်ဘီး စီး၍ ဘုရားရှိခိုးကျောင်းသို့ မှန်မှန်တက်နေနိုင်ဆဲဖြစ်ကြောင်း ပြောပြသည်။ ထို့ပြင် သူက၏ သမီးဖြစ်သူ ရန်ကုန်သို့ပြန်လာမည် ဖြစ်၍ မော်ချီးပျားရည်စစ်စစ်တစ်ပုလင်း ထည့်ပေးလိုက်ကြောင်း၊ သမီးက လာပေးလိမ့်မည်ဖြစ်ကြောင်း ပြော၏။

ကျွန်တော်သည် နှစ်ပေါင်းစွာက ကွယ်လွန်ခဲ့ပြီး နိဗ္ဗာန်သို့ ရောက်နေသော ကျွန်တော့်ဖခင်အရင်းထံမှ ကျွန်တော့်ထံ တယ်လီဖုန်းလာသကဲ့သို့ ဝမ်းသာပီတိ ဖွမ်းဆိထိ ဖြစ်ရသည်။

မကြာမီ ဦးစောနီး၏ သမီးဖြစ်သူသည် သူ့သမီးလေး ပါခေါ်လာပြီး ပျားရည်တစ်ပုလင်းနှင့် ရောက်လာသည်။ သမီး၏



www.burmeseclassic.com

www.burmeseclassic.com



ခင်ပွန်းက သဘော်သားဖြစ်ကြောင်းသိရ၏။ ဦးစောနီး၏ စာတစ်စောင်ပါးလိုက်သေးသည်။

သမီးဖြစ်သူက ယခုအခေါက် အဖေဖြစ်သူထံပြန်တော့ ခြံထဲတွင်ရှုပ်ပွနေသောကြောင့် ငှက်ပျောပင်အိုများကို ခုတ်ထွင် ရှင်းလင်းပေးခဲ့ရကြောင်း၊ သူ့အဖေသည် သူ့အချစ်တော် အနက် ရောင် ခွေးကလေးဂျက်ကီနှင့် ဘုရားရှိခိုကျောင်း (Sunday Church) သို့ စက်ဘီးစီးပြီးသွားနေဆဲဖြစ်ကြောင်း၊ မကြာမီက ခွေးလေးဂျက်ကီ သေသွား၍ အဖေမှာ အဖော်မဲ့သွားသော်လည်း သမီး လှိုင်ကော်မှာရှိစဉ် ဂျက်ကီကိုယ်စား ဘုရားကျောင်းသို့ ပို့ပေးပါဟုဆိုသဖြင့် သူမက ဂျက်ကီကိုယ်စား လိုက်ပို့ပေးသည်။

သမီးကလည်း လိုက်ပို့ရတာကို ဝမ်းသာသည်။ အသက် (၉၁)နှစ် အဖေက ရှေ့မှစက်ဘီးစီးသွားသည်ကို သမီးက နောက်မှ ပြေးလိုက်ရသည်။ သို့သော်လည်း ဘုရားရှိခိုးကျောင်းမရောက်မီ နောက်မှလိုက်လာသောသမီးက စက်ဘီးကိုကျော်သွားသဖြင့် ဖခင်ကိုစောင့်ခေါ်ရသည့်အကြောင်း ပြောပြသည်။ ဖခင်ကြီးနှင့် ထိုသို့ဘုရားရှိခိုး ကျောင်းသွားရသဖြင့် ဝမ်းသာပီတိဖြစ်နေသော ဦးစောနီးအကြောင်း သူ့သမီးဖြစ်သူပြောသမျှ နားထောင်ရင်း ကျွန်တော်တို့ဇနီးမောင်နှံမှာလည်း ပီတိဖြစ်ခဲ့ရသည်။

## ဦးစောနီး၏ ပျားရည်

ဦးစောနီးပေးခဲ့သော ပျားရည်စစ်စစ်ကို သိမ်ဖြူတာပည် တိုင်းရင်းဆေးဆရာ ဦးကျော်ထွေးနှင့်ပြကာ တိုင်ပင်ကြည့်တော့ ပျားရည်စစ်ပါကဆေးဖြစ်သည်။ ဆီးချို၊ သွေးချိုရောဂါ Type II ဖြစ်သူများမနက် ဇွန်းသေးတစ်ဇွန်း၊ ညဇွန်းသေးတစ်ဇွန်းသောက် သင့်ကြောင်း ပြောသောကြောင့် ကျွန်တော်လည်း စေတနာအပြည့် နှင့်ပေးလိုက်သော ဦးစောနီး၏ပျားရည်ကို သောက်သုံးလျက် ရှိပါသည်။

ကျွန်တော်သည်လူကြီးများနှင့် ထိုကဲ့သို့အကျိုးပေး ပါသည်။

ယခုလည်း ဦးလေးအုံးက ဆင်ကိုအနီးကပ်ကြည့်ရန် ပဲခူးတိုင်းအတွင်းသို့ သွားမည်ဟုဆိုသောကြောင့် ပဲခူးရိုးမတို အရှေ့ဘက်ခြမ်း၊ တောင်ငူ-အုတ်တွင်းမှတက်၍ စိန်ရေစခန်း၌ တစ်ညအိပ်ကာ နောက်တစ်နေ့တွင် ရိုးမကိုကျော်မည်။ ထိုအခါ သစ်ထုတ်လုပ်ရေးစခန်းများ၊ ဆင်စခန်းများ၊ ကရင်တောင်ပေါ် ကျေးရွာများကို မြင်တွေ့လေ့လာနိုင်သည်။ ထိုနောက် ရိုးမ၏ အနောက်ဘက် ပေါက်ခေါင်းမှထွက်ပြီး နဝင်းဆည်ကြီးကို လေ့လာကာ ပြည်မှ ရန်ကုန်သို့ပြန်လာရန် စီစဉ်ရသည်။

ကျွန်တော်ရာခိုင်းသော ပဲခူးတိုင်းမြေပုံရောက်လာသည်နှင့် မြေပုံကို ကြည့်ရှုလေ့လာရသည်။

ပဲခူးတိုင်းသည် ဧရာဝတီမြစ်ဝှမ်း အလယ်ပိုင်းချိုင့်ဝှမ်း ဒေသ၏ တောင်ဘက်တွင်ရှိသည်။ ပဲခူးရိုးမ၏ အရှေ့ဘက်စွန်း၊ အနောက်ဘက်စွန်းဒေသတို့မှအပ ကျန်နေရာများက မြေနိမ့် လွင်ပြင်များဖြစ်သည်။ ပဲခူးရိုးမသည် ပေ(၂၀၀၀)အောက်တွင်သာ ရှိသော တောင်နိမ့်တောင်တန်းတစ်ခုဖြစ်သည်။ ထို့ကြောင့် ကား ကောင်းကောင်းပေါက်နိုင်၏။







www.burmeseclassic.com

www.burmeseclassic.com



ပဲခူးတိုင်းအတွင်း ဧရာဝတီနှင့်စစ်တောင်းမြစ်တို့သည် တောင်မှမြောက်သို့ သွယ်တန်းစီးဆင်းလျက်ရှိသည်။ ပဲခူးတိုင်းသည် မြန်မာနိုင်ငံတွင် သမိုင်းအစဉ်အလာရှိပြီး ထင်ရှားသော တိုင်းကြီး တစ်တိုင်းဖြစ်သည်။ တိုင်းအတွင်းမြစ်ဝှမ်း၊ ချောင်းနှင့် မြေနု လွင်ပြင်များရှိပြီး ယင်းဒေသများတွင် စပါးနှင့်သီးနှံမျိုးစုံစိုက်ပျိုး နိုင်သည်။

ပဲခူးတိုင်းအတွင်းရှိ အဓိကမြစ်တို့မှာ ဧရာဝတီမြစ်၊ စစ်တောင်းမြစ်၊ ပဲခူးမြစ်နှင့် မေခမြစ်တို့ဖြစ်ကြသည်။ ပဲခူးတိုင်း အတွင်း ထင်ရှားသောတူးမြောင်းမှာ ပဲခူးမြစ်နှင့်စစ်တောင်းမြစ် တို့ကို ဆက်သွယ်ဖောက်လုပ်ထားသော ပဲခူး-စစ်တောင်း တူးမြောင်းဖြစ်သည်။

ပဲခူးရိုးမတွင် မြစ်ဖျားခံ၍ အရှေ့ဘက်သို့စီးဆင်းသွားကြပြီး စစ်တောင်းမြစ်အတွင်းသို့ ဝင်ရောက်သွားကြသော ချောင်းတို့မှာ ဖြူးချောင်း၊ ကွယ်ချောင်း၊ ရဲနွယ်ချောင်းတို့ဖြစ်ကြသည်။ ပဲခူးမြစ် သည် ပဲခူးရိုးမရှိ ဆင်နှာမောင်းတောင်တွင် မြစ်ဖျားခံကာ ပဲခူးမြို့အားဖြတ်၍ တောင်ဘက်သို့စီးဆင်းကာ ရန်ကုန်မြစ်နှင့် ပေါင်းပြီး မုတ္တမကွေ့ထဲသို့ စီးဝင်သွားသည်။

ပဲခူးမြစ်အောက်ပိုင်းလွင်ပြင်နှင့် စစ်တောင်းမြစ် အနောက် ဘက်ခြမ်းလွင်ပြင်တို့ ပေါင်းစပ်လျက်ရှိသော လွင်ပြင်ကြီးကို 'ပဲခူး လွင်ပြင်'ဟုခေါ်ကြ၏။ လွန်လေပြီးသော ကာလများကတော့ သစ်တောအတိပြီးသော ဒေသကြီးဖြစ်သည်။ မုတ္တမမှ ဒဂုံ ဗိုင်အောင် ကျွန်းတောကြီးဖုံးအုပ်လျက်ရှိကြောင်း မှတ်တမ်းများ





တွင် တွေ့မြင်ကြရသည်။ ယခုတော့ ထိုဒေသရှိ အသက် (၇၀၊ ၈၀)ရှိသော လူကြီးသူမများပင် ကျွန်းပင်ကို မမြင်ဖူးကြတော့ပဲ ရှိသည်။

## အဖိုးတန်တိုင်းကြီး

ပဲခူးတိုင်းမြောက်ပိုင်းသည် အပူပိုင်းဆီးဗားနားရာသီဥတုရှိသည်။ တောင်ပိုင်းသည် အပူပိုင်းမုတ်သုံရာသီဥတုရှိသည်။ ဤစာကိုရေးသားနေချိန်တွင် ပဲခူးတိုင်းအတွင်း၌ လူဦးရေ (၅)သန်း(၆)သိန်းကျော်ရှိပြီး အကျယ်အဝန်းမှာ စတုရန်းမိုင်ပေါင်း (၁၄၇၉၃)ကျယ်ဝန်းသည်။ ကရင်၊ ဗမာ၊ မွန်၊ ချင်း၊ ရခိုင်၊ ရှမ်း၊ ပအိုဝ့် စသောတိုင်းရင်းသားများ အေးအတူပူအမျှ နေပေါင်းနေထိုင်ကြရာ အဖိုးတန် တိုင်းကြီးတစ်တိုင်းဖြစ်သည်။

ပဲခူးတိုင်းအတွင်းရှိ ထင်ရှားသော မြို့ကြီးများမှာ တောင်ငူ မြို့၊ ပြည်မြို့နှင့် အရှေ့ဘက်ခြမ်းတွင် ဒိုက်ဦး၊ ပြွန်တန်ဆာ၊ ညောင်လေးပင်၊ ဖြူးစသော မြို့များရှိပြီး အနောက်ဘက်ခြမ်းတွင် သာယာဝတီ၊ ကြို့ပင်ကောက်၊ ပေါင်းတည်၊ ရွှေတောင်အစရှိသော မြို့များရှိသည်။

ပဲခူးတိုင်းမှ ဝါးလည်းထွက်ရှိရာ ယင်းတို့သည် စစ်တောင်း နှင့် ရေနီစက္ကူစက်ရုံများအတွက် ပျော့ဖတ်ကြမ်းများပင်ဖြစ်သည်။

ယခုအခါ မြန်မာနိုင်ငံ၏ မြေဧရိယာ(၅၀)ရာခိုင်နှုန်းတွင် သစ်တောများ ဖုံးအုပ်လျက်ရှိသည်ဟုဆိုသော်လည်း ရှေးအခါက မြန်မာနိုင်ငံတစ်ဝှမ်းလုံး(၁၀၀)ရာခိုင်နှုန်း သစ်တောကြီးများ



www.burmeseclassic.com

www.burmeseclassic.com



ဖုံးအုပ်လျက်ရှိဟန်တူသည်။ မြန်မာနိုင်ငံအနှံ့တွင် တွေ့ရသော အင်ကြင်းကျောက်များ၊ သစ်ပင်မှဖြစ်သော ကျောက်ဖြစ်ရုပ်ကြွင်းများနှင့် တိရစ္ဆာန်တို့၏ အရိုးမှဖြစ်သော ကျောက်ဖြစ်ရုပ်ကြွင်းတို့က ရှေးလွန်ခဲ့သောနှစ် တစ်သန်းအထက်က မြန်မာနိုင်ငံ၏မြေပေါ်တွင် သစ်တောသစ်ပင်များမည်ကဲ့သို့ ပေါက်ရောက်နေ၍ တိရစ္ဆာန်များ ကျက်စားခဲ့ကြသည်ကို သက်သေအဖြစ်ပြဆို လျက်ရှိသည်။

လွန်ခဲ့သောနှစ်တစ်ထောင်၊ နှစ်ထောင်လောက်ကတော့ လူဦးရေအလွန်နည်းပါးလျက်ရှိသောကြောင့် ပေါက်ရောက်လျက် ရှိသော သစ်တောကြီးများကို ဘယ်လောက်ပင်သုံးသုံး ဘယ်လောက်ပင်ခုတ်ခုတ် မကုန်နိုင်ဟုယူဆကာ သစ်တောကို ထိန်းသိမ်းရမှန်း၊ စောင့်ရှောက်ရမှန်း မသိဘဲခုတ်ခဲ့၊ သုံးခဲ့ကြသည်။

## သစ်ဝါးလိုအပ်ချက်များသာ

လူဦးရေ တဖြည်းဖြည်း တိုးပွားလာသောအခါ လူတို့ သစ်၊ ဝါးလိုအပ်ချက်တို့က ပိုပို၍ များများလာ၏။ စားသုံးရန် ဆန်စပါး၊ အသီးအနှံတို့ စိုက်ပျိုးရန်အတွက် သစ်တောနေရာများ ဖွဲ့ပေးခဲ့ရသာမက အစဉ်တိုးတက်နေသော လူဦးရေအတွက် လောင်စာထင်းအသုံးပြုမှုကလည်း များပြားလာခဲ့သည်။ ထင်း အိမ်ဆောက်ရန် သစ်နှင့်အခြား အိမ်ထောင်ပရိဘောဂ အသုံး အဆောင်များအတွက် လိုအပ်သောသစ်ကို သစ်တောများ မကုန်နိုင်၊ မခမ်းနိုင် ပေးမည်ဟုယူဆကာ အဆင်အခြင်မဲ့ အရမ်းကာရော ခုတ်လှဲမှုများကြောင့် အထူးသဖြင့် သွားလာ







မြို့ပြနေရာယူမှုတို့ကလည်း သစ်တောကို ပြုန်းစေ၏။

လွယ်ကူသောနေရာများတွင် ပြောင်တလင်းခါအောင် ခုတ်ယူမှုကြောင့် နှစ်ကာလရှည်ကြာသောအခါ ယခင်က သစ်တော ဧရိယာများသည် ကွင်းခေါင်ခေါင်ဘဝသို့ သက်ဆင်းကြကုန်သည်။

မြန်မာတို့သည် ရှေးအခါက မိမိတို့ပိုင် ကျွန်းသစ်များကို ကုန်အောင်ခုတ်နိုင်မည့် လူစွမ်းကောင်းမရှိဟု ထင်နေချိန်တွင် ဥရောပက မြန်မာ့ကျွန်းသစ်၏အဖိုးတန်ပုံကိုသိ၏။ ထို့ကြောင့် လွန်ခဲ့သော နှစ်ပေါင်းတစ်ထောင်ကျော်လောက်က အရှေ့နိုင်ငံ များသို့ ပင်လယ်ရပ်ခြား စွန့်စားသွားလာခဲ့ကြသော အာရပ်လူမျိုး တို့သည် သူတို့၏ပင်လယ်ကူးသင်္ဘောကြီးများကို မြန်မာ့ကျွန်းသစ် ဖြင့် ဆောက်ခဲ့ကြသည်ဟု စာပေမှတ်တမ်းများအရ သိရှိရသည်။ မြန်မာတို့အနေဖြင့် ကျွန်းသစ်၏တန်ဖိုးကို သိပင်သိငြားသော်လည်း မိမိတို့တွင် သုံးမကုန်အောင်ရှိသည်။ သုံးပစ်လျှင်လည်း အသစ်အသစ် သောအပင်တို့ ပေါက်ရောက်တိုးပွားနေမြဲဖြစ်မည်ဟု ယုံကြည်ကာ သစ်တောသစ်ပင် ကာကွယ်ရေးနှင့် ပတ်သက်၍ ရှေးမြန်မာဘုရင် တို့မှာ အလေးပေးဆောင်ရွက်မှု နည်းပါးခဲ့သည်။



www.burmeseclassic.com

www.burmeseclassic.com



## အလောင်းမင်းတရားကြီး၏ အမိ

သို့သော် (၁၈)ရာစုသို့ရောက်လာသောအခါတွင်မူ တတိယ မြန်မာနိုင်ငံတော်ကြီးကိုတည်ထောင်သူ အလောင်းမင်းတရားကြီး သည် အမျှော်အမြင်ကြီးစွာဖြင့် ၁၇၅၂-ခုနှစ်တွင် -

"ကျွန်းပင်များကို ခုတ်လှဲခြင်းမပြုရ။ ကျွန်းကို သွားကြား ထိုးခြင်း၊ နားပန်ခြင်းပင်မပြုရ။ ကျွန်းသည် ဘုရင့်ဘဏ္ဍာတော်မြို့ တော်ဝင်ပစ္စည်းဖြစ်သည်"

ဟူ၍ အမိန့်တော်ထုတ်ပြန်ကြေညာခြင်းသည် မြန်မာ့သမိုင်း၌ အရေးကြီးသော ပထမဆုံး သစ်တောကာကွယ်ရေးဥပဒေ စတင် ထုတ်ပြန်ခြင်းပင် ဖြစ်သည်။

မှတ်တမ်းများအရ ၁၈၅၈-ခုနှစ်တွင် ဘုံဘေဘားမား ကုမ္ပဏီသည် မင်းတုန်းမင်းကြီးထံမှ နင်းကြမ်း(ပျဉ်းမနား)တွင် ကျွန်းသစ်ထုတ်လုပ်ခွင့် အခွင့်အရေးကို စတင်ရရှိကြသည်။

မဂ္ဂရီကာ ကုမ္ပဏီသည် ၁၈၆၀-ပြည့်နှစ်တွင် မင်းတုန်း မင်းကြီးထံမှ ကျွန်းလုပ်ငန်း လုပ်ပိုင်ခွင့်ကို ရသည်ဟုသိရ၏။

ဘုံဘေဘားမားကုမ္ပဏီသည် မြန်မာသစ်တော သစ်ပင်များ အကြောင်းကို အလေ့လာဆုံး၊ အနှံ့စပ်ဆုံးကုမ္ပဏီဖြစ်၍ နောက်ဆုံး တတိယ အင်္ဂလိပ်-မြန်မာစစ်ဖြစ်၍ မြန်မာတစ်မျိုးသားလုံး ကျွန်ဖြစ်အောင် လုပ်ခဲ့ရာတွင်လည်း ဘုံဘေဘားမားကုမ္ပဏီ၏ စနက်မကင်းချေ။

ဗြိတိသျှသံအမတ်ဆိုင်း၏ ဆောင်းပါးများတွင် ၁၇၉၅-ခုနှစ်က ရန်ကုန်နှင့် သန်လျင်မြို့များတွင် အင်္ဂလိပ်၊ ပြင်သစ်နှင့်





အမေးနီယန်းလူမျိုးတို့သည် တန်ချိန်(၈၀၀)နှင့် (၁၀၀၀)အထိ ဝန်တင်နိုင်သော ကျွန်းသင်္ဘောကြီးများကို တည်ဆောက်၍ သူတို့နိုင်ငံသို့ရွက်လွှင့် ယူဆောင်သွားကြသည် ဟုရေးသားထား သည်များကို လေ့လာတွေ့ရှိရသည်။

### အဖြန်းပိုခဲ့

မြန်မာ့မြေပေါ်တွင် ကမ္ဘာဦးမှစ၍ ပေါက်ရောက်ခဲ့သော သစ်များသည် ရာဇဝင်သမိုင်းခေတ်အဆက်ဆက်၌ အသုံးထက် အဖြုန်းပိုခဲ့၏။ မြန်မာတို့သည် သစ်ကို စိုက်စရာပင်မလိုဘဲ အမြဲရနေမည်ဟု ထင်ခဲ့ကြသည်။

သစ်တောသစ်ပင်ကို သုံးလို့မကုန်၊ ယူလို့မခန်းသည့် ဒေသာပင်များအဖြစ်လည်း ယူဆခဲ့ကြသည်။

မြန်မာတို့သည်သစ်ကြောင့်ပင် အင်္ဂလိပ်တို့နှင့် စစ်ဖြစ်ကြ ရ၏။ သစ်တန်ဖိုးကိုသိသော အင်္ဂလိပ်တို့သည် သစ်ကိုလိုချင် တပ်မက်မှုရမ္မက်ဖြင့် အင်္ဂလိပ်-မြန်မာစစ်ကို ဆင်နွှဲသည်။

ပထမ အင်္ဂလိပ်-မြန်မာစစ်တွင် ရခိုင်နှင့် တနင်္သာရီ ပါသွားသောကြောင့် တနင်္သာရီဒေသနှင့် ယခုမွန်ပြည်နယ်မှ အဖိုးတန်ကျွန်းတောကြီးများကို အင်္ဂလိပ်တို့လက်ထဲသို့ (ဝ)ကွက်ပြီး အပ်လိုက်ရသည်။

ဒုတိယ အင်္ဂလိပ်-မြန်မာစစ်တွင် ပဲခူးနယ်ကို ပေးလိုက် ရသောအခါ ယခုကျွန်တော်တို့သွားရောက်ကြမည့် ပဲခူးရိုးမရှိ သစ်တောတစ်ခုလုံးကို ၄င်းတို့လက်သို့ အပ်လိုက်ရပြန်သည်။ တတိယ အင်္ဂလိပ်-မြန်မာစစ်ပွဲ၊ သီပေါမင်း ပါတော်မူသောအခါ



www.burmeseclassic.com

www.burmeseclassic.com



တွင်ကား မြန်မာတစ်နိုင်ငံလုံးရှိ သစ်ပင်၊ သစ်တောအားလုံး အင်္ဂလိပ်လက်သို့ (ဝ)ကွက်၍ အပ်လိုက်ရတော့သည်။

၁၈၂၄-ခုနှစ်တွင် ရခိုင်နှင့် တနင်္သာရီကိုသိမ်းပြီး ၁၈၂၆-ခုနှစ်တွင် အင်္ဂလိပ်တို့သည် ဗြိတိသျှရေတပ်မတော်အတွက် မော်လမြိုင်ဝန်းကျင်မှ ကျွန်းသစ်များကို အဆင်အခြင် အကန့်အသတ်မရှိ၊ အတောမသတ်ခုတ်ယူခဲ့ကြသည်။ ထိုအချိန်အထိ သစ်ထုတ်လုပ်ငန်းကို စီမံခန့်ခွဲမှုမရှိဘဲ ထုတ်ယူခဲ့ကြ၏။ ထို့ကြောင့် မော်လမြိုင်သစ်တောများ ပြုန်းတီးခဲ့သည်။

၁၈၅၅-ခုနှစ်တွင်မှ အိန္ဒိယဘုရင်ခံချုပ်မှ အစိုးရ သင်းသတ်ပေးခြင်းမပြုသော မည်သည့်အပင်ကိုမျှ မခုတ်ရ သစ်တောသည် အစိုးရဘဏ္ဍာဖြစ်ကြောင်း ကြေညာပေး သက်သာခွင့်ရခဲ့၏။

## ဒေါက်တာ ဆာ ဗရန်ဒစ်ကို

မြန်မာ့သစ်လုပ်ငန်းကို အုပ်ချုပ်လုပ်ကိုင်ရန် ၁၈၅၆-ခုနှစ်တွင် ဂျာမနီလူမျိုး သစ်တောပါရဂူ ဒေါက်တာ ဆာ ဗရန်ဒစ်ကို ခန့်အပ်ခဲ့သည်။ နောက်ပိုင်း ဒေါက်တာဗရန်ဒစ်သည် ဆာဘွဲ့ ရရှိသည်။ ဒေါက်တာ ဆာ ဗရန်ဒစ်သည် ကမ္ဘာက လေးစားခံရသော သစ်တောပါရဂူဖြစ်ပြီး သူသည် မြန်မာနိုင်ငံနှင့် အိန္ဒိယနိုင်ငံ သစ်တောများကို ခေတ်မီ စနစ်ကျစွာ ထူထောင်ပေးခဲ့သော သစ်တောဖခင်ကြီးဖြစ်သည်။ ဒေါက်တာ ဆာ ဗရန်ဒစ်ကိုသည် မြန်မာ့သစ်တောပြုစုရေး၊ ကာကွယ်ရေး၊ ထုတ်လုပ်ရေးလုပ်ငန်း



များကို စနစ်တကျအုတ်မြစ်ချခဲ့သောကြောင့် မြန်မာ့သစ်တောဌာနသည် အခြားသော ကမ္ဘာ့ထိပ်တန်း သစ်တောဌာနများထို ပေါင်တန်းနိုင်ခြင်းမှာ ဒေါက်တာ ဆာ ဗရန်ဒစ်ကို၏ ကျေးဇူးများ ကြီးမားစွာပါဝင်ကြောင်း သိရသည်။

□



www.burmeseclassic.com

www.burmeseclassic.com

အခန်း (၁၆)

## သစ်ဘုရင် သစ်မင်း

ပဲခူးရိုးမသစ်တောကြီးထဲသို့မဝင်မီ ကျွန်တော်သည် မြန်မာ့ကျွန်း၏သတ္တိကိုလည်း ဦးလေးအုံးအား မေးမြန်းပြောပြရပါသည်။ သူငယ်စဉ်က ဘုံဘေဘားမားသစ်ကုမ္ပဏီ၏ သစ်ဖေါင်များကို အညာမှ ရန်ကုန်အထိ သယ်ဆောင်ပေးရသော ဖေါင်သမားဖြစ်ခဲ့သောကြောင့် သစ်လုံးအကြောင်းသိသော်လည်း ဆင်အကြောင်း မသိဟုဆိုပါသည်။ ဆင်ကို အနီးကပ်မမြင်ဖူးပါဆို၍ ဦးလေးအုံးအား ဆင်ဗဟုသုတကိုလည်း ပေးချင်၏။

ထို့ကြောင့် ကျွန်းအကြောင်း၊ ဆင်အကြောင်း ထောက်ထောက်ထားထားရှိသော စာအုပ်စာတမ်းများ ရှာဖွေသောအခါ စာမျက်နှာ(၈၀)ရှိသော ၁၉၅၃-ခုနှစ် မြန်မာနိုင်ငံဘာသာပြန် စာပေအသင်းမှ ထုတ်ဝေသည့် "မြန်မာနိုင်ငံသစ်တောများ" ဆိုသောစာအုပ်ကို သွားတွေ့သည်။



www.burmeseclassic.com

www.burmeseclassic.com



## သစ်တောဝန် ဦးတင်ထွဋ်


ထိုစာအုပ်ကို ရေးသားသူက သစ်တောဝန် (ရွေးချယ်ခံတန်း) ဦးတင်ထွဋ်၊ ဘီအက်စ် (ရန်ကုန်)၊ အမ်အေ (အောက်စဖို့) ဖြစ်သည်။ ထိုစာအုပ်မှာ ၁၉၅၃-ခုနှစ်ကပင် အုပ်ရေ(၂၅၀၀၀) ရိုက်နှိပ်ဖြန့်ချိခဲ့သော စာအုပ်ဖြစ်သည်။ ယခုအထိလည်း ထိုစာအုပ်ထဲမှ အချက်အလက်များမှာ ခေတ်မီနေဆဲဖြစ်သည်။ ယင်းစာအုပ်တွင် ကျွန်းသစ်နှင့် ပတ်သက်သော လေးချိုးတစ်ပုဒ်ကိုလည်း ဖော်ပြထားပါသည်။ ထိုလေးချိုးကို ရေးသားသူမှာ သစ်တောမင်းကြီးချုပ် ဦးကျော်ခိုင်၊ ဘီအက်စ် (အိဒင်ဗာရာ) ဖြစ်သည်။

ကျွန်းသစ်

အခိုင်မှာစံနစ်ခြားသော်ကြောင့်၊
သစ်သားမှာဖြင့် သစ်ဘုရင်။
ရေမြေတွင် ကောန်သင့်ပါလို့၊
ရှည်မြင့်စွာ၊ ခြမစားနိုင်ဘု
အသားမှာ မမာလွန်း
ကျွန်းရဲ့ ဂုဏ်အင်။
ဆောက်အအုံ အိမ်ထောင်သုံးတို့မှာလ
အသုံးရယ်တဲ့ ညွှန်ကာဆင်
ကျွန်းပါဝင်မှအသရေကြွား
အကောင်းဆုံးမှာတော့
ဖိုးနှုန်း အလွန်တန်လို့







ကျွန်းသည် ခိုင်ခံ့၍ ကျုံ့ခြင်း၊ ကွဲခြင်းမရှိ။ ရာသီဥတုဒဏ်ကိုခံနိုင်၍ သင်္ဘောကြီးများ တည်ဆောက်ရာတွင် သံအစား ကျွန်းကိုသုံးကြသည်။

ခြားနိုင်ငံ ရပ်ဒေသကို
ရောင်းချစေသား။ ။

*ဦးကျော်ခိုင်*

ဦးကျော်ခိုင်၏ ကျွန်းသစ်လေးချိုးအတိုင်း ကျွန်းသစ်သည် အမှန်ပင် အဖိုးတန်သစ်ဖြစ်သည်။ သို့သော် မြန်မာနိုင်ငံတွင် ကျွန်းပင်ကပေါသောကြောင့် ကျွန်းသစ်တန်ဖိုးကို နားမလည်ဘဲ ကျွန်းသားဖြင့် ဝက်စားခွက်၊ နွားစားခွက် ပြုလုပ်ကြသည်။ ဝက်စာကို ကျွန်းသားမီးဆိုက်၍ ကျိုကြသည်။ ကြံသကာပြုလုပ်ရာတွင်လည်း ကျွန်းသားကိုသာ ထင်းအဖြစ်အသုံးပြုသည်။



www.burmeseclassic.com

www.burmeseclassic.com



ကျွန်းသားကိုမီးသွေးပြုလုပ်၍ ကျွန်းမီးသွေးကို လောင်စာအဖြစ် အသုံးပြုမှုကလည်း ရှိသေးသည်။ တနင်္သာရီတိုင်းမှ ကျွန်းမီးသွေးများ တစ်ဘက်နိုင်ငံမှတစ်ဆင့် ဂျပန်နိုင်ငံအထိရောက်သည်။

## ပေ(၃၀၀၀)အောက်ဆိုကြိုက်

ကျွန်းပင်သည် မိုးရေချိန်လက်မ(၄၀) မှ (၁၂၀) ရှိသောဒေသများတွင် ကောင်းမွန်စွာပေါက်ရောက်သည်။ အမြင့်ပေ ၃၀၀၀ အောက်တွင်သာသန့်စွမ်းစွာပေါက်သည်။ ထို့ကြောင့် အမြင့်ပေ (၂၀၀၀)အောက်တွင်သာရှိသော ပဲခူးရိုးမ၏ တောင်တန်း၊ တောင်စွယ်အသွယ်သွယ်တွင် ကျွန်းပင်များကောင်းစွာပေါက်ရောက်ခြင်း ဖြစ်သည်။ ကျွန်းသစ်သည် စစ်တောင်းမြစ်နှင့်သံလွင်မြစ်တို့၏ ရေဝေဒေသ၊ ချင်းတွင်းနှင့်ဧရာဝတီမြစ်တို့၏ ရေဝေ၊ ရေလဲဒေသများတွင်လည်း ပေါက်ရောက်သည်။ ခြောက်သွေ့သောဒေသများနှင့် မိုးအလွန်များသောဒေသတို့ တွင်ကား ကျွန်းပင်များပေါက်ရောက်ခြင်း၊ ဖြစ်ထွန်းခြင်းမရှိ။

ကျွန်းသားသည် ခိုင်ခန့်သည်။ သို့သော် မာလွန်းခြင်း၊ ကျုံ့ခြင်း၊ ကွဲခြင်း မရှိ။ ထို့ကြောင့် ကျွန်းသည် သစ်တကာတို့၏ သစ်ဘုရင်၊ သစ်မင်းဟု ခေါ်ဆိုရခြင်းဖြစ်သည်။ ပထမတန်းစားနံပါတ်(တစ်)သစ်ဖြစ်သည်။ အခြားနာမည်ကြီးသစ်များသည် ပင်လျှင် ကျွန်းသစ်ထက် (၂)ဆမျှ ကျုံ့ခြင်း၊ ကွဲခြင်းရှိ၏။ ခိုင်မာရာတွင်လည်း အခြားသစ်များသည် ကျွန်းခိုင်မာခြင်းနှင့် ယှဉ်လျှင် လေးပုံ၊ သုံးပုံသာရှိသည်။ ထို့ပြင် ကျွန်းသားကို







မြန်မာ့ကျွန်းသစ်ဖြင့် ဂုဏ်ယူဝင့်ကြွားစွာ တည်ဆောက်ထားသော အနော်ရထာဘုရင်မင်းမြတ်၏ နန်းတော်၊



www.burmeseclassic.com

www.burmeseclassic.com



ခြမစားခြင်းက ကျွန်း၏ အလွန်ကြီးမားသော ဂုဏ်သရေတစ်ခု ဖြစ်သည်။ ခြမစားသောကြောင့် အခြားသစ်များကဲ့သို့ ဓါတုဗေဒဆေးများ စိမ်ရန်မလို၊ ပြုပြင်ရန်မလိုဘဲ ပင်ကိုယ်ကပင် ကျွန်းသည် ခိုင်ခန့်ကောင်းမွန်၏။ ကျွန်းသည် ရာသီဥတုဒဏ်ကိုလည်း ခံနိုင်ရည်ရှိသည်။ ထို့ကြောင့် မိုးဒဏ်၊ လေဒဏ်ကိုလည်း ခံနိုင်၊ ကျုံ့ခြင်း၊ ကွဲခြင်းလည်းမရှိသောကြောင့်၊ တာရှည်ခိုင်ခန့်မှု ရှိရန်လိုသော အဖိုးတန်အဆောက်အအုံများကို ဆောက်ရာတွင် ကျွန်းကိုသုံးကြ၏။

## ကျွန်း၏ဂုဏ်ရည်

ရှေးယခင်က ပင်လယ်သမုဒ္ဒရာ ဆားငန်ရည်ထဲတွင် သွားနေရသော၊ ရာသီဥတုအပြောင်းအလဲ ဒါဏ်ကိုအမြဲခံရသော သင်္ဘောကြီးများတည်ဆောက်ရာတွင် ကျွန်းသစ်ကိုသုံးကြသည်။ သဘာဝရာသီဥတုကိုခံ နိုင်ရန်၊ ကျုံ့ခြင်း၊ ကွဲခြင်းကို ကာကွယ်ရန် အခြားသစ်များကို သိပ္ပံပညာဖြင့် ကြိုးပမ်းခဲ့သော်လည်း ယနေ့ထက်တိုင် ကျွန်း၏ဂုဏ်ရည်ကိုမီအောင် သိပ္ပံပညာရှင်တို့သည် မတတ်နိုင်သေးဘဲရှိ၏။

ကမ္ဘာကျော် 'ကွင်းမေရီ' သင်္ဘောကြီးကို ကျွန်းသား တန် (၁၀၀၀)ကျော်အသုံးပြု၍ တည်ဆောက်ထားသည်။ ကုန်တင်သင်္ဘောများ၌ အလေးချိန်သည် အဓိကကျသောကြောင့် သင်္ဘောတည်ဆောက်ရာတွင် ကျွန်းအစား သံပြားကို အသုံးမပြုနိုင်။

ကျွန်းကို မီးရထားတွဲများ တည်ဆောက်ရာတွင်သုံး၏။





ရထားတွဲများသည် ရာသီဥတုဒါဏ်ကိုခံရပြီး အမြဲလှုပ်ရှားနေရသောကြောင့် ရာသီဥတုနှင့် လှုပ်ရှားမှုဒါဏ်ကိုခံနိုင်သော ကျွန်းသစ်ကိုသာ မီးရထားတည် ဆောက်ရာတွင်သုံးခဲ့ကြခြင်းဖြစ်သည်။

## ကျွန်းအဆောက်အဦများ

ကျွန်းဖြင့်တည်ဆောက်ထားသော အဆောက်အအုံများကို ဂုဏ်ယူဝင့်ကြွားစွာ ထိန်းသိမ်းထားကြသည်။ ၁၉၁၄-ခုနှစ်က တည်ဆောက်သော ပြင်ဦးလွင်ရှိ ကင်ဒီဂရစ်ဟိုတယ် Candacraig Hotel၊ (ယခုသီရိမြိုင်ဟိုတယ်)ကို ကျွန်းသားများဖြင့်သာ တည်ဆောက်ထားသည်။ ဗန်းမော်ခရိုင်၊ ရွှေကူမြို့ သစ်တောရုံးကို ၁၈၉၇-ခုနှစ်က ကျွန်းပျဉ်ချပ်များဖြင့် အမိုး မိုးထားရာ ၁၉၄၄-ခုနှစ်က စစ်ဘေးစစ်ဒါဏ်ကြောင့် ပျက်စီးသွားသည်။ ရွှေကူသစ်တောရုံးကို ၁၉၄၅-၄၆ ခုနှစ်က ပြန်လည်ဆောက်လုပ်ရာ အချို့သော ကျွန်းပျဉ်ချပ်များကို ပြန်သုံးထားခဲ့ပြီး အဆောက်အဦစဆောက်စဉ်က အသုံးပြုထားသော အမိုးပျဉ်ရိုက်သည့်သံများမှာ သံချေးမတက်သေးဘဲရှိ၍ ပြန်အသုံးပြုခဲ့ကြောင်းသိရသည်။

ထိုင်းနိုင်ငံတွင် ကျွန်းဖြင့်ဆောက်လုပ်ထားသော အိမ်တစ်ဆောင်ကို ပြတိုက်အဖြစ် တန်ဖိုးထားစွာ ထိန်းသိမ်းထားပါသည်။ ကမ္ဘာ့လှည့်ခရီးသည်များကို ဆွဲဆောင်နိုင်သော အဆောက်အဦဖြစ်သည်။


ကျွန်း၏ခိုင်ခန့်မှုကြောင့် အိမ်ဆောက်ခြင်းအပြင် သိမ်ဆိုင်ရာ အဆောက်အဦများဆောက်ခြင်း၊ အမိုးအကာခင်းသည်



www.burmeseclassic.com

www.burmeseclassic.com





မြန်မာတို့ ဂုဏ်ယူဝင့်ကြွားစွာ ကျွန်းသစ်ဖြင့်ပြုလုပ်ထားသော အဆောက်အဦ၏ အထွဋ်တစ်ခု။

နေရာများတွင် ထားသိုသော ထိုင်ခုံ၊ ကုလားထိုင်များ ပြုလုပ်ခြင်းတို့တွင် ကျွန်းသားကို အသုံးပြုကြသည်။

အချို့သောအဖိုးတန် ကဇာတ်ရုံကြီးများတွင် ကခုန်နိုင်ရန် ကြမ်းခင်းကို ကျွန်းနှင့် ပြုလုပ်ကြသည်။ အဖိုးတန် အဆောက်အအုံများလည်း ကြမ်းခင်းများကို ကျွန်းသားဖြင့်သာ ဂုဏ်ယူဝင့်ကြွားစွာဘဲ ခင်းတတ်ကြသည်။

ထို့ကြောင့် မည်သည့်သစ်ကမှ ကျွန်း၏နေရာတွင် အစားမဝင်နိုင်ဘဲရှိ၏။ ကျွန်းသည်ကမ္ဘာတွင် အစားထိုး၍မရသော





အခြားသောသစ်များ တုပနိုင်စွမ်းမရှိသည့် ထိပ်တန်းစားသစ်ဝင် "သစ်ဘုရင်"ဖြစ်သည်။

ကမ္ဘာတွင် မြန်မာနိုင်ငံမှအပ ထိုင်း၊ မလေးရှား၊ အင်ဒိုနီးရှား၊ လာအို၊ ကမ္ဘောဒီးယား၊ ဗီယက်နမ်၊ အိန္ဒိယအစရှိသော နိုင်ငံများတွင်သစ်ထွက်ရှိသော်လည်း အရည်အသွေးရော၊ အထွက်နှုန်းပါ မြန်မာနိုင်ငံကို မမီ။ မြန်မာနိုင်ငံမှထွက်ရှိသော ကျွန်းသစ်သည် အကောင်းဆုံးနှင့် အများဆုံးဖြစ်သည်။ ရှေးအခါက မြန်မာ့ကျွန်းသစ်ကို အိန္ဒိယက အများဆုံးဝယ်ယူသည်။ အင်္ဂလန်ကလည်း ဝယ်ယူသည်။ ယခုအခါတွင်တော့ မြန်မာ့သစ်ကို တစ်ကမ္ဘာလုံးကြိုက်နှစ်သက်စွာ တန်ဖိုးထား ဝယ်ယူသုံးစွဲလျက်ရှိသည်။



ကျွန်းသစ်သည် သစ်တကာတို့တွင် သစ်ဘုရင်သစ်မင်းဝင်ဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



## မြန်မာ့ကျွန်းသစ် (၁၇၃)တန်

မြန်မာ့ကျွန်းသစ်၏ မျက်နှာကြီးပုံဖြစ်ရပ်တစ်ခုကိုလည်း ပြောပြလိုပါသည်။ ၁၉၉၄-ခုနှစ်၊ မတ်လတွင် ကျွန်တော်သည် အမေရိကန်ဆီးနိတ်လွှတ်တော်၏ အလာဘားမားပြည်နယ်အမတ် (Alabama Senator Mr. Shelby) ၏ ဖိတ်ကြားချက်အရ အမေရိကန်နိုင်ငံသို့ (၃)ပတ်ကြာမျှ အလည်ပတ် သွားရောက်ခဲ့သည်။ မြောက်ကာရိုလိုင်းနား ပြည်နယ်ကိုလည်းရောက်သည်။ North Carolina Senator က Mr. Jesse Helms ဖြစ်သည်။ Mr. Jesse Helms သည် ဆီးနိတ်လွှတ်တော်၌ အလွန်အရေးပါသော ဝါရင့်လွှတ်တော်အမတ် ဖြစ်သည်။ သူသည် သမ္မတ အိမ်ဖြူတော်သို့ ကြိုတင်အသိပေးရန်မလိုဘဲ သမ္မတနှင့်တွေ့ရန် တံခါးခေါက်ဝင်ရောက်နိုင်လောက်အောင် သြဇာတိက္ကမ ရှိသော ပုဂ္ဂိုလ်ကြီးဖြစ်သည်။

ဆီးနိတ်လွှတ်တော်တွင် ဆီးနိတ်အမတ်များအားတွေ့ရမည့် အစီအစဉ်တွင် ယင်းပုဂ္ဂိုလ်ကြီးနှင့်လည်း တွေ့ဆုံခဲ့သည်။ သူက ကျွန်တော်အား တောင်ကာရိုလိုင်းနားလွှတ်တော်ကိုယ်စားလှယ် Mr. Fairman နှင့် မိတ်ဆက်ပေးသည်။


သူတို့ တောင်ကာရိုလိုင်းနားနှင့် မြောက်ကာရိုလိုင်းနား ပြည်နယ်နှစ်ခုအနီးတွင်ထားရှိမည့် ဒုတိယကမ္ဘာစစ်အတွင်းက ကျော်ကြားသော North Carolina Battle Ship ကြီးကို အများပြည်သူအတွက် စစ်သမိုင်းပြတိုက်အဖြစ် ပြင်ဆင်နေပါသည်။ စစ်သင်္ဘောကြီးသည် တော်တော်ကြီးသည်။ မူလကုန်းပတ်








ဒုတိယဗိုလ်ချုပ်ကြီးချစ်ဆွေအား လိပ်မူ၍ မူလသင်္ဘောကြီး၏ သစ်သားပြင်နှာမည့် ရေးထိုးပေးပို့သော သစ်သားကျွန်း။



လိုအပ်သောကျွန်းသစ်(၁၇၃)တန်ကို ကူညီရောင်းချသောကြောင့် သင်္ဘောဟောင်းကြီးကို ပြင်နိုင်ခဲ့ကြောင်းကို မှတ်တမ်းပေးပို့ခဲ့သည်။



www.burmeseclassic.com

www.burmeseclassic.com



တစ်ခုလုံးသည် ဂျပန်လေယာဉ်များစက်သေနတ်နှင့် ပစ်ခဲ့မှုကြောင့် ပျက်စီးနေသဖြင့် ကျွန်းသစ်ဖြင့်ပြုလုပ်ထားသော ယင်းကုန်းပတ်တစ်ခုလုံးကို လုံးဝဥဿုံ အစားထိုးရန် Total Replacement အတွက် မြန်မာပြည်မှ ကျွန်းသစ် (၁၇၃)တန်မျှ လိုအပ်နေ၍ ကူညီပါဟု ဆိုသည်။

ကျွန်တော်နှင့် ကျွန်တော့်အဖွဲ့ဝင်များသည် သင်္ဘောကြီးပေါ်သို့ ကိုယ်တိုင် ဝင်ရောက်လေ့လာခဲ့ကြသည်။ အမှန်ပင်လိုအပ်နေသဖြင့် မြန်မာပြည်ပြန်ရောက်လာသောအခါ ဝန်ကြီးချုပ်၏ ခွင့်ပြုချက်ကိုရယူပြီး အချို့ကို မြန်မာနိုင်ငံ၏ လက်ဆောင်အဖြစ် အချို့ကို List Price ဖြင့် ရောင်းချပေးခဲ့သည်။ ထိုအခါ ပြတိုက်အဖြစ် ပြောင်းလဲပြုပြင်သော အဖွဲ့ကလည်း -

သင်္ဘောကြီးမှ မူလကျွန်းသစ်တုံးတွင်
Admiral's Award ။

The Government of the Union of Myanmar made possible the total Replacement of the Battleship North Carolina teak deck for the 50th Anniversary of V.J Day 2nd September- 1995 in appreciation for Her Role in Liberating the Pacific

ဟူသော စာသားကိုရေးထိုးလျက် အမှတ်တရပြန်လည်ပေးပို့သည့် သစ်တုံးကို ယခုတိုင် ကျွန်တော်အမှတ်တရ သိမ်းဆည်းထားရှိပါသည်။

□



အခန်း (၁၇)

## ရိုးမအရှေ့မှသည် ရိုးမအနောက်ဘက်ဆီသို့

ကျွန်တော်တို့ ပဲခူးရိုးမသို့သွားတော့ လူတော်တော်စုံသည်။ ဦးလေးအုံးနှင့် ပခုက္ကူမှပါလာသူ ဦးသိန်းခိုင်ဦး၊ ဦးဝင်းမိုလ်တို့လည်းပါသည်။ ထို့နောက် ဦးလေးအုံး၏ ရန်ကုန်မှ လက်ရုံးများဖြစ်ကြသော ဦးမြင့်အောင်၊ ရွှေနေ ဦးတင်ဝင်းအောင်၊ ကိုမျိုး (ကြောင်နှစ်ကောင်)၊ ဒေါ်သန်းသန်းမြင့် (သျှီအင်ကြင်း)၊ ဒေါ်သင်းသင်းမာ (ပုညခင်)၊ ဦးအောင်သန်းမြင့် စသူတို့အပြင် ကျွန်တော်၏ဇနီးလည်းပါသည်။ ထို့ပြင် တိုင်းသစ်တော ညွှန်ကြားရေးမှူး ဦးစိုးဝင်းလှိုင်နှင့်ဇနီး ဒေါက်တာခင်သန်းသန်းစိုးတို့လည်း ပါသည်။ ဤခရီးကို ဖြစ်မြောက်အောင် စီစဉ်ပေးသူက Wood Land Travels မှ ဦးဝင်းအောင်ဖြစ်သည်။ ပဲခူးရိုးမဒေါ်နှင့် မိမ်ရေတည်းခိုစခန်းသည် ဦးဝင်းအောင်အပိုင်ဖြစ်၍ သူကိုယ်တိုင် လိုက်ပါလာခြင်းဖြစ်၏။



www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော်တို့သည် ကားသုံးစင်းဖြင့် ရန်ကုန်မှ နံနက်(၅) နာရီလောက် ထွက်လာခဲ့ရာ မနက်(၈)နာရီလောက်တွင် ပဲခူးသို့ ရောက်ပြီး ပဲခူးသစ်တောရုံးတွင် နံနက်စာ ပဲခူးမုန့်ဟင်းခါး[illegible] သုံးဆောင်ကြသည်။

နံနက်စာစားပြီး ဆက်ထွက်လာရာ ဖြူးမြို့တွင် နေ့လယ် စာ စားကြ၏။ ကျွန်တော်တို့ခရီးစဉ်တွင် မြန်မာ့သစ်လုပ်ငန်း[illegible] အထွေထွေမန်နေဂျာ ဦးမောင်မောင်အေး၊ လက်ထောက်အထွေထွေ မန်နေဂျာ ဦးစိုးမြင့်တို့လည်း ညောင်လေးပင်မှ ဆက်၍လိုက်လာ ကြသည်။

အုတ်တွင်း၌ ကျွန်တော်တို့ခေတ္တဝင်နားကြပြီး 'အုတ်တွင်း' ကျွန်းမျိုးကောင်းမျိုးသန့်စခန်းမှ တာဝန်ရှိသူ ဦးဇော်ဝင်းက သူတို့[illegible] သုတေသနအကြောင်းရော၊ သစ်တောသစ်ပင်အကြောင်းနှင့် ကျွန်တော်တို့ ရှေ့ဆက်သွားမည့် ခရီးစဉ်အကြောင်းကိုပါ ရှင်း[illegible] သည်။

## ပဲခူးရိုးမပေါ်သို့

ထို့နောက်တော့ တောင်ငူ - အုတ်တွင်းလမ်းမှ ပဲခူးရိုးမ ပေါ်သို့ တက်ကြ၏။ ရိုးမတောင်ခြေရောက်တော့ မြင်ကွင်းများ[illegible] ပြောင်းသွားသည်။ ဝါးတောကြီးများ၊ သစ်တောသစ်ပင်များ ကျွန်းတောကြီးများကို စတွေ့ရ၏။ ပါဝင်လာကြသူများအားလုံး ပတ်ဝန်းကျင်ရှိ ကျွန်းတောကြီးများကို ငေးမောရင်း သစ်ပင် သစ်တောများကြည့်ရင်း လိုက်ပါလာကြသည်။ ကျွန်တော်တို့





[illegible]များ တောင်ခြေမှရိုးမပေါ်သို့တက်လာလျှင်ဝင် [illegible] [illegible]သည်။ တောနက်လာတော့လည်း အဖွဲ့ဝင်များက [illegible] [illegible] အရသာနှင့် အတွေ့အကြုံကို ရ၍လားမသိ၊ ငြိမ်၍ လိုက်ပါ [illegible]ကြသည်။ မကြာမီ ကျွန်တော်တို့ကားများ စိမ်ရေစခန်းသို့ [illegible]ရောက်သည်။ စိမ်ရေသည် အုတ်တွင်းမှ (၂၃)မိုင်ဝေးသည့် [illegible]ခူးရိုးမ၏ သာယာဖွယ်ကောင်းသောနေရာဖြစ်သည်။ [illegible] [illegible]ရီးသွားလုပ်ငန်းအတွက်ရော၊ ပြည်တွင်းခရီးသွားလုပ်ငန်း [illegible]တွက်ပါ လက်လှမ်းမဝေးသောနေရာ ဖြစ်သည်။ အထက်ပိုင်း [illegible]ရော အောက်ဘက်ပိုင်းကပါ တောင်ငူသို့လာ၍ တောင်ငူ[illegible] [illegible]ရေသို့ပို့ပေးလျှင် လူအများစိမ်ရေတွင် အနားယူနိုင်ကြ[illegible] [illegible]သည်။ စိမ်ရေတွင် တည်းခိုရန်နေရာများကို ခေတ်မီသပ်ရပ်[illegible] [illegible]လုပ်ထားသည်။ အတွေ့အကြုံရှိသူများ လုပ်ဆောင်ကြ[illegible] [illegible]မှအပြစ်ဆိုဖွယ်ရာ မရှိချေ။

## စီစဉ်ပေးသူ ဦးဝင်းအောင်

အဖွဲ့ဝင်များ ကျေနပ်နေသောကြောင့် ကျွန်တော်တို့ [illegible] [illegible]ောင်နှံလည်း ကျေနပ်နေပါသည်။ ကျွန်တော့်အနေနှင့် [illegible] [illegible]စဉ်ပေးသူ ဦးဝင်းအောင်အတွက်လည်း ဝန်ထုပ်ဝန်ပိုးကြီး [illegible] [illegible]ပါ။

ညနေပိုင်းကျတော့ ကျွန်တော်တို့ ခြည့်ခန်း[illegible] [illegible]ပ်ဆုံကြပြီး ညစာစားသုံးကြသည်။ [illegible] [illegible]နေ့တာအတွေ့အကြုံကို ပြန်ပြောကာ [illegible]



www.burmeseclassic.com

www.burmeseclassic.com





ရန်ကုန်မှ အမှတ်တရ ဝယ်ယူလာသောပစ္စည်းများကို
ရွာလူကြီးများအား ဤသို့ လက်ဆောင်ပေးသည်။

ဟင်းလျာများမျိုးစုံ၍ လတ်လတ်ဆတ်ဆတ် စနစ်တကျ စီး[...] ထားသောကြောင့် အရသာရှိသည်။ စိမ်ရေစခန်းအနီးတွင် ခပေါင်းချောင်းဖြတ်စီးဆင်းလျက်ရှိသည်။ ညဘက် ညနက်လာ[...] တော့ အသံဗလံများ တိတ်ဆိတ်သွားသည်နှင့်အညီ ခပေါင်းချောင်း[...] ရေစီးသံကို ကြားလာရသည်။





## ရေငန်ဆင်စခန်း

နောက်တစ်နေ့တွင် အထူးစီစဉ်ထားသော နံနက်စာ ထလည်း ကောင်းသည်။

စိမ်ရေစခန်းတွင် နံနက်စာ စားပြီးတော့ ကျွန်တော်တို့ ဝဲခုံးရိုးမအတွင်းပိုင်းသို့ ခရီးစတင်လာခဲ့ရာ ရေငန်ဆင်စခန်းသို့ ရောက်ရှိသည်။ မြန်မာ့သစ်လုပ်ငန်းမှ ဦးစောအာဒို၊ ဆင်ဆရာဝန် ဦးဝမ်တွန်း အစရှိသောပုဂ္ဂိုလ်များက ကြိုဆိုကြ၏။ ကျွန်တော်က ပါလာသော အဝတ်အထည်၊ စောင်နှင့် စားစရာများကို ဆင်ဝန်ထမ်းများအား ဝေမျှပေးသည်။ စားစရာများထဲတွင်



ဆင်ကို အနီးကပ်မြင်ဖူးခြင်းမရှိ၊ ကိုင်ကြည့်ဖူးခြင်းမရှိဆိုသော ပခုက္ကူဦးအုံးဖေသည် ရိုးမဆင်စခန်းတွင် ဤသို့ ဆင်နား[...]နေစဉ်။



www.burmeseclassic.com

မန်ကျည်းသီး၊ ထန်းလျက်၊ ဆား၊ သကြားလုံး၊ ဘီစကွက်မုန့် စသည်တို့ပါသည်။ ဆင်များက မန်ကျည်းသီးကြိုက်သည်။ ဦးလေးအုံးက ဆင်ကို မကျည်းသီးကျွေးရင်း ကိုင်ကြည့်၏။ ကိုင်ကြည့်စဉ် နည်းနည်းတော့ ရွံ့နေပုံရသည်။

## မြန်မာဘဝနှင့် ဆင်

မြန်မာတို့၏ဘဝက ဆင်နှင့် သိပ်မစိမ်းလှပါ။ မြန်မာဘုရင်များသည် ဆင်ဖြူတော်ကို အလွန်မြတ်နိုးကြ၏။ ဆင်ဖြူအသေ တစ်ကောင်မြောလာသည်ကိုပင် ဆယ်ယူ၍ ဝါး၊ သစ်သားတို့ဖြင့် မထောင်ပြီး တစ်စီး ရှင်သီဟသူဘွဲ့ ခံယူကြောင်းရာဇဝင်တွင် ပါသည်။

ဝေဿန္တရာဇာတ်တွင် ပစ္စယဆင်ဖြူတော်က အရေး ပါသည်။ ဆဒ္ဒန်ဆင်မင်းဇာတ်ကို လူတိုင်းသိကြသည်။

“အစွယ်လို သူ မိဖုရား၊
အသွားစေခိုင်းသူက မင်းဗြဟ္မာဒတ်”

ဟသော မြန်မာစာ အရေးအသား သောနုတ္တိုရ်မုဆိုး၏ လျှောက်ထုံး ချက်ကို မြန်မာစာပေ လိုက်စားသူတိုင်းသိကြ၏။ ဆဒ္ဒန်ဆင်မင်း ဇာတ်က ဦးပုည၏ လက်စွမ်းပြ၊ ပြဇာတ်တစ်ပုဒ်ဖြစ်ပါသည်။ တစ်ဖန်ငယ်စဉ်က ပုံပြင်ထဲတွင် ဆင်၊ မျောက်၊ ခါ သုံးဦးတို့ အကြောင်း သင်ရသည်။

ပုဏ္ဏားသည်ခြောက်ယောက်နှင့် ဆင်အကြောင်းကိုလည်း လူတိုင်းသိကြသည်။ မြန်မာစကားပုံတွင် ဆင်စီး၍ မြင်းရံဆိုသော







စကားရပ်ရှိ၏၊ ‘ဆင်ကောင်ကြီး အမြီးကြမှတစ်’ ဆိုတာလည်း ရှိသည်။

‘ဆင်သတ်အရပ်ဝေ’၊
‘ဆင်သွားလျှင်လမ်းဖြစ်’၊
‘ဆင်သေဆိတ်ရေနှင့်ဖုံး’၊
‘ဆင်ဖြူတော်မှီကြံစုတ်’၊
‘ဆင်ကျီစားရာဆိတ်မခံသာ’



www.burmeseclassic.com

www.burmeseclassic.com



ဆိုသော စကားပုံများလည်းရှိသည်။ ဆင်သေကောင်ကို စီးသွားသော ကျီးမိုက်အကြောင်းကိုလည်း သင်ကြားခဲ့ရဖူးသည်။

မော်တော်ကား မပေါ်သေးခင်ကတော့ ဆင်ကြီးများသည် မာစီးဒီးကြီးများပင် ဖြစ်တော့၏။ မြန်မာတို့သည် တရုတ်စစ်တပ်လာလျှင် ဆင်တပ်ဖြင့် တိုက်ခဲ့ကြသည်။ ဟံသာဝတီနှင့် အင်းဝအနှစ်(၄၀)စစ်ပွဲတွင်လည်း တိုက်ပွဲတွင် ဆင်ကို အဓိကထား အသုံးပြုခဲ့သည်။

သစ်ထုတ်လုပ်ရာတွင် ဆင်သည် အဓိကလိုအပ်ချက် ယန္တရားပင်ဖြစ်သည်။ ဆင်သည် အသိဉာဏ်ရှိ၍ သင်ကြား၍ရသော သတ္တဝါဖြစ်၏။ ခွန်အားကြီးမားပြီး ခန္ဓာကိုယ်ကလည်း ကြီးမားသည်။ ဆင်ထီးကြီးများသည် (၁၀)ပေအထိ မြင့်ကြသည်။ တောတောင်ကန္တာရအတွင်း အသွားအလာ မလွယ်ကူပါက ဆင်ကိုသုံးရသည်။ သစ်တောဌာနမှ ဝန်ထမ်းများပစ္စည်းသယ်လျှင်၊ ခရီးသွားလျှင်၊ ဆင်ဖြင့် သွားရသည်။ လမ်းပန်းဆက်သွယ်ရေး ခက်ခဲ၍ စက်ကိရိယာမရှိသော အရပ်များတွင် သစ်ထုတ်လုပ်ခြင်းကို ဆင်များကိုသာ သုံးကြရသည်။ မြေညီတွင် သစ်ဆွဲရန် ကျွဲနှင့်နွားကို သုံးနိုင်သော်လည်း တောင်စောင်း၊ တောင်ကမ္ဘားနေရာများတွင် ဆင်ကိုသာ သုံးကြရသည်။

## နိုင်ငံတကာဆင်

ကမ္ဘာပေါ်၌ အာဖရိကနှင့် အာရှတွင်သာ ဆင်ရှိပြီး အိန္ဒိယ၊ ဘင်္ဂလားဒေ့ရှ်၊ ထိုင်း၊ လာအို၊ ကမ္ဘောဒီးယား စသောနိုင်ငံများတွင်





ဆင်များ ကျက်စားကြသည်။ မြန်မာ့ဆင်နှင့် အိန္ဒိယဆင်များသာ ထွားကျိုင်း၏။

အာဖရိက ဆင်များက ပို၍ကြီးမားသည်။ အစွယ်လည်း ပိုရှည်သည်။ ခြေတံလက်တံ ရှည်သည်။

ထိုင်းဆင်များက ပု၍အစွယ်ငယ်သည်။ အာဖရိကဆင်များတွင် အထီးရောအမပါ အစွယ်ရှိသည်။ ဆင်ထီးများ၏အစွယ်သည် သွားဖုံးအတွင်း၌ (၁၈)လက်မမှ (၂၇)လက်မကျော်အထိ ဝင်နေသည်။ အချို့သော ဆင်ကြီးများသည် အစွယ်မရှိကြ။ သူတို့ကို ဟိုင်းဟုခေါ်၏။



ဆင်ဖြင့် သားကောင်လိုက်ကြည့်နေသော ဘုရင်



www.burmeseclassic.com

www.burmeseclassic.com



## သုံးတန်မှ လေးတန်ထိ

ဆင်အမများသည်အမြင့် (၈)ပေကျော်သာရှိ၍ အစွယ်တိုလေးပါရှိသော်လည်း သွားဖုံးဖြင့် ဖုံးအုပ်နေ၏။ ဆင်တစ်ကောင်သည် (၃)တန်မှ (၄)တန်အထိ (ပိဿာ ၁၈၀၀ မှ ပိဿာ ၂၄၀၀) အလေးချိန်ရှိတတ်ကြသည်။ ဆင်ကြီး တစ်ကောင်သည် တစ်နေ့အစာ (၂၇၈)ပိဿာအထိစားသည်။ ဆင်သည် နေ့စဉ် ရေလည်း အမြောက်အများသောက်သည်။

တစ်နေကုန်သွားရင်းလာရင်း အစာရှာစားရင်း နေ့လယ်အရိပ်ခိုကာ နားတတ်သည်။ နံနက်မိုးမလင်းမီ မတ်တတ်ရပ်၍သော်လည်းကောင်း၊ လှဲ၍သော်လည်းကောင်း (၂)နာရီခန့် အိပ်တတ်၏။

ဆင်များသည် လ(၂၀)ကျော် ကိုယ်ဝန်ဆောင်၍ လူများကဲ့သို့ပင် တစ်ကောင်သာ မွေးလေ့ရှိသည်။ တစ်ခါတစ်ရံကားအမွှာမွေးတတ်သည်၊ ဆင်သည် နို့တိုက်သတ္တဝါဖြစ်ပြီး ဆင်အမေကြီးက ကလေးငယ်စဉ် နို့တိုက်သည်။ ဆင်ငယ်သည် မိခင်၏ ရှေ့ခြေနှစ်ချောင်း နောက်ဖက်တွင်ရှိသော သားမြတ်ကို နှုတ်ခမ်းဖြင့် စုပ်၍စို့၏။ ရေကို နှာမောင်းနှင့် စုပ်ပြီးမှ ပါးစပ်ထဲသို့ သွင်းသည်။ ဆင်နှာမောင်းသည် အသုံးဝင်၏။ နားရွက်ခတ်ခြင်းဖြင့် ကျေနပ်ဟန်ပြတတ်၏။ မကျေနပ်၍ စိတ်ဆိုးသောအခါမှာ နှာမောင်းမှ စူးရှသောအသံပေးတတ်သည်။ ဆင်မကြီးများသည် ကလေးရှိစဉ် ကလေးကိုအကြောင်းပြု၍ ရန်မူတတ်၏။ ဆင်ထီးများသည် မုန်ယိုတတ်သည်။ ဆင်ရိုင်းများသည် အုပ်စုနှင့်





နေတတ်ပြီး တစ်ခါတစ်ရံ ရွာအနီးအနားသို့ ဝင်ရောက်ခါ စိုက်ခင်းများ၊ လူနေအိမ်ခြေများကို ဖျက်ဆီးတတ်၏။

မြန်မာနိုင်ငံတွင် ဆင်ရိုင်းကို ဆင်ယဉ်တကောင်နှင့် မျှား၍ ကျော့ဖမ်းတာမျိုးလည်းရှိသည်။ နောက်တစ်နည်းမှာ ဆင်ကို ကျုံးသွင်းပြီးဖမ်းနည်းဖြစ်သည်။ ဆင်တစ်ကောင်ကို ယဉ်ကျေးအောင် အချို့(၅)လကျော်သာ ကြာသည်ဟုဆိုသော်လည်း အချို့ဆိုလျှင် (၂)ရာသီလောက်ကြာမှ ယဉ်ကျေးသည်ဟု ဆိုပါသည်။

## ရွှေတောင် ငွေတောင်ရွာ

ကျွန်တော်တို့ ဆက်လာကြရာ နောက်တော့ ရွှေတောင်ငွေတောင်ဆိုသော ကရင်ရွာသို့ရောက်သည်။ သစ်တောဌာနက



ရိုးသားသော ကရင်မိသားစုများနှင့်အတူ အမှတ်တရ



www.burmeseclassic.com

www.burmeseclassic.com



ခန့်ထမ်းများ၊ အရာရှိများက ကြိုဆိုကြသည်။ ထိုရွာတွင် မင်းတပ်မှ ချင်းအမျိုးသမီး သွားဖွားဆရာမတစ်ဦးကိုတွေ့ရ၍ သူ့အတွက် လိုအပ်နေသောဆေးဝါးနှင့် သွေးပေါင်ချိန်ကိရိယာကို ဦးဝင်းအောင် က လှူဒါန်းသည်။

## စခန်းသာ သစ်တောကြိုးဝိုင်း

ဆက်၍ထွက်ခွာလာသောအခါတွင် စခန်းသာသစ်တော ကြိုးဝိုင်းသို့ရောက်သည်။ မြန်မာ့သစ်တော အခြေအနေကို သိရ လေအောင် –

"ဦးလေးအုံးကြည့်လိုက်စမ်းပါဦး"

ဟုဆိုတော့ ဦးလေးအုံးလည်း လန့်သွားဟန်ရှိသည်။

ကျွန်းတောကြီးက မျက်စိတစ်ဆုံးဖြစ်၏။ ကျွန်းပင်ကြီး များက ဖြောင့်ဖြူးနေသည်။ ကျွန်းတောကြီးကို အပေါ်မှစီး၍ ကြည့် ရခြင်းဖြစ်သောကြောင့်လည်း ပို၍နက်နက်ရှိုင်းရှိုင်း မြင်ရသည်။ တကယ်တော့ ပဲခူးရိုးမသစ်တောသည် မြန်မာနိုင်ငံ၏ အကြီးဆုံး သစ်တော မဟုတ်သေး။ ဒီထက်မကသော သစ်တောများရှိပါ သေးသည်။ ပဲခူးရိုးမကျွန်းတောကြီးကို မြင်ရုံဖြင့် ဦးလေးအုံး သည် စိတ်အေးချမ်းသာ ရှိသွားပုံရသည်။

ကျွန်တော်တို့ ဆက်၍ထွက်လာခဲ့ကြသည်။ ရိုးမတော တစ်တောင်တက် တစ်တောင်ဆင်း ဖြတ်ကျော်နေ၏။

ဦးလေးအုံးက စိတ်မရှည်တော့လို့လား၊ စိုးရိမ်လို့လားမသိ





"မဆုံးသေးဘူးလား၊ မရောက်သေးဘူးလား"

ဟု မကြာခဏမေးသည်။

ထို့ကြောင့် တစ်ဦးက ရိုးမအလယ်ကိုတောင် မရောက် သေးဘူးဟုဆိုတော့ ရိုးမ၏ အတိမ်အနက်ကို သူ့ဟာသူ ရိပ်သွား မိဟန်တူသည်။

## ခပေါင်းရွာ

နောက်တော့ ခပေါင်းရွာသို့ရောက်သည်။ ခပေါင်းသည် ကရင်အမျိုးသား ရွာတစ်ရွာဖြစ်ပြီး အုတ်တွင်းမြို့နယ် အစွန်ဆုံး ဖြစ်၏။ အိမ်ခြေ(၅၀) လူဦးရေ(၃၀၀)ခန့်ရှိသည်။ ကျွန်တော်တို့ သည် ပါလာသော ပစ္စည်းများကို ရွာလူကြီးအား လက်ဆောင် ပေးသည်။



ရိုးမပေါ်မှ ကရင်ရွာများတွင် ကျွန်တော်တို့ အမှတ်တရ ဓာတ်ပုံရိုက်ကြသည်။



www.burmeseclassic.com

www.burmeseclassic.com



## ပေါ်လံကြီးသစ်စခန်း

ထို့နောက်တော့ ပေါက်ခေါင်းမြို့နယ် 'ပေါ်လံကြီး' သစ်တောစခန်းသို့ရောက်တော့ ရိုးမ၏အနောက်ဘက်ခြမ်းသို့ ရောက်ပြီဟု ယူဆရသည်။ ပေါက်ခေါင်းမြို့နယ်မှ သစ်တောအရာရှိများက လာရောက်ကြိုဆိုနေကြသည်။ ကျွန်တော်တို့သည် ပေါ်လံကြီး သစ်ထုတ်လုပ်ရေးစခန်း၌ နံနက်စာ စားကြသည်။

ပေါ်လံကြီးတွင် ထမင်းစားကြရာတွင်လည်း ကျွန်တော့်အဖွဲ့ဝင်များအားလုံး မြိန်ရည်ယှက်ရည်ရှိကြသည်။ ဦးလေးအုံးကလည်း သစ်စခန်းကလူများနှင့် မိတ်ဖွဲ့၊ နာမည်မေး၊ လုပ်ငန်းဆောင်တာကိစ္စများကို လွတ်လပ်စွာမေးနေသည်။

ပေါ်လံကြီးမှ ထမင်းစားပြီး ထွက်လာသော ကျွန်တော်တို့သည် ရိုးမတောင်အဆင်းအတက်များ၊ အကွေ့များ၊ သစ်တော သစ်ပင် ပေါက်ရောက်မှု အမျိုးမျိုး၊ တစ်ခါတစ်ရံ တောတိရစ္ဆာန်များ၊ ငှက်များနှင့် လှပသော အမည်မသိသည့် ပန်းပွင့် အပြာရောင်လေးများ၊ မရမ်းရောင်လေးများ တွေ့ရသည်။ ဒီလိုအရောင် ဒီလိုအသွေးနှင့်ဆိုပါက မြို့ပေါ်တွင် ဘယ်လောက်များ လူကြိုက်များ၍ ဘယ်လောက်များ မျက်နှာပွင့်လိုက်ကြပါမည်နည်း။ အခုတော့ တောပန်းလေးများ တောတွင်ပွင့်ကာ ခူးမည့်သူမရှိ ဆွတ်မည့်သူမရှိ။ သူတို့ဟာ သူတို့လှချင်သလို လှနေကြသည်။ အလှန်ပင်ကြည့်ကောင်းလှပါသည်။

တစ်ခါတလေ တောင်ကျချောင်းလေးများကို တွေ့ရသည်။







နောင် ဒီလမ်း၊ ဒီခရီးကို ကားလမ်းကောင်းပါက တောင်ငူ-အုတ်တွင်းမှ ပြည်-ပေါက်ခေါင်းသို့ အလွယ်သွားနိုင်လျှင် ယခုကျွန်တော်တို့ တွေ့မြင်နေရသော သဘာဝအလှအပများကို လူတိုင်းခံစား နိုင်မည်ဖြစ်သည်။

## တောင်နဝင်းဆည်

ကျွန်တော်တို့ ခရီးဆက်၍ လာကြရာ ညနေ (၄) နာရီတွင် တောင်နဝင်းဆည်သို့ ရောက်သည်။ SAE ဦးကျော်ကျော်ဝင်းက တောင်နဝင်းဆည် အကြောင်းကို ကားချပ်ကြီးများနှင့် ရှင်းပြသည်။ ထိုဒေသတွင် တောင်နဝင်းဆည်နှင့် ဆက်စပ်လျက်ရှိသော မြောက်နဝင်းဆည်လည်းရှိသည်။ ထိုဆည်ကြီးနှစ်ခုမှ လျှပ်စစ်



www.burmeseclassic.com

www.burmeseclassic.com



လုပ်မှုမရှိဘဲ စိုက်ပျိုးရေးအတွက်သာ တည်ဆောက်ထားသော ဆည်များဖြစ်သည်။ ဆည်ဘောင်ပေါ်မှ ကားများမောင်း၍ ဆည်ကြီးကိုကြည့်ရတာကလည်း ကြည်နူးစရာဖြစ်သည်။

ကျွန်တော်တို့ညနေ (၆) နာရီလောက် ပြည်မြို့သို့ ရောက်ကြသည်။ ပြည်မြို့သစ်လုပ်ငန်း ဖောင်ဖွဲ့ ရေးရုံးဧည့်ရိပ်သာတွင် တည်းခိုကြသည်။ ကြိုတင်စီစဉ်ထားသောကြောင့် အခက်အခဲမရှိ အဆင်ပြေသည်။

တည်းခိုရိပ်သာမှာ ဧရာဝတီမြစ်ကမ်းဘေးတွင် ဖြစ်သောကြောင့် မြစ်လေတဖြူးဖြူးရသည်။ တစ်နေကုန် ရိုးမကိုဖြတ်လာခဲ့သမျှ၊ ပန်းသမျှ ပြေပျောက်ရသည်။ ညနေပိုင်းတွင် လျှပ်စီးမီးရောင် ထိန်ထိန်လင်းနေသော ဧရာဝတီမြစ်ကိုဖြတ်၍ ပြည်နှင့် ပန်းတောင်း ဘက်ကမ်းကို ဆက်သွယ်တည်ဆောက်ထားသော နဝဒေးတံတားကြီးကို ကြည့်ရသည်ကလည်း စိတ်ကြည်နူးစရာ ဖြစ်ရသည်။

❒



အခန်း (၁၈)

## သစ်တောသစ်ပင် အသုံးဝင်သမျှ

ပဲခူးရိုးမကိုကျော်၍ ပြန်လာပြီးသောအခါတွင်ကား ကျွန်တော်သည် ဦးလေးအုံးနှင့် တစ်တောသစ်ပင် အသုံးဝင်ပုံတို့ကို အပြန်လမ်းခရီးတစ်လျှောက် ဆွေးနွေးဖြစ်ခဲ့ကြသည်။ သစ်တော အသုံးဝင်ပုံကို ထင်ထင်ရှားရှားတွေ့ရတာက ကျောင်း၊ ဇရပ်၊ နတ်လမ်း၊ ပြဿဒ်၊ အိမ်၊ တံတား စသည်တို့ တည်ဆောက်ရာတွင်-

"ပျဉ်းကတိုး၊ သစ်ယာ၊ အင်ကြင်း၊ ပိတောက်၊ ကျွန်း၊ ရှား၊ ပျဉ်းမ၊ သစ်ဝေ၊ သတီ၊ ၄"

စသော သစ်များကို အဆောက်အဦတန်ဖိုးနှင့်အညီ ပိုင်းခြား စိတ်ဖြာ၍ သုံးကြ၏။




www.burmeseclassic.com

www.burmeseclassic.com



မီးရထားကြီးများ ခေါက်တုံ့ခေါက်ပြန်သွားနေသည်ကို နည်းနည်းလေးမှ အမှုမထားသူမှာ ပျဉ်းကတိုး ဇလီဖားတန်းကြီးများ ဖြစ်သည်။ အင်းဝခေတ်က တံတားဆောက်ရာတွင် သစ်စေးကိုသုံးခဲ့ပုံကို အင်းဝဖက်တွင် ယခုတိုင်တွေ့မြင်နေရဆဲပင်။

သစ်ကို ပင်လယ်ကူးသင်္ဘောကြီးများ တည်ဆောက်ရာတွင်သာမက မြစ်ချောင်း၊ အင်းအိုင်များအတွင်း သွားကြသောလှေများ၊ သံမှာန်ကြီးများ၊ ကတ္တူကြီးများကိုလည်း သစ်စေးနှင့်ပင် တည်ဆောက်ကြရာ သစ်ဖြင့်ပြုလုပ်ထားသော ဧရာဝတီ အစုန်အဆန် လှေကြီးမှ အံ့မခန်းလှပပါသည်။



သစ်တောထွက်ပစ္စည်းများသည် နေ့စဉ်ဘဝအတွက်
မရှိမဖြစ် ပစ္စည်းဖြစ်၏။







ကျွန်းဖြင့်ပြုလုပ်ထားသော ကိုလိုနီခေတ်တရားရုံးတစ်ရုံး(ဟင်္သာတ)။

## ကျောင်းကန်ဇရပ်

အမရပူရနှင့် ရတနာပုံခေတ်တွင်လည်း ကျောင်းကန်ဇရပ်များကို သစ်ဖြင့် တည်ဆောက်ခဲ့ကြရာ စုဖုရားလတ်၏ ကုသိုလ်တော် မှန်နန်းဆောင်သည် ကျွန်းဖြင့် ဆောက်ထားသည်။ မန္တလေးမှ ယခုလက်ရှိ ထင်ရှားရွှေကျောင်းကြီးသည် အထင်ကရ သစ်သားအဆောက်အအုံပင်ဖြစ်သည်။ ယခု ပုဂံတွင် ဆောက်လုပ်နေသော အနော်ရထာနန်းတော်ကြီးကိုပင် သစ်အားကိုးဖြင့် ဆောက်လုပ်ထားခြင်းဖြစ်သည်။

ပါကြေးကြမ်းခင်းများ (မီးချောင်းတုံး)ကိုလည်း -



www.burmeseclassic.com

www.burmeseclassic.com



“ပျဉ်းကတိုး၊ ကျွန်း၊ သစ်ယာ၊ အင်ကြင်း၊ ပိတောက်” တို့ဖြင့် ပြုလုပ်ကြ၏။ အိမ်တိုင်များ ပြုလုပ်ရာတွင် ပထမတန်းစား သစ်တို့မှာ ကျွန်း၊ ပျဉ်းကတိုး၊ သစ်ယာ၊ အင်ကြင်း၊ ပျဉ်းမ၊ ပိတောက်နှင့် ရှားတို့ဖြစ်ပါ၏။

အိမ်တိုင်များနှင့် ကြမ်းခင်းများ ပြုလုပ်ရာတွင် ဒုတိယ တန်းစားအဖြစ်အသုံးပြုသော သစ်တို့မှာ -

“ရှား၊ သင်္ကန်း၊ အင်၊ ကညင်၊ သစ်ခါး သင်္ကန်းတူ (သင်္ကတူ)၊ ကောင်းမှူ၊ တောင်သရက်၊ ယင်းမာ၊ စကားဝါ၊ တောင်စကား၊ ယမနေ့၊ သစ်ကတိုး၊ နှော၊ ဘင်္ဂ၊ မျောက်ချော၊ တောင်ကမာ၊ ပင်လယ်ကနစို၊ လယ်စား၊ ဖန်းခါး၊ ခအောင်း” တို့ ဖြစ်ကြသည်။

## တူရိယာပစ္စည်း

သစ်ကို တူရိယာပစ္စည်းများ ပြုလုပ်ရာတွင်လည်း အသုံးပြုကြ၍ စန္ဒယား၊ စောင်း၊ တယော၊ မယ်ဒလင် စသည်တို့ကို သစ်ဖြင့်ပြုလုပ်ကြသည်။ တူရိယာပစ္စည်းများကို-

“ကျွန်း၊ ယမနေ၊ ဘင်္ဂ၊ ရှစ်ခါး၊ တမလန်း၊ ယင်းတိုက်” တို့ဖြင့်လည်း ပြုလုပ်ကြသည်။

မြန်မာတို့သည် လှည်းယာဉ်ကြော့ကြော့ဖြင့် သွားတတ် ကြသည်။ လှည်းယာဉ်သည် ကားအပေါ်မီက ဖီးယက်ကားလေး ပင်ဖြစ်ရာ လှည်းမှ ယာဉ်ကို ပိတောက်ဖြင့် ပြုလုပ်ခြင်းသည် အကောင်းဆုံးဖြစ်ပါ၏။





အချို့က ပစ္စည်းများသည် ခိုင်ခန့်ဖို့ထက် အရောင်အသွေး လှဖို့လိုလျှင် အရောင်လှသော သစ်များကို ရွေးသုံးကြသည်။

## လယ်ယာသုံးပစ္စည်း

သစ်ဖြင့် လယ်ယာသုံးပစ္စည်းများကိုလည်း ပြုလုပ်ရာ လယ်ယာသုံးပစ္စည်းအဖြစ်၊ ထယ်သွား၊ ထယ်တံ၊ ထွန်တုံး စသည်တို့ကို -

“ပိတောက်၊ ပျဉ်းကတိုး၊ သင်္ကန်း၊ ဖက်ဝန်း၊ ရှား၊ ကျွန်း၊ ဖန်ခါး၊ မယားနင်း၊ ယမနေ၊ မျောက်ချော၊ ကြို့၊ ဖက်သန်း၊ ကူးသန်း”

တို့ကို သုံးကြ၏။

ကုန်သေတ္တာများပြုလုပ်ရန် ဘိုင်၊ ဒီဒူး၊ လက်ပံ၊ ကောင်မှူး မအူလက်တံရှည်၊ ကူးသန်း၊ တောင်သရက်တို့ကို သုံးရသည်။

သေနတ်ဒင်များကို -

“ကြတ်နန်း(ကြန)၊ စစ်၊ တောပိုးစာ”

တို့ဖြင့် ပြုလုပ်၏။ လှေကြီးများကို ပြုလုပ်ရာတွင် ကျွန်းဖြင့်သာ ပြုလုပ်ကြ၏။

လှေဝမ်းပိုင်းကို ကညင်၊ ပင်လယ်ကနစို၊ သင်္ကန်း၊ သရက်၊ ယမနေ၊ သစ်ကတိုး၊ ကြတ်နန်း(ကြန)၊ သစ်မင်း၊ နှော၊ တောင်လောက်ယားတို့ကိုလည်း သုံးကြသည်။

ရွက်တိုင်အဖြစ်ကား ပင်လယ်ကဗွီး၊ မျောက်ချော၊ သစ်ပင်၊ သရဖီ၊ ကျွန်း၊ ပြည်လုံးချမ်းသာ၊ ဝါးပိုးဝါးတို့ကို သုံးကြသည်။



www.burmeseclassic.com

www.burmeseclassic.com





သစ်သည် လူကြိုက်များသော ကမ္ဘာ့ရောင်းကုန်တစ်မယ်ဖြစ်သည်။

သစ်ကို အခြားအထွေထွေ ပစ္စည်းအမျိုးမျိုးပြုလုပ်ရာ တွင်လည်း သုံးသည်။

## ထိမ်နှင့် မြရာ

သတ္တုတွင်းတိုင်ကြီးများအဖြစ် -

"သစ်ယာ၊ အင်ကြင်း၊ ထောက်ကြံ့၊ သစ်စေး၊ ရုံး ထမနေ၊ ပျဉ်းမ၊ လယ်စာ၊ နော၊ လောက်ယားနှင့် စစ်" ကိုသုံး၏။

မီးသွေးဖုတ်ရန်အတွက်ကား -

"ဘင်၊ ရှား၊ လယ်စာ၊ ဖန်ခါး၊ ဖက်ဝန်း၊ ထောက်ကြံ့၊ သပြေ၊ သစ်နီ၊ ယင်းတိုက်၊ ယင်စပ်၊ ဆီးဖြူ၊ ဘဲ့ပြား၊ ခြင်ရုံ





ကြို့၊ သစ်စိမ်း၊ သစ်အယ်၊ စောင်ပလေးနှင့် ထိန်၊ မြရာ" တို့ကိုသုံး၏။

သားရေနယ်ရန် -

"ဖန်ခါးသီး၊ စွန်လက်သည်း"

ကို သုံး၍ အခေါက်အဖြစ် ငု၊ ငုစပ်၊ ပိတ်သင်းခက်၊ သစ်အယ်၊ ထနောင်း၊ ဖန်ခါးကြို့၊ ပန်းမှုကို သုံးကြ၏။

ဆိုးဆေးအတွက် ရှား၊ ဖန်းခါး၊ ထနောင်း၊ မဲ၊ မဲရှိုင်း၊ ရုံး၊ ကြို့၊ နီးပါးဆေး၊ ပိန္နဲ၊ တောသီတင်း၊ ပိုးသီတင်း၊ ဖြူးခြေထောက်တို့ကိုသုံး၏။

မင်အဖြစ် ရှေးအခါက ဖန်ခါးသီးနှင့်ချေးသီး(သစ်စေး၊ ဖိုသီး)ကို သုံး၏။

မီးခြစ်သစ် အဖြစ် ဝါးနှင့်အသားပျော့ သစ်များကိုသုံး၏။

## သစ်တောထွက်ပစ္စည်း ဝါး

သစ်တောထွက်ပစ္စည်းဖြစ်သော ဝါးကိုလည်း အသုံး အဆောင်ပစ္စည်းများအဖြစ်သုံးကြရာ အိမ်များ ဆောက်ရာတွင် တိုင်အဖြစ်၊ ဝါးပိုး၊ ဝါးကြီး၊ ဝါးနက်၊ ကြသောင်း၊ ဝါးဖြူနှင့် ကြလို့ကိုသုံး၏။

ဖျာယက်ရန် ကြသောင်း၊ တင်း၊ ခါးဖြူ၊ သနဝါး၊ ဝါးကောက်မှု ကြခတ်နှင့် မျှင်ဝါး ကိုသုံးသည်။


သစ်ဖောင်ဝါးဖောင်များပြုပါက ဝင်းဝါး၊ ဝါးဖြူ၊ ကြသောင်း၊ ဝါပါး (သို့) ဝါယားကြတ်စာတို့ကိုသုံး၍ မျှင်ဝါးသို့ မိုကာတဲတိုင်ပြုရာတွင်သုံးသည်။



www.burmeseclassic.com

www.burmeseclassic.com





ဤကဲ့သို့သော အရသာရှိသည့် အပူပိုင်းဒေသ သီးနှံများကို အပူပိုင်းဒေသစိုက်ခင်းများအတွင်းမှသာ ရနိုင်သည်။





ဝါးကို ထီး၊ ဝင်းထရံ၊ ခမ်းနှင့် လုံ့ရှိုးများ ပြုလုပ်ရာတွင်လည်းသုံး၏။

ချေးသီးခေါ် သစ်စေးသီးမှရသောအစေးကို အရောင်တင်ဆေးတွင် ရောစပ်သုံး၏။

အင်တွဲသည် အင်ပင်မှ အစေးဖြစ်၍ အမွှေးတိုင်များ ပြုလုပ်ရာ၌ ရောနှောစပ်သုံး၏။

ကညင်ပင်မှထွက်သော ကညင်ဆီကို မီးထွန်းညှိရာတွင်သုံး၏။ ဂျပန်ခေတ်က၊ ကညင်ဆီကို ဓါတ်ဆီ အစားမော်တော်ကား မောင်းနှင်ရာတွင်ပင် သုံးခဲ့သည်။

ထင်းရှူးဆီ၊ တာရပင်ဆီများသည်လည်း သစ်တောထွက်ပစ္စည်းများဖြစ်သည်။

သီဟိုသရက်ပင်မှ ထွက်သော အစေးသည် အရောင်တင်ဆေးပြုလုပ်ရန် အလွန်ပင်အသုံးဝင်၏။

သစ်ချပင်၏ အသီးကို ကြိတ်၍ ထွက်လာသော အစေးကို ရှမ်းဆီဟု ခေါ်၏။ ယင်းကို သစ်ဆေးနှင့် ရော၍ မီးထွန်းသည်။ တရုတ်သစ်ချပင်မှရသော အသီးအစေးကို တန်းဆီ (Tung Oil) ဟုခေါ်၍ ယင်းမှာ အဖိုးတန်သုတ်ဆေးဖြစ်၏။

ကံ့ကော်ဆီကို ကံ့ကော်သီးမှရပြီး ဆပ်ပြာချက်သည်။

ကြက်ဆီပင်မှ ကြက်ဆူဆီကိုရသည်။ ဆေးဝါးအဖြစ်အသုံးဝင်သည်။

ရာဘာစေးကို ရာဘာပင်မှရ၍ မော်တော်ကားတာယာမှအစ ဘက်စုံအသုံးဝင်သည်။

လျှော်များကို လျှော်ပင်မှရသည်။



www.burmeseclassic.com

www.burmeseclassic.com



## ဆေးဘက်ဝင်သစ်ပင်

ကမ္ဘာပေါ်တွင် ဆေးဘက်ဝင်သော အပင်(၁၇၀)ကျော် ရှိသည်။ ခေတ်မီဆေးဝါးထုတ်လုပ်ရာတွင် သစ်တော၊ သစ်ပင်၊ သစ်ဆေး၊ သစ်ရွက်များကိုသုံးသည်။ သစ်တောထွက် ပစ္စည်းများနှ မီးဖိုချောင်အတွက်အသုံးဝင်သော ပစ္စည်းများထွက်ရှိ၏။ အဖိုးတန် ဟန်းခတ်အမွှေးအကြိုင်များကို သစ်တောမှပင် ရသည်။

ဖျားရည်၊ ဖျားဖယောင်း၊ ပွဲညက်၊ ချိပ်၊ လင်းနို့ချေး အဖိုးတန်ငှက်သိုက် စသည်တို့သည် သစ်တော ထွက်ပစ္စည်းများ ဖြစ်ပါသည်။

၇



## ရေဝတီတိုင်း

အခန်း ၁၉ - ရေသတ္တဝါများ ပျော်မြူးနေထိုင်ရာ သိုက်ကြီး

အခန်း ၂၀ - လိပ်မျိုးမသုဉ်းစေရေး

အခန်း ၂၁ - ရေတိမ်မနစ်ဖို့အရေး

အခန်း ၂၂ - ပြာသောငွေဆောင် Blue Ngwe Saung

အခန်း ၂၃ - ဗိုလ်မြတ်ထွန်းတံတားနှင့် မေဆွိတို့အမေနှင့်မှ မှားရာသူ



www.burmeseclassic.com

www.burmeseclassic.com

အခန်း (၃၆)

## ရေသတ္တဝါတို့ ပျော်မြူးနေထိုင်ရာသိုက်ကြီး

ဦးလေးအုံးသည် ကရင်ပြည်နယ်၊ မွန်ပြည်နယ်တို့မှ ပြန်လာပြီးတစ်လအတွင်း ဆောင်းပါးနှစ်ပုဒ် ထွက်လာသည်။ ဆောင်းပါးနှစ်ပုဒ်စလုံးက သွားခဲ့သောခရီးကို ခြုံငုံမိသည်။ ခရီးမှ ပြန်လာတော့လည်း ဦးလေးအုံးသည် ဆောင်းပါးများကို ကြိုးစား၍ရေးရှာသည်။ လွယ်အိတ်များထဲမှ ဆောင်းပါးဟုတ်တိ ပတ်တိမထွက်ဘဲ ခေါင်းဖြူဖြူ ဆောင်းခိုင်ငှက်ကြီးထဲမှသာ ဆောင်းပါးများထွက်နေ၍ အားလည်းနာမိပါသည်။ ဆောင်းခို ငှက်ကြီးသည် ကျွန်တော်စိတ်ထဲမှာ တွေးထင်ထားသော ဒီဆေး ပေါင်းသည် အဘိုးအိုထဲမှ ဘယ်လိုလုပ် ဆောင်းပါးထွက်မှာလဲ၊ ပေါင်းပြီးသားဆေးတွေပဲ ထွက်လာမှာပေါ့ဆိုသော ကျွန်တော့် စိတ်ကူးကို သူသိသွားသောကြောင့် ကျွန်တော့်အား ဆောင်းပါးများ ရေး၍ လက်စားချေနေသလားမသိ။



www.burmeseclassic.com

www.burmeseclassic.com



## ဦးချစ်ဆွေကိုယ်တိုင် စာရေး

တစ်နေ့တွင်တော့ ဦးလေးအုံးက ကျွန်တော့်ထံ တိုး တစ်ခုဖြင့် တကူးတက ရောက်ရှိလာသည်။ တကူးတကကိစ္စဆို ကျွန်တော်က ဘာကိစ္စများလဲဆိုတော့ ဦးလေးအုံးက -

"ကိုချစ်ဆွေ ... ခင်ဗျားမှာက သစ်တောအတွေ့အကြုံ တွေ၊ ကမ္ဘာကြီးပူနွေးလာတာရော၊ အက်စစ်မိုးတွေ ရွာတာရော သစ်ပင်သစ်တော ဇဟုသုတတွေကလည်း အများကြီး ဒီအကြောင်းတွေကို တစ်စုတစ်ဝေးတည်း အခြားသူတွေထံမှာ ရှိဖို့ဆိုတာ မလွယ်ဘူး။ ဒါကြောင့် ကိုချစ်ဆွေကိုယ်တိုင် စာရေး ပါလား"

ဟုဆို၏။

"ဟာ၊ ဖြစ်ပါမလား ဦးလေးအုံးရဲ့?"

"ဘာပြုလို့မဖြစ်ရမှာလဲ။ ကျွန်တော်တောင်မှ အသက် (၇၆)နှစ်ကြမှ စာရေးတာ၊ ရေးစေချင်တယ်ဗျာ"

ဟုထပ်ပြောပါ၏။

ကျွန်တော်က သူမေတ္တာရပ်ခံသည်ကို အလေးအနက်ထား ထားလိုက်ပါသည်။ ကျွန်တော်သည် စာရေးသားဖို့ တစ်ခါမှ စိတ်မကူးခဲ့ပါ။ အခုလို အိုကြီးအိုမဖြင့် ကျွန်တော့်နောက်သို့လိုက်ခဲ့ ပခုက္ကူဦးအုံးဖေ စာပေဆုရှင်ကြီးကိုယ်တိုင်က ကျွန်တော့်ကိုယ်စား စာရေးနေတော့ ကျွန်တော်လည်း တော်တော်ကြီးတော့ အားနာ လာမိသည်။

ကျွန်တော့်ဆီ တကူးတကလာ၍ စာရေးသားဖို့မေတ္တာ





ရပ်ခံပြီးရင်း ဦးလေးအုံးက မြစ်ဝကျွန်းပေါ်ဒေသသို့ ခရီးတစ်ခေါက် လိုက်ပို့ပါဟုဆိုသည်။

ထို့ကြောင့် ကျွန်တော်လည်း မြစ်ဝကျွန်းပေါ်ခရီးကို စီစဉ် သည်။ ထိုခရီးတွင်လည်း ဦးလေးအုံး ခရီးထွက်လျှင် ပါစမြဲ ဖြစ်သော သူလက်ရုံးများပါသည်။ သစ်တောညွှန်ချုပ်ဖြစ်သော ဦးရဲမြင့်(သစ်တော)လည်းပါသည်။ ဦးရဲမြင့်သည် သစ်တော ညွှန်ချုပ်ဖြစ်ပါသော်လည်း မြစ်ဝကျွန်းပေါ် ဒီရေတောကို တစ်ခါမှ မမြင်ဖူး။ မတွေ့ဖူးဟုဆိုသည်။ ထိုအခါ ကျွန်တော်က နောင် ဒီရေတောမရောက်ဖူးရင် ညွှန်ချုပ်ရာထူး မပေးသင့်ဟု ရယ်စရာ တော်ရွှန်း ပြောလိုက်ပါသည်။

## မြစ်ချောင်း အသွယ်သွယ်

သစ်တောမှ ဦးတင်လှကြီးက ဒီရေတောများအကြောင်း ပြောသည်။ ကျွန်တော်တို့သည် မြစ်ဝကျွန်းပေါ်တွင် ကားတစ်တန်၊ ရေယာဉ်တစ်တန်၊ စက်လှေတစ်တန်ဖြင့် မြစ်ဝကျွန်းပေါ်၏ မြစ်ချောင်းအသွယ်သွယ်၊ ချောင်းရိုး အကွေ့အကောက်များကို ဖြတ်ကာ မိန်းမလှကျွန်းနှင့် ဗျိုင်းမွေးကျွန်းသို့ပါ သွားခဲ့ကြ၏။ မြစ်ဝကျွန်းပေါ်ခရီးတွင် လှေအဆင်း၊ မြင်းအတက်ဆိုသလို ကားမှ လှေ၊ လှေမှကားကူးကြရာတွင် လူကြီးများဖြစ်၍ အတက်အဆင်း ကို သတိထားရ၏။ အထူးသဖြင့် အညာသားလည်းဖြစ်၊ အသက် အရွယ်လည်းရလာပြီဖြစ်သော ဦးလေးအုံးအတွက် လှေပေါ်တက် လှေပေါ်မှဆင်းရာတွင် ကြောင်နှစ်ကောင် ကိုမျိုးက ကူညီရသည်။



www.burmeseclassic.com

www.burmeseclassic.com



ဦးလေးအုံးကလည်း ရောဝတီမြစ်ဘေးမှာလည်းနေ၊ ဖောင်သမား ကောင်း တစ်ယောက်လည်းဖြစ်သောကြောင့် ကမ်းနားဆိပ် အဆင်းအတက်များ အတွေ့အကြုံရှိသူဖြစ်သည်။

ကျွန်တော်တို့ခရီးစဉ်သည် ဖျာပုံ၊ ဘိုကလေးအစရှိသော မြို့များကိုဖြတ်၍ သွားခဲ့ရသည်။ ထိုခရီးအကြောင်းကို ကျွန်တော် တို့နှင့်ပါလာသူ စာရေးဆရာမ သျှီ(အင်ကြင်း)ကလည်းကောင်း ဦးလေးအုံးကလည်းကောင်း ဆောင်းပါးများရေးသားပြီးဖြစ်၍ ခရီးစဉ်အကြောင်းကို အကျယ်ချဲ့မရေးသားတော့ပါ။

## မိကျောင်း

ယခုမြစ်ဝကျွန်းပေါ်ခရီးတွင် ကျွန်တော်ရေးသားလိုသော အကြောင်းအရာက မိကျောင်းနှင့်လိပ်တို့အကြောင်းဖြစ်သည်။

မိကျောင်းအကြောင်းကို ကျွန်တော်တို့သည် ငယ်စဉ်ဘဝ ကတည်းက မလက်တို့နှင့် ငမိုးရိပ်အကြောင်း၊ ငမိုးရိပ် မိကျောင်း ကိုစီး၍ သန်လျင်မှ မင်းသမီးလေး ရှင်မွေးလွန်းထံသွားသော ဥက္ကလာပမင်းကြီး၏သားတော် မင်းနန္ဒာ မင်းသားလေးတို့၏ ကြေကွဲဖွယ်ဇာတ်လမ်းအကြောင်း၊ ဒေါင်းဖတ်စာပုံပြင်ထဲတွင် ပါသော ယုန်သည် မိကျောင်းလျှာကိုဖြတ်၍ သစ်ငုတ်တို့ပေါ် တင်ထားခဲ့ရာမှ ကြောင်လျှာပင်ပေါက်သည့်အကြောင်းနှင့် မိကျောင်းကိုတစ်ဦးချင်း ယှဉ်ပြိုင်ခဲ့သော မြန်မာရာဇဝင်ထဲမှ သူရဲကောင်းရမန်ငထွေးအကြောင်း စသည်တို့ကို ဖတ်ဖူးမှတ်





ဖူးသည်။

မိကျောင်းကို လူသားစား၍ရက်စက်သော သတ္တဝါအဖြစ် သဘောထားကြသည်။ မိကျောင်းသည် မည်မျှပင်ရက်စက်၍ မည်မျှပင်ကြောက်စရာကောင်းသော်လည်း လူ၏အသိဉာဏ်ကို ယှဉ်ပြိုင်နိုင်စွမ်းမရှိပေ။

တစ်ခါတွင် မိကျောင်းက သစ်တုန်းယောင်ဆောင်၍ နေခဲ့ရာ လူက သစ်တုံးလား၊ မိကျောင်းလားမကွဲပြား၍ -

"သစ်တုံးမှန် ဆန်လိမ့်မည်၊
မိကျောင်းမှန် စုန်လိမ့်မည်"

ဟုလူကဆိုလေလျှင် မိကျောင်းသည် -

"ငါသစ်တုံးယောင်ဆောင်ထားတာဘဲ"

ဟုဆိုကာ လူကိုတစ်ပတ်ရိုက်ရန်အကြံဖြင့် ဆန်၍သွား၏။ လူသည် 'ဒါမိကျောင်းပဲ' ဟုသိကာ ရှောင်သွားသောကြောင့် အကြံကြီးကြံ၍ လူသားစားရန် ကြံသော်လည်း ဉာဏ်စဉ်မမီ၍ လူသားမစားလိုက် ရသော မိကျောင်းအကြောင်းသည် ဘယ်လောက်ပင် ရက်စက် သော်လည်း လူ၏ဉာဏ်ကိုမမီကြောင်း ထင်ရှားအောင်ဖော်ပြသည့် လူနှင့်မိကျောင်းပုံပြင် ဖြစ်သည်။


ကျွန်တော်တို့ငယ်စဉ်ကတော့ မိကျောင်းခေါင်းတိုနှင့် ခေါင်းရှည်ဟူ၍ နှစ်မျိုးရှိကြောင်းသိရသည်။ သတ္တဗေဒကတော့ မိကျောင်းမျိုးရိုးမျိုးစိတ်များကို ဘယ်လိုခွဲသည်မသိ။ မိကျောင်းနှင့် ပတ်သက်၍ ကျွန်တော် စိတ်ဝင်စားတာက မိချောင်းမွေးမြူရေး ဆိုင်ရာ စီးပွားရေးလုပ်ငန်းဖြစ်၏။ လူဦးရေတိုးပွားရာ မြို့ပြကြီးများ



www.burmeseclassic.com

www.burmeseclassic.com





များ ဖွံ့ဖြိုးလာသည်နှင့်အညီ မိကျောင်းများသည်လည်း သူတို့ သဘာဝ သူတို့နေထိုင်ရာ မြစ်၊ ချောင်းစသည်တို့တွင် အရေအတွက် နည်းလာပြီဖြစ်သည်။

လူသည် ရက်စက်၍ လူသားစားပါသည်ဆိုသော မိကျောင်းများကို နည်းပေါင်းစုံနှင့် ဖမ်းယူကာ လူက မိကျောင်းသားကို စားသောက်ကာ အရိုး၊ အရေတို့ကို အဝတ်အစား အသုံးအဆောင်များ ပြုလုပ်ရောင်းချခဲ့သောကြောင့် အခုတော့ မိချောင်းမျိုးသုဉ်းရလောက်အောင် အခြေအနေသို့ ဆိုက်ရောက်ခဲ့သည်။ ဘိုကလေးအစရှိသော ဈေးများတွင် ယခင်က မိကျောင်းသားရရှိ၏။ မိကျောင်းများသည် ကိုးတောင်ပြည့်ပါက လူယောင်ဖန်ဆင်းနိုင်သည်ဟု ဆိုကြသည်။ အချို့မြစ်ဝကျွန်းပေါ် ဒေသတွင် မိကျောင်းကို ကိုးကွယ်သူများရှိ၏။ သူတို့သည် မိချောင်းတံဆိပ်ဖိနပ်ကိုပင် မစီးဝံ့ကြချေ။





## မိကျောင်းမွေးမြူရေး

ကျွန်တော်တို့နိုင်ငံတွင် တော်လှန်ရေးကောင်စီအစိုးရ လက်ထက်က တိရစ္ဆာန်နှင့် တိရစ္ဆာန်ထွက်ပစ္စည်း ရောင်းဝယ်ရေး ကော်ပိုရေးရှင်း(၃)မှ ဒုတိယဗိုလ်မှူးကြီး ခင်မောင်လေးတို့ခေတ် ၁၉၆၉-ခုနှစ်လောက်ကစ၍ သာကေတမြို့နယ်တွင် မိကျောင်း မွေးမြူရေးလုပ်ငန်းကို စတင်လုပ်ကိုင်ခဲ့သည်။ သာကေတတွင် မိကျောင်းအရွယ်စုံ (၃၀၀၀-၄၀၀၀)လောက်အထိ မွေးမြူခဲ့သည်ဟု သိရ၏။ ဒီထက်ပိုကောင်း ပိုပါလိမ့်မည်။

ထိုမိကျောင်းများကို ဧရာဝတီတိုင်း ဖျာပုံခရိုင်၊ မြောင်းမြ ခရိုင်တို့မှ မိကျောင်းသားပေါက်လေးများကို သာကေတ မိကျောင်း ခြံသို့ပို့ကာ မွေးမြူသည်။ မိကျောင်းပြုစုရေးနှင့်ပတ်သက်၍ ကျွမ်းကျင်သူများလည်း ရှိ၏။ ကျွန်တော်တို့နိုင်ငံ၊ ဧရာဝတီ မြစ်ဝကျွန်းပေါ်ဒေသ၏ ရေမြေသဘာဝသည် မိကျောင်းမွေးမြူရေး အတွက် အခွင့်သာသော ရေမြေအနေအထားရှိသည်။ မြစ်ဝကျွန်း ပေါ်၏ မြစ်ချောင်းများအကြားတွင် မိကျောင်းများသည် ယခုပါ ဘဲလျက် သဘာဝအလျောက်ပင် ရှင်သန်ပေါက်ဖွားနေခဲ့ကြသည်။

မိကျောင်းကို ကျွန်တော်တို့က မျိုးလောက်၊ နမူနာလောက် သာတင်ပို့ရောင်းချသော်လည်း ဤလုပ်ငန်းကို ကမ္ဘာ့နိုင်ငံ အသီးသီးတွင် စီးပွားဖြစ်မွေးမြူ တင်ပို့ရောင်းချကြသည်။



www.burmeseclassic.com

www.burmeseclassic.com



## စီးပွားဖြစ် မိကျောင်းမွေး

ထိုင်း၊ မလေးရှား၊ အိန္ဒိယ၊ အီကွေတာအစရှိသော အပူပိုင်းဇုန်အတွင်းကျရောက်သောနိုင်ငံများတွင် မိကျောင်းတို့ အကြီးအကျယ် မွေးမြူကြသည်။ မိချောင်းအသားကိုစုတ်ပြီး အရေခွံကို ပေါင်းတင်ပြုပြင်ကာ အမျိုးသမီးများ၏လက်ကိုင်အိတ် သားရေပစ္စည်းအမျိုးမျိုး၊ ဂျာကင်အင်္ကျီအစရှိသဖြင့် စီမံပြုလုပ် ရောင်းချရာ မိချောင်းသားရေဖြင့်ပြုလုပ်ထားသော ထိုပစ္စည်းများသည် အလွန်ပင်ဈေးကြီး၏။ သာရေပေါင်းတင်မှု ပညာသည် အဆင့်မြင့်နည်းပညာဖြစ်၏။ လူတိုင်း နိုင်ငံတိုင်း မတတ်ကြ။ အီတလီနိုင်ငံသည် သားရေဖြင့်ပြုလုပ်သော ဦးထုပ်၊ သေတ္တာမှအစ သားရေလူသုံးကုန်ပစ္စည်းများစွာ ထွက်ရှိရာ မိကျောင်းသားရေဖြင့် ပြုလုပ်သော အီတလီပစ္စည်းများသည် ဈေးအလွန်ကြီးသည်။

မိကျောင်းအသား၊ မိကျောင်းအရိုးကလည်း ဈေးကွက်ဝင်၏။ အချို့မိကျောင်းကို အကောင်လိုက်ပုံသွင်း၍ ရောင်းချသည်။ မိကျောင်းကိုမွေးမြူ၍ မိကျောင်းသားရေပစ္စည်း ထုတ်လုပ်ရောင်းချသောလုပ်ငန်းသည် ရောမစီးပွားရေး လုပ်ငန်းကြီးများဖြစ်၏။ ထိုင်းနိုင်ငံတွင် ဗန်ကောက်နှင့် သိပ်မဝေးသောနေရာတွင်ပင် မိချောင်းမွေးမြူရေးခြံကြီး များရှိ၏။ မွေးမြူရေးခြံတစ်ခြံတွင် မိကျောင်းကောင်ရေ သိန်းချီ၍ရှိ၏။ သိန်းချီ၍မွေးထားသော မိကျောင်းများကို ရေကန်များထဲတွင် သူ့ဟာသူရှိနေကြသည်ကို အလကားမထား။ မိကျောင်းလာကြည့်၍ရအောင်








မလေးရှားနိုင်ငံ လင်ကာဝီကျွန်း မိချောင်းမွေးမြူရေးကန်သို့ အလည်အပတ်ရောက်စဉ်။ (ဆရာမ လမင်းအိမ်)

ခြံကြီးများ မိကျောင်းကန်ကြီးများပြုလုပ်ပြီး ကမ္ဘာလှည့်ခရီးသည်များအား မိကျောင်းများကိုပြကာ ပိုက်ဆံကောင်းကောင်းယူသည်။ မိကျောင်းများကို လိမ္မာအောင်ပြုလုပ်၍ မိကျောင်းပြပွဲများ ပြုလုပ်၍ပြသည်။ တစ်ဖန်မိကျောင်းကိုပြပြီး ကမ္ဘာလှည့်ခရီးသည် လုပ်ငန်း ဖွံ့ဖြိုးအောင် ပြုလုပ်ကြသည်။



www.burmeseclassic.com

www.burmeseclassic.com



## ဖန်ကောက်မှ မိကျောင်းကန်

ကျွန်တော် ဖန်ကောက် မိကျောင်းဥယျာဉ်သို့ သွားကြည့်စဉ်က ဖြစ်ရပ်တစ်ခုမှာ လာကြည့်သူများပြား၍ ပိုက်ဆံသဲ့ယူသလိုရသဖြင့် ရွှေရောင်လို့ပင်တင်စားခေါ်ဆိုရမည့် ရွံ့နှစ်ကန်ကြီးထဲတွင် သစ်လုံးများလို မွေးမြူထားသော မိကျောင်းများက အနားယူငြိမ်သက်၍ နေသည်။ ထိုအခါ ဗျိုင်းဖြူလေးတစ်ကောင်က အဝေးမှပျံလာပြီး မိကျောင်းအိုင်ပေါ်တွင် ခပ်နိမ့်နိမ့်ပျံလာစဉ် မိကျောင်းတစ်ကောင်က သူ့အမြီးနှင့် ဗျိုင်းအားရိုက်ကာ ဦးခေါင်းကပါလှည့်ပြီး ပါးစပ်နှင့် ဗျိုင်းကိုဖမ်း၍ မြိုလိုက်သည်မှာ လျှပ်ပြက်လိုက်သလိုရှိသည်။

မိကျောင်းကိုပြ၍ ဝင်ငွေရှာသည်။

တစ်ဖန်မိကျောင်းနှင့်ပတ်သက်သော အမှတ်တရပစ္စည်းဆိုင်၊ လက်ဆောင်ပစ္စည်းဆိုင်များတွင် မိကျောင်းပုံနှင့် တီရှပ်အင်္ကျီများ ရောင်းချသည်။ မိကျောင်းပုံ သော့တွဲများလည်း ရောင်းချသည်။ ကျွန်တော်တို့ မြစ်ဝကျွန်းပေါ်ဒေသကြီးသည် မိကျောင်းကန်ကြီးအဖြစ် မိကျောင်းအကောင် သန်းပေါင်းများစွာ မွေးမြူနိုင်ရလောက်အောင် ကျယ်ဝန်းသော မြေဧရိယာကြီးဖြစ်သည်။ မိကျောင်းကို နောင်စီးပွားဖြစ် မွေးမြူနိုင်ကြမည်ဖြစ်သည်။

အချို့သန်းကြွယ်သူဌေးကြီးများက မိကျောင်းကို အပျော်သဘော အလှမွေးကြသည်။





## မိကျောင်းခေတ်သစ်ပုံပြင်

တစ်ခါက ခေတ်သစ် မိကျောင်းပုံပြင်လေးတစ်ခုကို ကြားရသည်။

အိန္ဒိယနိုင်ငံတွင် မဟာရာဇာသူဌေးကြီးတစ်ဦးရှိသည်။ တစ်နေ့တွင် သူဌေးကြီးက သူပိုင် ဝန်းနှင့်ခြံနှင့်၊ အိမ်ကြီးနှင့် သူပိုင်ရတနာများနှင့် သူပိုင်ဘဏ်တိုက်ရှိငွေများကို သူမိတ်ဆွေများအား ဖိတ်ကြား၍ပြသသည်။ ပထမ ငွေများကိုပြသည်။ ဒုတိယ ရတနာများကိုပြသည်။ တတိယ သူ့အိမ်ကြီးကိုပြသည်။

သူ့အိမ်တွင်ရှိသော ပီကာဆို၏ ပန်းချီကားတစ်ချပ်ကပင် တန်ဖိုးမဖြတ်နိုင်အောင်ရှိ၏။ သူ့ခြံထဲတွင် စိုက်ထားသော သစ်ခွပန်းတစ်ပွင့်ထဲက ဒေါ်လာ ထောင်ပေါင်းများစွာတန်၏။ ထို့ပြင် အာဖရိကမှ အသားစားမိကျောင်းကန်ကြီးကိုလည်း ပြုလုပ်ထားသည်။ မိကျောင်းများမှ သွားတဖွေးဖွေးနှင့် အလွန်မှကြောက်စရာကောင်း၏။

မဟာရာဇာကြီးသည် သူမွေးထားသော မိကျောင်းများဘယ်အထိ ရက်စက်အကြောင်းကိုပြောဆိုကာ ကျီစယ်လိုသောသဘောဖြင့် -

"ဟောဒီ ကျွန်ုပ်မွေးထားတဲ့ သားစားမိကျောင်းကန်ကို ဖြတ်ပြီးသွားနိုင်တဲ့သူ ကျွန်တော်ပိုင်ဆိုင်သော ငွေများ၊ ရတနာများနဲ့ အိမ်ကြီးထဲမှ ကြိုက်ရာတစ်ခုကို လက်ဆောင်အဖြစ် ပေးပါ့မည်ခင်ဗျား"

ဟု ကြေညာလိုက်သည်ဆို၏။



www.burmeseclassic.com

www.burmeseclassic.com



ထိုဧည့်သည်များက -

"ဟာ၊ မဟာရာဂျာကြီးကလဲ ကျီစယ်တတ်လိုက်တာ" ဟုပြောကာ ထမင်းစားရန်နေရာသို့ သွားရန်လှည့်လိုက်ချိန်တွင် ဧည့်သည်များထဲမှ တစ်ဦးသည်မိကျောင်းကန်ထဲသို့ ဝုန်းထဲ ဆင်းကျသွားသံကို ကြားလိုက်၍ အားလုံးဝိုင်း၍ ကြည့်လိုက်ကြပါသည်။

မဟာရာဂျာကြီးကလည်း အံ့အားသင့်စွာဖြင့် ကြည့်နေစဉ် သားစားမိကျောင်းကန်ထဲမှ ပုဂ္ဂိုလ်သည် ဝုန်းကနဲ ဝုန်းကနဲသူဆီသို့ အဆီစားပြီး အသားမြိုချရန် ကူးလာကြသော မိကျောင်းများ၏ ရန်မှ လွတ်မြောက်ရန် အသက်ကိုလု၍ ကန်ကိုဖြတ်ကူးနေသည်။ မိကျောင်းများက သူ့ထံသို့ ဝိုင်းအုံ၍လာကြသည်။ ထိုပုဂ္ဂိုလ်ကလည်း သက်စွန့်ဆံဖျား ကူးခတ်လေရာ ကံကောင်းချင်တော့ မိကျောင်းများ သူ့ထံရောက်မလာသေးမီပင် သူသည် ကမ်းပေါ်သို့ ရောက်အောင် ကူးခတ်လိုက်နိုင်သည်။

ထို့ကြောင့် မဟာရာဂျာကြီးနှင့် ဧည့်သည်တော်များက ထိုလူစွမ်းကောင်းဧည့်သည်မှာ ဘယ်သူဘယ်ဝါဖြစ်လေးမလဲဟု စောင့်ကြည့်နေစဉ် ဧည့်သည်ကလည်း မဟာရာဂျာကြီးနှင့် ဧည့်သည်များရှိရာသို့ ရောက်ရှိလာခဲ့၏။ မဟာရာဂျာကြီးက -

"မင်းမှာကတိ လူမှာသစ္စာဆိုတာရှိပါတယ်။ ကျွန်တော်ကတော့ ကတိအတိုင်း လူကြီးမင်းကို ကျွန်တော်ပိုင်ဆိုင်တဲ့ သုံးခုထဲက တစ်ခုပေးပါမယ်။ ဘယ်ဟာကို အလိုရှိတယ်ဆိုတာ သာပြောပါ။ ငွေတွေလား၊ ရတနာပစ္စည်းတွေလား၊ ဤအိမ်နှင့်





ဥယျာဉ်ကြီးလား"

ဟုမေးလိုက်ပါသည်။ မိကျောင်းကန်ကိုဖြတ်ကူးခဲ့သူက

"ဘယ်ဟာလိုချင်လဲဆိုတာ ခဏထားပါ။ ကျွန်တော်မေးချင်းတာက ကျွန်တော့်ကို ဘယ်သူက ရေကန်ထဲကို နောက်ကနေ တွန်းချလိုက်တာလဲ?"

ဟုမေးသည်ဟု ဆိုပါသည်။ ပုံပြင်ကတော့ ဒီလောက်ပင်ဖြစ်၏။

## ဖိလစ်ပိုင် မိကျောင်းမွေးစခန်း

ကမ္ဘာပေါ်တွင် မိကျောင်းများကို ယခုကဲ့သို့ အပျော်မွေး၊ အလှမွေး၊ ဝါသနာပါ၍မွေးမြူသူများ ရှိ၏။ တကယ့်တော့ ရောဝတီတိုင်းကြီးသည် မြွေ၊ ငါး၊ လိပ်၊ မိကျောင်း၊ ကဏန်း၊ ငါးရှဉ့်အစရှိသော ရေသတ္တဝါများ နေထိုင်ပေါက်ဖွားရာ သိုက်ကြီးဖြစ်သည်။

## ဖိလစ်ပိုင် မိကျောင်းမွေးမြူရေးစခန်း

ကျွန်တော် ဖိလစ်ပိုင်နိုင်ငံသို့ ရောက်စဉ်ကလည်း ကျွန်းတစ်ကျွန်းတွင် မိကျောင်းများကို မွေးမြူထားသည်ကို သွား၍ကြည့်ရသည်။ ထိုမွေးမြူရေးကန်သည် ဖိလစ်ပိုင်သမ္မတကြီးကိုရာဇွန် အကွီနိုကို အကြောင်းပြု၍ ဂျပန်နိုင်ငံမှ ထောက်ပံ့သော ဒေါ်လာငွေ(၁၀)သန်းဖြင့် မွေးမြူထားကြောင်း သိရသည်။ ထိုကျွန်းတွင် မိကျောင်းမွေးမြူရေး သင်တန်းကျောင်းတစ်ကျောင်း



www.burmeseclassic.com

www.burmeseclassic.com



သည်းရှိသည်။ မိကျောင်းလေးများကို သားဖောက်စက် Incubator တွင်ထည့်၍ သားဖောက်ပြီး မွေးမြူထားသည်။

သူတို့က မိကျောင်းမွေးမြူရေးနှင့် ပတ်သက်၍ မြန်မာနိုင်ငံမှ သင်တန်းသားများ စေလွှတ်ပေးပါက လက်ခံပါမည်ဟုသည်း စကားကမ်းလှမ်းခဲ့သည်ကို ကျွန်တော်မှတ်မိပါသည်။

ဆက်စပ်၍ရေးလိုသည်မှာ ရေလုပ်ငန်းနှင့် သက်ဆိုင်သည့် မိကျောင်းစခန်းကို ကြည့်ရှုပြီးနောက် သစ်တောနှင့်သက်ဆိုင်သည့် သစ်တောထွက်ပစ္စည်း အချောထည်လုပ်ငန်းဖြင့် ပြည်ပဈေးကွက်ရရှိရေးအတွက် ဂျပန်လူမျိုး အာရှဘဏ်ဥက္ကဋ္ဌနှင့် သွားရောက်တွေ့ဆုံခဲ့သည်။ ယင်းဈေးကွက်စွမှာ ယခင်ကာလကပင် ညှိနှိုင်းဆွေးနွေးထားသော ကိစ္စဟောင်းတစ်ခုဖြစ်သည်။

အဆိုပါဈေးကွက်သည် သစ်လုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေး Enterprise နှင့်သာ သက်ဆိုင်သည့် လုပ်ငန်းသက်သက်ဖြစ်နေ၍ သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးနှင့် သစ်တောမပြုန်းတီးရေး အစီအစဉ်တစ်ရပ်ကိုပါ ပူးတွဲလုပ်ကိုင်နိုင်ရန် အစီအစဉ်ကို ပြန်လည်ပြုပြင်ရေးဆွဲခဲ့ပြီး အမေရိကန်ဒေါ်လာ (၇)သန်းဈေးရန် သဘောတူညီမှုရရှိသည်။

ထိုအခါက ဖိလစ်ပိုင်သမ္မတကြီး ကိုရာဇန်အကွီနိုနှင့် တွေ့ဆုံရန် အစီအစဉ်ရှိသော်လည်း သမ္မတကြီးသည် ပြည်တွင်းခရီးစဉ်တစ်ခုတွင် တပ်မတော်စခန်းတစ်ခု၌ မိန့်ခွန်းပြောစဉ်မြင့်ပေါ်တွင် ချော်လဲသွားသဖြင့် မမျှော်လင့်ဘဲ အစီအစဉ်ကို ဖျက်လိုက်ရသည်။

❑



အခန်း (၂၀)

# လိပ်မျိုးမသုဉ်းစေရေး

မြွေ၊ ငါး၊ လိပ်၊ မိကျောင်း၊ ကဏန်းနှင့် ငါးရှဉ့်စသော ရေသတ္တဝါပေါ်မြူးရာ သိုက်ကြီးဟုပင် ခေါ်ဆိုနိုင်သော ဧရာဝတီတိုင်းကြီး၏ အကျယ်အဝန်းသည် စရိယာစတုရန်းမိုင်ပေါင်း (၁၃၅၆၇) ကျယ်ဝန်းသည်။ ဧရာဝတီတိုင်းသည် ရခိုင်ပြည်နယ်၊ ပဲခူးတိုင်း၊ ရန်ကုန်တိုင်း၊ ကပ္ပလီပင်လယ်၊ ဘင်္ဂလားပင်လယ်အော်စသည်တို့ဖြင့် ထိစပ်လျက်ရှိပြီး မြို့နယ်ပေါင်း(၂၆)မြို့နယ်ပါဝင်သည်။

## ပိုက်ကွန်သဖွယ်

ဧရာဝတီတိုင်းသည် ရခိုင်ရိုးမဒေသမှအပ ကျန်ဒေသများသည် မြေနိမ့်မြေပြန့်များဖြစ်သည်။ ဧရာဝတီမြစ်သည်



www.burmeseclassic.com

www.burmeseclassic.com



ဧရာဝတီတိုင်းတွင် မြောက်များစွာသော မြစ်ခွဲ၊ ချောင်းခွဲများဖြင့် ပိုက်ကွန်သဖွယ် ပင်လယ်တွင်းသို့ ယှက်ဖြာစီးဆင်းနေ၏။ မြစ်ချောင်းများအလယ်ရှိ ကုန်းမြေများသည် ကျွန်းများသဖွယ် ရှိသည်။ ထိုကျွန်းများသည် ရွှံ့ညွန်ကျွန်းများဖြစ်၍ လိပ်၊ မိကျောင်း စသော သတ္တဝါများနှင့် ငှက်မျိုးစုံပျော်မွေ့ရာ နေရာဖြစ်သည်။ ဧရာဝတီတိုင်းအတွင်းဝယ် ကျွန်းများစွာရှိသလို ယင်းကျွန်းများနှင့် မြစ်ကြိုမြစ်ကြားဒေသများတွင် အင်းများစွာလည်းရှိသည်။

ရခိုင်ရိုးမမှ စီးဝင်လာကြသော ချောင်းများသည် မြောက်ဘက်တွင် ဧရာဝတီမြစ်အတွင်းသို့ စီးဝင်ကြသော်လည်း တောင်ပိုင်းတွင် ငဝန်မြစ်အတွင်းသို့ စီးဝင်ကြ၏။ ငဝန်မြစ်အတွင်းသို့ အရှေ့ဘက်မှ ဒါးကမြစ်နှင့် ပမ္မဝတီမြစ်တို့စီးဝင်သည်။ ဧရာဝတီမြစ်သည် ငဝန်၊ သက္ကယ်သောင်၊ ရွှေး၊ ပြန်မလော့၊ ပြင်စလူ၊ ဘိုကလေး၊ ဖျာပုံ၊ သံဒီ၊ တိုးစသော မြစ်ကြောင်းများစွာပြု၍ ပင်လယ်ထဲသို့ စီးဝင်သည်။

မြစ်ဝကျွန်းပေါ်ဒေသသည် အပူပိုင်း မုတ်သုံရာသီဥတု အတွင်း၌ ကျရောက်၍ မိုးရေချိန်(၉၅)လက်မမှ (၁၂၀) လက်မ ကျော်အထိ ရွာသွန်းသည်။ တစ်ခါတစ်ရံ ဘင်္ဂလားပင်လယ် အော်ထဲ၌ ဖြစ်ပေါ်သောမုန်တိုင်းများသည် ဧရာဝတီမြစ်အတွင်းသို့ ဝင်ရောက်တတ်သည်။ ဧရာဝတီတိုင်း၏ မြောက်ပိုင်းတွင် ရွက်ပြတ်တောများ ပေါက်ရောက်လျက်ရှိ၏။ မြစ်ဝကျွန်းပေါ်ပိုင်း မြစ်ချောင်းများအနီးတွင် စိမ့်တောများပေါက်ရောက်၍ ဆားငန်ရေ ဝင်သော မြစ်ချောင်းများတစ်လျှောက်တွင်း၌ ဒီရေတောများ





ပေါက်ရောက်၏။ ပင်လယ်ကမ်းရိုးတန်းတစ်လျှောက် အချို့သော နေရာများတွင် သောင်ခုံတောများပေါက်လျက်ရှိသည်။

ဧရာဝတီတိုင်းတွင် ဗမာနှင့် ကရင်အမျိုးသားတို့ အများဆုံးနေထိုင်ကြပြီး ချင်းနှင့် ရခိုင်အမျိုးသား အနည်းအငယ်လည်း ရှိသည်။

## ငါးဖမ်းလုပ်ငန်း

မြစ်၊ ချောင်း၊ အင်း၊ အိုင် ပေါသောကြောင့် ရေချို၊ ရေငန် ငါးဖမ်းလုပ်ငန်းနှစ်မျိုးစလုံးရှိ၏။ ဖမ်းဆီးရမိသော ငါးများကို ရန်ကုန်နှင့် နီးစပ်ရာမြို့များသို့ တင်ပို့ရောင်းချသည်။ ယခုအခါ ဧရာဝတီတိုင်းမှ သား၊ ငါး၊ ပုစွန်များကို ပြည်ပနိုင်ငံများသို့ တင်ပို့ရောင်းချမှုများလည်းရှိလာသည်။ ငါးပိ၊ ငါးခြောက်၊ ပုစွန်ခြောက်၊ ငံပြာရည် လုပ်ငန်းများရှိ၏။ အင်းများပေါ်၌ ငါးမွေးမြူရေးကန်များရှိ၏။ ငါးလုပ်ငန်းသင်တန်းကျောင်းလည်း ရှိ၏။ ငပုတော၊ လပွတ္တာမြို့များတွင် နေလှန်းဆားအပြင် ထင်းဖြင့်ဆားချက်သည့် လုပ်ငန်းလည်းရှိသည်။

## ဧရာဝတီတိုင်း

ဧရာဝတီတိုင်းအတွင်း ကြီးဝိုင်းတော မြေဧရိယာစတုရန်းမိုင်(၂၇၈၀) ရှိသည်။ သစ်တောစိုက်ခင်း ထူထောင်ထားသော မြေဧက(၁၁၁၁၂၀) ရှိ၏။ ကျွန်းအထူးစိုက်ခင်းဧက(၁၆၀၀၀) ရှိသည်။



www.burmeseclassic.com

www.burmeseclassic.com



ယခုအစိုးရလက်ထက်တွင် ဧရာဝတီတိုင်းအတွင်း တို့၏ ဆောက်လုပ်ခဲ့သော တံတားများမှာ ခတ္တိယတံတား၊ မအူပင် တံတား၊ ဖျာပုံတံတား၊ ဘိုကလေး(ဆိတ်မ)တံတားနှင့် နတ်ချောင်း တံတား၊ မြောင်းမြတံတား၊ ဗိုလ်မြတ်ထွန်းတံတား၊ ဝန်တံတား စသည်တို့ဖြစ်သည်။

ဧရာဝတီတိုင်းအတွင်းမှ ထင်ရှားသော မြို့ကြီးများမှာ ပုသိမ်၊ ဟင်္သာတ၊ မြောင်းမြ၊ မအူပင်၊ ကြံခင်း၊ မြန်အောင် ဓနုဖြူ၊ ကျုံပျော်၊ ဖျာပုံ၊ ဘိုကလေး၊ မော်လမြိုင်ကျွန်း၊ လပွတ္တာ အစရှိသော မြို့များဖြစ်သည်။ ဧရာဝတီတိုင်း၊ မြစ်ဝကျွန်းပေါ် ဒေသကြီးတွင် မိကျောင်းသာမက လိပ်၊ ဖား၊ ကဏန်း၊ ငါးရှဉ့် ပုစွန် အစရှိသော အဖိုးတန်သတ္တဝါများကိုလည်း မွေးမြူနိုင်သည်။

## လိပ်သတ္တဝါ

ယင်းသတ္တဝါများအနက် လိပ်ဥ၊ လိပ်သားနှင့် လိပ်ခွံ သည်လူကြိုက်များ၍ အဖိုးတန်သည်။ လိပ်ဥသည် ထိပ်တန်းစား ပရိုတိန်းကိုရ၍ အရသာရှိကာ ထွက်သလောက် ရောင်းစွံသော ပစ္စည်းဖြစ်၏။ လိပ်ဥကိုဖောက်၍ လိပ်ကလေးများကို ရောင်းနိုင် သည်။ လိပ်သားသည် အသားတကာတို့တွင် အရသာအရှိဆုံး အသားဖြစ်၍ ဟိုတယ်ကြီးများတွင် လိပ်ဥ၊ လိပ်သားဟင်း တစ်ခွက်ကို ကျပ်တစ်သိန်း၊ နှစ်သိန်းနီးပါးအထိ တန်ကြေးပေး ဝယ်ယူစားသောက်ကြရ၏။ လိပ်ခွံကို လိပ်ခွံဘီး၊ လက်ကောက်၊ လက်စွပ်၊ စသည်တို့ ပြုလုပ်အသုံးပြုကြသည်။ လိပ်ခွံဘီးသည် လည်း ဈေးကြီး၏။





လိပ်စွပ်ပြုတ်ကို တရုတ်အမျိုးသားတို့ သဲကြီးမဲကြီး ကြိုက်ကြသည်။

ထိုသို့သော အသုံးဝင်မှု၊ ကြိုက်နှစ်သစ်မှုများကြောင့် လိပ်သည်ဈေးကောင်းရသဖြင့် လိပ်ကိုရှာဖွေကြသူများ၊ စားသောက် ကြသူများ တစ်စတစ်စများပြားကာ လိပ်မျိုးပြုန်းရခြင်းဖြစ်သည်။

လိပ်၏ သွားလာမှု နှေးကွေးခြင်းကလည်း အန္တရာယ်တစ်ခု ဖြစ်ပြီး သူ့ကိုယ်သူ မကာကွယ်နိုင်ဘဲရှိ၏။ လိပ်ခွံထူမှုနှင့်သွားလာမှု နှေးကွေးလွန်းခြင်းသည် လိပ်ကို လူသိသူသိ အမှတ်တရရှိစေသော အမှတ်အသားများဖြစ်သည်။

ကျွန်တော်တို့သည် ငယ်စဉ်ကပင် လိပ်နှင့် နီးစပ်မှုရှိခဲ့၏။

ယုန်နှင့် လိပ်အပြေးပြိုင်သောပုံက လိပ်လို လုံ့လ၊ ဝီရိယ ရှိရန်အမြဲ ဥပမာပြု အသင်အကြားခံရသည်။

"ယုန်နှင့် လိပ်ကို ပုံပြဆို၊
ထိုထိုမှတ်ကြရန်"

ဆိုသော ကဗျာကို ကျွန်တော်တို့သေသည်အထိ အလွတ်ရ၊ အမှတ်ရ သွားတော့မည်ဖြစ်ပါသည်။

## ကမ္ဘာလိပ်ကြီးပုံပြင်

ကမ္ဘာလိပ်မကြီး ပုံပြင်ကလည်း ကျွန်တော်တို့ အမြဲသတိရ နေသော ပုံပြင်ရှည်ကြီးတစ်ပုဒ်ဖြစ်၏။

ရွာတစ်ရွာတွင် တံငါသည် လင်မယားနှစ်ယောက်ရှိ၏။ သူတို့တွင် မယ်ထွေးဆိုသော သမီးငယ်ရှိသည်။ တစ်နေ့ [illegible]သည်



www.burmeseclassic.com

www.burmeseclassic.com



လင်မယားသည် ကွန်သွားပစ်ကြ၏။ ကွန်တစ်ချက်ပစ်လိုက်လျှင် အမေက -

"ငါ့သမီးမယ်ထွေး ဈေးတင်ဖို့လေး"

ဟုဆို၏။

အမိပွါယ်က ကွန်ပစ်၍ ငါးရလာပါက သမီးလေး မယ်ထွေး ဈေးမှာသွားရောင်းဖို့ဟု ဆိုဟန်တူ၏။

ထိုသို့ပြောသည်ကို တံငါသည်လင်ယောကျ်ားက ကြိုက်ဟန်မတူ။ မယားက လေ့ဦးမှ ထိုသို့ဆိုသောကြောင့် ငါးမရဟုထင်လေသလား? သို့မဟုတ်၊ ထိုသို့ဆိုသံကြားသော ငါးများလန့်ရသည်ဟု ထင်လေသလားမသိ။ နောက်တစ်ကြိမ် -

"ငါ့သမီးမယ်ထွေး ဈေးတင်ဖို့လေး"

ဟုဆိုလေလျှင် -

တံငါသည် လင်ယောကျ်ားက မယားအား တက်ဖြင့် ရိုက်လိုက်ရာ မယားဖြစ်သူမှာ လှေပေါ်မှ ရေထဲသို့ကျ၍ ကမ္ဘာ လိပ်မကြီး ဖြစ်သွားသည်။ ထိုနောက် တံငါသည် လင်ယောကျ်ားက နောက်အိမ်ထောင်ပြု၏။

မယ်ထွေးလေး မိထွေးရလာသည်။ မိထွေးတွင်လည်း မကြီးနှင့် မငယ်ဟူ၍ သမီးနှစ်ယောက်ပါသည်။ မိထွေးက ရက်စက်သည်။ မျက်နှာလိုက်သည်။ မထွေးလေးက အားသည့် အချိန် မြစ်ဆိပ်သို့သွား၍ သူ့အမေ ကမ္ဘာလိပ်မကြီးနှင့် တွေ့သည် ကို မကြိုက်၍ မိထွေးဖြစ်သူက နေမကောင်းဖြစ်ဟန်၊ ဖျားနာ ဟန်ဆောင်၍ ဆေးဆရာနှင့်ပေါင်းကာ လိပ်သားစားရမှ ရောဂါ





ပျောက်မည်ဆိုသောအခါ အဖေလုပ်သူက ကမ္ဘာလိပ်မကြီးအား ဖမ်းဆီးသတ်ဖြတ်၍ ဟင်းချက်သောအခါ အမေကမ္ဘာလိပ်မကြီးက ရှုလွှန်း၍ -

"သမီးလေးရယ်၊ မီးလေးတစ်စ လျှော့ပါဦး"

"သမီးရယ် မီးလေးတစ်စ နုတ်ပါဦး"

ဟုဆိုလျှင် ပုံနားထောင်ရင်း မျက်ရည်ကျရသည်။

ကမ္ဘာလိပ်မကြီးပုံပြင်သည် အလွမ်း၊ အသော၊ အဆွေး ပါသော ပုံပြင်ဖြစ်၏။ မယ်ထွေးလေးအား ဘုရင်က တော်ကောက် သွားပုံ မထွေးလေး ဖျိုင်းဖြစ်သွားပုံ၊ မကြီးနှင့် မငယ်တို့ နန်းတော်သို့ပါသွားပြီး နောက်ဆုံး ငါးပိဖြစ်သွားသည်အထိ နားထောင်လို့ ကောင်းသော ပုံဖြစ်သည်။

မြတ်စွာဘုရားက လူ့ဘဝတန်ဖိုးအကြောင်း ဟောရာတွင် လိပ်အကန်းကြီးနှင့်ထမ်းပိုးကို ဥပမာပေးခဲ့ရာ ထိုဟောကြား ချက်သည် တန်ဖိုးရှိစွာ နာခံမှတ်သားထိုက်သောတရားဖြစ်သည်။

## စူဠလိပ်

ကျွန်တော်တို့သည် စူဠလိပ်အကြောင်းကိုလည်း မှတ်သား ရဖူးသည်။

လိပ်ကို Turtle ဟုလည်းခေါ်၍ Tortoise ဟုလည်း ခေါ်သည်။ ယခင်ကတော့ ဘယ်လိုခြားနားသည်ကို မသိ။ နောက်တော့ ကုန်းလိပ်ကို Tortoise ဟုခေါ်၍ ရေလိပ်ကို Turtle ခေါ်ပြီး ရေလိပ်အချို့ကို Terrapin ဟုခေါ်သည်ဟု ကျွမ်းကျင်



www.burmeseclassic.com


www.burmeseclassic.com



သူတို့က ဆိုသည်။ ''မြန်မာ့လိပ်များ'' ဆိုသည့်စာအုပ်၏ ဒေါက်တာဝင်းမောင်နှင့် ဦးဝင်းကိုကိုတို့က ရေးသားထုတ်ဝေ သောအခါတွင်မှ လိပ်အကြောင်း သေသေချာချာ ကျကျန နားလည်ရတော့သည်။

## ရှေးအကျဆုံးသတ္တဝါ

လိပ်သည် လွန်ခဲ့သော နှစ်ပေါင်းသန်း(၂၀၀) လောက်က အသက်ရှင်ခဲ့သော ဒိုင်နိုဆော သတ္တဝါများထက်ပင် ပို၍ရှေးကျ သော သတ္တဝါများဟု သိရသည်။ ထွားသွားသတ္တဝါများအနက် ရှေးအကျဆုံးသတ္တဝါ ဖြစ်သည်ဟု သိရ၏။



ရန်ကုန်တိရစ္ဆာန်ရုံအတွင်းရှိ ရွှေပါးလိပ်တစ်မျိုး။





ပညာရှင်တို့၏ သုတေသနပြုချက်အရ ကမ္ဘာအနှံ့အပြား တွင် လိပ်မျိုးစိတ်ပေါင်း (၂၆၀) ရှိသည်။ ပင်လယ်ဒေသမှသည် အသက်ရှင်ရန် ခက်ခဲသော သဲကန္တာရဒေသများအထိ လိပ်တို့သည် ပြန့်နှံ့စွာ နေထိုင်ကြသည်။

ထိုမျှ အသက်ရှည်၍ ကမ္ဘာအနှံ့ ကျယ်ကျယ်ပြန့်ပြန့် နေထိုင်ခဲ့သောလိပ်များသည် မျိုးသုဉ်းတော့မည့်အရေး ကြုံနေ ခြင်းမှာ ဝမ်းနည်းဖွယ်ရာဖြစ်သည်။ လိပ်များမျိုးသုဉ်းရတော့ မည့်အခြေသို့ရောက်ရခြင်းမှာ အခြားဘယ်သူဘယ်ဝါကြောင့်မှ မဟုတ်။ လူသားတို့ကြောင့်ပင်ဖြစ်သည်။လူများ ပရမ်းပတာ ဖမ်းဆီးသတ်ဖြတ် စားသောက်မှုသည် လိပ်များမျိုးသုဉ်းရတော့မည့် အခြေသို့ရောက်ရခြင်း၏ အဓိကအချက်ဖြစ်သည်။

လိပ်များသည် အချို့မျိုးသုဉ်းပျောက်ကွယ်ရန် နီးလာပြီ ဖြစ်၍ အချို့မှာ မျိုးသုဉ်းပျောက်ကွယ်လု ဖြစ်နေပြီဟုဆို၏။

## မြန်မာလိပ်(၆)မျိုး

ဤလိုအချိန်မျိုးတွင် လိပ်မျိုးမသုဉ်းရေးကို လူတိုင်း လိုင်းဝန်းဆောင်ရွက်ရန် လိုအပ်သည်။ မြန်မာ့လိပ်များစာအုပ်တွင် လိပ်မျိုးပေါင်း(၃၂)မျိုးကို ဓာတ်ပုံနှင့်တကွဖော်ပြ၍ မြန်မာနိုင်ငံ၏ ဒေသရင်းဖွား လိပ်မျိုး(၆)မျိုးကိုလည်း ဓာတ်ပုံနှင့်တကွ ဖော်ပြ ထားသည်။ ယင်းမြန်မာ့ဒေသရင်းဖွား လိပ်(၆)မျိုးမှာ ဒေသအခေါ် အားဖြင့် (၁)ကြယ်လိပ် (၂)စင်းချော (၃) ဝလေးလုံးလိပ် (၄) လိပ်ပျင်း (၅) တိုက်လိပ် နှင့် (၆) ဆော ် လိပ်တို့ ဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



## ရစ်ကန်ကြီးလိပ်

လိပ်သည် မျိုးသုဉ်းပျောက်ကွယ်ဖို့ရာ မဖြစ်သင့်သော ကုန်းနေ၊ ရေနေ သတ္တဝါတစ်မျိုးဖြစ်၏။ ဤအတောအတွင်း သူ့အရပ် သူ့ဒေသမှ လိပ်မျိုးကို စောင့်ရှောက်လိုသူတစ်ဦး ပေါ် ပေါက်လာသည်။

သူက အခြားသူမဟုတ် စာရေးဆရာချစ်စံဝင်းဖြစ်သည်။

တစ်ကြိမ်တွင်စာရေး ဆရာချစ်စံဝင်းက သူ့ရပ် သူ့ရွာ ဖြစ်သော ပဲခူးတိုင်း၊ ကဝမြို့နယ်၊ ရစ်ကန်ကြီးရွာသို့ ပြန်ခဲ့သည်။ ရစ်ကန်ကြီးသို့အပြန် ကမာစဲရွာရောက်တော့ စင်းလျောလိပ် တစ်ကောင်တွေ့၍ ဝယ်လာခဲ့ရာ (၈၅)ကျပ်သားရှိသော လိပ်ကို (၈၅၀၀)ကျပ်ပေးရသည်။ လိပ်က တစ်ပိဿာတစ်သောင်းဈေး ဖြစ်သည်။ ထိုလိပ်ကို ဝယ်ယူခဲ့ပြီးသောအခါ တစ်ပတ်လောက် ကြာတော့ ကမာစဲရွာက –

"နောက်ထပ် လိပ်(၉)ကောင်ရှိသည် ယူဦးမလား"

ဟုဆို၍ ကိုချစ်စံဝင်းက သူ့ဒေသ၊ သူ့အရပ်က လိပ်(၉)ကောင်ကို ကယ်တင်လို၏။

မကယ်တင်ပါက မကြာမီ တရုတ်ပြည်သို့ပါသွားပြီး စွတ်ပြုတ်ဖြစ်ရတော့မည့် လိပ်များဖြစ်သည်။ ကိုချစ်စံဝင်းက သတ္တဝါ၏အသက်ကို ကယ်ချင်တာထက် သူ့အရပ်ဒေသက လိပ်တို့၏ဗီဇကို ကယ်လိုခြင်းဖြစ်သည်။

လိပ်(၉)ကောင်ကို သွားဝယ်တာတော့ လွယ်ပါရဲ့၊ သို့သော် သွားဝယ်ပြီး ထိုလိပ်များကို ဘာလုပ်ရမလဲဆိုတာကိုတော့မသိ။





သို့သော်လည်း လိပ်(၉)ကောင် ငါမကယ်ရင်တော့ စွတ်ပြုတ်ဖြစ်ဖို့ ရာသာရှိတော့သည်ဟုဆိုကာ ကိုချစ်စံဝင်းသည် လိပ်(၉)ကောင်တို့ သွားဝယ်လိုက်၏။

သွားဝယ်တော့ ရန်ကုန်မှ ကမာစဲ၊ ရစ်ကန်ကြီးသို့ "တက"ငှားသွားရာ ကားခက ငါးသောင်း(၅၀၀၀၀ိ/) ကျ၏။ လိပ်ဖိုးက ရှစ်သောင်း(၈၀၀၀၀ိ/–) စုစုပေါင်းတစ်သိန်းသုံးသောင်း အကုန်ခံပြီး လိပ်(၉)ကောင်ကိုယူလာခဲ့ရာ သူ၏ ပုဇွန်တောင် တိုက်ခန်းတွင် ရေချိုးခန်းထဲ၌ ကန်စွန်းရွက်ကျွေးပြီးမွေးထားသည်။ အိမ်တွင် လိပ်များကို ကြာကြာထား၍ မရသောကြောင့် ဘာလုပ် ရမည်မသိ၍ သူ့အိမ်ပေါ် လိပ်(၉)ကောင် ရောက်လာရသည့် အကြောင်းကို ကျွန်တော်အား လာပြောပြသည်။ ထိုအခါ ကျွန်တော်က –

"ကဲ–ကိုချစ်စံဝင်း ခင်ဗျားလိပ်တွေ ကျွန်တော့် လာယူ မယ်"

ဟုဆိုပြီး ကျွန်တော်က လိပ်(၉)ကောင်ကို ကားလွှတ်ပြီး ယူခိုင်းလိုက်တော့ ကိုချစ်စံဝင်းက စက္ကူကတ်ပုံးများနှင့် ကျွန်တော့် ထံပို့ လိုက်သည်။

## လိပ်(၉)ကောင်ရောက်လာ

လိပ်(၉)ကောင် ကျွန်တော့်အိမ် ရောက်လာတော့ (၉)ကို တော့ ကံကောင်းတဲ့ နံပါတ်ပဲဆိုကာ အိမ်နောက်ဖေးမှ အုတ်ကန် တွင် ထည့်၍မွေးထား၏။ အချို့ကလည်း –



www.burmeseclassic.com

www.burmeseclassic.com





ကဝမြို့နယ်၊ ရစ်ကံကြီးရွာ၊ ကမာစုရွာတို့မှ လိပ်များကို
ရန်ကုန်တိရစ္ဆာန်ရုံသို့ သွားရောက်လှူဒါန်းစဉ်။

"လိပ်ကိုမမွေးရဘူး။ လိပ်ပုတ်လို့ခေါ်ရမယ်"
ဟု ဆို၏။

အချို့ကလည်း -

"လိပ်က လာဘ်ကောင်းသည်၊ ထီထိုး"
ဟု ဆို၏။

ကျွန်တော်က ရန်ကုန်တိရစ္ဆာန်ရုံနှင့်ဆက်သွယ်၍ လိပ် (၉)ကောင် လှူပါရစေဆိုတော့ တိရစ္ဆာန်ရုံက လက်ခံပေးပါမည်ဟု ဆိုသည်။ ကျွန်တော်သည် လိပ်စာဖိုး သုံးသောင်းကျပ်ပါလှူ၍ ရန်ကုန်တိရစ္ဆာန်ရုံသို့ သွား ပို့လိုက်၏။ လိပ်(၉)ကောင်လှူသော





နေ့က ကိုချစ်စံဝင်းလည်း တိရစ္ဆာန်ရုံသို့ရောက်လာသည်။ သူလိပ်များကို သူကိုယ်တိုင်လှူဒါန်းပေး၍ ပျော်နေဟန်ရှိသည်။ ကျွန်တော်က လိပ်(၉)ကောင်အတွက် စုစုပေါင်း ကုန်ကျစရိတ် ကျွန်တော်ပေးမည်ဟုဆိုတော့ ကိုချစ်စံဝင်းက -

"ဗိုလ်ချုပ်၊ ကျွန်တော်စခဲ့တာ တစ်ယောက်တစ်ဝက်စီ အလှူပါဝင်တာ ကောင်းပါတယ်"
ဆိုပါ၍ ကုန်ကြစရိတ်တစ်ဝက်ကို ကျွန်တော်က ကိုချစ်စံဝင်းအား ပေးလိုက်သည်။

## လိပ်စောင့်ရှောက်ရေး

ကိုချစ်စံဝင်းက သူ့အရပ်မှာ အခုလိုစောင့်ဝယ်ရင် လိပ် အကောင်(၂၀၀)လောက်ရဦးမယ်ဟု ဆိုသည်။ လိပ်များကို စောင့်ရှောက်လိုပါသော်လည်း သူက -

"ဗိုလ်ချုပ် လိပ်တွေကို ဘယ်လို စောင့်ရှောက်မလဲ? အတတ်ပညာနည်းပညာလည်းလိုမှာ။ လိပ်မွေးလို့လျှင် သက်ဆိုင်ရာ ဝန်ကြီးဌာနမှာလဲ လျှောက်ထားပြီး ခွင့်ပြုချက်ယူပြီးမှ မွေးလို့ရမှာ။ ဒီကိစ္စတွေက ကျွန်တော်တို့ လက်လှမ်းမီတာထက် နည်းနည်းတော့ လွန်နေပါတယ်"
ဟုဆိုသည်။

ဟုတ်ပါသည်။ လိပ်များကို စောင့်ရှောက်ဖို့ ကျွန်တော်တို့ အသက်အရွယ်ကလည်း အနည်းငယ်လွန်နေ၍ လုပ်နည်းစနစ် များလည်းလိုသည်။ ကျွန်တော်တို့ အဘိုးကြီးများထက် လူငယ် များက လိပ်မွေးမြူရေး၊ ထိန်းသိမ်းရေးကို စဉ်းစားသင့်သည်။



www.burmeseclassic.com

ကိုချစ်စံဝင်းကတော့ ဒေသက ဆရာတော်တစ်ပါးထံ ကူရင်ရမည်ဟုဆိုသည်။ လိပ်များကို ဝယ်ယူဖို့ကတော့ စိတ်ဝင်စားသူအား လှူ့ဒါန်းပြီး လိပ်(၁)ကောင်ကိုဖြစ်စေ၊ (၂)ကောင်ဖြစ်စေ တတ်နိုင်သမျှ လှူနိုင်သည်။ လိပ်များရလျှင် ဆရာတော်၏ ကျောင်းထဲ လွှတ်ထားမည်။ ကမာစဲ၊ ရစ်ကန်ကြီး၊ အုန္နဘက်မှ ဘုန်းကြီးကျောင်းတိုင်းတွင် ရေကန်များရှိသည်။ ထိုကန်များထဲတွင် လွှတ်ထားနိုင်သည်။

အချို့သော ဘုန်းတော်ကြီးကျောင်းများ၏ သစ်ပင်များ ပေါ်တွင် ဖျိုင်း၊ တင်ကြီး၊ လင်းဝက် စသည်တို့လာနားနေကြ ကြောင်း သိရသည်။ ဘုန်းကြီးကျောင်းမှ တိရစ္ဆာန်ဖြစ်၍ ဘယ်သူမှ လာမနှောင့်ယှက်။ ထို့အတူလိပ်များကို ဘုန်းကြီးကျောင်း ကန်ထဲတွင် စောင့်ရှောက်ထားလျှင်ရမည်။

## လိပ်ဘေးမဲ့ဒေသ

မိုးတွင်းကျလာတော့ လိပ်များပေါက်ဖွားရာ ဒေသတစ်ဝိုက် တွင် ကျေးရွာလူကြီးများ၊ ရွာတွင် ဩဇာကြီးမရှိသူများ၊ မွေးမြူရေးဌာနမှ ပုဂ္ဂိုလ်များက စုပေါင်းကာ လိပ်ဘေးမဲ့ဒေသ သတ်မှတ်၍မွေးမည်။ နွေအခါ လိပ်များကို ကန်ထဲပြန်ထည့်ပြီး သုံး,လေးနှစ် မွေးလိုက်ပါက လိပ်အကောင်ရေ သုံး,လေးထောင် ဖြစ်နိုင်သည်ဟုဆို၏။

ကိုချစ်စံဝင်းသည် သူ့ဇာတိရပ်ရွာတွင် လိပ်စောင့်ရှောက် ပေးမည့် ဘုန်းတော်ကြီးကျောင်းကို ရှာဖွေလျက်ရှိပါသည်။ မရ





က သူ့ဟာသူ လိပ်ကန်ပြုလုပ်၍ စောင့်ရှောက်လိုသော ဆန္ဒက ရှိနေဆဲဖြစ်သည်။

လိပ်ကိုထိုကဲ့သို့ စောင့်ရှောက်လိုသော အခြားသူများလည်း ရှိကြပါမည်။ လိပ်ကို မျိုးသုဉ်းတော့မည်ဟုပြောဆိုရုံမျှနှင့် မပြီး။ လိပ်များကို ဘယ်လိုကယ်တင်ကြမည်ဆိုသော နည်းလမ်းများ ကိုလည်း ရှာဖွေဖော်ထုတ်ရန် လိုအပ်လျက်ရှိသည်။

ကိုချစ်စံဝင်းက မိကျောင်းမွေးမြူရေး၊ လိပ်မျိုးမသုဉ်းရေး၊ သစ်တော သစ်ပင်စိုက်ပျိုးရေးအစရှိသော ကိစ္စများအတွက် ပြီးစလွယ် ပညာပေးခြင်းမဟုတ်ဘဲ မီဒီယာမှထိရောက်မှုရှိသော တီဗွီ၊ ဗီဒီယိုအစရှိသော လူထုဆက်သွယ်ရေးကိရိယာများကို အသုံးပြုလည်း ပညာပေးရန်လိုပါသည်ဟု ရေတိမ်ဒေသထိန်းသိမ်း ရေးနေ့တွင် တရားဝင်ဆွေးနွေးခဲ့ကြောင်းသိရပါသည်။

❒



www.burmeseclassic.com
www.burmeseclassic.com

www.burmeseclassic.com

အခန်း (၂၁)

# ရေတိမ်မနစ်ဖို့အရေး

မြစ်ဝကျွန်းပေါ်ဒေသကြီးနှင့် မိကျောင်းအကြောင်း၊ လိပ်အကြောင်းတို့နှင့်အတူ ကျွန်တော် ဆက်တိုက်ပြောဆိုလိုသော ကိစ္စတစ်ရပ်ရှိပါသည်။ ထိုကိစ္စသည် အရေးလည်းကြီးသည်။

ထိုကိစ္စသည် အခြားမဟုတ် ရေတိမ်ဒေသ ကာကွယ်ရေးကိစ္စဖြစ်ပါ၏။ ရေတိမ်ဒေသကာကွယ်ရေးမဟုတ်ဘဲ ရေတိမ်ဒေသကယ်ဆယ်ရေးလို့ပြောမှ ပြည့်စုံမည်လားမသိတော့။ ရေတိမ်ဒေသသည် ကယ်ဆယ်ရမည့် အခြေအနေသို့ ရောက်နေပြီဟု ထင်ရပါသည်။



www.burmeseclassic.com

www.burmeseclassic.com



## နေ့စဉ်ဘဝနှင့် ဆက်စပ်

ရေတိမ်ဒေသသည် ကျယ်ဝန်းအရေးပါသည်။

လူတို့၏ နေ့စဉ်ဘဝနှင့် ဆက်စပ်နေသော ဒေသလည်း ဖြစ်၏။ လူတို့အကျိုးစီးပွားဖြစ်ထွန်းရာ၊ ငှက်တို့အကျိုးစီးပွား ဖြစ်ထွန်းရာ၊ သတ္တဝါ အများအပြား ပေါက်ဖွားရာဒေသဖြစ်သည်။

ရေတိမ်ဒေသဆိုသည်မှာ -

"လူတို့က ဖန်တီးထားသောဒေသဖြစ်စေ၊ သဘာဝ အလျောက်ဖြစ်သော ဒေသဖြစ်စေ၊ ခဏဖြစ်စေ၊ အမြဲဖြစ်စေ ရေချိုဖြစ်စေ၊ ရေငန်ဖြစ်စေ ရေရှိနေသော နေရာ ရေချိုရေငန်တို့ စီးဆင်းတည်ရှိနေသော နေရာများကို ရေတိမ်ဒေသဟုခေါ်သည်။ ပင်လယ်ကမ်းရိုးတန်းများ တွင်ကား ဒီရေအကျဆုံးအချိန်တွင် ရေအနက် (၆)မီတာ ထက်မပိုသော ရေပြင်ဒေသကို ရေတိမ်ဒေသဟု ခေါ်သည်။"

လူလုပ်၍ဖြစ်စေ၊ ဘဝကြောင့်ဖြစ်စေ၊ ယာယီဖြစ်စေ၊ အမြဲဖြစ်စေ ရေရှိနေသော၊ ရေစီးဆင်းနေသော ဒေသကို ရေတိမ်ဒေသဟု ခေါ်၏။ ထို့ကြောင့် ရေရှိသော နေရာများအားလုံး အကျုံးဝင်သည်။ ကမ်းရိုးတန်းဒေသများ၊ သန္တာကျောက်တန်းများ၊ လတာပြင်၊ ဒီရေတောများ၊ မြစ်ဝများ၊ မြစ်ချောင်းများ၊ ရွှံ့ညွှန်တော များ၊ အင်းအိုင်များ၊ ကန်များအားလုံး ပါဝင်၍ မြန်မာနိုင်ငံ မြောက်ဖျားမှ ရေခဲဖုံးလွှမ်းနေသော ဒေသများအထိ ပါဝင်သည်။

ထိုဒေသများကို ရေတိမ်ဒေသဟုခေါ်ပါက မြန်မာနိုင်ငံ





ငှင် မြစ်ဝကျွန်းပေါ်ဒေသတစ်ခုလုံး ဧရာဝတီ၊ သံလွင်၊ ချင်းတွင်း၊ စစ်တောင်းမြစ်ဝှမ်းများနှင့် မြစ်လက်တက်ဒေသများ၊ အင်းတော် ကြီး၊ အင်းတော်၊ ကန်တော်ကြီး၊ အင်းလေး အစရှိသော ဂုန်နှင့် စိုက်ပတ်ဝန်းကျင်ဒေသများ အင်းအိုင်များ၊ ဆည်များတည်ရှိရာ ဒေသများ၊ ကမ်းရိုးတန်းများ၊ နတ်မြစ်ဝမှ ဘုရင့်နောင်အငူ အထိရှည်လျားသော ပင်လယ်ကမ်းရိုးတန်းဒေသများ ပါဝင်သည်။

## ကုန်ထုတ်လုပ်မှု အကောင်းဆုံးပတ်ဝန်းကျင်

ထို့ကြောင့် ရေတိမ်ဒေသသည် ကမ္ဘာပေါ်တွင် ကုန်ထုတ် လုပ်ငန်းအကောင်းဆုံး ပတ်ဝန်းကျင်ဖြစ်ရုံမက ထိုဒေသသည် လူဦးရေအများအပြား နေထိုင်ရာဒေသဖြစ်သည်။ ကုန်ထုတ် လုပ်ငန်းအားနှင့် လူဦးရေ၏ လိုအပ်ချက်များကို ရေတိမ်ဒေသက ဖြည့်ဆည်းပေးလျက်ရှိသည်။

ရေတိမ်ဒေသသည် ငါးနှင့် ရေပျော်ငှက်များ ပေါက်ဖွား ကြီးပြင်းရာဒေသ ဖြစ်သည်။ ငါး၊ ပုစွန်မွေးမြူရေးကို အများ အားဖြင့် ရေတိမ်ဒေသတွင်သာ ပြုလုပ်ကြသည်။ ရေတိမ်ဒေသ သည် ကမ္ဘာမြေကြီး၏ (၆)ရာခိုင်နှုန်းရှိသည်ဟု သိရ၏။ ထို့ကြောင့် ရေတိမ်ဒေသသည် လူနေမှုဘဝ ဖွံ့ဖြိုးတိုးတက်ရေး၊ ယဉ်ကျေးမှုဆိုင်ရာ အမွေအနှစ်များ တိုးတက်ဖွံ့ဖြိုးရေးတို့နှင့် ဆက်စပ်နေသော အကြောင်းတရားများ ပေါင်းဆုံရာဒေသ ဖြစ်သည်။ ရေတိမ်ဒေသသည် လူ့အဖွဲ့အစည်းအတွက် အသုံးဝင်သော အရေးပါ၍ အဖိုးတန်သော ဒေသဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com












## ရေစပ်စပ် ကုန်းစပ်စပ်

ရေတိမ်ဒေသ အရေးပါကြောင်းကို စောစောပိုင်းကပင် ပညာရှင်တို့ လေ့လာမိကြသည်။ ဤဒေသသည် ရေရှိသောကြောင့် သားငါးတိရစ္ဆာန်တို့နှင့် ဆက်စပ်နေသော ဒေသဖြစ်သလို ရေစပ်စပ်ကုန်းစပ်စပ် နေရာများ ပါဝင်သည်။ ထို့ကြောင့် ယင်းဒေသသည် ဟင်းသီးဟင်းရွက် သစ်သီးဝလံများ စိုက်ပျိုးဖြစ်ထွန်းရာ ဒေသလည်းဖြစ်သည်။ ရေတိမ်ဒေသသည် သားငါးတိရစ္ဆာန်များ ပေါက်ဖွားမျိုးပွားရာဒေသဖြစ်သည်။ ရေတိမ်ဒေသတွင် ဒီရေတော များလည်း ပါဝင်သည်။ ဒီရေတောများတွင် ပုစွန်ကဲ့သို့သော အိုးတန်ရေသတ္တဝါများ ဥချပေါက်ဖွားရာ ဖြစ်၏။ ရေတိမ်ဒေသ တွင် ငါးကြင်း၊ ငါးတန်၊ ငါးသလောက်၊ ငါးမြင်း၊ ငါးရံ့၊ ကကတစ်၊ ကသပိုး၊ ကသပေါင်း အစရှိသော ရေချိုရေငန်ငါးများ ပေါက်ဖွားရှင်သန်ကြသည်။

ထို့ကြောင့် ရေတိမ်ဒေသသည် အရေးကြီးလှသည်။

ရေတိမ်ဒေသ အရေးကြီးသောကြောင့် နှစ်စဉ် ဖေဖော် ဝါရီလ (၂) ရက်နေ့ကို ကမ္ဘာ့ရေတိမ်ဒေသနေ့ (World Wetlands Day) အဖြစ် သတ်မှတ်ထားသည်။ ၁၉၇၁-ခုနှစ်၊ ဖေဖော် ဝါရီလ (၂)ရက်နေ့က အီရန်နိုင်ငံ၊ ရမ်ဆာမြို့တွင် ရေတိမ်ဒေသ ဆိုင်ရာ ညီလာခံတစ်ရပ်ကိုပြုလုပ်ခဲ့ရာ ယင်းညီလာခံပြုလုပ်သော နေ့ကို "ရေတိမ်ဒေသနေ့"အဖြစ် သတ်မှတ်ခဲ့ခြင်းဖြစ်သည်။

ထိုညီလာခံကို ရမ်ဆာမြို့တွင် ပြုလုပ်ခဲ့သောကြောင့် Ramsa Convention ဟု ခေါ်ခဲ့၏။ ရေတိမ်ဒေသ ထိန်းသိမ်းရေး



www.burmeseclassic.com

www.burmeseclassic.com








အုကျွန်း ဒီရေတောမျိုးဥယျာဉ်။





ရှောက်ရေးအတွက် ရမ်ဆာအဖွဲ့ကိုဖွဲ့စည်းခဲ့ရာ မြန်မာနိုင်ငံသည် ၂၀၀၄-ခုနှစ်က ရမ်ဆာအဖွဲ့ဝင်အဖြစ် ဝင်ရောက်ခဲ့ပြီးဖြစ်သည်။

## မြန်မာရေတိမ်ဒေသ

ဧရာဝတီမြစ်သည် မေခနှင့် မလိခ ပေါင်းဆုံရာ မြစ်ဆုံမှ မြစ်ဝကျွန်းပေါ်တိုင် မိုင်ပေါင်း ထောင်ချီ၍ ရှည်လျားသည်။ မြန်မာ့ ပင်လယ်ကမ်းရိုးတန်းသည် နတ်မြစ်ဝမှ ဘုရင့်နောင်အငူအထိ ရှည်လျားသည်။ ထိုပြင် ချင်းတွင်း၊ စစ်တောင်း၊ သံလွင်၊ ဂိုင်း၊ အတ္တရံ၊ ကုလားတန်၊ လေးမြို့၊ မယူ၊ နတ်မြစ် စသည့်မြစ်ကြီးများ လည်းရှိသေးရာ ထိုမြစ်ဝှမ်းများအားလုံးသည် ရေတိမ်ဒေသတွင် အကျုံးဝင်ကြသည်။ တွက်ချက်သတ်မှတ် တိုင်းတွာထားချက်များ အရ မြန်မာနိုင်ငံ၏ (၅၈)ရာခိုင်နှုန်းသော မြေဧရိယာသည် ရေတိမ်ဒေသအတွင်း အကျုံးဝင်လျက်ရှိသည်။ မြန်မာနိုင်ငံ၏ အဖိုးတန်ရေတိမ်ဒေသများသို့ ဟိမဝန္တာမှ ဆောင်းခိုငှက်များသည် နှစ်စဉ် အောက်တိုဘာလလယ်မှ ဧပြီလအထိ အကောင်ရေ သိန်းနှင့်ချီ၍ လာရောက်တတ်ကြသည်။ ထို့ကြောင့် မြန်မာ့ ရေတိမ်ဒေသသည် ဆောင်းခိုငှက်များအတွက်ပါ နားခိုရာ ဒေသကြီးဖြစ်သည်။

ရေတိမ်ဒေသ တည်ရှိခြင်းကြောင့်ရရှိသော အကျိုး ကျေးဇူးများကလည်း ကြီးမားလှသည်။ အရေးအကြီးဆုံးမှာ ရေတိမ်ဒေသမှ ရေရရှိခြင်းဖြစ်၏။ သုံးရေ၊ သောက်ရေ၊ တိရစ္ဆာန်အတွက် ရေကို ရေတိမ်ဒေသမှရကြသည်။ ရေတိမ်ဒေသ သည် မြေအောက်ရေကိုလည်း ဖြည့်ဆည်းပေးသောကြောင့်



www.burmeseclassic.com

www.burmeseclassic.com



သစ်ပင်၊ စားပင်တို့ရှင်သန်ရန်၊ ဒေသကြီးစိမ်းလန်းစိုပြည်နေရာ
အထောက်အကူပြုသည်။

ရေတိမ်ဒေသသည် ရေစီးနှုန်းကိုထိန်းပေးခြင်း၊ ဆားငန်ရေ
မြေအောက်သို့ ထိုးဝင်လာမှုကို ကာကွယ်ပေးခြင်း၊ သဘာဝ
ဘေးအန္တရာယ်များကို ကာကွယ်ထားပေးခြင်း စသည့် အကျိုး
ကျေးဇူးများလည်း ရရှိသည်။

ရေတိမ်ဒေသသည် မြစ်များ၏ အနယ်ကျမှုကို ထိန်းချုပ်
ပေးသည်။ မြစ်များအနယ်ကျရာ ဒေသများသည်လည်း ရေတိမ်
ဒေသဖြစ်လျက်ရှိ၏။



မိန်းမလုကြိုးဝိုင်း အနောက်ထော်ပိုင်စခန်း။





## မြေဩဇာထိန်းပေး

ရေတိမ်ဒေသသည် မြေဆီမြေဩဇာများကို ထိန်းသိမ်းထား
ပေးပြီး ရေနှင့်မြေတွင်ရှိသော အဆိပ်အတောက်များကိုလည်း
ဖယ်ရှားပေးသည်။ ရေတိမ်ဒေသတွင် ရေကြောင်းအသုံးပြုနိုင်ခြင်း၊
ရေထွက်ပစ္စည်းများ ထုတ်လုပ်ပေးခြင်း၊ စွမ်းအင်ထုတ်ပေးခြင်း၊
ဇီဝထိန်းသိမ်းပေးခြင်း၊ အပန်းဖြေခြင်းနှင့် သဘာဝ အခြေခံ
ခရီးသွားလုပ်ငန်း ဖွံ့ဖြိုးစေနိုင်ခြင်း စသည့် အကျိုးများလည်း
ရှိသည်။

ငါးရိက္ခာသည် လူသားတို့အတွက် အကောင်းစား ပရိုတိန်း
နှင့် အန္တရာယ်ကင်းသော အာဟာရကို ရရှိစေသည်။ ငါးလုပ်ငန်းနှင့်
အသက်မွေးဝမ်းကြောင်း ပြုသူတို့ကလည်း ကမ္ဘာတွင် များပြား
လှ၍ ကမ္ဘာ့လူဦးရေ (၃၅)သန်းကျော်သည် တံငါလုပ်ငန်းနှင့်
အသက်မွေးကြကြောင်း သိရသည်။

ရေတိမ်ဒေသမှ သားငါးပုစွန် သာမက လူတို့၏ အဓိက
အာဟာရဖြစ်သော ဆန်စပါးကိုလည်း ရေတိမ်ဒေသမှ ရရှိ၏။
ရေတိမ်ဒေသတွင် သစ်တောများလည်း ရှိ၏။ ထို့ကြောင့် ရေတိမ်
ဒေသသာ ပျက်စီးဆုံးရှုံးပါက လူသားတို့အတွက် အလွန်အမင်း
ကြီးမားသော ဆုံးရှုံးမှုများကြုံတွေ့နိုင်၏။ ရေတိမ်ဒေသ ပျက်စီး
ပါက လူသားကမ္ဘာအတွက် မတွေးဝံ့လောက်အောင် ဆုံးရှုံးမှုများ
ရှိနိုင်သည်။

အိန္ဒိယသမုဒ္ဒရာနှင့် ကပ္ပလီပင်လယ်ပြင်အတွင်းသို့ ဆူနာမီ
ရေလှိုင်းများ ဝင်ရောက်စဉ်က မြန်မာ့ရေတိမ်ဒေသ၌ ဒီရေတော



www.burmeseclassic.com

www.burmeseclassic.com



များက ရေလိုင်းကို အကာအကွယ်ပေးထားပြီး မြန်မာ့ပင်လယ် တစ်ရိုးတန်းသည် တောင်နှင့်မြောက်တန်းနေသော ပထဝီဝင် အနေအထားများကြောင့် အဆိုးအရွား အလွန်ပင်နည်းခဲ့ခြင်းဖြစ် ကြောင်း ကျွမ်းကျင်သူတို့က သုံးသပ်ကြသည်။

## ပျက်စီးရသည့် အကြောင်းရင်းများ

သို့သော် ထိုကဲ့သို့ အတာက်ဘက်မှ အဖိုးဖြတ်၍မရသော ရေတိမ်ဒေသသည် ပျက်စီးဆုံးရှုံးရန်အရေးများနှင့် ရင်ဆိုင်နေကြ ရ၏။ အချို့ဒေသများတွင် ရေတိမ်ဒေသများ ပျက်စီးနေရသည်။

ပျက်စီးရသည့် အကြောင်းအရင်းများမှာ -

၁။ ရေတိမ်ဒေသတွင် လူနေအိမ်ခြေ၊ မြို့ပြနေရာများ တိုးချဲ့လာကြခြင်း။

၂။ စိုက်ပျိုးရေးလုပ်ငန်းများ၊ စက်မှုလုပ်ငန်းများ၊ လမ်းပန်းချဲ့ထွင်မှု၊ လျှပ်စစ်မီးသွယ်တန်းခြင်းများ များပြားလာခြင်း။

၃။ ပလတ်စတစ်ပစ္စည်းများနှင့် မြို့ကြီးပြကြီးများမှ လူတို့၏အညစ် အကြေးစွန့်ပစ်မှုများပြားလာခြင်း။

၄။ အလွန်အကျွံ ငါးဖမ်းခြင်း၊ ငါးပုစွန်တို့ကို စည်းကမ်း တကျ မဖမ်းဆီးခြင်း၊ အမဲလိုက်ခြင်း။

စသည့်အကြောင်းများကြောင့် ရေတိမ်ဒေသများ ပျက်စီးလာရခြင်း ဖြစ်သည်ဟု ဆိုသည်။







ဒီရေတောများ ပျက်သုဉ်းခြင်းသည် ထင်းအလို့ငှာ ခုတ်ယူသုံးစွဲမှုသည်အကြောင်း။

## အလွန်အကျွံ ငါးဖမ်းမှု

ရေတိမ်ဒေသတွင် မြို့ကြီးများမှ စွန့်ပစ်အမှိုက်များသာမက စိုက်ပျိုးရေးအတွက်သုံးစွဲသော ပိုးသတ်ဆေးမျိုးစုံတို့ကလည်း ရေတိမ်ဒေသကို ဆိုးဝါးစွာ ပျက်စီးစေသည်။ ရေတိမ်ဒေသ ပျက်စီးရလေအောင် ဘက်စုံခြိမ်းခြောက်မှုများရှိနေ၏။

ငါးများ၊ ရေနေတိရစ္ဆာန်များနှင့် ငှက်များအတွက် စားကျက်များဖြစ်ကြသော အင်းများ၊ အိုင်များသည် [illegible]




www.burmeseclassic.com

www.burmeseclassic.com



စိုက်ပျိုးရန် လယ်မြေယာမြေများအဖြစ် တိုးချဲ့ဖျက်ဆီးမှုများ တိုလည်း ကြုံတွေ့နေကြရသည်။

အလွန်အကျွံငါးဖမ်းမှုတွင် ခြင်ထောင်ပိတ်ဖြင့်ဖမ်းခြင်း လျှပ်စစ်ဖြင့် ရှော့ခ်ရိုက်၍ဖမ်းခြင်း စသော အပြုအမူတို့ကလည်း ပျက်စီးဆုံးရှုံးမှုများဆီသို့ တွန်းပို့နေသည်။



လူသားတို့သည် ငါးဖမ်းမှုကို လိုသည်ထက်ပို၍ ဖမ်းခဲ့သည်။







ရေတိမ်ဒေသပျက်စီးပါက ယခုကဲ့သို့ ရေလမ်းကို အသုံးပြုနိုင်တော့မည်မဟုတ်။

မြန်မာနိုင်ငံသည် ပုလဲထုတ်လုပ်မှုကို ကမ်းဦးရေတိမ်ဒေသတွင်ပင် ထုတ်လုပ်လျှက်ရှိရာ ရေတိမ်ဒေသပျက်စီးမှုသည် ပုလဲလုပ်ငန်းကဲ့သို့သော အဖိုးတန်လုပ်ငန်းများအတွက် ပျက်စီးရာပျက်စီးကြောင်း လမ်းစပင်ဖြစ်သည်။

ရေတိမ်ဒေသ ထိန်းသိမ်းရေးသည် လူသားတို့ ရေတိမ်ဒေသ၏ ကောင်းမွေများကို အမြဲတစေခံစားစေရန်အတွက်ဖြစ်သည်။ ရေတိမ်ဒေသ ပျက်စီးဆုံးရှုံးရပါ ရေတိမ်ဒေသက ပေးသော ဖြစ်ထွန်းအောင်မြင်မှု အကျိုးကျေးဇူးအရပ်ရပ်သည် ရေတိမ်နစ်ဖွယ်သာ ရှိသည်။



www.burmeseclassic.com

www.burmeseclassic.com



ရေတိမ်ဒေသ ပျက်စီးပါက သား၊ ငါးပုစွန်တို့ မွေးဖွားရာ ဒေသများ ပျက်စီးခြင်း၊ သွားရေးလာရေး ဒုက္ခရောက်ခြင်း သောက်သုံးရေနှင့် စိုက်ပျိုးရန်ရေ၊ တိရစ္ဆာန်များအတွက် ရေပါ အခက်အခဲများစွာ ရှိနိုင်သောကြောင့် ရေတိမ်ဒေသ ထိန်းသိမ်း စောင့်ရှောက်ရေးသည် အလေးထားကြရမည့်ကိစ္စဖြစ်ကြောင်း တင်ပြရပါသည်။

❐



အခန်း (၂၂)

# ပြာသောငွေဆောင်

## Blue Ngwe Saung

တစ်နှစ်၏ မတ်လတွင် ကျွန်တော်တို့ ငွေဆောင်သို့ သွားဖြစ်ခဲ့ကြသည်။ ဦးလေးအုံး၏မေတ္တာရပ်ခံချက်ကြောင့် စီစဉ်သွားရောက်ခဲ့သောခရီးဖြစ်သည်။ ငွေဆောင်သည် နာမည်ကြီး မြန်မာ့ပင်လယ်ကမ်းခြေ အနားယူအပန်းဖြေစခန်းဖြစ်၍ ကျွန်တော် ကိုယ်တိုင်လည်း ငွေဆောင်သို့ သွားလိုသည်။

ငွေဆောင်သွားမည်ဆိုတော့ ဦးလေးအုံးက ကျွန်တော့်အား ငွေဆောင်မှာ အနားယူရင်း ဆောင်းပါးတစ်ပုဒ်ဖြစ်စေ၊ စာတစ်ပုဒ် ဖြစ်စေ ရေးဖြစ်အောင်ကြိုးစားပါဟု ဆိုသည်။ ထို့ကြောင့် ကျွန်တော့်သည် စာရေးရန် စက္ကူရော၊ ဘောလ်ပင်ရော၊ အနှီး အကား စာအုပ်များအချို့ပါ ယူခဲ့သည်။ ဇနီးဖြစ်သူကလည်း



www.burmeseclassic.com

www.burmeseclassic.com



ယောကျ်ားဖြစ်သူ ငွေဆောင်ခရီးတွင် စာရေးဖြစ်လိုဖြစ်ငြားဆိုပြီး လိုအပ်တာ အကုန်ထည့်ပေးလိုက်သည်။

## စိတ်ကူးကောင်းကောင်း

ကျွန်တော်တို့ ငွေဆောင်ရောက်ပါက တည်းခိုရန် ဒဂုန် ဦးဝင်းအောင်နှင့် ဇနီးဒေါက်တာ ဒေါ်မိုးမြမြတို့က သူတို့၏ Palm Beach Resort Hotel တွင်နေထိုင်ဖို့ စီစဉ်ပေးသည်။ ငွေဆောင်ရှိ ဟိုတယ်များအနက် *Palm Beach* သည်စိတ်ကူးကောင်းကောင်းနှင့် ပြုလုပ်ထားသော အဆင့်မြင့်ဟိုတယ်တစ်ခု ဖြစ်သည်။

ကျွန်တော် ငွေဆောင်သို့ရောက်တော့ ကမ်းခြေ၏ အခြေအနေကို အကဲခတ်သည်။ မြန်မာနိုင်ငံတွင် ငပလီ၊ ချောင်းသာ၊ ကမ်းသာယာ၊ ကျွန်တော်တို့ မွန်ပြည်နယ်တွင်ရှိသော စက်စဲ၊ မောင်းမကန်နှင့် ကော့မှူး-ကွမ်းခြံကုန်းဘက်မှ လက်ခုပ်ကုန်း အစရှိသော ကမ်းခြေများနှင့် နှိုင်းယှဉ်ပြီး ငွေဆောင်ကို အကဲခတ်လိုသည်။

## အံ့သြစရာကမ်းခြေ

ငွေဆောင်မှာ အံ့သြစရာကောင်းသော ကမ်းခြေတစ်ခု ဖြစ်သည်။ ဘာက အံ့သြစရာကောင်းတာလဲဆိုပါက ငွေဆောင် ကမ်းခြေက (၉)မိုင်အရှည်ရှိသည်။ ဘယ်ကမ်းခြေက အရှည်





(၉)မိုင်ရှိနိုင်မှာလဲ? အကယ်၍ နိုင်ငံသာယာဖွံ့ဖြိုးလာပါက (၉)မိုင် အရှည်ရှိ ကမ်းခြေတစ်လျှောက်တွင် လာရောက်အပန်းဖြေ အနားယူသူအပြည့်ဆိုလျှင် ဒီဒေသကြီး ဘယ်လောက်များ စည်ပင်လိမ့်မလဲလို့? စိတ်ကူးပြီးပျော်မိသည်။ ငွေဆောင်သည် အနာဂတ် ကျွန်တော်တို့ သားသမီး၊ မြေးမြစ်တွေအတွက် ကျွန်တော်တို့ ထားရစ်ခဲ့နိုင်သော အမွေကောင်းတစ်ခု ဖြစ်သည်။

ငွေဆောင်သည် ပုသိမ်မြို့နယ်တွင်ရှိသည်။ ပုသိမ်မြို့မှ မိုင် (၁၀) ရှိ၍ ပုသိမ်-ငွေဆောင် လမ်းပေါ်တွင် သလပ်ခွာ၊ စိန်တောင် အစရှိသော ရွာကြီးများရှိသည်။ ယခင်က ငွေဆောင် ရွာလေး၏ အမည်မှာ ငါးဆော်ဟုခေါ်၏။ ယခုမှ ဤဒေသသို့




ငွေဆောင်၏အလှ ကျောက်မောင်နှမ။



www.burmeseclassic.com

www.burmeseclassic.com





BAY OF BENGAL RESORT.

ငွေတွေ ယူဆောင်လာမည့်အတိတ်ကိုဆောင်၍ ငွေဆောင်ဟု ခေါ်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

ငွေဆောင်၏ အားသာချက်က မျက်နှာခြင်းဆိုင်တွင် ပယ်လယ်ပြင်ကြီး တမေ့တမောရှိနေခြင်းဖြစ်သည်။ မြင်နေရသော ပင်လယ်ပြင်ကြီးသည် ဘင်္ဂလားပင်လယ်အော်ဖြစ်သည်။ ရေကပြာသည်။ သဲက ဖြူသည်။ ရေပြာပြီး သဲဖြူပါက ပင်လယ်ကမ်းခြေတစ်ခု၏ ပြည့်စုံမှုသည် အတော်လုံလောက်ပြီဖြစ်သည်။ ငွေဆောင်ကမ်းခြေတွင် ကျောက်မောင်နှမဆိုတာရှိသည်။ မျက်နှာခြင်းဆိုင် ပင်လယ်ထဲတွင် ချစ်သူများကျွန်းရှိ၍ သူ့ရှေ့တွင် ရေသူမရုပ်တုရှိ၏။

## ဂျာမန်စီမံခန့်ခွဲမှု

ငွေဆောင်၏ မြောက်ဘက်အစွန်းတွင် ဇီးမော်ရှိ၍ တောင်ဘက်အစွန်းတွင် မကျီးမော်ရှိသည်။ ငွေဆောင်တွင်





သည်ကြီး ကုမ္ပဏီကြီး အခု(၂၀)လောက်လာရောက် ရင်းနှီးမြှုပ်နှံထားကြသည်။ ရင်းနှီးမြှုပ်နှံထားသော ငွေကြေးပမာဏသည်း မနည်းလှပေ။ အတတ်ပညာရင်းနှီးမြှုပ်နှံမှုကလည်း အဆင့်အတန်းရှိသည်။ ကျွန်တော်တို့တည်းနေသော Palm Beach ကိုချုပ် စီမံခန့်ခွဲသည့်ပညာရှင်က ဂျာမန်အမျိုးသမီးဖြစ်သည်။ ပိုင်တကာအတွေ့အကြုံရှိ၍ သူ၏ ကြွယ်ဝပြည့်စုံသော အတွေ့အကြုံကို မြန်မာ့ကမ်းခြေအလှအပနှင့် ပေါင်းစပ်ကာ Palm Beach ကို ဖန်တီးယူခြင်းဖြစ်သည်။ ဂျာမန်အစီအမံ အကွပ်အကဲဖြင့် ည်းခိုလိုပါက Palm Beach သို့လာခဲ့ဟု ဆိုရမည်ဖြစ်သည်။ Beach Restort အတွက် ဦးဝင်းအောင်၊ ဒေါက်တာအေါမိုးမြင့်သည် သိန်းပေါင်းအတော်များများ ရင်းနှီးမြှုပ်နှံထားရသည်ဟု ခန့်မှန်းမိသည်။ Palm Beach Resort တွင် ရေကူးကန်ပါရှိနေရာ အလွန်ဆီလျော်သည့် စိတ်ကူးစိတ်သန်းကောင်းတစ်ရပ်ဖြစ်သည်။

ကျွန်တော်လည်း ငွေဆောင်၌ စာတစ်ပုဒ်လောက်ရေးရန် ကြိုးစားကြည့်၏။ တကယ်တော့ ငွေဆောင်သည် စာရေးရန်နေရာမဟုတ်။ အပန်းဖြေအနားယူရန် နေရာသာဖြစ်သည်။

စာရေးခြင်းအလုပ်သည် အနုပညာလုပ်ငန်းဖြစ်သော်လည်း တွေးခေါ်ရသောကြောင့် အတော်ပင်ပန်းသည့် အလုပ်ဖြစ်၏။

## ဆေးလိပ်ငွေများ

ငွေဆောင်သို့လာရောက်သူများက ကမ်းခြေရောက်သောအရက်ကိုလည်းသောက်ကြ၊ ဆေးလိပ်လည်းသောက်၊ နိုင်ငံ



www.burmeseclassic.com

www.burmeseclassic.com



လည်း အောတိုက်အောင် သောက်ကြသောကြောင့် ဆေးလိပ်နံ့နှင့် အရက်ငွေ့များအကြားတွင် စာရေးဖို့နေနေသာသာ ခေါင်းမူး ဝါသည်။ သူတို့ ပင်လယ်ကမ်းခြေသို့ လာရောက်ခြင်းသည် ဆေးလိပ်ငွေ့လွှင့်လို၍ လာရောက်ခြင်းမျိုးဖြစ်နေရာ ကျွန်တော့် အတွက်မှာကား ခေါင်းတိုင်များနှင့်တိုးနေ၍ အခက်တွေ့ရသည်။ ငွေဆောင်တွင် ခေါင်းတိုင်များ ကင်းစင်စေလိုပါသည်။

ကျွန်တော်သည် ပထမနေ့ ညပိုင်းတွင် ဟိုတယ်မန်နေဂျာ ဂျာမန်အမျိုးသမီး Ms. Ranata ၏ အသက်(၈၀)အရွယ် မိခင်ကြီးအားအကြောင်းပြု၍ ကမ်းခြေမှအိပ်ခန်းသို့ ပြန်ခဲ့နိုင်သည်။ ကျွန်အဖွဲ့များကတော့ နောက်တစ်နေ့နံနက် သန်းခေါင်ကျော် တစ်ချက်တို့မှ အိပ်ဆောင်သို့ပြန်လာကြသည်။ ငယ်ရွယ်သူများ ဆိုတော့ အိပ်ရေးအပျက်ခံနိုင်ကြပါသည်။

## အုန်းပင်ပေါသောကမ်းခြေ

နောက်တစ်နေ့တွင် ကျွန်တော်သည် ငွေဆောင်ကမ်းခြေ လမ်းလျှောက်၍ အကဲခတ်ပြန်သည်။

ငွေဆောင်သည် အုန်းပင် အလွန်ပေါသောကမ်းခြေဖြစ်၏ ငွေဆောင်သည် အုန်းပင်၊ အုန်းခြံ၊ အုန်းတောထဲမှ ကမ်းခြေ ဖြစ်သည်။ ငွေဆောင်တွင် ပြောစမှတ်ပြုရလောက်အောင် အုန်းပင် များသည်။ အုန်းပင်သည် ငွေဆောင်၏ အမှတ်အသားဖြစ်သည်။ (၉)မိုင်ရှိသော ကမ်းခြေတစ်လျှောက် အုန်းပင်ရေ (၃)သိန်း ကျော်ရှိသည်ဟုဆိုသည်။ အုန်းစိမ်းတစ်လုံးကို (၂၀)ကျပ်လောက်





ပေးရသည်။ ဈေးနှုန်းဆိုတာ ကြိုးချည်ထား၍ ရတာမျိုးမဟုတ်။ အုန်းသီးဈေးလည်း ယခုဆိုလျှင်တော့ ပြောင်းနေပြီ။ ကမ်းခြေတွင် အုန်းစိမ်းရေ သောက်သုံးလိုသူတို့ လည်းပေါသည်။

အုန်းခြံနှင့် တောအစပ်တွင် ဆပ်သွားဖူးပင်တန်း၊ ဆပ်သွားဖူးရုံများရှိသည်။ ပင်လယ်မှလေပြင်းကို အကာပြုထား



ငွေဆောင်သည် ကမ်းခြေပေါများသောဒေသဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



သည်။ ဆပ်သွားဖူးပင်ဟိုဘက်တွင်မှ သောင်၊ သောင်၏ ဟိုဘက်တွင်မှ လှိုင်းလုံးများ တဝုန်းဝုန်းရိုက်ခတ်နေသော ကမ်းခြေရှိသည်။

ငွေဆောင်နှင့် မျက်နှာချင်းဆိုင်နေသော ကပ္ပလီပင်လယ်အော်ထဲတွင် ငှက်ကျွန်း၊ ဆင်မကျွန်းတို့ရှိကြသည်။ ထိုကျွန်းများသို့ သွားရသည်။ သို့သော် သီးခြားစီစဉ်ပြီးမှ သွားလို့ရတာဖြစ်သည်။ ထိုကျွန်းများရှိရာတစ်ဝိုက်တွင် သန္တာကျွန်းနှင့် ကျောက်ခက် ကျောက်ဆောင်များ ရှိသည်ဟုဆိုသည်။

## ရှားပါးငှက်များရှိ

ငွေဆောင်တွင် သဘာဝသစ်တောထိန်းသိမ်းမှုနှင့် သဘာဝကျေးငှက်တိရစ္ဆာန်များကို ထိန်းသိမ်းစောင့်ရှောက်မည့် အစီအစဉ်လည်းရှိကြောင်း သိရ၏။ ငွေဆောင်တွင် ကမ္ဘာပေါ်၌ပင် ရှားပါးနေပြီဖြစ်သော ငွေခေါင်းဖြူစွန်ကြီးများ၊ လင်းယုန်နှင့် သိန်းငှက်များရှိ၏။ ပင်လယ်ပြင်တွင် ရှားပါးသော ရေသတ္တဝါများလည်းရှိလေရာ ယင်းတို့ကို ထိန်းသိမ်းစောင့်ရှောက်သွားမည်ဟု သိရသည်။

နတ်မြစ်ဝမှ ဘုရင့်နောင်အငူအထိ ပင်လယ်ကမ်းရိုးတန်း အရှည်သည် မိုင်(၁၃၀၀)ကျော်ရှိရာ အလွန်ရှည်လျားသော ပင်လယ်ကမ်းရိုးတန်းဖြစ်သည်။ ထိုမျှရှည်လျားသော ကမ်းရိုးတန်းတွင် ငပလီသည် ကမ္ဘာ့ထိပ်တန်းကမ်းခြေစာရင်းဝင် လှပထည်ဝါသော ကမ်းခြေတစ်ခုဖြစ်၏။ ချောင်းသာကဲ့သို့သော၊ ငွေဆောင်ကဲ့သို့သော ပင်လယ်ကမ်းခြေများမှာ မွန်ပြည်နယ်နှင့် တနင်္သာရီတိုင်းတို့တွင်







YUZANA RESORT

ရှိနေသေးသည်။ ကျွန်တော်တို့ကမ်းခြေများသည် ယခုတိုင် သူများနိုင်ငံများ၏ ပင်လယ်ကမ်းခြေများလို ပလတ်စတစ်အိတ်များ၊ အင်ဂျင်ဝိုင်အဆီပျံနေမှုများ၊ အမှိုက်များ၊ စွန့်ပစ်ပစ္စည်းများ မရှိသေးဘဲ သဘာဝအတိုင်း ရှိနေသေးသည်မှာ ဂုဏ်ယူစရာဖြစ်သည်။ ထို့ကြောင့်လည်း စက်စဲတွင် တစ်ခါကတွေ့ခဲ့ရသော နိုင်ငံခြားသားဧည့်သည်က –

"ခင်ဗျားတို့နိုင်ငံမှာ သဘာဝရင်းမြစ်တွေ အနေအထား မပျက်သေးဘူး"

ဟု ဂုဏ်တင်ပြောကြားသွားခြင်းဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



ငွေဆောင်သည် ကျွန်တော်တို့သွားစဉ်က တည်ဆောက်ဆဲဖြစ်၏။ ပြည့်စုံမှုမရှိသေးပေ။ အထူးသဖြင့် လမ်းပန်းဆက်သွယ်ရေး၊ တယ်လီဖုန်းဆက်သွယ်ရေး စသော ဆက်သွယ်ရေးတွင် တည်ဆောက်ဆဲဖြစ်သည်။ ယခုလောက်ဆိုရင်လျှင်တော့ ပြည့်စုံလောက်ပြီဟု ယူဆနိုင်သည်။

ဦးလေးအုံး၏ တိုက်တွန်းချက်အရ ကျွန်တော်သည် ငွေဆောင်တွင် စာကြိုးစားပြီးရေးသည်။

"ယောကျ်ား .... ဘသား"


ဟု လက်ပမ်းပေါက်ခတ်ရလောက်အောင် ဆောင်းပါးတစ်ပုဒ်တော့ အကြမ်းလောင်း၍ ပြီးခဲ့ပါသည်။

## ပုစွန်ကန်နှင့် သစ်တော

ကျွန်တော်တို့ ငွေဆောင်တွင် နှစ်ပတ်လောက်နေမည်ဆိုသော်လည်း နှစ်ညသာအိပ်ပြီးပြန်ခဲ့သည်။ အပြန်ခရီးတွင် ငွေဆောင်မှအထွက် တစ်နေရာတွင် ပုစွန်မွေးမြူရေးကန်များ တည်ဆောက်နေသည်ကို တွေ့ရှိရသည်။ ကြီးကြီးမားမား တည်ဆောက်နေခြင်းဖြစ်သည်။ မြေကေ(၃၈၀)တွင် ကိုယ်ပိုင်ယန္တရားကြီးများနှင့် တည်ဆောက်နေခြင်းဖြစ်သည်။ ရေငန်ပုစွန်မွေးမြူခြင်းတွင် ရွှေပြောင်းရခြင်း၊ ရေငန်များကို လှယ်ခြင်း၊ ကန်ထဲမှရေကို သွန်ရခြင်းများရှိသောကြောင့် ထိုဒေသသည် ဆားပေါက်ဒေသ ဖြစ်သွားတတ်၏။ ယခု ကေ(၃၈၀) မျှသော









www.burmeseclassic.com

www.burmeseclassic.com



သစ်တောဧရိယာတွင် ပုစွန်မွေးမြူရေးလုပ်နေရာ ထိုနေရာ၏ သဘာဝမြေဆီလွှာများ ဆားပေါက်နိုင်သည်။

ထိုင်းနိုင်ငံတွင် ရေငန်ပုစွန်မွေးသူများနှင့် လယ်သမားများ အပြန်အလှန် ပြဿနာဖြစ်ကာ တိုင်ကြတောကြသည်။ ဥပဒေနှင့် အညီ ပြောကြဆိုကြသည်များကို သတင်းစာကြီးများက ယင်း ပြဿနာကို အရေးတယူဖော်ပြပေးသည်ကို ဖတ်ခဲ့ရဘူးသည်။ လယ်သမားများက သူတို့လယ်မြေများ ဆားပေါက်ခံရခြင်းကြောင့် ပုစွန်ကန်များကို လယ်ယာမြေများမှဝေးရာသို့ ပြောင်းရွှေ့လုပ်စေ လိုသည်။ သစ်တောမြေနေရာများတွင် ရေငန်ပုစွန် မမွေးသင့်ဟု ကျွန်တော်၏ အယူအဆကို တင်ပြလိုက်ရပါသည်။ ငွေဆောင်တွင် ပြုလုပ်ထားသော ပုစွန်ကန်သည် ရေချိုပုစွန်ကန်များဟု သိရသည်။

❒



အခန်း (၂၃)

## ဗိုလ်မြတ်ထွန်းတံတား လိုက်ပို့ပါဆိုလို့ မေဆွိတို့အမေနင့် မှားရာသူ

ခေါင်းဖြူဖြူနှင့် ဆောင်ခိုင့ကက်ကြီးမှာ တစ်နှစ်တစ်ကြိမ် ရန်ကုန်လာလိုက်၊ ပခုက္ကူပြန်လိုက်နှင့်။ ကျွန်တော်ကတော့ သူ ရန်ကုန်ရောက်စဉ် ခရီးတစ်ခေါက်တော့ပို့ပေးသည်။ ယခုတစ်ကြိမ် တော့ ငွေခေါင်းဖြူစွန်ကြီးက ဗိုလ်မြတ်ထွန်းတံတားဆီသို့ ပျံဝဲ၍ ကြည့်လိုသည်ဟုဆိုသည်။

ဗိုလ်မြတ်ထွန်းတံတား လိုက်ပို့ပါ

ဖြစ်ပုံက…

အိမ်မှတယ်လီဖုန်းက အသံမြည်လာသည်။ ကျွန်တော်သ မြည်လာသောဖုန်းကို ကိုင်၍ -

ပန်းမျိုးတစ်ရာစာပေ

www.burmeseclassic.com

www.burmeseclassic.com



"ဟဲလို .... ပြောပါခင်ဗျာ"

ဟုအသံပြုပေးသည်။

"အုံးဖေပါ။ ပခုက္ကူက မနေ့ကပဲရောက်ပါတယ်"

"ဦးလေးအုံး ဘယ်မှာတည်းလဲ၊ မြေနီကုန်းအိမ်မှာလား။ ဟိုတယ်မှာလား"

"မြေနီကုန်းအိမ်မှာပါ"

ဦးလေးအုံးက သူတစ်ယောက်ထဲလာပါက မြေနီကုန်းရှိ ဒေါ်မြမြတို့အိမ်တွင် တည်း၏။ ပခုက္ကူနှင့် မြင်းခြံ ဘက်မှဧည့်သည်များပါလာလျှင် ယုဇနဂါးဒင်းဟိုတယ်တွင် တည်းသည်။

"အခုလာတာက စာပေဆုပေးပွဲကိစ္စအတွက် လာတာပါ။ အခုအချိန်တော့ သိပ်မရပါဘူး။ ဒါပေမယ့် ဗိုလ်မြတ်ထွန်း တံတားကြီးပြီးပြီဆိုလို့ သွားကြည့်ချင်ပါတယ်"

"ဦးလေးအုံးသွားချင်ရင် လိုက်ပို့ရမှာပေါ့။ သွားချင်တဲ့ရက်သာပြောပါ။ တစ်ရက်လောက် ကြိုပြောရင်ရပါတယ်"

ဟုပြောရင်ဆိုရင်း ဖုန်းကျသွားသည်။

ဖုန်းကျသွားတော့ ကျွန်တော်နှင့် ကျွန်တော့်ဇနီးတို့သည်-

ဦးလေးအုံးက ဗိုလ်မြတ်ထွန်းတံတား သွားလို၍ စီစဉ်ကြရအောင်ဟုဆိုကာ ကျွန်တော်တို့နှစ်ယောက် တိုင်ပင်လည်းတိုင်ပင်၊ စီစဉ်လည်းစီစဉ်ကြသည်။

ခရီးက သိပ်မဝေးသောကြောင့် နေ့ချင်းပြန်စီစဉ်လို့ရသည်။





## ဖိုးရာဝဲသို့ဝင်မည်

ကျွန်တော်ကလည်း ရွာလေးတစ်ရွာသို့ သွားချင်သည်။ ရွာတွင် သဘာဝအတိုင်း တောချက်လေးဖြင့် ထမင်းစားလိုစိတ်ရှိသောကြောင့် တံတားကြည့်ပြီး ပန်းတနော်မှ မိတ်ဆွေများထံ ဝင်လည်သွားမည်။ ထို့မှ မအူပင်မြို့သို့ သွားမည်။ မအူပင်ကနေ မလက်တိုကျေးရွာအုပ်စုထဲမှ ဖိုးရာဝဲဆိုသော ကရင်ရွာလေးတွင် ထမင်းစားရန် စီစဉ်လိုက်သည်။

ထိုသို့စီစဉ်ပြီးသောအခါ ကျွန်တော်၏ဇနီးက -

"ဦးလေးအုံး ကျွန်မမြင့်မြင့်ခင်ပါ"

ဟုဆိုကာ ခရီးအစီအစဉ်ကို တင်ပြသည်။

ထိုသို့ တင်ပြပြောကြားသည်ကို ဦးလေးအုံးဘက်မှ -

"ကောင်းပါတယ်"

ဟုဆိုသည်။

## မေဆွိတို့အမေ

ထို့နောက်တော့ ကျွန်တော်တို့ဘက်က သွားမည့်ရက်လည်း အတည်ပြုပြီးပြီမို့ ကျွန်တော်ကိုယ်တိုင် အစီအစဉ်ကို အတည်ပြုသည့်အနေဖြင့် တယ်လီဖုန်းထပ် ဆက်လိုက်သည်။

"ဟဲလို ... ဦးလေးအုံးလား"

"ဟုတ်ပါတယ်"

"ကျွန်တော် ချစ်ဆွေပါ၊ ဦးလေးအုံး ဗိုလ်မြတ်ထွန်းတံတား သွားကြည့်မယ်ဆိုတာ အဆင်သင့်ဖြစ်ပြီလား?"



www.burmeseclassic.com

www.burmeseclassic.com



"အို .... ကိုချစ်ဆွေလား ... အေးဗျာ အတော်ပဲ။ ကျွန်တော်ကလည်း ဗိုလ်မြတ်ထွန်းတံတား သွားကြည့်ချင်နေတာ။ အဲဒါအဆင့်သင့်လိုက်တာဗျာ။ တစ်နေ့က မေဆွိတို့အမေ၊ ဒေါ်မြင့်မြင့်ခင်က သူတို့လည်း ရန်ကုန်ကနေ ပန်းတနော်၊ မအူပင် နောက်ပြီး ရွာလေးတစ်ရွာမှ ထမင်းစားပြီး ပြန်ခဲ့မယ့် အစီအစဉ် ရှိတယ်တဲ့၊ ကိုချစ်ဆွေရော လိုက်ခဲ့မလို့လား?။ လိုက်ခဲ့လေ"

ဟု ဦးလေးအုံးက တစ်ဖက်မှ ပြောပါတော့သည်။

ကျွန်တော်နှင့် ကျွန်တော့်ဇနီးတို့က တယ်လီဖုန်းကိုအတူ နားထောင်နေရာ ဆေးပေါင်းသော အဘိုးအိုတော့ မှားပြီးဆိုတာ သိလိုက်၏။ သူက ဗိုလ်မြတ်ထွန်းတံတားကို သွားကြည့်လိုသည်ဟု ဆိုသည်။ ထို့ကြောင့် ကျွန်တော်တို့က ဗိုလ်မြတ်ထွန်းတံတားသို့ သွားနိုင်ရန် ကြိုးစားပမ်းစား စီစဉ်သည်။

စီစဉ်၍ပြီးတော့ ကျွန်တော့်ဇနီး ဒေါ်မြင့်မြင့်ခင်က -

"ကျွန်မ မြင့်မြင့်ခင်ပါ"

ဟုဆိုပြီး ခရီးသွားမည့်အစီအစဉ်ကိုပြောရာ ထိုသို့ ဖုန်းဆက်သူကို ဆေးပေါင်းသည့်အဘိုးအိုက ကျွန်တော့်ဇနီးဟု မထင်လိုက်ဘဲ သူထံ ဖုန်းဆက်သူသည် မေဆွိတို့အမေ၊ ရုပ်ရှင်မင်းသမီးချော ဒေါ်မြင့်မြင့်ခင်ဟု ထင်သွား၏။

မှားပြီ

တကယ်တော့ မေဆွိတို့ အမေနှင့် ဦးလေးအုံးမှာ တစ်ခါမှ မသိဘူး။





မေဆွိနှင့်လည်း မသိ။ မေဆွိတို့အစ်မ ပခုက္ကူလာတော့ အိမ်လာလည်ပါဦးဟု ဖိတ်သည်ကို စိတ်စွဲကာ ဆေးပေါင်းသည့် အဘိုးအိုအနေနှင့် ဒေါ်မြင့်မြင့်ခင်ချင်း မှားတာဖြစ်သည်။

သြော်... ဦးလေးအုံးရယ်၊ မှားမှ မှားရက်လေတယ်။

ကျွန်တော့်ဇနီးအားလည်း ကျွန်တော်က ဝါဝါဝင်းရွှေ လောက်နဲ့မှ တူသည်ဟုထင်ထားသောကြောင့် အခုဒေါ်မြင့်မြင့်ခင် နှင့် မှားခြင်းဖြစ်ရာ-

"ကဲ-ကိုယ့်စေတနာ ကိုယ့်အကျိုးပေးမှာ၊ မှားစေတော့၊ မှားစေတော့"

ဟုဆိုကာ အဘိုးအို ဘယ်တော့မှမှား အမှန်ကို သတိရလေမလဲဟု စောင့်နေစဉ် အဘိုးအိုဘက်ကလည်း စဉ်းစားသည်။

ငါ့ဆီကို မေဆွိတို့ အမေကတောင် ဖုန်းဆက်တယ်လို့၊ တယ်ဟုတ်ပါလား?

မေဆွိတို့အမေဆိုတာက ငါတို့ခေတ် ငါတို့အခါက တကယ့်ထိပ်ထိပ်ကြဲ အချောဆုံး အလှဆုံး မင်းသမီးကြီး၊

သူကိုယ်တိုင်က ငါ့ကို ဗိုလ်မြတ်ထွန်းတံတားကို လိုက်ပို့မယ်တဲ့။ ဒေါ်မြင့်မြင့်ခင်က ဦးလေးအုံးကို ဗိုလ်မြတ်ထွန်းတံတား လိုက်ပို့မယ်တဲ့။

တယ်ဟုတ်တဲ့ ငါပါလား?

ဆိုပြီးဘဝင်တွေဘာတွေ ဦးလေးအုံးခိုက်သွားမည့် ပုံလည်းရှိသည်။ သို့သော် ဦးလေးအုံးက မေဆွိတို့အမေနဲ့ ငါနဲ့က သိလို့လား ဆိုတာကို ပြန်စဉ်းစားမိတော့ "မသိ"။



www.burmeseclassic.com

www.burmeseclassic.com



မသိရင် မေဆွိတို့အမေက ငါနေတဲ့ မြေနီကုန်းထ ဒေါ်မြမြတို့ အိမ်ဖုန်းကို ဘယ်လိုသိမလဲဟု အဘိုးအိုက စဉ်းစားဖြ ဒါဆိုခုန ဖုန်းဆက်တာကလည်း ဒေါ်မြင့်မြင့်ခင်ဟုဆိုသည်။ ဒါဆို အဲဒီ တယ်လီဖုန်းဆက်တဲ့သူ ဒေါ်မြင့်မြင့်ခင်က ဘယ်သူလဲ။ ဟာ ဒါဆို ငါ့ဆီကိုဆက်တာ ဗိုလ်ချုပ်ကတော်ဖြစ်မှာပါ။

"အခုတော့ မှားကုန်ပြီ၊ မေဆွိတို့အမေနဲ့ မှားပြီ"

ဟုဆိုကာ သူကသူ့အမှားကိုသိတော့မှ မြေနီကုန်းအိမ်သားများထံ ပြောပြသည်ဟုဆိုပါသည်။

ဦးစံရှားလို "မှားတဲ့အခါလဲ မှားပေမပေါ့"ဆိုသော်လည်း လူကြီးရက်တော့ ရယ်ဆိုသလို အဘိုးအိုးခမျာ ချက်ခြင်းကြီး ကျွန်တော်တို့ထံ မှားမိပါပြီလို့ပြောရန် ခက်နေပုံရ၏။

## မှားသွားပါတယ်ခင်ဗျာ

ကျွန်တော်တို့ကလည်း ထိုကိစ္စ မသိဟန်ဆောင်ပြီး အလိုက်သင့်ပဲနေရအောင်ဟုဆိုကာ ခရီးသွားမည့်နေ့က လူ(၂၀) လောက် ချောင်ချောင်ချိချိစီးနိုင်သော ကားကြီးဖြင့် လိုက်မည့် သူများကို ကားပေါ်သို့တက်စေကာ ဆေးပေါင်းသည့် အဘိုးအို တည်းခိုရာ မြေနီကုန်းအိမ်သို့ ကျွန်တော်တို့ သွားကြသည်။ ဦးလေးအုံးက ကျွန်တော်တို့ စီစဉ်လာသောကားကြီးကို ကြည့်ပြီး ပြုံးတုံးတုံးနှင့် ကားပေါ်သို့ တက်လာသည်။ ဘတ်(စ)ကားပေါ် ရောက်မှ -





"ကျွန်တော့်အတွေးခေါင်သွားပြီ. ဒေါ်မြင့်မြင့်ခင်ကို မေဆွိတို့အမေနဲ့ မှားသွားပါတယ်ဗျာ။ ကျွန်တော့်ကို ခွင့်လွှတ်ပါ" ဟုဆိုကာ သူ့ကိုရိုက်မစစ်ရဘဲ ဝန်ခံချက်ပေးရှာ၏။ အားလုံးက ရယ်ကြသည်။

ဦးလေးအုံးက ငယ်ငယ်ကဆို ဘယ်လောက်များ မေဆွိ အမေကို ကြိုက်လေမလဲမသိ။ ပခုက္ကူသို့ မေဆွိတို့ အမေပါဝင် ဆရုပ်ဆောင်သော ရုပ်ရှင်လာလျှင် မလွှတ်တမ်း ကြည့်ရှာလေမှာ ပဲဟု မှတ်ချက်ချကာ ပြုံးရုံလောက်ပြုံးသူလည်း ရှိပါသည်။

အပြုံးအပျော်နှင့်စခဲ့သော ကျွန်တော်တို့ ဗိုလ်မြတ်ထွန်း တံတားခရီးစဉ်က ပျော်စရာကောင်းပါသည်။ ထုံးစံအတိုင်း ဦးလေးအုံးဘက်မှ ဦးကျော်ညွှန့်ရီ၊ ဒေါ်မြမြ၊ သား ကိုမြင့်အောင်တို့ ပါဝင်၍ ကျွန်တော့်ဘက်မှ ကျွန်တော်၊ ကျွန်တော်၏ဇနီး ဒေါ်မြင့်မြင့်ခင်၊ ဒေါက်တာအောင်ဇော်မြင့်နှင့် ပန်းတနော်မှ ဦးအောင်ထွန်းတို့ အပါအဝင် လူပေါင်း (၁၅)ယောက် ခန့်ရှိသည်။

## ပြောက်ကြားခေါင်းဆောင်ကြီး ဗိုလ်မြတ်ထွန်း

ကျွန်တော်တို့ကားကြီး ရန်ကုန်မြို့ကိုဖြတ်၍ လှိုင် သာယာကိုကျော်တော့ အတော်လေးစကားတွေ ဖောင်ဖွဲ့ပြီး ပြောပြီးဖြစ်၏။ ပြီးတော့ ဗိုလ်မြတ်ထွန်းတံတားသို့ရောက်သည်။ ဗိုလ်မြတ်ထွန်းဆိုသည်မှာ ဒုတိယအင်္ဂလိပ်-မြန်မာစစ်ပွဲအပြီးတွင် ဟင်္သာတ၊ ဓနုဖြူ၊ ကျုံပျော်၊ ပန်းတနော်ဒေသများကို အခြေခံ၍




www.burmeseclassic.com

www.burmeseclassic.com



ပန်းတနော်ချောင်းရိုးမှ အင်္ဂလိပ်တို့အား ပြောက်ကျားစနစ်ဖြင့် တော်လှန်ခဲ့သော နယ်ချဲ့ဆန့်ကျင်ရေးသမားကြီးဖြစ်သည်။

အင်္ဂလိပ်တို့သည် ဗိုလ်မြတ်ထွန်းကို တော်တော်နှင့် မနှိမ်နင်းနိုင်ဘဲရှိ၏။ မျိုးချစ်ပုဂ္ဂိုလ်ကြီး ဗိုလ်မြတ်ထွန်းသည် အင်္ဂလိပ်စစ်သင်္ဘောများကို ပန်းတနော်ချောင်းအတွင်း၌ ရေမြှုပ်ပစ်ခဲ့နိုင်သည်။ ဗိုလ်မြတ်ထွန်းသည် အာရှတွင် မော်စီတုန်း၊ ဟိုချီမင်းအစရှိသော ပြောက်ကျားခေါင်းဆောင်များထက် ရှေးကျသော ပြောက်ကြား ခေါင်းဆောင်ကြီးဖြစ်သည်။ ထို့ကြောင့် ထိုဒေသ၌




ဧရာဝတီမြစ်ကူးတံတားကြီး ဆောက်လုပ်ပြီးစီးသောအခါ ထိုတံတားကြီးကို ဗိုလ်မြတ်ထွန်းအားဂုဏ်ပြု၍ ဗိုလ်မြတ်ထွန်းတံတားဟု အမည်ပေးခဲ့ခြင်းဖြစ်သည်။

ဗိုလ်မြတ်ထွန်းတံတားကြီးကိုရောက်တော့ ကျွန်တော်တို့ကားရပ်ပြီး ဆင်းကြည့်ကြသည်။ ဦးလေးအုံးသည် အလွန်ဝမ်းသာအံဩ ကြည်နူးနေဟန်ရှိသည်။ တံတားကြီးကို လက်ညှိုးနှင့်ထိုးမကြည့်ရုံတစ်မယ်သာရှိ၏။

"ဧရာဝတီမြစ်ပေါ်က တံတားကြီး တယ်ခန့်ငြားတာပဲ။ ဧရာဝတီမြစ်ပြင်နဲ့လည်း ပဏာရပါရဲ့ဗျာ"

ဟုဝမ်းမြောက်ကျေနပ်စွာဖြင့် ဆောင်းခိုင်ကြီးက ဆိုပါသည်။

ဦးလေးအုံးက တံတားကြီးပေါ်တွင် ဝအောင်လမ်းလျှောက်ပြီးတော့မှ ကားပေါ်ပြန်တက်သည်။ တံတားကြီးကို ကြည့်၍ဆုံးနိုင်ဖြစ်နေ၏။ ပြီးမှ ပန်းတနော်မြို့သို့ ကျွန်တော်တို့ ဆက်သွားကြသည်။

ပန်းတနော်သည် ကုလသမဂ္ဂအတွင်းရေးမှူးဖြစ်ခဲ့သော ဦးသန့်၏ ဇာတိရပ်ရွာဖြစ်သည်။ ပန်းတနော်တွင် ဒေါက်တာအောင်ဇော်မြင့်၏ဖခင် ဦးအုံးမောင်၊ အမိဒေါ်ကြည်ညွန့်တို့ရှိရာသူတို့အိမ်တွင် ရပ်နား၍နံနက်စာ စားကြသည်။

ပန်းတနော်၌ တစ်နာရီခန့်နေပြီး မအူပင်သို့ထွက်လာကြပါသည်။ ညောင်တုန်းမြို့နယ်၊ မြန်မာရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်း၏လမ်းမှ မအူပင်သို့ ထွက်လာခြင်းဖြစ်သည်။ လမ်းက ပြုပြင်နေဆဲဖြစ်သည်။






www.burmeseclassic.com

www.burmeseclassic.com





မအူပင်မြို့ ဦးအုံးမောင်-ဒေါ်ကြည်ညွန့်တို့အိမ်တွင် နံနက်စာစားကြခြင်း

ကျွန်တော်တို့ လှေလာရေးကားကြီးသည် မအူပင် တံတားကြီးပေါ်မှဖြတ်၍ မြို့တွင်းဝင်လာကာ မအူပင်မြို့ကို ကားနှင့်လှည့်ပတ်ကြည့်ကြ၏။ မအူပင်သည် ခရိုင်မြို့ကြီးဖြစ်သည့် အားလျော်စွာ ရုံးကြီးများကိုတွေ့ရသည်။ မအူပင်မှ ရုံးကြီးများနှင့် အချို့သော အဆောက်အအုံတို့မှာ ကိုလိုနီခေတ် အဆောက်အအုံ များဖြစ်သည်။

## အုံ့အုံ့ဆိုင်းဆိုင်းရွာလေး

ကျွန်တော်တို့ကား ဆက်မောင်းလာသောအခါ နေ့လယ်စာ စားသုံးမည့် မအူပင်မြို့နယ်၊ မလက်တို ကျေးရွာအုပ်စုမှ





ဗိုးရာဝဲရွာသို့ရောက်၏။ ရွာသို့ရောက်တော့ (၁၁)နာရီလောက်ပင် ရှိနေပြီ ဖြစ်သည်။ ကျွန်တော်တို့အဖွဲ့မှာ ဗိုးရာဝဲရွာမှ ဦးဖော၊ ဒေါ်လှထွေးတို့အိမ်တွင် နားကြ၏။ ဗိုးရာဝဲသည် ဧရာဝတီ မြစ်ဝကျွန်းပေါ် ဒေသမှရွာဖြစ်သည့်အတိုင်း သစ်ပင်သီးနှံပင်များနှင့် အုပ်အုပ်ဆိုင်းဆိုင်း မှိုင်းမှိုင်းညို့ညို့ ဖြစ်သည်။ ဦးလေးအုံးက လူကြီးပီပီ ကျေးရွာမှ လူကြီးများနှင့် ရွာအကြောင်း၊ ဒေသ အကြောင်း ဆွေးနွေးနေသည်။

ဗိုးရာဝဲတွင် ကရင်တိုင်းရင်းတို့နေထိုင်ရာ ရွာလေးဖြစ်ပြီး လယ်ယာကိုင်းကျွန်း လုပ်ကိုင်စားသောက်ကြသည်။ စပါး၊ ငှက်ပျော၊ ငရုတ်၊ ကွမ်းတို့ စိုက်ပျိုးကြသည်။ မူလတန်းကျောင်း



မအူပင် မဲဇလီရေထိန်းတံခါးတွင် အမှတ်တရ



www.burmeseclassic.com

www.burmeseclassic.com



တစ်ကျောင်းရှိသော်လည်း စာကြည့်တိုက်မရှိ။ စာဖတ်ဝါသနာပါသူ နည်းကြောင်းသိရ၏။ စာမတတ်သူများပင် ရှိသည်။ မူလတန်းကျောင်းက ရွာအနောက်ဖက်ကမ်းတွင်ရှိ၏။ မိုးတွင်းအခါ ကလေးများက ကျောင်းသို့ ဝါးတံတားလေးပေါ်မှ သွားကြရာ ဒေသခံများအတွက် အဆန်းမဟုတ်သော်လည်း ဝါးတံတားလေးပေါ်မှ ကလေးများသွား လာနေပုံက အသည်းယားစရာဖြစ်သည်။

နေ့လည်စာစားရန် အသင့်ဖြစ်ပြီဟုဆို၍ ထမင်းစားကြရာ ရွာသို့ ကြိုရောက်နေသော ကျွန်တော်၏သမီး မနိုင်မာခွေ၏ အဖွဲ့ကလည်း ဝိုင်းကူ၍ ချက်ပြုတ်ထားသောကြောင့် ထမင်းပွဲကာ မြိုင်သည်။ ပါလာသူများ စားကောင်းကြောင်း သိရသည်။ ထမင်းစားမည့်အိမ်က အိမ်ရှင်မှာ မလေး(ခေါ်)မခင်မြင့် ဖြစ်သည်။

တောသဘာဝလေးအတိုင်း စားပါရစေဆိုသော်လည်း ရွာကလူတွေကလည်း ဧည့်သည်လာသည်ကို ကျွေးချင်မွေးချင် စိတ်က များသောကြောင့် ဟင်းများကထမင်းပွဲနှင့် မဆန့်အောင် ရှိသည်။

□



## အထွေထွေ


၂၄။ တက်မတောင်နှင့် တောကောင်သား

၂၅။ ကျားသတ္တဝါ

၂၆။ တောင်ပေါ်အပန်းဖြေစခန်း

၂၇။ ကျွန်တော့်အတွက် တစ်ခုလုပ်ပေးပါ။

၂၈။ ကရင်နှင့် မွန်ဒေသကြီးများသို့ နောက်တစ်ခေါက်

၂၉။ အနာဂတ် မြန်မာ့အခင်းအကျင်းများ
**Future Landscapes of Myanmar**


မိုငြမ်းပြုသည့်စာအုပ်များ ...



www.burmeseclassic.com

www.burmeseclassic.com

အခန်း (၂၄)

## တက်မတောင်နှင့် တောကောင်သား

၂၀၀၃-ခုနှစ်၊ ဒီဇင်ဘာလ (၁၀)ရက်နေ့က ဦးလေးအုံး ရန်ကုန်သို့ရောက်ခိုက် ဦးလေးအုံးကို အမှူးထား၍ မီဒီယာမှ ပုဂ္ဂိုလ်များနှင့် တွေ့ဆုံကြသည့်ဝိုင်းက ပျော်စရာကောင်းသော ထမင်းဝိုင်းလေးဖြစ်သည်။

ကျွန်တော်လည်း တာဝန်မှအနားယူပြီးနောက်ပိုင်း မြန်မာပြည်အလယ်ပိုင်းသို့ မရောက်ဖြစ်ခဲ့ပါ။

### ကိုယ်ခုတ်တာ ကိုယ်ပြန်စိုက်

ထမင်းဝိုင်းတွင် ကျွန်တော်ဆောင်ရွက်ခဲ့သော တက်မတောင် စိမ်းလန်းစိုပြည်ရေးနှင့် ပတ်သက်၍ သတင်းမေးကြည့်ရသည်။ တက်မတောင်သည် ပခုက္ကူဆေးပေါင်းရုံများ၏



www.burmeseclassic.com

www.burmeseclassic.com



ထင်းလိုအပ်ချက်ကို နှစ်ပေါင်းများစွာ ဖြည့်ဆည်းပေးခဲ့ရသော ကြောင့် တောပြုန်းခဲ့သော တောင်ဖြစ်သည်။

ဆေးပေါင်းရုံက နည်းနည်းနောနော မဟုတ်။ (၇၀၀) ကျော်ရှိ၏။ (၇၀၀)သော ဆေးပေါင်းရုံပိုင်ရှင်တို့သည် မူလကထင်း တက်မတောင်ပေါ်မှ ထင်းကို စည်းစနစ်တကျ ခုတ်မည်။ မိမိတို့ ခုတ်ယူသော ထင်းနေရာတွင် စနစ်တကျ ပြန်စိုက်ထားမည်ဆိုပါက တက်မတောင်သည် ဆိုးဆိုးဝါးဝါး ပျက်သုဉ်းစရာ အကြောင်းမရှိ။ တက်မတောင်အမြဲ စိမ်းလန်းနေရေးအတွက် ရန်ပုံငွေ ထူထောင် ကာ ဆောင်ရွက်ခြင်းမျိုး စသည်ဖြင့်ပြုလုပ်ပါက တက်မတောင် သည် ယခုကဲ့သို့သော ဘဝမျိုးနှင့် ကြုံရစရာအကြောင်းမရှိ။

ကိုယ်သုံးသောထင်း ကိုယ်ပြန်စိုက်ပါက အမြဲထင်းရ နေမည်။ ဒါက သစ်တောဆိုင်ရာ ဥပဒေသပင်ဖြစ်တော့၏။ သစ်တောလည်း မပြုန်းတီးနိုင်ပေ။ အခြားနေရာများတွင်လည်း ကိုယ်သုံးသောထင်း ကိုယ်ပြန်စိုက်ရေးစိတ်ဓါတ် မွေးမြူကြရမည် ဖြစ်သည်။ တစ်ဖန်စီးပွားရေးအတွက် ထင်းကိုသုံးသည်ဆိုကြပါစို့။ သစ်တောဌာနက စီမံပေးသော တစ်ပိုင်တစ်နိုင် သစ်စိုက်ခင်း များကို ပြုစုပျိုးထောင်ပါက ထင်းလည်းမသုဉ်း သစ်တောလည်း မပြုန်းတော့ပေ။ စီးပွားရေးလုပ်ဆောင်မှုကိစ္စများတွင် သစ်တော စိုက်ပျိုးရေးအတွက် ရန်ပုံငွေများကိုပါ ထည့်ဝင်သည့်စနစ်ကို အလေ့အကျင့် ပြုလုပ်သွားသင့်သည်။

ယခုတော့ တက်မတောင်သည် တောလည်းပျက်ကာ မျောက်များပင်တောင်ပေါ်တွင် နေစရာ စားစရာမရှိ၍ တောင်ခြေ





သို့ ဆင်းလာရသော အခြေဆိုက်ပြီးမှ သစ်တောပြန်ထူထောင်ရေး ဆိုသောကိစ္စက ခက်ခဲလှ သည်။ သစ်တောလုံးဝ ပြုန်းတီးပြီးမှ ပြန်လည်ထူထောင်ရသောအလုပ်က ယုန်အီးဘဝမှ ယုန်ချေး ဖြစ်သွားနိုင်၏။

အခုတော့ တော်ပါသေးသည်။

တက်မတောင်သည် အပူပိုင်းဒေသ ပြန်လည်စိမ်းလန်း ဆိုပြည်ရေးစီမံချက်ကြောင့် ပြန်လည်ရှင်သန်လာပြီဟု ကြားရ၏။





www.burmeseclassic.com

www.burmeseclassic.com



## ဂျီလေးများ ယုန်လေးများ ရောက်လာ

တက်မတောင် ပြန်ရှင်သန်လာတော့ ပထမလိပ်ပြာကလေးများ၊ ငှက်ကလေးများ ရောက်ရှိလာကြသည်။ ထို့နောက် ယုန်၊ ဂျီ၊ သမင်လေးများကို ပြန်တွေ့လာရသည်ဟု ဆို၏။ ယုန်၊ ဂျီ၊ သမင်စသော သားကောင်များသည် ရေကြည်ရာ မြက်နုရာရှာကာ ပြန်ရောက်လာကြခြင်းဖြစ်သည်။

ထိုသတင်းသည် ဝမ်းသာစရာ သတင်းဖြစ်သည်။


သို့သော် ဦးလေးအုံး သတင်းပေးပုံက ဝမ်းမသာနိုင်စရာကိစ္စလည်း ပါနေသည်။

"တက်မတောင်စိမ်းလာသလား၊ မစိမ်းလာသလားဆိုတာ ပေါက်မြို့ပေါ် ကစားသောက်ဆိုင်တွေမှာတောင် တောကောင်သားရမည်ဆိုပြီး ဆိုင်းဘုတ်တင်ရောင်နေပြီ"

ဟုဆိုသည်။ တက်မတောင် စိမ်းစိုနေပြီဖြစ်ကြောင်းကို ဦးလေးအုံးက တောကောင်သားဟင်း သက်သေနှင့်တကွပြော၏။ တက်မတောင်စိမ်းစိုလာ၍ ၄င်းတို့အတွက် စားစရာများရှိလာသဖြင့် တောကောင်လေးများ တောပြောင်းလာကြသည်။ ပြောင်းလာသော တောကောင်ကို ပေါက်မှထမင်းဆိုင်များက ပစ်ခတ်ပြီး ဟင်းလျာအဖြစ်ရောင်းသည်။ လူတွေကလည်း ကြက်သား၊ ဝက်သားထက် အထူးအဆန်း တောကောင်သားလေးများဆို လျှာရင်းက မြက်သည်။ တောကောင်သည် သစ်တော၏အလှဖြစ်သည်။ တောကို ထိန်းသိမ်းခြင်းဆိုသည်မှာ တောအတွင်းရှိ သားကောင်များကို ထိန်းသိမ်းခြင်းကိစ္စလည်း ပါဝင်သည်။ သစ်တော၏ အင်္ဂါရပ်တွင် တောကောင်းပါသည်။







## ပေါက်မြို့မှာ တောကောင်သားရမယ်

တက်မတောင် ပြန်စိမ်းလာရတာတော့ ဝမ်းသာစရာဖြစ်ပါသည်။ သို့သော် ပေါက်မြို့ပေါ်မှာ "တောကောင်သားရမယ်" ဟူသော ဆိုင်းဘုတ်ကတော့ ဆိုးဝါးပါသည်။

အပူပိုင်းဒေသ စိမ်းလန်းစိုပြည်ရေး ဦးစီးဌာနကို ဖွဲ့စည်း၍ မြို့နယ်များတွင် စိမ်းလန်းစိုပြည်ရေးအစီအစဉ်များ ရေးဆွဲအကောင်အထည်ဖော်သည်။ ပုသိမ်ကြီးမြို့နယ်တွင် စိမ်းလန်းစိုပြည်ရေး ညွှန်ကြားရေးမှူးရုံးချုပ်ရုံးရှိ၏။



www.burmeseclassic.com

www.burmeseclassic.com





နိုင်ငံတော်အစိုးရ၏ ရည်ရွယ်ချက်သည် တိုင်းပြည်နှင့် လူမျိုးကို သစ်တောသစ်ပင်ကို ချစ်ခင်သော လူမျိုးဖြစ်အောင် ပြုစုပျိုးထောင်ပေးလိုခြင်းဖြစ်သည်။ သစ်တောသစ်ပင်ကို ချစ်ခင်တတ်သော လူမျိုးဖြစ်ဖို့ရာတွင် ထင်းတွေ စည်းကမ်းမဲ့ခုတ်၊ တောကောင်တွေကို စည်းမဲ့ကမ်းမဲ့ဖမ်းပြီး ဟင်းချက်စားနေ၍မဖြစ်။ မြန်မာနိုင်ငံ၏ မြေဧရိယာ (၅၁)ရာခိုင်နှုန်းကျော်သည် သစ်တောဖုံးလွှမ်းနေဆဲဖြစ်ရာ ထိုသစ်တောများ ဆုတ်ယုတ်မှု မရှိဘဲ၊ တိုးပွားအောင် ဆောင်ရွက်ရန်လိုသည်။ စိမ်းလန်းဆိုပြည်ရေး ဦးစီးဌာန ဖွင့်လှစ်အကောင်အထည်ဖော်ရခြင်းသည် အတော့်ကို ကောင်းမွန်သော အကြံအစည်ဖြစ်သည်။ ဝန်ကြီးဌာနတောင် ဖွင့်လှစ်လုပ်ဆောင်သင့်သည်။





## (၁၃)ခရိုင်ထိ တိုးချဲ့

ပထမ မန္တလေးတိုင်း၊ စစ်ကိုင်းတိုင်း၊ မကွေးတိုင်းတို့အတွင်းမှ ခရိုင်များပါဝင်သော (၉)ခရိုင် စိမ်းလန်းစိုပြည်ရေးကို လုပ်ဆောင်သည်။ မန္တလေးတိုင်းမှ –

- မိတ္ထီလာခရိုင်၊
- ရမည်းသင်းခရိုင်၊
- ညောင်ဦးခရိုင်၊
- မြင်းခြံခရိုင်တို့ ပါဝင်သည်။

မကွေးတိုင်းမှ –

- ပခုက္ကူခရိုင်၊
- မင်းဘူးခရိုင်၊
- မကွေးခရိုင်တို့ ပါဝင်သည်။

စစ်ကိုင်းတိုင်းမှ –

- ရွှေဘိုခရိုင်၊
- မုံရွာခရိုင်

စသည်တို့ ပါဝင်သည်ဟု ထင်ပါသည်။

နောက်ပိုင်းတွင် (၁၃)ခရိုင်အထိ တိုးခဲ့၏။

(၁၃)ခရိုင်စိမ်းလန်းစိုပြည်ရေး လုပ်ငန်းတွင် လုပ်ငန်း (၄)ရပ် ပါရှိသည်။

(၁) ရေအရင်းအမြစ်ရှာဖွေဖော်ထုတ်ရေး၊

(၂) သစ်တောသစ်ပင် ထိန်းသိမ်းကာကွယ်ရေး၊



www.burmeseclassic.com

www.burmeseclassic.com



(၃) တိုးချဲ့စိုက်ပျိုးနှင့် ကျေးရွာသုံးထင်း စိုက်ခင်းများ ပြုစုပျိုးထောင်ရေး၊

(၄) ထင်းအစားထိုးလောင်စာ အသုံးပြုမှု ကျယ်ပြန့်ရေး၊

တို့ဖြစ်သည်။ ထိုလုပ်ငန်း(၄)ရပ်ကို အခြေခံထား၍ သစ်တောသစ်ပင်များ စိုက်ပျိုးကြရန် ဖြစ်သည်။

❒



အခန်း (၂၅)

## ကျားသတ္တဝါများ

ဤစာအုပ်ကို ကျွန်တော် ပြုစုနေချိန်တွင် ၁၉၉၄-ခုနှစ်က အိန္ဒိယနိုင်ငံ၊ နယူးဒေလီမြို့တွင် ကျင်းပသော ကျားသတ္တဝါများနှင့် ပတ်သက်သော အစည်းအဝေး Global Tiger Forum မှ မှတ်တမ်းများနှင့် ဓါတ်ပုံများကို မတော်တဆတွေ့လိုက်ပါသည်။ ထို့ကြောင့် ဤစာအုပ်တွင် တဖြည်းဖြည်း ရှားပါးလာပြီး မျိုးတုန်းပျောက်ကွယ်ရန် မျက်စောင်းထိုး နေပြီဖြစ်သော ကျားသတ္တဝါတို့ အကြောင်းကို ကြုံကြိုက်၍ ဖော်ပြလိုပါသည်။

ကျားသည် တော၏ ကျက်သရေဆောင်ပင်ဖြစ်သည်။

ကျားမရှိသော တောသည် ကျက်သရေကင်းမဲ့ချေသည်။

ထို့ကြောင့် ဦးလေးအုံး မဟာမြိုင်သို့သွားရာတွင် ကျားသံကြားရသည်ဟု ဆိုသောကြောင့် ကျွန်တော်လည်း ကျားသံကို



www.burmeseclassic.com

www.burmeseclassic.com



နှားနှင့် ဆတ်ဆတ်ကြားလိုသည်။ ကျားဟိန်းသံကြားရ၍ ခပ်ဟာမြိုင်သည် တောတ၏ အသရေဖြင့် ပြည့်သွားသည်။

## လုပခန့်ထည်သော သတ္တဝါ

ကျားသည် အလွန်တရာမှ လုပခန့်ထည်သော သတ္တဝါ ဖြစ်သည်။ ကျားဆရာကြောင်ဟု ဆိုသည့်အတိုင်း ကျားသည် ကြောင်မျိုးနွယ်ဝင်သတ္တဝါ ဖြစ်၏။ ကျားများ၏ သားရေက ဈေးကောင်းရသည်၊ ကျားရိုးက ဆေးဘက်ဝင်သည်၊ ကျားခြီးကလည်း အသုံးဝင်၊ ကျားအသားကလည်း စားလို့ရသောကြောင့် ကျားသတ္တဝါများသည် တစ်နေ့တခြားရှားပါးသည်ထက် ရှားပါးလာသည်။ ကျားသတ္တဝါသာမက ခွန်အားကြီးမား၍ သံချပ်ကာ ဝတ်ထားသော ကြံ့သတ္တဝါတို့သည်လည်း ရှားပါးသတ္တဝါ စာရင်းဝင်ခဲ့ပြီဖြစ်သည်။

ကျားသည် တောက်ပြောင်သော အသွေးအမွေးရှိသည်။

ခန္ဓာကိုယ်အချိုးအစားပြေပြစ်၍ ဖျတ်လတ် သန်မာပေ့ပါး၏။ အာရှတိုက်တွင် ကျားအမျိုးမျိုးရှိရာ ဘင်္ဂလားကျားသည် ကျော်ကြားသည်။ လူသိလည်းများ၏။ ဘင်္ဂလားကျား၏ အသွေးအမွေးမှာ နီဝါဝါအရောင်ရှိပြီး တစ်ကိုယ်လုံးတွင် အနက်ရောင် အစင်းကြောင်းကြီးများဖြင့် အလွန်မှလှသည်။

ကျားသည် သဘာဝအားဖြင့် သူနေထိုင်ရာ ပတ်ဝန်းကျင်နှင့် ခွဲ၍မရအောင် အကြားအကြား၊ အစင်းအစင်း သဏ္ဍာန်ဖြစ်နေ၍ တစ်ခါတစ်ရံ ကျားနှင့် နောက်ခံသစ်တောသစ်ပင် ခွဲမရဘဲရှိသည်။ သဘာဝတရားက အကာအကွယ် ပေးထားခြင်းဖြစ်သည်။





## လူကို ရင်မဆိုင်လို

ကျားသည် သစ်ပင်တက်နိုင်သည်။ ကျားသစ်များသည် သစ်ပင်ပေါ်တွင်နေသည်။ ကျားသစ်နက်များသည် အလွန်ပြီး ရှားလည်းရှားပါသည်။ ကျားသစ်နက်၏အရေကို သစ်နက်ရေဟု ခေါ်ကာ တရားထိုင်ရာတွင် သစ်နက်ရေခင်း၍ တရားထိုင်တတ်သည်။





www.burmeseclassic.com

www.burmeseclassic.com





ကျားသည် လူကို ရန်ပြုခဲ၏။ လူကို ရင်မဆိုင်ဘဲ လူတွေ့လျှင် သူက အရင်ရှောင်သွား တာကများ၏။ မတွေ့သာမှ လူနှင့် ရင်ဆိုင်သည်။ သို့သော် လူအား တစ်ကြိမ်စားဖူးသောကျားကတော့ လူသားကိုသာရှာ၍ စားတတ်သည်ဟုဆိုသည်။ ကျားသည် မည်မျှ လျင်မြန်ဖျတ်လတ်၍ သန်စွမ်းသည်ဆိုစေကာမူ ဉာဏ်ရှိသော လူတို့ဖမ်းဆီးခြင်း၊ လူတို့၏ အစွမ်းထက်သော သေနတ်၊ လေး၊ မြားတို့ကို မရှောင်နိုင်သောကြောင့် ယနေ့အခါ မျိုးဆက်ပါတုန်းရမည့်အခြေသို့ ရောက်ရှိနေကြသည်။ ထို့ကြောင့်လည်း ကမ္ဘာပေါ်တွင် ကျားသတ္တဝါတို့ ရှားပါးလာသည်။

၁၉၈၃-ခုနှစ် ကောက်ယူရရှိသော စာရင်းများအရ မြန်မာနိုင်ငံတွင် ဘင်္ဂလားကျားနှင့် စုမတြားကျား အကောင်ရေ (၃၂၀၀)ယောက် ရှိသည်ဟုဆို၏။





## (၁၅၀)မှ (၂၀၀)လောက်သာရှိတော့

မြန်မာနိုင်ငံသစ်တော ဝန်ကြီးဌာနနှင့် Wildlife Conservation Society (WCS) အဖွဲ့ကြီး၏ ကျားသတ္တဝါ ကျွမ်းကျင်သူ Dr Alan Robinowitz ၏ ခန့်မှန်းချက်အရကား ယခုအခါ မြန်မာနိုင်ငံတွင် ကျားကောင်ရေ (ရာ)ဂဏန်းလောက်သာ ရှိတော့မည်ဟု ခန့်မှန်းထားသည်။ သူ၏ ဟူးကောင်းတောင်ကြား လေ့လာရေး ခရီးစဉ်မတိုင်မီ အဆိုအရ မြန်မာနိုင်ငံတွင် ကျားကောင်ရေ (၁၅၀) မှ (၂၀၀) အတွင်း တိုးတက်လာနိုင်မည်ဟု ရန်ကုန်၌ ပြောကြားခဲ့သည်။

တောထဲမှ တောသတ္တဝါများကို ထောင်ချောက်ကင်မရာ ချောင်းမြောင်းရိုက်ကူးထားသော သူ၏ ဓါတ်ပုံ မှတ်တမ်းများအရ ဆိုသော် သူ၏ကင်မရာထဲတွင် ကျားသတ္တဝါများကိုသာမက ကျားများကို လိုက်လံချောင်းမြောင်းနေသော မုဆိုးများကိုပါ တွေ့မြင်ရသည်ဟု ဆိုသည်။



ဤစာကိုရေးနေစဉ် နိုင်ငံခြားသတင်းတစ်ပုဒ်ကိုဖတ်ရသည်မှာ ယခင်က အိန္ဒိယနိုင်ငံတွင် ကျား



www.burmeseclassic.com

www.burmeseclassic.com

အကောင်ရေတစ်သန်း ရှိခဲ့သော်လည်း ယခုအခါ အကောင်(၂၀၀၀) သာရှိတော့ကြောင်း သိရသည်။

ကျားသည်လည်း ကျွန်တော်တို့နှင့် မကင်းသော သတ္တဝါ ဖြစ်၏။ ငယ်စဉ်က အိပ်ရာဝင်ပုံပြင်အဖြစ် ကြားခဲ့ရသော -

"ရွှေယုန်နှင့် ရွှေကျား သက်ကယ်ရိပ်သွား"

ပုံပြင်တွင် ကျားသည် အလွန်နုံ၊ အလွန်အ,သော သတ္တဝါဖြစ်သည်။ အရေးကြုံပါက ကျားချည်းခံရသည်သာဖြစ်၏။

ကလေးများအား ကျားကိုပင်မကြောက်ရလေအောင် ရွှေယုန်နှင့် ရွှေကျား သက်ကယ်ရိပ်သွား ပုံပြင်တွင် ကျားကို ခပ်ပေါပေါ တောတော လုပ်ထားတာလားဟု စဉ်းစားစရာရှိပါသည်။ ကျားသတ္တဝါကို ပုံပြင်ထဲတွင် ခပ်ပေါပေါသတ္တဝါအဖြစ် လုပ်နိုင်သော်လည်း မျိုးသုဉ်းပျောက်သွားသည်အထိကား မဖြစ်သင့်ပါ။

ကျားသတ္တဝါနည်းတူ အခြားသော သတ္တဝါများသည် လည်း မျိုးသုဉ်းပျောက်ကွယ်မှုဆီသို့ ဦးတည်လျှောက်လှမ်းနေကြပြီဖြစ်သည်။



အခန်း (၂၆)

## တောင်ပေါ်အပန်းဖြေစခန်းများ

ပင်လယ်ကမ်းခြေ အပန်းဖြေစခန်း၊ တောင်ပေါ်အပန်းဖြေ စခန်း၊ တောတွင်းအပန်းဖြေစခန်းဟူ၍ အပန်းဖြေစခန်းအမျိုးမျိုး ရှိသည်။ လူသားသည် မွေးသည်မှ သေသည်အထိ ခွန်အားမှန်သမျှ စိုက်ထုတ်၍ အလုပ်လုပ်ကြရာတွင် တစ်ခါတစ်ရံ အနားယူ အပန်းဖြေဖို့လိုသည်။ လူသားသည် ရှေ့တစ်လှမ်းတိုးလိုသောအခါ များတွင်လည်း နောက်တစ်လှမ်းဆုတ်ကာ အားယူကြံစည်သည့် အနေဖြင့် အပန်းဖြေတတ်သည်။

ကျွန်တော်တို့သည် အပူပိုင်းဒေသ စိမ်းလန်းစိုပြည်ရေးကို လုပ်ဆောင်ရင်း အပူပိုင်းဒေသနေ ပြည်သူတို့အတွက် သူတို့နှင့် လက်လှမ်းမျှားစွာ မကွာသောနေရာများတွင် တောင်ပေါ်အပန်းဖြေ စခန်းများ တည်ဆောက်ရန် စိတ်ကူးသည်။ ထို့နောက် မတွာကျင်း



www.burmeseclassic.com

www.burmeseclassic.com



သာဒေသ၊ နေရာများကို ရွေးချယ်ခဲ့သည်။ ထိုသို့ ရွေးချယ်ခဲ့သော တောင်ပေါ်အပန်းဖြေစခန်းနေရာများကို မှတ်တမ်းပြု ထားခဲ့လိုပါသည်။

မန္တလေးလူထုအတွက် ပြင်ဦးလွင်သည် တောင်ပေါ် အပန်းဖြေစခန်းပင် ဖြစ်သည်။

နွေ ရာသီ အလွန် ပူပြင်းပြီဆိုပါ က မန္တလေးမှ ဆရာတော်၊ သံဃာတော် ကြီးများ၊ သက် ကြီး ရွယ်အို များသည် ပြင် ဦးလွင် (မေ မြို့)သို့တက်၍ နွေရှောင်ကြ ရသည်။ နွေ ရှောင်ဒေသ များသည် မိမိ တို့ ရပ်ရွာနှင့် လည်း များစွာ



သစ်တော၏ အလှအပ





မဝေးဘဲ အေးမြသောရာသီဥတုရှိသော နေရာများဖြစ်သင့်သည်။ သိပ်မဝေးကွာလွန်းလျှင်လည်း မသွားဖြစ်တတ်ကြ။

မန္တလေးအတွက်က ပြင်ဦးလွင်ဟုဆိုပါက မကွေးတိုင်း အတွက် ကျွန်တော်တို့ ရွေးချယ်ထားသော နွေရှောင်ဒေသသည် မင်းဘူး-အမ်းတောင်ဖြတ်လမ်း၏ တောင်ထိပ်အမြင့်ပေ(၅၀၀၀) တွင်ရှိသော "နတ်ရေကန်တောင်" ဒေသဖြစ်သည်။

## နတ်ရေကန်တောင်

"နတ်ရေကန်တောင်"ဒေသ ရာသီဥတုသည် အေးမြ သည်။ တောင်ထိပ်မှ ရခိုင်ကမ်းရိုးတန်းဘက်သို့ ကြည့်လျှင် ဘင်္ဂလားပင်လယ်အော်နှင့် ကျွန်းများကို မြင်သည်။ နတ်ရေကန် တောင်မှ ပင်လယ်ပြင်နှင့် ကျွန်းများကို မြင်ရသည်မှာ အလွန်မှ သာယာလှပသည်။

ကျွန်တော်ကိုယ်တိုင်သည် "နတ်ရေကန်တောင်" သို့ နှစ်ကြိမ်ရောက်ဖူးသည်။ တစ်ကြိမ်က ရဟတ်ယာဉ်နှင့် သွားခဲ့ တာဖြစ်သည်။ တောင်ထိပ် ဗိုလ်တဲဟောင်းနေရာတွင် ဆင်းသက် သည်။ ဆင်းသက်ပြီးမှ မိုးသည်းထန်စွာရွာသောကြောင့် ရဟတ် ယာဉ် ပြန်မတက်ရန် နာရီအနည်းငယ် စောင့်နေရသည်။

"နတ်ရေကန်တောင်" ဒေသသည် တောထူထပ်၍ တောင်ငယ်များစွာဖြင့် စိမ်းလန်းစိုပြည်မှုရှိ၏။ စိမ့်ကြီး မြိုင်ကြီး ဂနိုင်ကြီးဟုလည်း ခေါ်နိုင်သည်။ တောတောင်အသွယ်သွယ် လျှိုမြောင်အထပ်ထပ်၊ "သာယာမြင့်ဆောင်၊ နတ်ရေကန်တောင်"



www.burmeseclassic.com

ဟုခေါ်ဆိုရလောက်အောင် စိမ့်ကြီး၊ မြိုင်ကြီးတို့ဖြင့် ခန့်ထည်ဝင့်ဝါမှု ရှိသော တောင်ပေါ်ဒေသ အပန်းဖြေစခန်းတစ်ခုဖြစ်သည်။


ကျွန်တော် နတ်ရေကန်တောင်သို့ ဒုတိယအခေါက်သွားတော့ ကားလမ်းမှ သွားသည်။ ကားလမ်းအနေ အထားသိရအောင် တမင်ကားလမ်းကို သုံးခဲ့ခြင်းဖြစ်၏။ ထိုစဉ်က ကျွန်တော်နှင့်အတူ မကွေးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဗိုလ်မှူးကြီးကြည်အောင် (နောင်တွင် ဝန်ကြီး၊ ယခုအငြိမ်းစား ပုဂ္ဂိုလ်ကြီး)နှင့် အဖွဲ့လည်း လိုက်ပါလာသည်။ ထိုသို့သွားစဉ် မင်းဘူး-အမ်း ခရီးသွားလာရေးလွယ်ကူစေရန် လမ်းသစ်ဖောက်နေသည်ကို တွေ့ခဲ့ရ၍ ယခုဆို ထိုလမ်းအတော်ကောင်းမွန်နေမည်ဟု ယူဆရသည်။ ထိုလမ်းကောင်းမွန်မှုသည် နတ်ရေကန်တောင် တောင်ပေါ်အပန်းဖြေစခန်းဖွံ့ဖြိုးရေးအတွက် များစွာအထောက် အကူ ဖြစ်စေမည်ဟု ယူဆရသည်။

## သံတောင်မြို့သစ်

မြန်မာပြည်၏ အလယ်လောက်တွင်ရှိ၍ အလွယ်တကူ သွားလာနိုင်ပြီး ဖွံ့ဖြိုးအောင်ဆောင်ရွက်ရမည့် အပန်းဖြေစခန်းတစ်ခုမှာ ပဲခူးတိုင်းအတွင်းမှ သံတောင်အပန်းဖြေစခန်းဖြစ်နိုင်သည်။ မန္တလေး၊ စစ်ကိုင်း၊ မကွေး၊ ပဲခူးတို့တွင် သီးခြားစီ တောင်ပေါ် အပန်းဖြေစခန်းတစ်ခုစီထားရှိရန် စိတ်ကူးအစီအစဉ်ရှိခဲ့၏။ ထိုသို့ ဆိုပါက သံတောင်သည် ပဲခူးတိုင်း၏ တောင်ပေါ်အပန်းဖြေစခန်း သင့်၏။ သံတောင်မြို့သစ်သည် တောင်ငူနှင့်လည်း မဝေးလှပေ။







အနာဂတ်တွင် တောင်ပေါ်အပန်းဖြေစခန်း အများအပြား လိုအပ်လာပါမည်။



www.burmeseclassic.com

www.burmeseclassic.com



ရာသီဥတုအခြေအနေကလည်း ပေးသည်။ မကွေး၊ မန္တလေး စစ်ကိုင်းမှသော်လည်းကောင်း၊ ရန်ကုန်၊ ပဲခူးမှသော်လည်းကောင်း တောင်ငူ-ပျဉ်းမနားသို့ လာရောက်ရန် လွယ်၏။ ကား၊ ရထား လေယာဉ် ပေါသည်။

တောင်ငူနှင့် ပျဉ်းမနားမှ သံတောင်သို့ တက်နိုင်သည်။

သံတောင်စခန်းသည် ယခုနေပြည်တော် ဖွင့်လှစ်လိုက်သော ကြောင့် နေပြည်တော်နှင့်ကလည်း လက်တစ်ကမ်းအကွာတွင်ရှိရာ 'သံတောင်' တောင်ပေါ် အပန်းဖြေစခန်းကို ရည်မှန်းချက်များ ထားရှိလုပ်ဆောင်ရန်သင့်သည်။ ယခင်က လုပ်လက်စအခြေခံ လည်း ရှိသောကြောင့် နောင်လာနောင်သားတို့ တောင်ပေါ် အပန်းဖြေစခန်းများ ဖွံ့ဖြိုးအောင် လုပ်ဆောင်ရာတွင် နတ်ရေကန် တောင်နှင့် သံတောင်အပန်းဖြေစခန်းနေရာများကို သတိတရရှိစေရန် ရေးသားထားခဲ့ခြင်းဖြစ်ပါသည်။

နောင်တွင် ပြည်တွင်းပြည်ပခရီးသွား Ecotourism Industry အတွက်လာရောက်ကြမည်ဖြစ်ရာ အလွန်လှပကောင်းမွန် သော နေရာတစ်နေရာကို ကျွန်တော်'ဖော်ကောင်'လုပ်ထားခဲ့လို ပါသည်။

## နတ်တောင်

နောင်အခါတွင် မြန်မာနိုင်ငံ၌ တောင်တန်းခရီးသွားလုပ်ငန်း လည်း ဖွံ့ဖြိုးလာမည်ဖြစ်၏။ သစ်ခွ လေ့လာလိုသူများ၊ ငှက်ဝါသနာ ရှင်များ၊ တောရိုင်းသတ္တဝါများကို လေ့လာသူများအတွက်





ကယားပြည်နယ် မော်ချီးဒေသရှိ ပေ(၈၀၀၀) ကျော်မြင့်မားသော နတ်တောင်ဒေသမှာ ဖွံ့ဖြိုးရေးစီမံကိန်းလုပ်ဆောင်ရန် အလေးထား သင့်သောနေရာ တစ်နေရာအဖြစ် ညွှန်ပြခဲ့လိုပါသည်။ နတ်တောင် အကြောင်းကိုသိရှိသူကား ယခုအသက် (၉၁)နှစ်ရှိပြီးဖြစ်သော မော်ချီးဒေသ၊ ဘူခိုရွာသား ဦးစောနီးပင်ဖြစ်သည်။ ဦးစောနီး အကြောင်းကို ဤစာအုပ်တစ်နေရာတွင် ဖော်ပြပြီးဖြစ်သည်။ ဦးစောနီး၏ ပြောပြချက်အရ "ဤတောင်ကြီးကို မြန်မာအခေါ် နတ်တောင်၊ ကရင်အခေါ် ခေါသီခို၊ အင်္ဂလိပ်လို စာလုံးပေါင်းက Sausiko ဟု ခေါ်ကြောင်း သိရသည်။

ကရင်လို ခေါသီခိုဆိုသော အဓိပ္ပါယ်မှာ ကမ္ဘာကြီး တစ်ခုလုံး ပင်လယ်ပြင်ကြီးဖြစ်သွားသည့်အခါ နတ်တောင်ထိပ်၌ တက်နေသူသည် တစ်ကိုယ်လုံးရေမြုပ်သွားသော်လည်း ခေါင်းပေါ် နေမည်ဟု အဓိပ္ပါယ်ရသည်။

ကမ္ဘာကြီး ပူနွေးလာပါက ပင်လယ်သမုဒ္ဒရာရေပြင်သည် မြင့်တက်လာမည်ဖြစ်၏။ စင်တီမီတာ(၁၅၀) မြင့်တက်လာလျှင် မော်ဒိုက်သမ္မတနိုင်ငံသည် မြင့်မားသော လှိုင်းလုံးကြီးများ၏ ဒဏ်ကိုအလူးအလဲ ခံရမည်ဖြစ်ပြီး ပင်လယ်ရေမျက်နှာပြင် ထိုထက်မြင့်တက်လာပါက ထိုကျွန်းနိုင်ငံလေးသည် အစောဆုံး ရေအောက်သို့ ရောက်ရမည့်ဟုဆိုသည်။

သမုဒ္ဒရာရေပြင် မြင့်တက်လာပါက နတ်တောင်၏ အဓိပ္ပါယ်ဖွင့်ဆိုချက်အရဆိုပါက နတ်တောင်သည် ကမ္ဘာပေါ်တွင် နောက်ဆုံးမှ ရေမြုပ်မည့်နေရာအဖြစ် မျှော်မှန်းနိုင်သည်။



www.burmeseclassic.com

www.burmeseclassic.com



"ကမ္ဘာ့နောက်ဆုံးမှ ရေမြုပ်မည်

တောင်ပေါ်သို့ တက်လိုပါသလား?

နတ်တောင်ကိုလှမ်းခဲ့ပါ"

ဟု ကြွေးကြော်၍ ခရီးသွားလုပ်ငန်းအတွက် ဆွဲဆောင်နိုင်သည်။

## ဟသ်ာကုန်း

ယခင်က မြစ်ဝကျွန်းပေါ်ဒေသတစ်ခုလုံးသည် ရေပြင်ကြီး ဖြစ်သည်။ ပဲခူးမြို့၊ ဟသ်ာကုန်းတစ်နေရာသာ ကျွန်းဖြစ်နေရာ ဟသ်ာဖိုနှင့်ဟသ်ာမတို့ ပျံသန်းလာစဉ် အတောင်ညောင်းသဖြင့် ထိုနေရာ၌ နားကြလေရာ နှစ်ကောင်မနားနိုင်၍ အဖိုကအရင်နား ပြီးမှ ဟသ်ာမက ဟသ်ာဖို၏ကျောပေါ်တွင် နားရသည်ဟုဆိုသည်။ ထိုကြောင့် ပဲခူးသားများ မိန်းမကြောက်ကြသည်ဟုလည်းဆို၏။ ပဲခူးသူယူမိလျှင်တော့ ဟသ်ာဖိုကြီးလို မိန်းမကြောက်လေမလား မသိ။ ပဲခူးသားဖြစ်သော ကျွန်တော်ပင်လျှင် အခု အောင်လံသူ ယူတော့လည်း သိပ်မထူးလှဘဲ ပဲခူးသူယူသလောက်ပင် ကြောက်ရ ပါသည်။

မော်ဒီးတောင်ဘက်ရှိ နတ်တောင်တွင် ဆေးဘက်ဝင် အပင် မျိုးစုံ၊ သစ်ပင်မျိုးစုံရှိသည်။ ရုက္ခဗေဒပညာရှင်တို့ စိတ်ဝင်စားမည့် နေရာဖြစ်သည်။ နတ်တောင်ပေါ်မှ သစ်ပင်၊ ပန်းပင်၊ သစ်ခက်၊ ပန်းခက်တို့ကို လူတို့ယနေ့ထက်တိုင် လက်ဖျားနှင့်ပင် မတို့ရသေး။ သစ်ခွမျိုးစုံရှိ၏။ ထင်းရှူးပင်ကြီးများမှာ ကြီးမှကြီး၊ မြင့်မှမြင့်။





နတ်တောင်ဂူများအတွင်းမှ လင်းနို့များထွက်လာကြလျှင် အကောင်တွေက ကြီးသောကြောင့် ကြည့်ရမြင်ရသူတို့ သည်းထိတ် ရင်ဖို ဖြစ်ကြရသည်။ ကျား၊ ဆင်အစရှိသော တောကောင် သတ္တဝါများလည်း ရှိသည်။

ကျွန်တော်သည် မဟာမြိုင်တောတွင်းမှ ကျားဟိန်းသံကို ဦးလေးအုံးက ကြားရသည်ဆိုသည်ကိုပင် ကျွန်တော် မကြားရ၍ နောလိုဖြစ်ရသည်။ နတ်တောင်တွင် ချောင်းကြည့်ပါက ကျား သတ္တဝါတို့ ကျက်စားသွားလာနေသည်ကို ယခုတိုင် တွေ့မြင်နိုင် မည်ဖြစ်၏။

## လေထီးနှင့်ဆင်းခဲ့ကြ

(၁၉၄၁-၄၅)ခုနှစ်များအတွင်း ဗြိတိသျှတပ်များက ဂျပန်ကိုတိုက်ရန် မြန်မာမြေပေါ်သို့ နတ်တောင်တစ်ဝိုက်မှနေ၍ လေးထီးများနှင့်ဆင်းကြရသည်။ အင်္ဂလိပ်စစ်သားများနှင့် မဟာမိတ်စစ်သားများ လေထီးဆင်းကြသည့် နေရာဖြစ်သော ကြောင့် လူတို့ ထိုနေရာကို စိတ်ဝင်စားကြသည်။ မဟာမိတ် စစ်သားများထဲတွင် ကပ္ပလီများလည်းပါသည်။ မဟာမိတ်တပ်များ လေထီးဆင်းပုံကို ကိုယ်တိုင် တွေ့ကြုံဖူးရှိသော ပုဂ္ဂိုလ်ကြီးသည် မိတ်ဆွေကြီး ဦးစောနီးပင်ဖြစ်သည်။ ဦးစောနီးသည် မဟာမိတ်တို့ နတ်တောင်ပေါ်သို့ လေထီးဆင်းပုံကို ကိုယ်တွေ့ပြန်ပြောနိုင်သည့် ကယားပြည်နယ်မှ နောက်ဆုံးလူသားလည်း ဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



## ဒွေးမယ်နော်တို့ကာ

နတ်တောင်ထိပ်တွင် ရေကန်ကြီးတစ်ကန်ရှိ၏။ ထိုရေကန်သည် ဒွေးမယ်နော်တို့ ရေချိုးသော ရေကန် လေးလားသော စဉ်းစားစရာဖြစ်သည်။ ဟုတ်သည်ဖြစ်စေ၊ မဟုတ်သည်ဖြစ်စေ–

ဒွေးမယ်နော်တို့၊ ညီအစ်မတစ်တွေ

ရေချိုးသောတောင်ပေါ် ရေကန်သို့လိုက်ကြမလား?

ဟုဆိုကာ သုဇနုမင်းသားနှင့် ဒွေးမယ်နော်ဇာတ်လမ်းပုံပြင်ကို ပြောပြပြီး နတ်တောင် ကမ္ဘာလှည့်ခရီးသွားလုပ်ငန်းကို လှုံ့ဆော်နိုင်သည်။

နတ်တောင်တွင် Horn Bull ခေါ် နှုတ်သီးအကြီးကြီးနှင့် ငှက်ကြီးများလည်းရှိ၏။ လေထီးဆင်းကြရာတွင် လေထီးသမားတို့သည် သူတို့ဘေးမှ ထိုငှက်ကြီးများ ထထပျံကြသည်ကို ကြုံရသည်ဟုလည်း ကြားရ၏။ မဟာမိတ်တို့ လေထီးဆင်းခဲ့သည့် အကြောင်းကလည်း ကမ္ဘာလှည့်ခရီးသည်များ လာရောက်ရန် ဆွဲဆောင်နိုင်သည့် လုံလောက်သော အကြောင်းတစ်ရပ်ဖြစ်သည်။ နတ်တောင်သည် တောင်ဘက် Hiking သမားတို့အတွက်လည်း နေရာကောင်းဖြစ်သည်။ ငှက်ကြည့်လိုသူ၊ သစ်ခွရှာလိုသူတို့အတွက်လည်း စိတ်ဝင်စားစရာများပြည့်နေ၏။

နတ်တောင်ရှိ ဂူကြီးများထဲတွင် ဟိုး· · · ကျောက်ခေတ်နေ လူသားတို့ နေထိုင်ခဲ့ကြလေသလောဆိုသော မေးခွန်းကလည်း စူးစမ်းဖွယ်ဖြစ်ရာဖြစ်ကြောင်း နောင်လာနောင်သားများ၊ မြေးများ၊ မြစ်များအတွက် သတင်းစကားထားရစ်ခဲ့ပါသည်။

□



အခန်း (၂၇)

## ကျွန်တော့်အတွက်တစ်ခုလုပ်ပေးပါ

ဤအတောအတွင်း ပခုက္ကူနေ ခေါင်းဖြူဖြူနှင့် ဆောင်းခိုငှက်ကြီးထံမှ စာတစ်စောင်နှင့် မဂ္ဂဇင်းစာအုပ်တစ်အုပ် ရောက်ရှိလာသည်။ စာတစ်စောင်မှာ –

"ကိုချစ်ဆွေခင်ဗျား၊ ခင်ဗျားမှာ စစ်ရေး၊ သစ်ရေးတို့နှင့် ပတ်သက်၍ ပြောစရာတွေ အများကြီး ရှိနေပါသည်။ ထိုအကြောင်းအရာတွေကို လူငယ်တွေ သိဖို့လိုသည်။ ကျွန်တော်သည် ကျွန်တော့်ဘဝ မှားခဲ့ မှန်ခဲ့သမျှကို လူငယ်တွေမမှားအောင် အမှန်လမ်းကြောင်းကို တိုက်ရိုက်ရောက်အောင် စာရေးခဲ့ပါသည်။ ကိုချစ်ဆွေကို စာရေးရန် တိုက်တွန်းလိုပါသည်"

"ကိုချစ်ဆွေအား ကျွန်တော် စာရေးဖို့ တိုက်တွန်းခြင်းမှာ ကိုချစ်ဆွေအကျိုးအတွက်ငှာမဟုတ်၊ နောင်လာ



www.burmeseclassic.com

www.burmeseclassic.com



နောင်သားတွေ မြေးတွေမြစ်တွေနှင့် နိုင်ငံအတွက် ရေးစေခြင်းသာဖြစ်သည်။ ကျွန်တော်သည် အသက် (၇၆) နှစ်ကျော်မှ စာရေးတာဆိုတော့ ကိုချစ်ခွေမှာ ကျွန်တော်နှင့်စာလျှင် အရွယ်ကောင်းတုန်းရှိသေးပါသည်။ ကျွန်တော် ပင်လျှင် ခေါင်းဖြူမှ စာစရေးတာ၊ ကိုချစ်ခွေအတွက်တော့ ခေါင်းဆေးဆိုးတုန်း စာရေးဖို့ တိုက်တွန်းရပါသည်''

ဟု ရေးသားထားသော စာဖြစ်သည်။

## စာရေးဆရာနှင့် ရင့်ကျက်မှု

ဦးလေးအုံး ပေးပို့လိုက်သောစာအုပ်မှာ ဖျာပုံမြို့နယ်မှ ထုတ်ဝေသော ဖျာပုံမြို့နယ်မဂ္ဂဇင်းစာအုပ်ဖြစ်သည်။ ထုတ်ဝေသူက ဖျာပုံမြို့နယ် စာပေနှင့်စာနယ်ဇင်း ဥက္ကဋ္ဌ ဦးလှမျိုး (ရဲဘော်လှမျိုး) ဖြစ်သည်။

ဖျာပုံမြို့နယ်မဂ္ဂဇင်းထဲတွင် ဆရာကြီးတက်တိုး၏ -

''စာရေးဆရာနှင့် ရင့်ကျက်မှု''

ဟူသော ဆောင်းပါးတစ်ပုဒ်ပါ၏။

ဆရာတက်တိုးက -

''သူ့ဆောင်းပါးထဲတွင် စာရေးဆရာဆိုတာ ဘယ်လောက်တော်တော်၊ ငယ်ရွယ်စဉ်မှာ အရေးအသား၊ အတွေးအခေါ် နုသေးတယ်။ စိမ်းဆတ်ဆတ်ဖြစ်သေးတယ်။ စာရေးတယ်ဆိုတာ စကားလုံးတွေနဲ့တင် မပြီးသေးဘူး။ စာရေးတာဟာ နဂိုအားဖြင့်





ဉာဏ်စွမ်း ဘယ်လောက်ပဲထက်ထက်၊ အတွေးအခေါ် ဘယ်လောက်ပဲ ထွန်းပြောင်ထွန်းပြောင်၊ ဘဝကပေးတဲ့ပစ္စည်းကို အမှီပြုပြီးမှရေးရတာမို့ အသက်အရွယ်၊ မကြီးသေးဘဲနဲ့တော့ အတွေ့အကြုံမများနိုင်လို့ သူ့အရေးအသားဟာ ဘယ်နည်းနဲ့မျှ ရင့်ကျက်မှာ မဟုတ်ဘူး၊ ဘဝ နားကို နားလည်ဖို့ဆိုတာ အချိန်ယူရသေးတယ်''

ဟုရေးသားထားပါသည်။

ဆရာတက်တိုးက အဲဒီစကားဟာ သူပြောတဲ့ စကား မဟုတ်ဘူး။' အမေရိကန်ဝတ္ထုရေးဆရာ အိုင်ဗင်ဂေါ်လေစ်ရဲ့ 'ဆု'ဝတ္ထုထဲမှာ ပါတဲ့စကားဟု ဆိုသည်။

ဦးလေးအုံးသည် အိုကြီးအိုမဖြင့် သူလည်းစာတွေရေး၊ ကျွန်တော်ကိုလည်း စာရေးဖို့ အဆက်မပြတ် တိုက်တွန်းလာရာ ကျွန်တော်အဖြစ်က သစ်တောသစ်ပင်အကြောင်း စာရေးမည့်သူ လိုက်ရှာရာမှ သတို့သားလိုက်ရှာသော ကြွက်မလို နောက်ဆုံးတော့ ကြွက်နဲ့ပဲပြန်ရသည့် ကိန်းဆိုက်လေသလားမသိ။ စာရေးမည့်သူကို ထမင်းကျွေးပြီးရှာကာမှ ကိုယ့်ဟာကိုယ် စာရေးရတော့မည့် အခြေသို့ ရောက်လာသည်။

## စာရေးဆရာနှင့် ရေးစရာစာ

စာရေးတယ်၊ စာရေးတယ်သာပြောသည်။ တကယ်တော့ စာရေးတယ်ဆိုတာက လွယ်ကူသော အလုပ်တော့မဟုတ်။

ဆရာမလမင်းအိမ်က သူရေးထားသော -



www.burmeseclassic.com

www.burmeseclassic.com





စာရေးသူ နောင်စစ်သည်မိသားစုနှင့် စာပေနှင့် စာနယ်ဇင်းမှ ပုဂ္ဂိုလ်များ။

"စာရေးဆရာနှင့် ရေးစရာစာ"

ဆိုသော ဘာသာပြန် စာမူကို ကျွန်တော်ထံ ပို့ပေးပါသည်။ ထိုစာမူကို ဖတ်ရသောအခါ ကျွန်တော်သည် စာရေးဖို့ တအားတက်ခဲ့ရသည်။ ကမ္ဘာကျော် စာရေးဆရာကြီးများ၊ ထိပ်ထိပ်ကြဲကြဲ စာရေးဆရာကြီးများသည်ပင် သူတို့စပြီး စာရေးစဉ်က အကြိမ်ကြိမ် ရာချီ၍ အပယ်ခံရပုံများကို ဖတ်ရသည်။ အချို့အသက်ကြီးမှ စာရေးဖြစ်သူများအကြောင်းပါ ဖတ်ရ၍ စာရေးဆရာနှင့်





ခင့်ကျက်မှုအကြောင်း ကျွန်တော်ရေးသားသော ဆောင်းပါးတစ်ပုဒ်ကိုလည်း ထိုစာအုပ်၏ နောက်ပိုင်းတွင် ဆရာမလမင်းအိမ်က ဆော်ပြပေးပါသည်။

တစ်နေ့ ဦးလေးအုံး ပခုက္ကူပြန်တော့မည့်နေ့တွင် ကျွန်တော့်အိမ်ရောက်လာသည်။ ရောက်လာပြီး သူက ကျွန်တော့်အား စာရေးဖို့ တိုက်တွန်းပြန်၏။ ဦးလေးအုံးက -

"ကျွန်တော့်အနေနှင့် သစ်တောသစ်ပင် ဆောင်းပါးများ အများကြီး ရေးသားခဲ့ပြီးပါပြီ။ ကိုချစ်ဆွေအနေနှင့် ကျွန်တော့်အတွက် တစ်ခုသာလုပ်ပေးပါ"

ဟု ထိုင်းမိဖုရားကြီး သီရိခေတ်၏ စကားအတိုင်း ဆိုသည်။

"ဘာလုပ်ပေးရမှာလဲ ဦးလေးအုံး။ ဘယ်သွားချင်သေးလို့လဲ၊ လိုက်ပို့ပါမယ်"

"ဘယ်မှမသွားလိုတော့ပါဘူး။ ကိုချစ်ဆွေအနေနဲ့ စာရေးဖို့ တစ်ခုတည်းကိုသာ တိုက်တွန်းလိုပါ တယ်ဗျာ"

ဟုဆိုသည်။

ထို့အပြင် ကျွန်တော့် ဇနီး၏လက်ကိုမလွှတ်ဘဲ ဆုပ်ကိုင်ရင်း ကျွန်တော့်အား စာရေးဖို့ တိုက်တွန်းရန် မှာကြားပါသည်။ လက်ကို အကြာကြီးဆုပ်ထားတာကတော့ မေဆွိတို့အမေနှင့် မှားပြီးကိုင်ထားလေသလားမသိ။ ကျွန်တော်သည်လည်း စာမရေးပါက ဆောင်းနိုင်ငံကြီး ခဏခဏ လာနှုတ်ဆက်လေမလားဟု တွေးကာ စာရေးရန် ကြိုးစားရပါတော့သည်။



www.burmeseclassic.com

www.burmeseclassic.com



သေနတ်ကိုင်ထားသောလက်က ကလောင်ကို ပြောင်းကိုင်ဖို့ကိစ္စ ပေါ်လာပြီဖြစ်သည်။

ဒါက ကိုယ့်ရှေ့က ပုဂ္ဂိုလ်အများအပြားလည်းရှိသည်။ တပ်မတော်ထဲမှာ ကလောင်ကို ဝင့်ကြွားစွာ ကိုင်ခဲ့သော ပုဂ္ဂိုလ်ကြီးများ၏ စာရင်းကို ပြုစု၍ ကျွန်တော်၏ စာရေးစာပွဲတွင် ကပ်ထားလိုက်သည်။ ကျွန်တော့်ရှေ့မှ အောင်မြင်စွာ ကလောင်ကိုင်သွားကြသူ စစ်သားများစွာရှိပါသည်။

## ကိုယ့်ရှေ့မှသူများ

- မောင်သုတ (မြန်မာစာ မြင့်ချင်လွန်းလို့)
- မြတ်ထန် (နှောင်းတစ်မြေ့မြေ့၊
  'တိုင်းပြည်ကနူနူ၊ မုန်တိုင်းကထန်ထန်')
- ဒေါက်တာထီလာစစ်သူ (မဲခေါင်မြစ်မှ အိုရွက်ဝါ)
- ယိမ်းနွဲ့ပါး (ဗိုလ်မှူးကြီးစောမြင့် - ငြိမ်း)
- မှူးသပြေ (ဗိုလ်မှူးကြီးသန်းညွန့် - ငြိမ်း)
- တက္ကသိုလ်ခင်မောင်အေး
- ခင်မောင်အေး (မန္တလေး) - (သကြံန့်မိုး)
- ကေတုမတီကြည်အောင်
- ဝင်းဦး (မိန်းမလှအမုန်း)
- ရောင်နီ (ရှမ်းပြည်ရောက်ညွှဲ့သည်ရယ်)
- တက္ကသိုလ်တင်ခ
- တင်သန်းဦး





- ဗိုလ်မှူးဘရှင် - (အနော်ရထာမတိုင်ခင်ကပုဂံ)
- ချစ်နိုင် (စိတ်ပညာ) - (ချစ်လို့ပြောတာ မှတ်ပါ)
- အောင်စည်ဟိန်း
- ရာမညကိုကိုနိုင်
- သောင်းဝေဦး
- မြင်းမူမောင်နိုင်မိုး
- ဗိုလ်မြင့်

အများကြီးပါပဲလား ... ။

❐



www.burmeseclassic.com

www.burmeseclassic.com

အခန်း (၂၈)

# ကရင်နှင့် မွန်ဒေသကြီးသို့ နောက်တစ်ခေါက်

အသက်(၉၀) အတွင်းသို့ ချည်းနင်းဝင်ရောက်ခဲ့ပြီဖြစ်သော ဦးလေးအုံးသည် ပခုက္ကူမှ ရန်ကုန်သို့ မလာဖြစ်တော့ပါ။ ဆောင်းခိုငှက်ကြီး ဆောင်းခိုဖို့ရာ ပျံသန်းနိုင်စွမ်းမရှိတော့၍ထင်။

မပျံနိုင်တော့ပြီဖြစ်၍ ဦးလေးအုံးတစ်ယောက် အထက်အညာတွင် လာလတ္တံ့သော ဆောင်းများကို ငုတ်တုပ်ထိုင်၍ ခံစားနေရမည်ဖြစ်သည်။ ပျံနိုင်သည့်အားမာန်ရှိစဉ်က ဆောင်းကို ရှောင်၍ပြေးနိုင်သော ဆောင်းခိုငှက်ကြီးသည် ပျံနိုင်စွမ်းမရှိတော့သည့် ယခုလိုကာလအတွင်းရောက်မှတော့ ကြုံလာသမျှသော ဆောင်းဒဏ်ကို သူဘယ်လိုကြံ့ကြံ့ခံ၍နေမည်ကို စဉ်းစားရင်း ဆောင်းခိုငှက်ကြီးအတွက် ကျွန်တော်တို့ဇနီးမောင်နှံ စိတ်မကောင်းဖြစ်ရသည်။



www.burmeseclassic.com

www.burmeseclassic.com



အသက်(၉၀)လည်း ပြည့်ပြီ။

ဆောင်းတွင်းကလည်းဝင်ရောက်လာပြီ။

ပြေးနိုင်စွမ်းကလည်း မရှိတော့။

ဝင်လာသော ဆောင်းက -

"ကဲ - အဘိုးအို အရင်က ဆောင်းတွေလို ပြေးနိုင်သေးရဲ့လား"

ဟုဆိုကာ ဇာတ်ထဲမှ ပုဏ္ဏားနှိပ်စက်သလို မုန်းစရာဆောင်းက ဆေးပေါင်းသည့်အဘိုးအိုအား ရက်စက်နေပြီလေလော?

ကျွန်တော်တို့ အသက် (၇၅)နှစ်တွင်ပင် စိတ်သွားတိုင်း ကိုယ်မပါ။ ဒီနှစ် အဘိုးအို မလာရောက်နိုင်သည်ထားဦး။ ကျွန်တော်တို့က အဘိုးအိုထံ ပြေး၍လည်းမသွားနိုင်။

ကိန္နရာချောင်းခြားလေးရှေ့သလား?

ချစ်ခင်တွယ်တာရသူတို့သည် တစ်ချိန်ချိန် တစ်ခါခါတွင်တော့ ခွဲကြရမည်သာဖြစ်၏။

ချစ်ခင်ပေါင်းသင်း ဆက်ဆံခြင်းကား၊ ကွေ့ကွင်းနောက်ဆုံးရှိချေသည်ဟု ဆိုစကားရှိသည်။

## အိပ်မက်တစ်ခုအလား

ထိုအချိန်တွင် မုတ္တမနှင့် မော်လမြိုင်အကြား ဂျိုင်း၊ အတ္ထရံနှင့် သံလွင်မြစ်ဆုံတွင် သံလွင်မြစ်ကူးတံတားကြီး (မော်လမြိုင်) ပြီးပြီဆိုသည်။ ကျွန်တော် ဗျူဟာမှူး၁၀၊ တိုင်းမှူး၁၀၊ ကစထမှူး၁၀တို့က အိပ်မက် မက်ခဲ့သော တံတားကြီး၊





ပြီးပြီဟုဆို၍ ကျွန်တော်ကိုယ်တိုင်လည်း ဝမ်းသာသည်။ သံလွင်တံတား(မော်လမြိုင်)သည် မမက်ဝံ့သော အိမ်မက်တစ်ခုသာ။ ယခုတော့ အကောင်အထည်ပေါ်လာပြီဖြစ်သည်။

သံလွင်တံတား(မော်လမြိုင်)သည် မုတ္တမနှင့် မော်လမြိုင်ကို ဆက်သွယ်ပေးသော တံတားဖြစ်၏။ မြန်မာတစ်နိုင်ငံလုံးနှင့် မွန်ပြည်နယ်၊ တနင်္သာရီတိုင်းတို့အား ဆက်သွယ်ပေးသော တံတားဖြစ်၏။ အာရှလမ်းမကြီးပေါ်မှ တံတားတစ်ခုဟုလည်း ဆိုနိုင်သည်။ မြန်မာနိုင်ငံ၏ အရှည်ဆုံးတံတားလည်းဖြစ်သည်။ ခက်ခက်ခဲခဲ တည်ဆောက်ခဲ့ရသော တံတား၊ ငွေကြေးအကုန် အကျများစွာဖြင့် တည်ဆောက်ခဲ့ရသော တံတားကြီးဖြစ်၏။ တံတားအရှည် (၁၁၅၇၅)ပေ (၂)မိုင်ကျော် ရှည်လျား၍ ရထားရော၊ ကားပါ ဖြတ်သန်းနိုင်သည့် တံတားကြီးဖြစ်သည်။ ထိုတံတားကြီးကို (၅-၂-၂၀၀၅)နေ့က ဖွင့်လှစ်ခဲ့ပါသည်။

တံတားကြီးပြီးလျှင် ဦးလေးအုံးအား ကျွန်တော်မော်လမြိုင်သို့ တစ်ခေါက်ပို့ပေးပါမည်ဟု ဆိုခဲ့သည့်ကတိအတိုင်း ကျွန်တော်က ပို့ပေးမည်ဆိုတော့ ဦးလေးအုံးသည် ရန်ကုန်သို့ပင် ဆင်းမလာနိုင်တော့ပါ။

ထိုကြားထဲ ဦးချစ်စံဝင်းက မော်လမြိုင်တောင်ဝိုင်း အနာကြီးရောဂါဆေးရုံအတွက် သူကောက်ခံထားသော အလှူငွေ အချို့ သွားပို့စရာရှိသည်။ ထိုသို့ သွားပို့ရာတွင် ဒေါက်တာ စောဝါးထူ၊ ဒေါက်တာမိုရီး အစရှိသော ဆရာဝန်ကြီးများနှင့်လည်း တွေ့ဆုံစရာရှိသည်ဟုဆိုသည်။



www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော်ကလည်း ဖွင့်စ၊ အသစ်သံလွင်တံတား (မော်လမြိုင်)ကိုလည်းကြည့်လိုသည်။ မော်လမြိုင်မှ မိတ်ဆွေဟောင်းများဖြစ်သော ယခင် မွန်ပြည်နယ်ကောင်စီ ဥက္ကဋ္ဌ ဦးအောင်ထွန်း(အငြိမ်းစားဗိုလ်မှူးကြီး)၊ ဒေသအတွင်းရေးမှူး ဦးကျော်စိန်၊ မိတ်ဆွေကြီး ဒေါက်တာဘသန်းစသော ပုဂ္ဂိုလ်များနှင့်လည်းတွေ့ဆုံလိုသောကြောင့် ဦးချစ်စံဝင်းနှင့်အတူ မော်လမြိုင်ခရီးတွင် လိုက်ပါရန် စီစဉ်သည်။

## မိတ်ဆွေကြီးများ လာရောက်ကြိုဆို

ကျွန်တော်တို့သည် ရန်ကုန်မှမော်တော်ကားဖြင့် နံနက်စောစောထွက်ခဲ့ရာ ကျွန်တော်တို့ ကြည့်ချင်ရောက်ချင်လှစွာသော သံလွင်တံတား (မော်လမြိုင်)သို့ နံနက် (၁၁)နာရီလောက်တွင် ရောက်သည်။ ကျွန်တော်တို့ကို ဦးကျော်စိန်က တံတားကြီး၏ မုတ္တမဘက်ကမ်းမှ လာကြိုနေရာ သူနှင့်ကျွန်တော်တို့ ဘယ်နေရာမှာ လွဲသည်မသိ၊ မျက်နှာခြင်းဆိုင်လာသူနှစ်ဦး လွဲသွားကြသည်။ ကျွန်တော်တို့က တံတားကြီးကို ငေးမောကြည့်နေစဉ်ပင် လွဲသွားတာလား၊ တံတားအတက်နှင့်အဆင်းနေရာတွင် လွဲသွားတာလားမသိ။ လွဲတော့လွဲသွားကြသည်။

သို့သော်လည်း ကျွန်တော်တို့ ဟိုတယ်ရောက်ပြီဖြစ်ကြောင်း ဦးကျော်စိန်ကို လှမ်းပြောတော့ ဦးကျော်စိန် ပြန်၍ပေါက်ချလာသည်။ ဟိုတယ်တွင် နံနက်စာစားပြီး ရှေးဟောင်းနှောင်းဖြစ်များပြောဆိုနေကြစဉ် ဟိုတယ်၌ ဂျပန်သံအမတ်ကြီး တပ်မတော်(လေ)မှ ဗိုလ်မှူးကြီး ခင်မောင်သိန်း(ငြိမ်း)နှင့် ဆိုက်ဆိုက်မြိုက်မြိုက် ဆုံသည်။ ချိန်းထားလျှင်ပင် လွဲနေဦးမည်။ ကျွန်တော့်သမီးဆုံးတော့ သူနှင့် ကျွန်တော်သည် အမေရိကန်တွင် အတူတကွရှိနေရာ သမီးဆုံးကြောင်း သတင်းပို့သည့်အထဲတွင် ယခုသံအမတ်ဟောင်းကြီး ဗိုလ်မှူးကြီး ခင်မောင်သိန်း(ငြိမ်း)လည်းပါသည်။ ဟိုတယ်၌ ပြည်နယ်ကောင်စီဥက္ကဋ္ဌ ဦးအောင်ထွန်း (အငြိမ်းစားဗိုလ်မှူးကြီး)နှင့် ယခင်ဒေသပါတီ အတွင်းရေးမှူး ဦးကျော်စိန်၊ ဒေါက်တာဘသန်း အစရှိသော မိတ်ဆွေများကကြိုဆိုနေကြသည်။





## တောင်ဝိုင်း အနာကြီးဆေးရုံ

ကျွန်တော်တို့ ဟိုတယ်ညသိခန်းမှာပင် ရှေးဟောင်းနှောင်းဖြစ်များ ပြောဖြစ်ကြသည်။ နောက်နေ့တွင် ကျွန်တော်တို့ မော်လမြိုင်တောင်ဝိုင်း(အနာကြီး)ဆေးရုံသို့သွားသည်။ ဦးချစ်စံဝင်းက လှူစရာများကိုလှူသည်။ ကျွန်တော်ကလည်း အနာကြီးရောဂါသည်တို့၏ သားသမီးများ ပညာရေးအတွက် အချို့အဝက် ပါဝင်လှူဒါန်း၍ ဆေးရုံပေါ်တွင်တွေ့ရသော ရှစ်တန်းကျောင်းသားလေးတစ်ဦးကို ကျွန်တော်က ကျောင်းထောက်ပံ့ကြေးပေးရန် ကတိပေးခဲ့သည်။

ကျွန်တော်နှင့် ဒေါက်တာစောဝါထူးက တစိမ်းတရံများ မဟုတ်ကြ။ သူ့ဇနီးမှာ နော်သာဘလေးဖြစ်၍ အလွန်လှပသော ကရင်အမျိုးသမီးလေးဖြစ်သည်။ အခြားကရင် လူကြီးလူကောင်းများ၏ ဇနီးများကလည်း လှပသောကြောင့် –



www.burmeseclassic.com

www.burmeseclassic.com



"ခင်ဗျားတို့ ကရင်လူကြီး လူကောင်းတွေ မိန်းမ ချောချောရအောင် ယူတဲ့နည်းရှိတယ်ထင်တယ်"
ဟု ကျွန်တော် ပြောဖူးပါသည်။

နောက် ဦးစောဝါထူး၏ဇနီး နော်သာဘလေးက ကွမ်းစား တော့ ကွမ်းစားထားသော ပါးစပ်က အလှပျက်နေသလိုရှိရာ ကျွန်တော်က ကွမ်းမစားဘို့ မေတ္တာရပ်ခံသည်။ နောင်တစ်ကြိမ် မှာတော့ သူ"ကွမ်းပြတ်သွားပြီ"ဟုဆို၏။

## ပညာရေးထောက်ပံ့မှု အစီအစဉ်

ဦးချစ်စံဝင်းက ပညာရေးထောက်ပံ့မှုအစီအစဉ် Educational Supporting Programme ဆိုကာ စိတ်ဝင်စားသူ သူ့မိတ်ဆွေများနှင့်ပေါင်းကာ လှူဒါန်းမှုပြုလုပ်သည်။ ထိုအစီအစဉ်မှာ အနာကြီးရောဂါသည် သားသမီးများ၏ ပညာရေးကို တတ်နိုင်သမျှ စောင့်ရှောက်သည်။ ရောဂါသည် သားသမီး မူလတန်းကလေး တစ်ဦးကို တစ်နှစ် (၄၀၀၀)ကျပ်၊ အလယ်တန်းကျောင်းသား တစ်ဦးအတွက် (၅၀၀၀)ကျပ်နှင့် အထက်တန်းကလေးတစ်ဦး အတွက် (၆၀၀၀)ကျပ်နှင့် ညီမျှသော ကျောင်းဝင်ကြေး၊ ဗလာစာအုပ်၊ ဖတ်စာအုပ်ဖိုး၊ ခဲတံနှင့် ကျောင်းဝတ်စုံများ တတ်နိုင် သလို ထောက်ပံ့သော အစီအစဉ်ဖြစ်သည်။

မည်သူမဆို ရောဂါသည် သားသမီးကလေးတစ်ဦးခြင်းကို ထောက်ပံ့လိုပါက ဦးချစ်စံဝင်းတို့အဖွဲ့က ကလေးထံသို့ ရောက်ရှိ အောင်ပို့ပေးသော အစီအစဉ်ဖြစ်သည်။ ထိုအစီအစဉ်ကို သူတို့က





၁၉၉၉-ခုနှစ်က စ၍လုပ်ဆောင်ခဲ့ရာ ယခုအထိကျပ်ငွေ သိန်း (၆၀၀)ဖိုးအထိ လှူဒါန်းပြီးပြီဟုသိရသည်။ သူတို့ အစီအစဉ် စတိုင်မီက အနာကြီးရောဂါသည် ရွာ(၅)ရွာတွင် ဆယ်တန်း အောင်သူတစ်ဦးသာ ရှိခဲ့သော်လည်း ယခုအခါ ပညာရေး ထောက်ပံ့မှု အစီအစဉ်၏ ထောက်ပံ့မှုကြောင့် ရွာ(၅)ရွာ၌ ဆယ်တန်းအောင် သော ကျောင်းသား (၆၀)ကျော် ရှိခဲ့ပြီဟု သိရသည်။ ဘွဲ့ရသော သူများလည်း ရှိလာသည်။

ထိုအစီအစဉ်တွင် ဒေါက်တာစောဝါးထူးတို့က ဒေသခံများ အနေနှင့် ပါဝင်ကြခြင်းဖြစ်သည်။

ယခင် ကျွန်တော် တိုင်းမှူးဘဝက ဒေါက်တာ စောဝါးထူးအား -

"နောက်ဆယ်နှစ်နေလို့ ကျွန်တော်တစ်ခေါက် ပြန်လာရင် အနာကြီးရောဂါသည်တွေကို မတွေ့တော့ဘဲ ရောဂါပျောက်ကင်း သူတွေအဖြစ် မြင်တွေ့ရအောင် ဆောင်ရွက်ကြပါဗျာ"
ဟုဆိုခဲ့ဖူးသည်။ အခုတော့ မြန်မာနိုင်ငံတစ်ဝှမ်းလုံးတွင် အနာကြီး ရောဂါသည် ပြဿနာတစ်ရပ်အနေနှင့် မရှိတော့ရုံသာမကဘဲ အနာကြီးရောဂါ ကင်းဝေးသောနိုင်ငံအဖြစ် ကြေညာနိုင်ခဲ့ပြီဟုဆို၍ ကျွန်တော်ဝမ်းသာခဲ့ရသည်။

## မော်လမြိုင် အခင်းအကျင်း


ထိုနေ့ မနက်ပိုင်းက တောင်ဝိုင်းအနာကြီးရောဂါ ဆေးရုံ တွင် အချိန်ကုန်သည်။ ပြီးမှ မော်လမြိုင် စက်မှုဇုန်၊ မော်လမြိုင်



www.burmeseclassic.com

www.burmeseclassic.com





ရေရှည်ကို မျှော်မှန်း၍ တည်ဆောက်ထားသော
မော်လမြိုင်မီးရထားဘူတာရုံကို တွေ့ရစဉ်။

မြို့သစ်၊ မော်လမြိုင်ဖွံ့ဖြိုးမှု၊ ကမ်းနားလမ်းနှင့် ဘူတာရုံအသစ် နေရာများသို့ လိုက်လံကြည့်ကြသည်။

မော်လမြိုင်ဘူတာရုံသည် မြေအခင်းအကျင်း ခပ်ကျယ်ကျယ်တွင် စီမံထား၍ အနာဂတ်တွင် ဘူတာရုံအနေအထားကို ချဲ့လိုသမျှ ချဲ့နိုင်ရန် စီစဉ်ထားသလားဟု ထင်ရသည်။ မော်လမြိုင်ဘူတာသည်၊ မော်လမြိုင်မှသည် မုဒုံ-သံဖြူဇရပ်ကို ဖြတ်၍ရေးအထိ။ ထိုမှဖြတ်၊ ကော့သောင်အထိ လမ်းချဲ့နိုင်သေးသည်။





သံဖြူဇရပ်မှ တစ်ဘက်နိုင်ငံသို့ ယခင်ဂျပန်တို့ ဖောက်လုပ်ခဲ့သော သေမင်းတမန်ရထားလမ်းအတိုင်း ယိုးဒယားနှင့် ဆက်နိုင်သည်။

ရေးမှ ဘုရားသုံးဆူကို ဖြတ်ကာ တစ်ဘက်နိုင်ငံနှင့်လည်း ဆက်သွယ်နိုင်ပြန်ရာ ယခုခင်းကျင်းထားမှုသည် အာရှလမ်းမကြီးအတွက် ရည်ရွယ်ဖောက်လုပ်ထားရှိသည်ဟုပင် စဉ်းစား၍ရသည်။

မော်လမြိုင်ဘူတာမှ တောင်ဘက်သို့ လှမ်းမျှော်လိုက်ရာမှ ရရှိလာသော အတွေးသည် အလွန်လှပလွန်းပါသည်။

ကျွန်တော်သည်မော်လမြိုင်တွင် တိုင်းမှူးလုပ်ခဲ့ရာ မွန်ပြည်နယ်၊ ကရင်ပြည်နယ်၊ တနင်္သာရီတိုင်းတို့ကို ကျွန်တော့်ဓာတ်ရုပ်ရှာကဲ့သို့ပင် ခင်မင်မှုရှိ၏။

ယခင်က မော်လမြိုင်မှ မြို့ပြင်ထွက်လျှင်ပင် လုံခြုံမှုမရှိခဲ့ရာမှ ယခုတော့ အေးချမ်းသာယာ လာပြီဖြစ်သည်။ ဤကိစ္စသည် တိုင်းပြည် အေးချမ်းသာယာမှုရှုထောင့်၊ လုံခြုံရေးရှုထောင့်တို့မှ ကြည့်လျှင်အလွန် ဝမ်းမြောက်စရာဖြစ်သည်။

## ဆရာကြီးဦးလှဘေနှင့် ဇနီး

ကျွန်တော်နှင့် ဦးချစ်စံဝင်းတို့သည် မော်လမြိုင်မှ မိတ်ဆွေများနှင့်အတူ ဆရာကြီးဒေါက်တာလှဘေနှင့် အမေကြီး ဒေါ်သန်းမြတို့ထံဝင်၍ ကန်တော့ကြပါသည်။ ထိုအချိန်က ဆရာကြီးထအသက် (၉၃)နှစ် အစ်မကြီးက (၈၉)နှစ်ရှိပြီဖြစ်၏။ အံ့သြစရာကောင်းသည်မှာ ကျွန်တော်တို့ ဆရာကြီးအိမ်ရောက်တော့



www.burmeseclassic.com

www.burmeseclassic.com



ဆရာကြီးက ပေါ့ပေါ့ပါးပါး ပြုံးပြုံးရွှင်ရွှင်ဖြင့် တခါးဝအထိလာ၍ ကြို၏။

ထို့နောက်တော့

"အေး၊ ဒီမိန်းမကလည်း ဧည့်သည်တွေလာတော့ ဈေးသွားတာ ကြာလှချည်လား"

ဟုဆို၏။

ထိုသို့ဆိုနေစဉ်မှာပင် ဈေးဆွဲခြင်းကိုင်၍ အစ်မကြီး ပေါက်ချလာသည်။ ထိုအခါ ကျွန်တော်က

"အမေကို ဆရာကြီးက စိတ်ပူပြီးမျှော်နေတာ"

ဟုဆို၏။

ထိုအခါ အစ်မကြီးက ဆရာကြီးအား မျက်စောင်းလေး တစ်ချက်ထိုးလိုက်ပြီး -

"ဒီအရွယ်ကြီး ဈေးသွားရတာ လွယ်တယ်မှတ်လို့လား"

ဟု ပြောရှာသည်။

ဆရာကြီးသည် လန်ဒန်မြို့တွင် သူ့ဝင်ငွေ၊ သူ့ပင်စင်ဖြင့် တစ်ကမ္ဘာလုံးလှည့်ပြီး နေလိုသပဆို နေနိုင်ပါလျက် ဇာတိရပ်ရွာ မော်လမြိုင်တွင် လာရောက်ခေါင်းချမည်ဟုဆိုကာ လာ၍နေခြင်း မှာ လေးစားစရာဖြစ်သည်။ အသက်(၉၃)နှစ် အဘိုးနှင့် အသက် (၈၉)နှင့် အဘွားတို့အတွက် ကျွန်တော်တို့တော့ အတူနေ အဖေါ်မတွေ့ခဲ့ပါ။ နှစ်ယောက်ထဲနေကြတာ အံ့သြစရာဖြစ်၏။

"နှစ်ယောက်ထဲနေချင်တယ်"ဆိုပြီး အဖော်ခေါ်မထား ကြလေသလားမသိ။ ကောင်းလိုက်တဲ့ကုသိုလ်ဟု ဆိုရမည်ဖြစ်







စာရေးသူနောင်စစ်သည်နှင့် ဆရာကြီးဦးလှဘော (၉၃)နှစ်။

BURMESE CLASSIC .com

သည်။ အသက်ကိုကောင်းကောင်း Preserve လုပ်နိုင်ကြသည့် ဆရာကြီးနှင့် အစ်မကြီး အသက်(၁၂၀) ရှည်ကြမည်ဖြစ်သည်။

ကျွန်တော်နှင့်ဦးချစ်စံဝင်းတို့သည် ရန်ကုန်မှပါလာသော လက်ဆောင်ပစ္စည်းခြင်းလေးနှင့် ဆရာကြီးနှင့် အစ်မကြီးတို့အား ကန်တော့သည်။

ဆရာကြီးနှင့် အစ်မကြီးတို့ ဒီအသက်၊ ဒီအရွယ်တိုင် ကျန်းကျန်းမာမာနှင့် တွေ့ရတော့ဝမ်းသာရ၏။ ကျွန်တော်တို့ ကိုယ်တိုင် သူတို့အရွယ်လောက်အထိနေ၍ သူတို့လို ကျန်းမာလေ မလားဆိုတာကို မတွေးတတ်။ အခု ကျွန်တော်တို့အသက်



www.burmeseclassic.com

www.burmeseclassic.com



အရွယ်မှာပင် ဆရာကြီးတို့လောက်မှ ကျန်းမာပါရဲ့လားဟုပြန်လည် ဆန်းစစ်၍ ဆရာကြီးနှင့်အစ်မကြီးတို့၏ ချမ်းမြေ့စရာကောင်းသော သူတို့အိမ်၊ သူတို့ခြံလေးကိုဖြတ်၍ ပြန်လာခဲ့ကြသည်။

နောက်တစ်နေ့ မော်လမြိုင်မှ ရန်ကုန်သို့အပြန်တွင် အတ္တရံတံတားနှင့် ဂျိုင်းတံတားကိုဖြတ်၍ ကရင်ပြည်နယ်၊ ဘားအံမြို့လက်မှ လှည့်ပြန်သည်။ မော်လမြိုင်၊ ဘားအံလမ်းသည် ဖြောင့်ဖြူးလျက်ရှိသည်။ ဤနေရာဤဒေသသည် ယခင်ကဆိုလျှင် သူပုန်တောဖြစ်၏။

## ဘားအံမြို့သို့

ကျွန်တော်တို့ မော်လမြိုင်မှ ဘားအံသို့ တစ်နာရီမျှနှင့် ရောက်ချလာ၏။ ယခင်ကဆိုပါက ဤနေရာသည် လုံခြုံရေးယူရသော နေရာဖြစ်၍ များစွာစိတ်မချရသော နေရာဖြစ်သည်။ တိုင်းပြည်၊ နိုင်ငံဟူသည် အေးချမ်းသာယာမှုရှိမှ တိုးတက်မည် ဖြစ်သည်။ မော်လမြိုင်၊ ဘားအံအကြားတွင် သစ်တောစိုက်ခင်း များနှင့် လယ်ယာမြေဖော်ထုတ်ထားသည်များကို တွေ့ရသည်။ ဖဒိုဦးအောင်ဆန်းတို့ နေထိုင်ရာ ရွာလေးကို လမ်းတွင်တွေ့၍ ဝင်ရောက်နှုတ်ဆက် ပါသော်လည်း ဖဒိုဦးအောင်ဆန်းကမရှိ၍ မတွေ့ဖြစ်ခဲ့။

ဘားအံမြို့သည်လည်း အေးချမ်းသာယာလှ၏။ ကျွန်တော် တို့သည် ဘားအံ၌ သစ်တောညွှန်ကြားရေးမှူး ဦးမြင့်ဆွေ၊ ဇနီး ဒေါ်မာမာမြတ်တို့ထံတွင် တည်းခို၏။ ညနေပိုင်းကျတော့ ယခင် ပြည်နယ်ကောင်စီ ဥက္ကဋ္ဌ ဦးစောအောင်ပွင့်၊ ဦးမန်းသင့်နောင်နှင့်





မြိုင်ကြီးငူဆရာတော်၏ တပည့်ဒယကာ မိတ်ဆွေတစ်ဦးတို့ လာရောက်နှုတ်ဆက်ကြသည်။ ကဗျာဆရာကြီး ဦးတင်ထွန်း အုန်း(မန်းချိမ့်ပလေး)က ကရင်လုံချည် တစ်ထည်စီလာ၍ လက်ဆောင်ပေးသည်။ ဦးတင်ထွန်းအုန်း ကျွန်တော်နှင့်သိ၍မဟုတ်၊ ဦးချစ်စံဝင်းအား လေးစားပြီး လာရောက်လက်ဆောင်ပေးခြင်း ဖြစ်သည်။

## စိမ်းလဲ့တင်

ကျွန်တော်တို့ဘားအံတွင် တစ်ညအိပ်ကာ ကရင်ပြည်နယ်၊ မွန်ပြည်နယ်ကြီးမှ ပြန်လာခဲ့ကြသည်။ အသွားတုန်းကရော၊ အပြန်တွင်ပါ ကျိုက်ထိုရှိ -



စိမ်းလဲ့တင်စားသောက်ဆိုင်။



www.burmeseclassic.com

www.burmeseclassic.com



"စိမ်းလဲ့တင် စားသောက်ဆိုင်"

တွင် ကျွန်တော်တို့ဝင်၍ ထမင်းစားကြသည်။

စိမ်းလဲ့တင်သည် စိတ်ကူးကောင်းကောင်းလေးနှင့် တည်ဆောက်ထားသောဆိုင်ဖြစ်သည်။ နေရာထိုင်ခင်းရော၊ ဧည့်ခံမှု Service ပါ ကောင်းသည်။ သစ်ပင်ပန်းပင်စုံအောင် စိုက်ထားပြီး Mini Zoo လေးကို တည်ဆောက်ထားသည်။ တိရစ္ဆာန်အချို့ကို ပြုစုထိန်းသိမ်းထားသည်။ ခရီးလမ်းများတွင် ထိုကဲ့သို့သော ခေတ်မီစားသောက်ဆိုင်များ တိုး၍ တိုး၍ ပေါ်ပေါက်လာနိုင်သည်ဟု ယုံကြည်ရသည်။

စိမ်းလဲ့တင်တွင် ပတ်ဝန်းကျင်ရှုခင်းများအား ကြည့်နိုင်ရန် မျှော်စင်ကိုလည်း ပြုလုပ်ထားသည်။ ကျွန်တော်တို့ မျှော်စင်ပေါ်သို့လည်း တက်ကြည့်သည်။

## မျှော်လင့်ချက်များဖြင့်

စိမ်းလဲ့တင်မျှော်စင်မှ ကျွန်တော်သည် ကရင်ပြည်နယ်၊ မွန်ပြည်နယ်အခင်းအကျင်းကို လှမ်း၍ ပြန်လည်ကြည့်မိပါ၏။

ဤနေရာကြီးသည် ကျယ်ဝန်းလှသည်။

ကုန်ထုတ်လုပ်ငန်းလုပ်မလား?၊ လုပ်စရာတွေရှိသည်။

စက်မှုလုပ်ငန်းလုပ်မလား?၊ လုပ်စရာတွေရှိသည်။

ခရီးသွားလုပ်ငန်းလုပ်မလား?၊ လုပ်၍ရသည်။

ဘာလုပ်မလဲ? စိတ်ကူးကောင်းကောင်းနှင့်လုပ်၍ရသည်။

နောက်ခံအခင်းအကျင်း ပြည့်စုံသောဒေသကြီးဖြစ်၏။





မြဝတီ–ဒေါနတောင်တန်းမှ ဘားအံ–မော်လမြိုင်ထိ၊

တစ်ဖက်နိုင်ငံ ကန်ချနာပူရီမှ မေဆွတ်၊ ဟိန္ဒား၊ ထားဝယ်အထိ။

ဘုရားသုံးဆူ–သံဖြူဇရပ် မီးရထားလမ်းကိုလည်း သုံးနိုင်သည်။

ထိုဒေသတွင် ကမ်းဝေးသင်္ဘောဆိပ်အတွက် အခင်းအကျင်းများလည်းရှိရာ ကျွန်တော့် မျက်စိထဲတွင် ဤဒေသကြီးကို အရှေ့တောင်အာရှဒေသ၏ အလွန်တရာ ကြီးကျယ်လှသည့် အခင်းအကျင်းကြီးအဖြစ် ရှုမြင်လျက် ကျွန်တော်တာဝန်ထမ်းဆောင်ခဲ့ရာ မွန်၊ ကရင်၊ တနင်္သာရီ ထိုဒေသကြီးအတွက် မျှော်လင့်ချက်ပေါင်းများစွာကို ထွေးပိုက်ကာ ရန်ကုန်သို့ ပြန်ခဲ့သည်။

❐



www.burmeseclassic.com

www.burmeseclassic.com

BURMESE CLASSIC .com

အခန်း (၂၉)

# အနာဂတ် မြန်မာ့အခင်းအကျင်းကြီးများ

## Future Landscapes of Myanmar

ကျွန်တော်သည် ကရင်ပြည်နယ်၊ မွန်ပြည်နယ်မှ ယခု အကြိမ် အပြန်ခရီးတွင်တော့ ကျယ်ပြန့်လှသော မော်လမြိုင်နှင့် ဘားအံတို့၏ အနာဂတ်အခင်းအကျင်းကိုကြည့်၍ ကျေနပ်လာမိသည်။ ထိုဒေသကြီးတွင် တကယ်တမ်း ရင်းနှီးမြှုပ်နှံမှုပြုမည်ဆိုပါက အရှေ့တောင်အာရှ၏ ကျယ်ပြန့်သော ဈေးကွက်နေရာကြီး တစ်ခု ဖြစ်နိုင်သည်။

မော်လမြိုင်၊ ဘားအံကို အာရှလမ်းမကြီးများက ဖြတ်သွားကြမည်။ သဘော်လမ်း၊ လေယာဉ်လမ်းများကလည်း လမ်းကြောင်းကျလျက်ရှိသည်။ အရှေ့အလယ်ပိုင်းမှ လာသော လေယာဉ်များ တစ်ထောက်နားစရာ လမ်းကြောင်းတွင် ရှိနေသည်။



www.burmeseclassic.com

www.burmeseclassic.com



မော်လမြိုင်၊ ဘားအံသည် ရာသီဥတုကလည်း ကောင်းသည်။ မိုးလည်းကောင်းသည်။ ပင်လယ်နှင့်နီး၍ ရာသီဥတု မျှတသည်။ အိကြွေတာသစ်တော ထွန်းကားရာဖြစ်၍ သစ်တောများ၊ သစ်ပင်များနှင့် စိမ်းနေသည်။ ရာဘာစိုက်ခင်းများ၊ ဆီအုန်းပင်များက ဒေသကြီးကို စိမ်းစိုနေစေသည်။ ထိုဒေသတွင် ရေတ်ကောင်း စိုက်သည်။ ကွမ်းထွက်သည်။ ကွမ်းသီးခြံများ၊ နာနတ်ခြံများနှင့် အပူပိုင်းဒေသသီးနှံများဖြစ်သော သရက်၊ မင်းကွတ်၊ ဒူးရင်း၊ ကြက်မောက်၊ ကျွဲကော စသော အရည်ရွှမ်းသည့် အသီးအနှံများ ပေါ၏။

စားသောက်စရာ ရေချိုရေငန် ငါး ပုစွန် ပေါသည်။

ပင်လယ်အစားအစာ (Sea Food) လှိုင်လှိုင်ရနိုင်သော အရပ်ဖြစ်၏။

## အခင်းအကျင်းများ အစုံရှိ

ဤဒေသကြီး၏ အနာဂတ်ဖွံ့ဖြိုးမှု အနေအထားအတွက် ကျွန်တော်သည် အလွန်မှအားရသည်။

မြန်မာနိုင်ငံတွင် ယခုကဲ့သို့သော မြေအခင်းအကျင်းကောင်းမွန်သောဒေသများ နေရာအနှံ့တွင်ရှိသည်။ ဤစာအုပ်တွင် တင်ပြထားသော နတ်ရေကန်တောင်၊ သံတောင်၊ ခေါသီခို (ခေါ်) နတ်တောင်ဒေသများသည် အဖိုးတန်ဒေသများဖြစ်သည်။ ရခိုင်ကမ်းရိုးတန်းနှင့် တနင်္သာရီကမ်းရိုးတန်းတို့တွင် ငွေဆောင်ကဲ့သို့သော နေရာများက များစွာကျန်သေး၏။





ရေဝတီ၏ မေခနှင့် မလိခဆုံရာ မြစ်နှစ်မွှာဒေသကလည်း အလွန်မှလှပ၍ ထိုနေရာသည် ဘယ်သောအခါမှ မပျက်စီးစကောင်းသောနေရာဖြစ်သည်။ လှမောဖွယ်ရာ အရပ်တစ်ခုအဖြစ် အစဉ်တည်ရှိနေမည့် နေရာဖြစ်သည်။ မြန်မာနိုင်ငံတွင် ဘယ်နေရာမဆို ဖွံ့ဖြိုးနိုင်သော နေရာဒေသ အခင်းအကျင်းရှိသည်ချည်းဟုပင် ပြောနိုင်သည်။

အထက်ပြောခဲ့သည့်အတိုင်း နတ်ရေကန်တောင်ပေါ်စခန်း၊ သံတောင်၊ မော်ချီးမှ နတ်တောင်၊ ရေဝတီ၏မြစ်ဆုံနှင့် မြစ်ကျဉ်းနေရာများ၊ များစွာသော ရေဝတီကမ်းနေရာများ၊ ငပလီ၊ ငွေဆောင်၊ ကချင်ပြည်နယ်မှ ရေခဲဖုံးလွှမ်းနေသော နေရာမျိုးများသည် လှပစွာခင်းကျင်းပြီးထားသော နေရာများကဲ့သို့ရှိကြသည်။ အချို့သည် စက်မှုထွန်းကားဖို့ အခြေခံနေရာကောင်းများဖြစ်သည်။

## မွန်-ကရင် ဆက်စပ်ဒေသကြီးလိုမဟုတ်

အချို့ကတော့ ဘက်စုံဖွံ့ဖြိုးရေးလုပ်ဆောင်ရန် အခင်းအကျင်းပြည့်စုံသော နေရာများဖြစ်၏။

စင်ကာပူနိုင်ငံ ထူထောင်ထားရာဒေသ၊ ဟောင်ကောင်မြို့တည်ထားရာဒေသ၊ ထိုင်းနိုင်ငံရှိ ပတ္တရာကမ်းခြေဒေသတို့သည် မွန်၊ ကရင်ဆက်စပ်ဒေသကြီးလို ဘက်စုံပြည့်စုံသည့် ဒေသမျိုး မဟုတ်သည့်တိုင် ယခုအခါ အံ့မခန်းမြို့ပြဖွံ့ဖြိုးမှု အခင်းအကျင်း နေရာများရှိနေကြသည်။ တစ်ခါကဆိုလျှင် ပတ္တရာသည် ဗီယက်နမ်



www.burmeseclassic.com

www.burmeseclassic.com



မှ ပြန်လာသော အမေရိကန်စစ်သားတို့ အပန်းဖြေရာ သာခန်ကမ်းခြေတစ်ခုမျှသာဖြစ်၏။ ပတ္တရာသည် မွန်-ကရင်ဆက်စပ်ဒေသကြီးလို နောက်ခံထောက်ပံ့မှု အခင်းအကျင်းမရှိ။ သို့သော်ပတ္တရာသည် ယခုအခါ ကမ္ဘာကျော်အပန်းဖြေအနားယူ စခန်းတစ်ခုဖြစ်နေ၏။

မွန်ပြည်နယ်၊ ကရင်ပြည်နယ် ဆက်စပ်ဒေသကြီးကဲ့သို့ လူဦးရေ၊ စားစရာ၊ စက်မှုလုပ်ငန်း၊ သစ်တောသစ်ပင် အလှအပ၊ လမ်းပန်းဆက်သွယ်ရေး၊ ရေလုပ်ငန်း၊ သင်္ဘောဆိပ်၊ မြစ်ကြောင်း၊ နိုင်ငံတကာဆက်သွယ်မှု စသည်ဖြင့် အကြောင်းအကျိုးပြည့်စုံ ဒေသကြီးကိုမဆိုထားဘိ။ နိုင်ငံတကာ စီးပွားရေးသမားတို့က သူတို့စိတ်ကူးပေါက်လျှက် တော်ရုံတန်ရုံဒေသများကိုပင် ဖွံ့ဖြိုးမှုဒေသအဖြစ် ရွေးတတ်ကြတာလည်းရှိ၏။

BURMESE CLASSIC .com

## ဒလဒေသဖွံ့ဖြိုးရေး

ကျွန်တော်မှတ်မိသလောက်ပြောရလျှင် ဂျပန်နိုင်ငံတွင် အခြေစိုက်သော MCDO ရင်းနှီးမြှုပ်နှံမှုအဖွဲ့ကြီးက ဒလမြို့နယ်ကို ဖွံ့ဖြိုးရေးဒေသအဖြစ် ရင်းနှီးမြှုပ်နှံလိုကြသည်။ ကျွန်တော်တို့အမြင်က ဒလကို ဖွံ့ဖြိုးရေးဒေသအဖြစ် မမြင်မိခဲ့။ ရန်ကုန်ကို ကျွန်တော်တို့ ချဲ့လိုပါက မြောက်ဖက်သို့ချဲ့ရန်သာ စိတ်ကူး၏။ MCDO က ဒလကို ရွေးချယ်ရာတွင် ပင်လယ်ထွက်ပေါက်ရှိသည်။ လက်ခုပ်ကုန်းကဲ့သို့သောနေရာနှင့် မြစ်ဝကျွန်းပေါ်သို့ ထွက်ပေါက်ဒေသအဖြစ်သာမက ရန်ကုန်လူဦးရေကို အားကိုးစိတ်





ရှိဟန်တူ၏။ ရန်ကုန်တစ်ဘက်ကမ်း ကူးလာရုံဖြင့် ဒလသို့ရောက်သည်။

သူတို့က ဒလတွင် နိုင်ငံတကာလေဆိပ်ကြီးတစ်ခု ဆောက်မည်ဟုဆို၏။ ဆောက်ဖြစ်ပါက ဒလ အပြည်ပြည်ဆိုင်ရာလေဆိပ်သည် ကမ္ဘာပေါ်တွင် ခေတ်အမီဆုံး လေဆိပ်ကြီးဖြစ်နိုင်သည်။ အဘယ့်ကြောင့်ဆိုသော် သူက နောက်ဆုံးမှဆောက်သော လေဆိပ်ဖြစ်သောကြောင့် ဖြစ်သည်။

ကမ္ဘာ့အရှေ့ဖျားမှ ခေတ်မီလေဆိပ်ကြီးများမှာ ထိုင်းမှ သုဝဏ္ဏဘူမိ၊ မလေးရှားမှ ကွာလာလမ်ပူလေဆိပ်၊ ဟောင်ကောင်လေဆိပ်၊ ဂျပန်လေဆိပ်နှင့် အခုတရုတ်မှ ဆောက်လုပ်နေသော လေဆိပ်များဖြစ်သည်။ ဒလတွင် ဆောက်ဖြစ်ပါက ဒလလေဆိပ်သည် နောက်ဆုံးဖြစ်၍ အာရှလေဆိပ်များထက် ပို၍ကောင်းပို၍ ပြည့်စုံမည် ဖြစ်သည်။

အကြံတူလျှင် နောက်လူကောင်းစမြဲဟူသော စကားပုံရှိ၏။

သူတို့က ဒလတွင် စက်မှုဇုန်များလည်း တည်ဆောက်၍ လူနေရပ်ကွက်များ၊ အိမ်ရာများနှင့် နိုင်ငံတကာအဆင့် Golf Resort တစ်ခုတည်ဆောက်ရန်လည်း အကြံရှိနေသည်။

## ရန်ကုန်မြစ်ကူးတံတား

သူတို့က ရန်ကုန်မြစ်ကူးတံတားကို ရန်ကုန်မြစ်အလှ၊ သင်္ဘော၊ သမ္ဗာန်၊ လှေများသွားလာမှုနှင့် ရေလမ်းကြောင်း မထိခိုက်အောင် မြေအောက်မှ၊ ကားလမ်းဖောက်ရန် စိတ်ကူး



www.burmeseclassic.com

www.burmeseclassic.com



ကြသည်။ ထိုကဲ့သို့သော မြစ်အောက်၊ ချောင်းအောက် လမ်းမျိုးကို ဟောင်ကောင်နှင့် လန်ဒန်တို့တွင် တွေ့မြင်နိုင်သည်။ ထိုပုဂ္ဂိုလ်များသည် နိုင်ငံတကာမှ ကျွမ်းကျင်သူများကို ငှားရမ်း၍ Feasibility Studies လုပ်ကြသည်။ ထိုကိစ္စတွင် ကျွန်တော်နှင့် တိုက်ရိုက်ပတ်သက်မှု မရှိသော်လည်း ထိုလုပ်ငန်းကို စိတ်ကူးသူ Chairman Mr Choi က ကျွန်တော်နှင့် ရင်းနှီး၏။ ထို့ကြောင့် လိုအပ်တာလေးများ ညှိပေးခြင်း၊ ဆက်သွယ်ပေးခြင်းကဲ့သို့သော ကဏ္ဍများတွင် ကျွန်တော်လည်းပါသည်။

သူတို့က သူတို့ဝန်ထမ်းများနေရန် MCDO ရုံးနေရာအတွက် ခြံဝင်းနှင့် သပ်သပ်ရပ်ရပ် အဆောက်အအုံတစ်ခု ဖွင့်ချင်သည်ဆိုသောကြောင့် ရှာပေးရသည်။ ကျွန်တော်နှင့် ခင်မင်ရင်းနှီးသော ဘုရားလမ်းမှ ဦးတင်မြင့်၊ ဒေါ်အုံးမြင့်တို့ကလည်း ယခု Air Mandalay အဆောက်အဦကို ဆောက်လုပ်ပြီးဖြစ်၍ Mr Choi ရန်ကုန်ကိုလာပါက တည်းရန်နှင့် သူ့ရုံးဝန်ထမ်းများ နေထိုင်ရန်ကိစ္စကိုညှိပေးရာ အဆင်ပြေသွားသည်။ Mr Choi တို့အဖွဲ့သည် နိုင်ငံတကာမှ ငှားရမ်းလာသော ပုဂ္ဂိုလ်များနှင့် ဒလဒေသကို အချိန်ယူလေ့ လာကြသည်ကို ကျွန်တော်မှတ်မိသည်။

## ဒယ်လတာ အပြည်ပြည်ဆိုင်ရာ

အံ့သြစရာကောင်းတာက အခြားတစ်ဖွဲ့ကလည်း ဒလဘက်ကမ်းကိုပင် ဖွံ့ဖြိုးရေးလုပ်ချင်သည်ဟု ဆိုသည်။ ထိုအဖွဲ့က Saudi Arabia ကို အခြေခံသော Delta International Co.





ဖြစ်သည်။ သူတို့ကို ကျွန်တော်မှတ်မိသည်။ ကုမ္ပဏီဥက္ကဋ္ဌက CEO Batr M.AL-Alban ဖြစ်သည်။ သူတို့လည်း ကမ္ဘာ့အရပ်ရပ်မှ ကျွမ်းကျင်သူ အကျော်အမော်များကို ခေါ်ယူ၍ ဒလမြို့နယ်ကို မြစ်ဝအထိ လေ့လာမှုပြုကြပါသည်။

## ဒေါ်လာ သန်း(၂၅၀)တန် တံတားထိုးမည်

ကျွန်တော် သတိထားမိတာက MCDO နှင့် Delta ကုမ္ပဏီတို့သည် ဒလကိုဖွံ့ဖြိုးမှု ပုံစံထုတ်ရာ သိပ်ကွာခြားမှုမရှိ။ ကွာခြားတာတစ်ခုက Delta ကုမ္ပဏီက ရန်ကုန် ဒလဆက်သွယ်ရေးကို ရန်ကုန်မြစ်အောက်မှ လမ်းဖောက်ရန် စိတ်မကူးဘဲ မြစ်အပေါ်မှကျော်၍ တံတားထိုးရန် စိတ်ကူးကြ၏။ တံတားကို မြစ်ပေါ်မှထိုးပါက ဒေါ်လာသန်း(၂၅၀)ခန့် ကုန်ကျမည်ဟု ခန့်မှန်းကြသည်။

Delta အဖွဲ့ကတော့ ပြည်လမ်း၊ နိုင်ငံတကာ စီးပွားရေး အဆောက်အအုံ (IBC) အခန်း(၁၀၃)ကို တစ်လဒေါ်လာ(၆၀၀၀) ဖြင့် (၁)နှစ်ကျော် ငှားရမ်းနေထိုင်ပြီး ဒလဒေသကို လေ့လာမှုများ ပြုသည်။

သို့သော် ထိုလေ့လာမှုများသည် တစ်ပတ်နှင့်တစ်ပတ် ဆွေးနွေးမှုများကွာဟကာ အလုပ်မဖြစ်ဘဲရှိသည်။ ကိစ္စမရှိပါ။ နိုင်ငံတကာက ယခုလို ကမ္ဘာ့အမြင်နှင့် ကျွန်တော်တို့ကို စိတ်ဝင်စားသည်ဆို၍ ကျွန်တော်တော့ ဝမ်းသာသည်။ သူတို့နှင့် ယခု အလုပ်မဖြစ်လျှင်လည်း နောက်နောင်ကျွန်တော်တို့ သားများ၊



www.burmeseclassic.com

www.burmeseclassic.com



မြေးများ လက်ထက်တွင် ဤဒေသကြီးဖွံ့ဖြိုးလာမှာဟု ကျွန်တော် ယုံကြည်ပြီးဖြစ်ပါသည်။

## ဤစာတစ်အုပ်၊ ကျမ်းပြုလုပ်၍

- အသက် ၉၀ ပြည့်ခဲ့ပြီဖြစ်သော
- သစ်တောသစ်ပင်ကိုချစ်ခင်သော
- သစ်ပင်သစ်တောဆောင်းပါးများစွာကိုရေးသားခဲ့သော
- လူ့နှလုံးသားသစ်ပင်ဟုဆိုအပ်သော စာကြည့်တိုက်ကို ထူထောင်ခဲ့သော
- ပခုက္ကူဦးအုံးဖေစာပေဆုအလှူရှင်

ဆေးပေါင်းသည့် - အဘိုးအုံးအား ---

ဤစာတစ်အုပ်၊ ကျမ်းပြုလုပ်၍

ကျွန်တော်၊ ကျွန်တော်၏ဇနီး၊ ကျွန်တော့်မိသားစုတို့က လေးစားစွာ ကန်တော့အပ်ပါသည်။

နောင်စစ်သည်

၁၈-၄-၂၀၀၇

❐





## ကိုးကားသည့်စာအုပ်များ

| စဉ် | စာအုပ်အမည် |
| --- | --- |
| ၁။ | ပခုက္ကူဦးအုံးဖေ ဘဝခရီးနှင့်အောင်မြင်နည်းအတွေ့ အကြုံများ။<br>တက္ကသိုလ်စိန်တင်<br>ဝိဇ္ဇာထူးစာပေ၊ ၁၉၉၃-ခုနှစ်၊ ဒီဇင်ဘာလ။ |
| ၂။ | ငယ်ကချစ် အနှစ်တရာမမေ့ပါ(နှင့်) ကိုယ်တွေ့ဆောင်းပါးများ။<br>ပခုက္ကူဦးအုံးဖေ<br>ဝိဇ္ဇာထူးစာပေ၊ ၂၀၀၄-ခုနှစ်၊ မေလ။ |
| ၃။ | ဆောင်းပါးပေါင်းချုပ်။<br>ပခုက္ကူဦးအုံးဖေ<br>မြဝတီစာပေတိုက်၊ ၁၉၉၇-ခုနှစ်၊ နိုဝင်ဘာလ။ |
| ၄။ | သစ်တောရေးရာဝန်ကြီးဌာန။<br>မြန်မာ့သစ်လုပ်ငန်းရွှေရတုမဂ္ဂဇင်း(၁၉၄၈-၁၉၉၈)<br>၁၉၉၈-ခုနှစ်၊ မေလ။ |
| ၅။ | မြန်မာနိုင်ငံလမ်းမကြီးနှင့် တံတားကြီးများ။<br>ဘသန်းဝင်း (ဝိဇ္ဇာဝုဏ်ထူး၊ မဟာဝိဇ္ဇာ)<br>၁၉၇၆-ခုနှစ်၊ စက်တင်ဘာလ။ |
| ၇။ | သစ်တောစိုက်ပျိုးပြုစုရေးအခြေခံ။<br>မြန်မာနိုင်ငံဘာသာပြန်စာပေအသင်း<br>ဦးတင်ထွတ်(ကျောင်းအုပ်ကြီး)၊ နိုင်ငံတော်သစ်တောကျောင်း၊ အင်းစိန်။<br>၁၉၅၅-ခုနှစ်၊ မေလ။ |
| ၈။ | ပူနွေးသွေ့ဝေကမ္ဘာမြေ။<br>ချစ်စံဝင်း<br>ပန်းမျိုးတစ်ရာစာပေ၊<br>၁၉၉၄-ခုနှစ်၊ ဖေဖော်ဝါရီလ။ |



BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com



၉။ သဘာဝသစ်တောများနှင့် ရင်ေ◌ါ်င်ဝ◌ါန်းလာသော
သစ်တောစိုက်ခင်းများ။
ဦးအုန်း
စာပေဗိမာန်ပြည်သူ့လက်စွဲစာစဉ်
၁၉၉၆-ခုနှစ်။

၁၀။ မြန်မာ့လိပ်များ။
ဝင်းမောင်နှင့် ဝင်းကိုကို
Wildlife Conservation Society
၂၀၀၂-ခုနှစ်၊ အောက်တိုဘာလ။

၁၁။ ဖျာပုံမြို့နယ်မဂ္ဂဇင်း။
ဦးမျိုးလှ ဥက္ကဋ္ဌ၊ စာပေနှင့်စာနယ်ဇင်းအဖွဲ့
၂၀၀၄-ခုနှစ်။

၁၂။ မြန်မာနိုင်ငံသစ်တောများ
ဦးတင်ထွဋ် ဘီအက်စီ(ရန်ကုန်)၊ အမ်အေ(အောက်စဖို့ဒ်)
သစ်တောဝန် (ရွေးချယ်ခံတန်း)။
ဘာသာပြန်စာပေအသင်း (၁၉၅၃ ခုနှစ်၊ ဩဂုတ်လ)။

၁၃။ Time.
2007-April 9
The Global Warming Survival Guide Page - 32

၁၄။ ပထဝီဝင်ဂျာနယ်
Vol.14, No.1

၁၅။ တောင်သူလယ်သမားဂျာနယ်။
သစ်တောပြုန်းတီးမှု အန္တရာယ်ကာကွယ်လေ့လာသူတစ်ဦး။

၁၆။ သေတစ်နေ့ မွေးတစ်နေ့။
နောင်စစ်သည်၊ အတွဲ(၁)၊ အတွဲ(၂)
၂၀၀၆-ခုနှစ်၊ ဒီဇင်ဘာလ
ပန်းမျိုးတစ်ရာစာပေ။



## ပြင်ဆင်ဖတ်ရှုပါရန်

| စဉ် | စာမျက်နှာ | စာကြောင်း | ရေးသားထားချက် | ပြင်ဆင်ဖတ်ရှုပါရန် |
|---|---|---|---|---|
| ၁။ | ၃ | ၂၂ | အောင်မြင်မှုသော | အောင်မြင်သော |
| ၂။ | ၁၀ | ၁၃ | စိုပြေအောင် | စိုပြည်အောင် |
| ၃။ | ၂၂ | ၁၇ | အလည်ရောက် | လည်းရောက် |
| ၄။ | ၃၉ | ၁၂ | ကလေးတွေလဲ | ကလေးတွေလည်း |
| ၅။ | ၄၇ | ၅ | MC II ဒီ | MC II နှဲ |
| ၆။ | ၅၄ | ၄ | တည်နေသော | တည်းနေသော |
| ၇။ | ၆၅ | ၆ | မိုးရေချန် | မိုးရေချိန် |
| ၈။ | ၈၅ | ၁၅ | အောင်မြင်ပါမှာ | အောင်မြင်မှာပါ |
| ၉။ | ၈၇ | ခေါင်းစီး | ယုန်အီးတော | ယုန်အီးတော့ |
| ၁၀။ | ၉၆ | ခေါင်းစီး | ပျက်သုန်းမည့် | ပျက်သုဉ်းမည့် |
| ၁၁။ | ၁၁၄ | ပုံစာ | အရည်အတွက် | အရေအတွက် |
| ၁၂။ | ၁၁၈ | ၃ | ပျက်စီးခဲ့ရပြီး။ | ပျက်စီးခဲ့ရပြီ |
| ၁၃။ | ၁၃၂ | ခေါင်းစီး | မျိုးသုန်းတော့ | မျိုးသုဉ်းတော့ |
| ၁၄။ | ၁၅၉ | ၁၄ | ကြိုးကြာကဲသို့ | ကြိုးကြာကဲ့သို့ |
| ၁၅။ | ၁၆၁ | ၆ | ပြုတင်း | ပြူတင်း |
| ၁၆။ | ၁၇၉ | ၂ | ဆုံတင် | ဆုံရာတွင် |
| ၁၇။ | ၁၈၂ | ၁၇ | KWO | KWAI |
| ၁၈။ | ၁၈၂ | ၁၁ | မြင်ကြကြည့်ရ | မြင်ရကြည့်ရ |
| ၁၉။ | ၁၉၇ | ၅ | ဦးခွန်စန္ဒာဘယ | ဦးခွန်စန္ဒာဘယ် |
| ၂၀။ | ၂၀၆ | ၁၄/၁၅ | ဖြတ်ကနဲ၊ဖြတ်ကနဲ | ဖျပ်ကနဲ၊ ဖျပ်ကနဲ |
| ၂၁။ | ၂၁၉ | ၁၇ | လာပေးလိမ်မည် | လာပေးလိမ့်မည် |
| ၂၂။ | ၂၂၆ | ၃ | အမျှော်အမြင် | အမြော်အမြင် |

www.burmeseclassic.com

www.burmeseclassic.com

| စဉ် | စာမျက်နှာ | စာကြောင်း | ရေးသားထားချက် | ပြင်ဆင်ဖတ်ရှုရန် |
|---|---|---|---|---|
| ၂၃။ | ၂၂၇ | ၁၆ | (ဝ)ကွက်ပြီး | ဝ ကွက်ပြီး |
| ၂၄။ | ၂၃၈ | ၆ | ဝင့်ကြွားစွာဘဲ | ဝင့်ကြွားစွာ |
| ၂၅။ | ၂၄၀ | ၁၁ | ဩဇာတိက္ကမ | ဩဇာက္ကိတိမ |
| ၂၆။ | ၂၄၁ | ပုံစာ | သစ်သားပြင် | သစ်သားဖြင့် |
| ၂၇။ | ၂၄၈ | ခေါင်းစီး | မြန်မာဘာဝ | မြန်မာ့ဘာဝ |
| ၂၈။ | ၂၄၈ | ၁၃ | ဗြဟ္မာဒတ် | ဗြဟ္မဒတ် |
| ၂၉။ | ၂၅၂ | ၁၆ | နှုတ်ခမ်းမြင့် | နှုတ်ခမ်းဖြင့် |
| ၃၀။ | ၂၅၉ | ၂ | တစ်တောသစ်ပင် | သစ်တောသစ်ပင် |
| ၃၁။ | ၂၆၁ | ၈ | ပါကြေးကြမ်းခင်း | ပါကေးကြမ်းခင်း |
| ၃၂။ | ၂၆၇ | ၁ | ခန့်နှင့် | ခနိတ်နှင့် |
| ၃၃။ | ၂၈၇ | ၄ | အနည်းအငယ် | အနည်းငယ် |
| ၃၄။ | ၂၉၅ | ၁၆ | ကတ်ပုံများ | ကတ်ပုံးများ |
| ၃၅။ | ၂၉၇ | ၇ | ကုန်ကြစရိတ် | ကုန်ကျစရိတ် |
| ၃၆။ | ၂၉၈ | ခေါင်းစီး | လိမ်ဘေားမဲ့ | လိပ်ဘော်းမဲ့ |
| ၃၇။ | ၃၁၀ | ၁၄ | ပလတ်စတစ် | ပလပ်စတစ် |
| ၃၈။ | ၃၃၃ | ခေါင်းစီး | ပြောက်ကြားခေါင်း ဆောင်ကြီး | ပျောက်ကြားခေါင်း ဆောင်ကြီး |
| ၃၉။ | ၃၄၃ | ၈ | ဆိုပြည်ရေး | စိုပြည်ရေး |
| ၄၀။ | ၃၄၄ | ၁၁ | ရောင်နေပြီ | ရောင်းနေပြီ |
| ၄၁။ | ၃၄၆ | ၈ | ဆိုပြည် | စိုပြည် |
| ၄၂။ | ၃၅၀ | ၆ | ဆေးဘက်ဝင် | ဆေးဖက်ဝင် |
| ၄၃။ | ၃၅၁ | ၂ | အလွန်ပြီး | အလွန်လှပြီး |
| ၄၄။ | ၃၅၇ | ၁၆ | ပြန်မတက်ရန် | ပြန်တက်ရန် |
| ၄၅။ | ၃၆၁ | ၁၆ | မော်ဒိုက် | မော်လ်ဒိုက် |

www.burmeseclassic.com